
www.burmeseclassic.com



BURMESE CLASSIC .com

# လမင်းပိုပို

ကမ္ဘာတစ်ဆုံးပြဇာတ်

Lလင

www.burmeseclassic.com

www.burmeseclassic.com


# လမင်းမိုမို

ကမ္ဘာတစ်ဆုံးပြဇာတ်

၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

လမင်းမိုမို

ကမ္ဘာတစ်ဆုံးပြဇာတ်၊ လမင်းမိုမို၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၃

၂၈၈-စာ၊ ၅×၇

(၁) ကမ္ဘာတစ်ဆုံးပြဇာတ်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လမင်းမိုမို


## ကမ္ဘာတစ်ဆုံးပြဇာတ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"သား လက်ထပ်ချင်ပြီ … မေမေ … ဖေဖေ"

နဂိုကတည်းက ဖွန်းသံပန်းကန်သံ အနည်းအကျဉ်း တိုးတိုးတိတ်တိတ်ကလွဲလျှင် တိတ်တိတ်ဆိတ်ဆိတ် ရှိနေသော ထမင်းဝိုင်းက ပိုပြီးတိတ်ဆိတ်သွားပါသည်။ ဦးမင်းဒင်က တစ်ခဏမျှ တုံ့သွားသော ထမင်းစားခြင်းကိစ္စကို စက္ကန့်ပိုင်းအတွင်း ပြန်လည်လှုပ်ရှားသက်ဝင်သော်လည်း ဒေါ်ခင်မမထိပ်ကတော့ တုံ့သွားသော လက်အစုံအတွင်းက ဇွန်းနှင့်ခက်ရင်းကို ထမင်းပန်းကန်ထဲ အသာအယာချကာ သားဖြစ်သူ"ဇေ့"ကို ငေးစိုက်ကာ ကြည့်နေသည်။

ဝိတ်လျှော့ချင်တဲ့ အကြောင်းပြချက်နှင့် ညစာကို တို့တိတိသာ စားတတ်မြဲဖြစ်သော "နွေ"က ဘရိုကိုလီပန်းပွင့်စိမ်းသုပ်ထဲက ပန်းပွင့်ဖတ်တို့ကိုသာ ခက်ရင်းနှင့်ထိုးကာ စားနေရာက နှာခေါင်းလေးတစ်ချက်ရှုံ့ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်း ဘာလို့လက်ထပ်မှာလဲ၊ အစောကြီးရှိသေးတယ်၊ ကိုကိုဖြင့် အသက်ငယ်ငယ်လေး ရှိသေးတာကို"

"ဘယ်မှာငယ်တော့လို့လဲ နွေရဲ့၊ ကိုကို့အသက်က နှစ်ဆယ့်ရှစ်နှစ်ရှိပြီလေ၊ ဒါ အိမ်ထောင်ပြုဖို့ မစောလွန်း နောက်မကျလွန်းပါဘူး"

"ဟိုတစ်နေ့က ညီမလေးနဲ့ ဂျွန်ရှင်စကွဲမှာဆုံတဲ့ တစ်ယောက်နဲ့လား"

ဇေက ညီမဖြစ်သူကို တစ်ချက်ပြုံးကာကြည့်ရင်း ...

"အင်း ... ဟုတ်တယ်"

"ရုပ်ကတော့ မဆိုးပါဘူး၊ မိတော့ မိတယ်"

ဒေါ်ခင်မမထိပ်က ထမင်းစားပွဲနှင့် မလှမ်းမကမ်းမှာရပ်နေသော ရွှေနီကို မေးတစ်ချက်ဆတ်ပြလိုက်လျှင် ရွှေနီက ခပ်သွက်သွက်လေး ရေတစ်ဖန်ခွက်ထည့်ကာ ဒေါ်ခင်မမထိပ်နံဘေးစားပွဲပေါ်သို့ ရိုရိုကျိုးကျိုး ချပေးလိုက်ပါသည်။

ဒေါ်ခင်မမထိပ်က ရေကို နှစ်ကျိုက်လောက်သောက်လိုက်ပြီး ...

"ဘယ်သူလဲ ဇေ"

"သား အခုတွဲနေတဲ့ ကောင်မလေးပဲလေ မေမေ၊ ချစ်သူတွေဖြစ်နေတာ တစ်နှစ်ကျော်ပါပြီ"

"တွဲနေတာကတော့ ဟုတ်တာပေါ့၊ လက်ထပ်မယ်ဆိုတာက ! "





"သား သူ့ကို လက်ထပ်ယူဖို့ ရည်ရွယ်ပါတယ် မေမေ၊ သူက သား တကယ်ချစ်တဲ့ ချစ်သူပါ"

"မေမေဖြင့် နာမည်တောင် သေသေချာချာ မသိပါလားသား"

"မေမေ့ကို ပြောဖူးပါတယ်"

"အင်း ... ဟုတ်ပါလိမ့်မယ်၊ မေမေ သိပ်အလေးအနက်မထားမိလို့ ဖြစ်ပါလိမ့်မယ်၊ နာမည်တောင် မမှတ်မိဘူး"

"ထီးဖြူခင် ... တဲ့ မေမေ"

"ထီးဖြူခင် ! ... ဟိုက်ရှ်ရှားဘား နာမည်ကလည်း ပွင့်လှချည်လား"

"နွေ ကိုယ်စားစရာရှိတာစားစမ်း၊ ထမင်းနည်းနည်းထည့်ဦး၊ ပန်းပွင့်ချည်းပဲ စားမနေနဲ့၊ ထမင်းကမှ ကာဗိုဟိုက်ဒရိတ်ပါတာ၊ သမီးပုံစံက ပိန်ကပ်နေတာပဲ၊ Diet လုပ်စရာမလိုဘူး၊ လူ့မမာပုံတောင် ထွက်တော့မယ်၊ ရွှေနီ ... မမနွေ ပန်းကန်ထဲ ထမင်းနှစ်ဇွန်းထည့်ပေးလိုက်"

"အာ ... မေမေကလည်း၊ နှစ်ဇွန်းတောင် မကုန်ဘူး၊ သမီး ဗိုက်ပြည့်နေပြီ"

"အသီးအရွက်စားတာ ကောင်းပေမယ့် ကာဗိုဟိုက်ဒရိတ်လုံးဝမပါလို့ မရဘူး နွေ၊ စား ... ရွှေနီ ထည့်ပေးလိုက်"

"ညစာမှာ ထမင်းတွေစားရင် ဗိုက်ပူတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းဗိုက်က ဘယ်လောက်များ ပူနေလို့လဲ နွေရယ်၊ ရှုပ်ဟိုက်ပြီး ခွက်တောင်ဝင်နေတဲ့ဟာ၊ အထွန့်မတက်နဲ့စား"

ဒေါ်ခင်မမထိပ်က ရေတစ်ကျိုက်ထပ်သောက်လိုက်ရင်း ခင်ပွန်းဖြစ်သူ ပန်းကန်ထဲ ဆိတ်ကလီစာဟင်းတစ်ဇွန်း ခပ်ထည့်ပေးလိုက်ရင်း ...

"စားလို့မကောင်းလို့လား ကိုမင်း၊ ဟင်းဟျှောသိပ်မစားသလိုပဲ"

"ကောင်းပါတယ်၊ စားပါတယ် ခင်မရဲ့၊ ချဉ်ပေါင်ကြော်လေးနဲ့ စားလို့ပိုကောင်းနေလို့ပါ"

ဆိတ်ကလီစာနှင့် ပုဇွန်တုပ်ဟင်းတို့ကိုကျော်၍ ချဉ်ပေါင်ကြော်နှင့်မှ ထမင်းပိုမြိန်နေသော ခင်ပွန်းသည်ကို ကြည့်နေရာက သားဖြစ်သူ ဇေထံ အာရုံပြန်ရောက်သွားပါသည်။ ယောကျ်ားတွေဟာ အဖူးအညွန့် အကောင်းအမွန်ထက် တစ်ခါတစ်ရံမှာ ဘာကြောင့်များ ဘာမဟုတ်တာကို ခံတွင်းတွေ့နေတတ်ကြပါလိမ့်။

"နာမည်က ထီးဖြူခင်တဲ့လား"

"ဟုတ်ကဲ့ မေမေ"

"နာမည်ကလည်း ဘယ်လိုနာမည်မျိုးလဲကွယ်"

"အဟင်း ဟင်း ... သူ့အမေက သူ့ကိုမမွေးခင် ထီးဖြူတွေချည်းပဲ အိပ်မက်,မက်မက်နေတတ်တာတဲ့ မေမေရဲ့၊





သူ့ကိုမွေးကာနီးကျတော့ ကလေးပေါက်စ နီတာရဲလေးကို ထီးဖြူဆောင်းထားတဲ့အိပ်မက် မက်ပြန်ရောတဲ့"

"ဟင်"

ဒေါ်ခင်မမထိပ်က မျက်ခုံးတွေ ပင့်သွားရပါသည်။

"ထီးဖြူရှင်လို့ မှည့်လိုက်ပြီးရောနော် ကိုကိုရယ်၊ အဲဒါမှ ဘုရင်နာမည် ဖြစ်သွားရော ... ဟီ ဟိ၊ အိပ်မက်ကလည်း စီးလိုက်တာ၊ စီးစီးပိုးပိုးနိုင်လိုက်တာ ... နော် မေမေရယ်"

"အဲဒါ သူ တကယ်ပြောတာလား သား"

"တကယ်ပြောတာလေ မေမေ၊ သူတင်မကဘူး၊ သူ့အမေလည်း ပြောပြဖူးတယ်၊ ဘာဖြစ်လို့လဲ မေမေ"

ဒေါ်ခင်မမထိပ်က အံ့အားတသင့် ငြိမ်နေမိပါသည်။ နားထဲမှာလည်း ကွယ်လွန်ခဲ့ပြီဖြစ်သော မိခင်ရဲ့စကားသံတချို့ကို ပြန်ပြီးကြားယောင်လာမိပါသည်။

"ညည်းက ကောင်းစားမယ့်သမီး၊ ထွန်းပေါက်မယ့်သမီးဆိုတာ မမွေးခင်ကတည်းက အတိတ်နိမိတ်ပြနေတာ ခင်မရဲ့၊ သမီးကို မမွေးခင် အိပ်မက်,မက်လိုက်ရင် ထီးအဖြူရောင်တွေချည်းပဲမက်တာ၊ သိပ်အတိတ်နိမိတ်ကောင်းတာပဲ၊ မွေးကာလည်းနီးရော ဇွယ်စုံဆင်ကြီးတစ်စီးပေါ်မှာ ကလေးလေးကို ထီးဖြူတွေမိုးလို့ မေမေ့ဆီလာနေတဲ့အိပ်မက် မက်တာ၊ ကြက်သီးမွေးညင်းတောင် ထ,တယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုမွေးပြီးတော့ စီးပွားတွေလည်း တရိပ်ရိပ်တက်တာပဲလေ"

အံ့သြစရာပါလား။

"မေမေ ! "

ဇေက ခပ်ငေးငေးငြိမ်နေသော မေမေ့ကို သတိပေးလိုက်ပါသည်။

"သြော် ... တိုက်ဆိုင်လိုက်တာလို့ တွေးမိလို့ပါ သားရဲ့"

"ဘာတိုက်ဆိုင်တာလဲ မေမေ"

"အဲဒီအတိုင်း မင်းတို့ဘွားဘွားက မေမေ့ကို ပြောခဲ့ဖူးတယ်လေ၊ မေမေ့ကိုမွေးခင် ဘွားဘွားက ထီးဖြူတွေ အိပ်မက်မက်တယ်တဲ့၊ မွေးကာနီးလည်းကျရော ဆင်ကြီးပေါ်မှာ ကလေးလေးကို ထီးဖြူမိုးလျက်သားနဲ့ ဘွားဘွားဆီ ဆင်ကြီးက လာနေတာ တွေ့ရတယ်တဲ့၊ သားအခုပြောတဲ့အတိုင်းပဲ"

"ဟင် ... တကယ်လား မေမေရဲ့"

"သြော် ... တကယ်ပေါ့ သားကလည်း၊ မေမေက မဟုတ်ဘဲ လိမ်ညာပြီးတော့ မင်းကောင်မလေးရဲ့အိပ်မက်အတိတ်နိမိတ်ကို အတုခိုးပြောတယ်များ ထင်နေလို့လား"

"မဟုတ်ပါဘူး မေမေရဲ့၊ တိုက်ဆိုင်လွန်းလို့ အံ့သြသွားလို့ပါ"





"အင်း ... တိုက်ဆိုင်လိုက်တာ၊ အဲဒါကြောင့် မေမေလည်း အံ့သြနေတာ"

ထိုအိပ်မက်ကို ကလေးဘဝကတည်းက မိခင်ထံက အကြိမ်ကြိမ် အထပ်ထပ်ကြားရဖူးသော ဒေါ်ခင်မမထိပ်သည် သူမကိုယ်သူမ ဘယ်တုန်းကမှ သာမန်ယောက်ျားမိန်းမတစ်ယောက်လို့ မထင်ခဲ့ပေ။ သူမ လူမဖြစ်လာခင်ကတည်းက ရှေ့ပြေးအိပ်မက်ကိုက တခမ်းတနားရှိလှသည်လို့ အမြဲဂုဏ်ယူကျေနပ်ခဲ့ရသည်။

"အဟီး ဟီး ဟီး"

တစ်ယောက်တည်းရယ်နေသော ညီမကိုငဲ့ကြည့်ကာ ဇေက နွေ့ခေါင်းကို တစ်ချက် နှစ်ချက် ကိုင်လှုပ်လိုက်ရင်း ...

"တစ်ယောက်တည်း ဘာတွေသဘောကျနေလဲ ညီမလေး"

"တော်သေးတာပေါ့နော် ကိုကို၊ သူ့အမေက ထီးမည်းတွေ မမက်လို့၊ ထီးအမည်းတွေသာမက်ရင်တော့ ထီးမည်းခင်လို့ မှည့်မယ်မထင်ဘူး ... ဟီဟိ"

"ဟား ဟား"

"နွေ အရှုန်းဝင်မဖောက်စမ်းနဲ့၊ ကိုကို့ကို မေမေမေးစရာတွေရှိတယ်"

"မေးပေါ့လို့၊ မေမေမေးတုန်း နွေက ဝင်အရှုန်းဖောက်တာမှ မဟုတ်တာ၊ မေမေ တိတ်နေတုန်းမို့ ပြောတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့သမီးလဲ ဇေ"

"ထီးဖေဖေက '......'ဌာနက ညွှန်ချုပ်ပါ။ အမေကတော့ အရင်က ယူအက်ဖ်အယ်လ်မှာ အင်္ဂလိပ်စာဌာနက အေပီပါ၊ အခုတော့ ကျန်းမာရေးကြောင့် ပင်စင်ယူထားတယ်"

"ဘာရောဂါရှိတာလဲ"

"နှလုံးအားနည်းတာပါ၊ နှလုံးရောဂါဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး၊ အိမ်မှာပဲ နားနားနေနေ နေတဲ့သဘောပါ၊ သူ့အိမ်မှာတော့ အင်္ဂလစ်ရှ်ကျူရှင် လာတက်ကြတဲ့သူတွေရှိတယ် မေမေ၊ ပုံမှန်ကျူရှင်ပြနေတာမျိုးလည်း မဟုတ်ဘူး၊ အကူအညီတောင်းတဲ့သူ သူ့ဆီကသင်ချင်တဲ့လူတွေလောက်ပဲ၊ အဲဒီတပည့်တွေကလည်း ဆရာဝန်တွေတို့ တက္ကသိုလ်က ဆရာမတွေတို့တွေ များတယ်"

"သဘောကတော့ ဝန်ထမ်းတွေပေါ့"

"ဟုတ်ကဲ့"

"မောင်နှမတွေကရော"

"ထီးက တစ်ဦးတည်းသောသမီးပါ"

"ဘာဘွဲ့ရထားတာလဲ"

"ယူအက်ဖ်အယ်လ်က အင်္ဂလစ်ရှ်နဲ့ပြီးပြီး စင်ကာပူမှာ အမ်ဘီအေ သွားတက်လာခဲ့တယ် မေမေ"

"အခုဘာလုပ်လဲ"





" '......'ကုမ္ပဏီမှာ အက်ဒ်မင် လက်ထောက်မန်နေဂျာပါ"

ဇေပြောတဲ့"......"ကုမ္ပဏီဟာ မြန်မာတိုင်းရင်းသားပိုင် နာမည်ကြီး ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။

"ဘယ်ဆိုးလို့လဲကွ"

ဖေဖေ့ထံက စကားသံတစ်ချက် ထွက်လာ၍ မေမေက ဖေဖေ့ကို လှည့်ကြည့်လိုက်ပါသည်။

"ဇေလက်ထပ်မယ့်မိန်းမက မဆိုးရုံလောက်ပဲလေးတော့ ခင်မက မှန်းထားတာ မဟုတ်ပါဘူး ကိုမင်းရယ်"

မေမေ့စကားသံက နားဝင်ပီယံချိုသာလှပါသည်။ မေမေဟာ သားသမီးတွေကိုထက် ဖေဖေ့ကို အမြဲပဲ ချိုသာညင်းပြောင်းစွာ ဆက်ဆံသူ ဖြစ်ပါသည်။

"ခင်မက ဇေ့ကို ဦးဝင်းဇင်တို့ ဒေါ်ဝင်းပပတို့သမီးအငယ်လေးနဲ့ မှန်းထားတာလေ"

"ဒါတော့ ဒါပေါ့လေ ခင်မရယ်၊ လူကြီးမိဘကမှန်းတာကလည်း မှန်းတာပဲပေါ့၊ ဒါပေမဲ့ ကာယကံရှင်လူငယ်တွေ သဘောထားကလည်း ရှိသေးတာပေါ့၊ မင်းက မှန်းထားပေမယ့် ဇေကကော ကြိုက်သလား၊ ဦးဝင်းဇင်သမီးလေးကရော ကြိုက်သလား၊ ဒါတွေရှိသေးတာပေါ့"

"ဒေါ်ဝင်းပပကလည်း ဇေ့ကို သိပ်သဘောကျတာ"

"လူကြီးတွေသဘောကျနေတာနဲ့ပဲ မပြီးဘူး ခင်မရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... အဲဒီ ဒေါ်ဝင်းပပသမီး သက်သူဇာနဲ့တော့ ကိုကို့ကို မရစေချင်ပါဘူး၊ မျက်နှာထားက ပေါ့သလို တင်းနေတာ မာန်တက်သလား မမေးနဲ့"

"နွေ့ အစစအရာရာ ပြည့်စုံတဲ့သူဟာ အဲဒီပြည့်စုံမှုမာန်တော့ ရှိမှာသဘာဝပဲ၊ ရုပ်ဆင်းအင်္ဂါ၊ ပညာ၊ ဥစ္စာ အားလုံးမြင့်မား ပြည့်စုံနေမှတော့ မာန်ကလေးတစ်ခု ထားမှလည်းပဲ ဖြစ်တော့မှာပေါ့"

"ဟင် ... အဲလောက်မျက်နှာထားမချိုတဲ့ ဆရာဝန်မနဲ့တော့ နွေ့တော့ ဘယ်တော့မှ မကုချင်ဘူး၊ စကားပြောရင်လည်း သူ့အပေါ်ကချည်းပဲ"

"အပေါ်ကပြောလို့လည်း ဖြစ်နေတဲ့ အနေအထားဖြစ်နေတာကိုး သမီးရဲ့၊ ဘာမဟုတ်တဲ့သူမျိုး၊ အနိမ့်အပါးက လူမျိုးက အဲသလို မာန်တက်ပြီး အပေါ်ကနေနေတာမျိုးနဲ့ စာရင်တော့ တော်သေးတာပေါ့"

"ဘာလို့လဲ ... ကိုကို့ကောင်မလေးက အနိမ့်အပါးကနေ မာန်တက်နေလို့လား မေမေ"

"သြော် ... အဲလိုပြောတာ မဟုတ်ပါဘူး၊ မေ့မေက သဘောကိုပြောပြတာပါ၊ ဇေ့မိန်းကလေးက ဘယ်လိုလဲဆိုတာ မေမေမှ ဘာမှမသိတာပဲ"





"ထီးက ချို့ချို့ငဲ့ငဲ့ နိမ့်နိမ့်ပါးပါးတော့ မဟုတ်ပါဘူး၊ သူတို့ဟာနဲ့သူတို့လေးတော့ အထိုက်အလျောက် ပြည့်စုံပါတယ် မေမေ"

"ဘယ်မှာနေလဲ"

"သောက်ထော်ဘက်မှာပါ၊ ခြံဝင်းနဲ့ တိုက်လေးပါပဲ"

"မိဘဘိုးဘွားအမွေ ဖြစ်မှာပေါ့"

"ဟုတ်ကဲ့ ... သူ့အမေဘက်က အမွေရတာပါ"

"အမွေဆိုင်လား"

"မဟုတ်ပါဘူး မေမေ၊ သူ့အမေပဲ ရတာပါ"

"တစ်ဦးတည်းသော သမီးဆိုတော့ ဒါဖြင့် ဒီခြံနဲ့တိုက်က ဒီကောင်မလေးပဲ ရမယ့်သဘောပေါ့"

"ခင်မကလည်းကွာ"

"ဘာဖြစ်လို့လဲ ကိုမင်းရယ်၊ သောက်ထော်ခြံနဲ့ တိုက်လေးကိုမက်ပြီး ပြောနေတာ မဟုတ်မှန်းတော့ ကိုမင်းလည်း သိတာပဲလေ"

"အေးလေ ... အေးပါ မိန်းမရယ်၊ ကိုယ်တို့သားသမီးတွေရဲ့အိမ်ထောင်ဖက်တွေမှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ဘယ်လောက်ပါမယ် ဆိုတာမျိုးကို ထည့်မကြည့်စေချင်ပါဘူးကွာ"

ဒေါ်ခင်မမထိပ်က နံရံမှနာရီကို တစ်ချက်လှမ်းကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနီ ... ဘွားဘွားကြီးကို နဂါးမောက်သီးဖျော်ရည်ပို့လိုက်တော့၊ ဖရစ်ချ်ထဲမှာ အန်တီ အသင့်ထည့်ပြီးသား၊ ရွှေညိုကို နံ့သာဖြူသွားသွေးခိုင်းလိုက်တော့၊ ဘွားဘွားကြီးကို နဂါးမောက်သီးဖျော်ရည်ပို့ရင်း ဘွားဘွားကြီးရဲ့ဖရစ်ချ်ထဲမှာ ရေဘူးတွေဖြည့်ရမလား လဲရမလား တစ်ခါတည်းစစ်ခဲ့၊ လိုတာဖြည့်၊ ပြီးရင် ဘုရားမီးတွေပူဇော်တော့၊ ဘွားဘွားကြီး ဘုရားရှိခိုးဖို့ ထိုင်စရာဖုံလေး တစ်ခါတည်း ပြင်ပေးခဲ့"

"ဟုတ်ကဲ့ အန်တီ"

ရွှေနီ ဖျော်ရည်ဖန်ခွက်ကို ဗန်းနှင့်ထည့်ကာ ယူသွားတာကိုကြည့်ပြီးမှ ဒေါ်ခင်မမထိပ်က ဦးမင်းဒင်ဘက် ပြန်လှည့်ကြည့်လိုက်ပါသည်။

"သူတို့အိမ်ထောင်ဖက်တွေရဲ့ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုကိုတော့ ကြည့်တာမဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ကိုမင်းရယ်၊ အဆင့်အတန်းချင်း အဟပ်သိပ်ကွာတာတော့လည်း မကောင်းဘူးလေ၊ အဲဒါပါ"

"ပညာလေးရယ် အတွေးအခေါ်လေးရယ် အဆင့်အတန်းရှိပြီး စိတ်သဘောထားကောင်းမယ် လိမ္မာမယ်ဆိုရင် ပြီးတာပါပဲ ခင်မရယ်၊ အဲဒါဆိုရင် အဟပ်မကွာပါဘူး"





"ကိုမင်းပြောတဲ့ ပညာလေးနဲ့ အတွေးအခေါ်လေး အဆင့်အတန်းမြင့်တဲ့သူက မရှားပါဘူး၊ စိတ်သဘောထားကောင်းနဲ့ အလိမ္မာကတော့ ရနိုင်ဖို့ဆိုတာ ရာခိုင်နှုန်းတစ်ရာမှာ နှစ်ဆယ်လောက်ပဲ မှန်းရမှာပါ"

"ကဲ ... မိန်းမ၊ သားက လက်ထပ်ဖို့ ရည်ရွယ်ပြောမှတော့ တွေ့ကြည့်လိုက်ပါဦး၊ တွေ့ကြည့်ပြီးမှ သေချာဝေဖန်ပိုင်းခြားနိုင်မှာ"

"တွေ့ကြည့်ဖို့က စောဦးမလားလို့ပါ"

"မင်းသားက, စကားစတာကိုက လက်ထပ်ချင်ပြီတဲ့၊ သားမှာ ချစ်သူရှိနေပြီဆိုတာနဲ့ မတူဘူးနော်"

"သူက လက်ထပ်ချင်ပြီ ဆိုပေမယ့် လက်ထပ်သင့်လောက်သူ ဟုတ်မဟုတ်နဲ့ ဟုတ်ရင်တောင် အချိန်ကာလဘယ်တော့လောက် စီစဉ်ဖို့ဆိုဟာက လူကြီးတွေသတ်မှတ်ဆုံးဖြတ်ရမယ့်ကိစ္စပါ"

"မေမေ ... သားက ချစ်သူကို မိဘနဲ့ပေါ့ပေါ့ပါးပါးတွေ့ပေးချင်ရုံလောက်ပါပဲ မေမေ၊ လက်ထပ်ချင်ပြီဆိုပေမယ့် အချိန်ကာလက လူကြီးတွေတိုင်ပင်သတ်မှတ်တာကိုပဲ လက်ခံမှာပါ"

"အေးပေါ့၊ ခေါ်ခဲ့ပါ သားရာ အိမ်ခေါ်လာတာပဲ၊ ကြီးကြီးကျယ်ကျယ် တိုင်ပင်နေစရာ မလိုပါဘူး၊ ဒီစနေခေါ်ခဲ့ပေါ့၊ ဖေဖေလည်း မွန်းလွဲပိုင်းကစပြီးအိမ်မှာရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစနေ ခင်မ မအားသေးပါဘူး ကိုမင်းရယ်၊ နောက်တစ်ပတ် ဆယ်ရက်လောက်နေတော့ မေမေအားတဲ့ရက်ပြောပါ့မယ်၊ ရှေ့အပတ်ထဲ ကိုမင်း မာမီဆေးခန်းပြဖို့ ချက်က်အပ်ပ်လုပ်ဖို့တွေ ရှိသေးတယ်၊ အာရုံရှင်းရှင်းနဲ့အလုပ်ပါးတော့မှပဲ အေးအေးဆေးဆေးတွေ့တာ ကောင်းပါတယ်"

"အင်းပါ … အင်းပါ၊ မင်းအမေဆီက ရက်ချိန်းယူပြီးခေါ်ခဲ့ပေါ့ သား"

ထမင်းစားပွဲမှထ,လိုက်သော နွေ့ကို ဒေါ်ခင်မမထိပ်က မော့ကြည့်ရင်း …

"နွေ ဘွားဘွားကြီးကို ခြေလက်ဆေး နံ့သာဖြူလိမ်းတာ သွားစောင့်ကြည့်ပေး၊ ပြီးရင် ဘွားဘွားနဲ့တူတူ ဘုရားရှိခိုးဦး ကြားလား"

✧ ❦ ✧





## ❦ ၂ ❦

ဘုရား … ဘုရား …။

ဒီမိန်းမကြီးကို ယောက္ခမတော်ခွင့် မရခဲ့တာ ကံကောင်းလိုက်တာပါလားလို့ ထီးက နှစ်နှစ်ကာကာ ဝမ်းပန်းတသာ တွေးမိရပါတော့သည်။ သို့သော် မျက်နှာကိုကား မပြုံးနိုင်။

ဒီပွဲဟာ ထီးသူငယ်ချင်း "ရူပါခင်"ရဲ့မင်္ဂလာညည်ခံပွဲ ဖြစ်ပါသည်။ ရူပါက ထီးရဲ့ချစ်သူအဖြစ် ကိုကိုနှင့်ပါ ခင်မင်ရင်းနှီးနေပြီမို့ ကိုကို့ကိုပါ ဖိတ်ပါသည်။ အဲဒါကြောင့် ကိုကိုရောထီးပါ မင်္ဂလာခန်းမထဲက စားပွဲတစ်ခုမှာ ရှိနေကြတာပါ။

"ဒီမင်္ဂလာဆောင်ကို မေမေတို့လည်းလာမှာ ထီးရဲ့"

"ဟုတ်လား ကိုကို"

ထီး ထိတ်ခနဲ ဖြစ်သွားရပါသည်။ ကိုကို့မေမေနှင့် မဆုံဖူးသေးဘူး မဟုတ်လား။ ကိုကိုက ထီးကို အိမ်ခေါ်သွားဦး



www.burmeseclassic.com

www.burmeseclassic.com



မည်၊ သူ့မိသားစုနှင့် တွေ့ပေးဦးမည်လို့ ပြောထားပြီးကာမှ ဖေဖေရော မေမေပါ အားတဲ့ရက်ပြန်ချိန်းမယ်လို့ နောက်တစ်ကြိမ် ပြောသောအခါ ထီးရဲ့စိတ်တွင် တစ်မျိုးလေးတော့ ထင့်မိသည်။

ထီးကို လက်ခံလိုစိတ်မှ ရှိပါရဲ့လားလို့ပင်။

ထီးတို့မိသားစုဟာ နိမ့်နိမ့်ပါးပါးထဲကလည်းမဟုတ် အတန်အသင့် ပြည့်စုံသော ဟန်ဟန်ပန်ပန် လူမှုဘဝကို ပိုင်ဆိုင်ထားသည်မှန်သော်လည်း ကိုကိုတို့မိသားစုရဲ့ ကုံလုံကြွယ်ဝ ပြည့်စုံချမ်းသာမှုနှင့်ကျတော့ အလှမ်းအတော်လေးကွာခြားနေပါသေးသည်။ ကိုကိုတို့မိသားစုဟာ မြန်မာပြည်အတိုင်းအတာနှင့်တော့ လျှမ်းလျှမ်းတောက် လူသိများသော နာမည်ကြီးသူဌေးစာရင်းဝင်တွေ ဖြစ်သည်မဟုတ်လား။

ကိုကို ထီးကိုချစ်ခွင့်ပန်စဉ်ကတည်းက ထီးပြောခဲ့ပါသည်။

"ကိုဇေ့မိသားစု အသိုင်းအဝိုင်း အနေအထားနဲ့ ထီးကို လက်သင့်ခံနိုင်လောက်တဲ့ အခြေအနေရော ရှိလို့လားကိုဇေ၊ ကိုဇေနဲ့ ထီးနဲ့ မမျှော်လင့်ဘဲ ရင်းနှီးကျွမ်းဝင်လာပေမယ့် ထီးတို့အနေအထားက နာမည်ကြီးသူဌေး ဦးမင်းဒင်ဆိုတာ၊ ဦးမင်းဒင်ရဲ့သား 'ဇေ'ဆိုတာတွေကို စာစောင်တွေ ဂျာနယ်တွေထဲမှာ မြင်တွေ့ကြားဖူးနေခဲ့ရတဲ့ ဘဝပါ။ ကိုယ်နဲ့ ပတ်သက်လာမိမယ်လို့တောင် ထင်မထားဖူးတဲ့ အခြေအနေပါ ...





ထီးက ဆယ်ကျော်သက်လည်း မဟုတ်တော့ဘူးလေ ကိုဇေ၊ ခုချိန်မှာ အပျော်ရင်ခုန်သာယာမိပြီး ရည်း[illegible]တာ လိုက်တဲ့အလုပ်မျိုး မလုပ်ချင်တော့ပါဘူး၊ ထီးအ[illegible]က နှစ်ဆယ့်လေး နှစ်ဆယ့်ငါး ဆိုပေမယ့် အလုပ်အကိုင် အဆင့်အခြေအနေအရ လူကြီးတစ်ယောက်လို တွေးခေါ် စဉ်းစားပြီး နေရထိုင်ရတဲ့ အနေအထားပါ ...

အချစ်တစ်ခုကို နှလုံးသားတစ်ခုနဲ့ပဲ ထီး စဉ်းစားဆုံးဖြတ် ရွေးချယ်ဖို့ ဆန္ဒမရှိပါဘူး၊ နှလုံးသားကချစ်သလို ဦးနှောက်ကလည်း လက်သင့်ခံပြီး တကယ်တမ်းလည်း လက်တွဲနိုင်မယ့်သူမျိုးကိုမှ ထီး ခေါင်းညိတ်ချင်တာပါ၊ ထီး ကိုဇေ့ကို ပြောဖူးသားပဲလေ၊ တက္ကသိုလ်ရောက်ကာစက ထီးရည်းစားထားဖူးပါတယ် ဆိုတာ ...

ငယ်သေးတော့ လက်ထပ်ဖို့ထိလည်း ထည့်မတွေးခဲ့မိပါဘူး၊ ဒါပေမဲ့ ထီးတို့ပြတ်သွားခဲ့ကြတော့ ထီးက ဘာပဲဖြစ်ဖြစ် ရည်းစားတစ်ကြိမ်ပြတ်ဖူးတဲ့သူ ဖြစ်နေပြီလေ၊ ဒီအချိန်မှာတော့ ရည်းစားနှစ်ကြိမ်ပြတ် သုံးကြိမ်ပြတ်ဆိုတာမျိုး ထီးအဖြစ်မခံနိုင်တော့ဘူးလေ ကိုဇေ၊ ထီးဘဝကို တည်တည်ငြိမ်ငြိမ် ငြိမ်းငြိမ်းချမ်းချမ်းပဲ ဖြတ်သန်းချင်တဲ့သူပါ၊ အဲဒါကြောင့် အများကြီးထည့်စဉ်းစားရမှာပါ"

"ထီးရယ် ...၊ ကိုယ်လည်း ထီးကိုပြောဖူးပါတယ်၊ ကိုယ်လည်း မိန်းကလေးသုံးယောက်လောက် တွဲခဲ့ဖူးတာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေက ငယ်ဘဝမှာ မဆန်းပါဘူး ထီး၊ ထီးကို ကိုယ် တကယ်မြတ်မြတ်နိုးနိုး ချစ်တာပါ၊ မပြောခင်အချိန်တွေ အများကြီး ကိုယ်စဉ်းစားခဲ့ပြီးပါပြီ၊ ထီးကိုလည်း အများကြီး လေ့လာပြီးပါပြီ၊ ထီးလည်း ကိုယ့်ကို ဒီလောက်ဆိုရင် တော်တော်လေ့လာပြီးလောက်ပါပြီ"

"အဲသလို အရင်က ကိုဇေတွေ့ခဲ့ဖူးတဲ့ မိန်းကလေးတွေစာရင်းထဲပဲ ဝင်သွားမှာစိုးလို့ပါ၊ ခုချိန်မှာ ကိုဇေ့စကားကို ကိုဇေ ပြန်ရုပ်သိမ်းလည်းပဲ ထီး စိတ်မဆိုးပါဘူး၊ မိတ်ဆွေသူငယ်ချင်းတွေလိုပဲ ရင်းရင်းနှီးနှီး ဆက်နေလို့ရပါတယ်"

"ကိုယ်ကမှ မိတ်ဆွေသူငယ်ချင်းအဆင့်နဲ့ မရောင့်ရဲနိုင်တော့တာ ထီးရယ်"

"ကိုဇေတို့မိသားစုရဲ့ ဂုဏ်ဒြပ်အနေအထားနဲ့ ကိုဇေ့မှာ ရွေးချယ်စရာမိန်းကလေးတွေလည်း များများမှာဖြစ်သလို လူကြီးမိဘချင်း စီစဉ်နားဖောက် စပ်ဟပ်နေရာချပေးတာမျိုး ရည်ရွယ်ချက်ရှိထားပြီးသူတောင် ရှိကောင်း ရှိနိုင်မှာပါ ကိုဇေ"

"လူကြီးမိဘတွေကတော့ သူတို့မျက်စိထဲ သဘောကျတာလေးတွေ့ရင် ပါးစပ်က ထုတ်ပြောတာမျိုးတွေ ရှိတာပေါ့ ထီး၊ ဒါပေမဲ့ သူတို့ပေးစားတဲ့သူပဲ ယူရမယ်ဆိုတာမျိုး ကိုယ့်မိဘတွေမှာ အတင်းအကျပ် စီစဉ်တိုက်တွန်းမှုလုံးဝ မရှိပါဘူး၊ အဲလို ဘယ်တော့မှ မလုပ်ပါဘူး"





"အဲလိုမလုပ်ဘူး ဆိုရင်တောင် ကိုဇေ ရွေးချယ်လာတဲ့ မိန်းကလေးကို ကြည်ကြည်ဖြူဖြူ လက်ခံပါမယ်ဆိုတဲ့အထိတော့ ရှိချင်မှ ရှိမှာပါ၊ ထီးစကားတွေအတွက် စိတ်မရှိပါနဲ့"

"စိတ်မရှိပါဘူး၊ ဘာစိတ်ရှိစရာရှိလို့လဲ၊ ထီးအသက်အရွယ်လေးနဲ့ ထီးက လူကြီးတစ်ယောက်လို ဆင့်ဆင်ခြင်ခြင် ထိန်းသိမ်းတွေးခေါ်တတ်လွန်းတာကိုတောင် ကိုယ်ကအရမ်းလေးစားတာ မြတ်နိုးတာ၊ ထီး စိတ်ချပါ၊ ကိုယ်တို့မောင်နှမမှာ ကိုယ်ချစ်တဲ့သူကို ကိုယ်ရွေးချယ်ပိုင်ခွင့် ရှိပါတယ်၊ အရွယ်ရောက်ကာစကတည်းက ဒီအတိုင်း သိထားစေခဲ့တာပါ ...

ကိုယ် အခု ထီးကို ချစ်သူတစ်ယောက်အဖြစ် ချစ်ခွင့်တောင်းဆိုတာအပြင် လက်ထပ်ခွင့်ပါ တစ်ပါတည်းတောင်းဆိုတာပါ ထီး၊ ထီးကို ကိုယ်လက်ထပ်ဖို့ ရည်ရွယ်ပြီး ချစ်ခဲ့တာပါ၊ ကိုယ့်ကို ချစ်ခွင့်ရော လက်ထပ်ခွင့်ရော ပေးပါ ထီး"

ထီးက သက်ပြင်းလေးတစ်ချက်ချရင်း ...

"ကိုကို့မိဘတွေ ရောက်နေပြီလားဟင်"

"မရောက်သေးဘူး ထီး၊ ကိုယ်ကြည့်နေတာ၊ ဖေဖေတို့ရဲ့ ထိပ်ဆုံးစားပွဲမှာ ထိုင်မှာလေ၊ မင်္ဂလာပန်းကုံးချီးမြှင့်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်"

"ဖေဖေနဲ့မေမေ ရောက်လာရင် ထီးနဲ့ မိတ်ဆက်ပေးချင်တယ်၊ မေမေတို့စားပွဲကို ထီးလိုက်နှုတ်ဆက်ပေးပါလား"

ထီးက ဆံပင်တိုတိုဖောင်းဖောင်းကလေးကို နားရွက်နောက်သို့ တစ်ချက်သပ်ကာ ညှပ်လိုက်ရင်း အနည်းငယ်ကြောင့်ကြမကင်းနှင့်ပင် ...

"ဟုတ်ကဲ့ ... ထီး နှုတ်ဆက်ပါ့မယ်"

ဖွေမျက်နှာက ပြုံးသွားရကာ ...

"ထီးက အရမ်းချစ်ဖို့ကောင်းတာပဲ၊ ဒီနေ့လည်း ထူးထူးခြားခြား အရမ်းလှတာပဲ၊ မေမေတို့နဲ့ မိတ်ဆက်ပေးရမှာ ဂုဏ်ယူလိုက်တာ"

ပိုးချိတ်အဖြူပေါ် မီးခိုးရောင်ချိတ်ဆင် ကျဲကျဲလေးနှင့် ပိုးရင်ဖုံးအကျီလက်ပြတ်အဖြူလေးဝတ်ကာ ပုလဲလေးတွေဆင်မြန်းထားသော ထီးဖြူခြင် ပုံစံကလေးက အသားဝင်းဝင်းလည်တိုင်ကြော့ရှင်းရှင်း၊ ခါးမတ်မတ်၊ ဗိုက်ချပ်ချပ်ကလေးနှင့် ယဉ်တစ်ကိုယ်မယ်ပြိုင်ပွဲဝင်နေသည့်အလား ယဉ်ကျေးသပ်ရပ်ကြော့ခက်နေပါသည်။

ထီးသည် ကိုကို့အဖေအမေကို သွားနှုတ်ဆက်ရမည့်အရေး ရင်ကလေး တထိတ်ထိတ် ခုန်လာပါသည်။ ကိုကို့အဖေကို စာစောင်တွေထဲမှာ မြင်ဖူးတဲ့အခါ ရုပ်ရည်က ခပ်အေးအေး





ချမ်းချမ်းနှင့် သဘောကောင်းတဲ့ အသွင်အပြင်လို့ ထီးစိတ်ထဲမှတ်ယူမိသည်။

ကိုကို့အမေ ဒေါ်ခင်မမထိပ်ကို အမျိုးသမီးအဖွဲ့အစည်းများ အလှူအတန်း လှုပ်ရှားမှုများမှာ ဓာတ်ပုံမြင်ရတဲ့အခါ ကိုကို့အမေရဲ့မျက်နှာဟာ မာန်တစ်မျိုးနှင့် ထည်ဝါလွန်းလှသည်။ မျက်လုံးများက အလိုလို ရှိန်လန့်စေလောက်အောင် စွမ်းအားပါဝါကြီးလှပါသည်။

နာမည်ကို "ဒေါ်ခင်မမထိပ်"လို့ သိလိုက်ရကတည်းက ခပ်စီးစီးနာမည်အပေါ် စိတ်ထဲအနည်းငယ် ကသိကအောက်ဖြစ်မိပါသည်။ သူကလည်း ထီးရဲ့နာမည်အပေါ် တအံ့တသြကသိကအောက် ဖြစ်တယ်လို့ ကိုကို့ထံက သိရပါရဲ့။ မမွေးခင်မက်တဲ့အတိတ်နိမိတ် အိပ်မက်ချင်း ချိတ်စွပ်တူနေတယ်ဆိုလား။

"ဟော"

ရင်တမိုမိုဖြစ်နေဆဲ လှုပ်ရှားသွားသော ဖွေပုံစံကြောင့် ထီးပါရောယောင်လှုပ်ရှားသွားရပါသည်။

"မေမေတို့လာပြီ ထီး"

အဖေ အမေနှစ်ယောက်ကို "မေမေတို့"လို့သာ များသောအားဖြင့် ထိပ်စီးတပ်ပြောတတ်တာ သတိထားမိနေတာမို့ ကိုကိုဟာ သူ့အဖေထက် အမေကို ပို၍အလေးထားရသူဖြစ်မည်ဆိုတာ ထီး ရိပ်မိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သတို့သားရဲ့အဒေါ်တစ်ယောက် ဦးဆောင်ကြိုဆို ခေါ်ယူလာသော ဦးမင်းဒင်နှင့် ဒေါ်ခင်မမထိပ်တို့ စုံတွဲက ကော်ဇောနီလျှောက်လမ်းအတိုင်း ခန့်မထိပ်အထိ ခန့်ခန့်ညားညား လျှောက်ကာ ဝင်လာပါသည်။

ဒေါ်ခင်မမထိပ်ရဲ့ လမ်းလျှောက်ဟန်ဟာ တစ်မျိုး ထူးခြား ကျက်သရေရှိလှသည်။ သိမ်မွေ့ခြင်းလည်း ပါဝင်သလို မိမိကိုယ်ကို ယုံကြည်ဝံ့စားခြင်းလည်း ပါဝင်၍ ထီးဟန်နန်းဟန် တစ်မျိုးပင် ဆန်နေသလား ထင်မိသည်။ မဟာနဖူးကို အပြောင် ရှင်းကာ ဆံတစ်မျှင်မှ မကျစေဘဲ နောက်ဖက်မှာ ခပ်မြင့်မြင့် ထုံးဖွဲ့ထားပုံကလည်း သူမရဲ့မျက်ခုံးမွေးဆွဲပုံ အတွန့်ချိုးနှင့် လိုက်ဖက်တင့်တယ်လှပါသည်။

ကိုကို့အမေဟာ ချောလည်းချော၊ ကျက်သရေလည်း ရှိ၊ ခမ်းလည်းခမ်းနားထည်ဝါလှတဲ့ အမျိုးသမီးတစ်ယောက်ပါလား။ နှုတ်ခမ်းလေးပင် မသိမသာ ပွင့်ဟမိကာ လည်ပင်းကိုလိမ်၍ တောက်လျှောက်လိုက်ကြည့်နေမိတဲ့ ကိုယ့်ကိုယ်ကိုယ် သူတို့စားပွဲ မှာ ထိုင်ချလိုက်မှပင် သတိပြုမိကာ နှုတ်ခမ်းလေးစေ့ပြီး ကိုယ့် ဣန္ဒြေကိုယ် ပြန်ဆည်လိုက်ရပါသည်။

"ကိုကို့အမေက ကျက်သရေရှိလိုက်တာ"

"ဟုတ်လား"

"ဟုတ်တယ်၊ မိန်းမတစ်ယောက်က ချောမောလှပဖို့မခက် ခဲဘူး၊ ကျက်သရေရှိဖို့ ခက်တယ်"





"အဟင်း ဟင်း ... မေမေက သူ့ကို ချောတယ် လှတယ် ပြောရင် မကြိုက်ဘူး"

"ဟင် ... ဘာလို့လဲ"

"လူကို ရှေ့ထားပြီး အဲသလိုပြောတာ မြှောက်ပင့်ပြော သလို အရာကျလို့ အကောင်းပြောတာပေမယ့် သူရှက် တယ် မကြိုက်ဘူးတဲ့"

ဘုရားရေ ... မပြောမိအောင် သတိထားရတော့မှာ ပေါ့။

"မေမေနဲ့ ကိုယ်က တူတယ်မဟုတ်လား"

"ဟုတ်တယ် ... ကိုကိုနဲ့ အရမ်းတူတာပဲ၊ ကိုကိုက အဖေ နဲ့မတူဘူး"

"ညီမလေးက ဖေဖေနဲ့တူတာ"

"ကိုကို့အဖေလည်း ချောတာပဲ၊ ထီးက မြှောက်ပြောနေသလို အရာကျတော့မှာပဲ၊ တကယ်ပြောတာ၊ ရုပ်ရည်တွေက သန့်စင်ဝင်းတောက်နေကြတာမျိုးလေ၊ ချောတာလှတာ လည်း ပါပေမယ့် ထူးခြားပေါ်လွင်တဲ့ ရုပ်ရည်ပိုင်ဆိုင်ကြ တယ်နော်၊ အမှန်တိုင်း ပြောရရင် ကိုကို့အဖေက မျက်ခုံး မျက်လုံးတွေ နှာတံတွေ ပိုလှတယ်၊ ဒါကြောင့် ညီမလေး လည်းချောတာ၊ ဟိုတစ်နေ့က ဂျန်ရှင်စကွဲမှာ ခပ်လှမ်းလှမ်း က တွေ့တုန်းကတောင် မိုဒယ်လ်မင်းသမီးတစ်ယောက်

www.burmeseclassic.com



ယောက် ထင်လိုက်တာ၊ ညီမလေးက ခေတ်လည်းနည်း နည်းဆန်တယ်၊ မိန်းကလေးဆိုတော့ ပြင်လည်းပြင်ဆင် တတ်တော့ အဖေနဲ့တူပြီး အဖေထက် အများကြီးပိုချော တယ်နော် ...

ကိုကို့အမေရုပ်ရည်ကတော့ ထူးခြားမှုကပိုတာ၊ ဝင်းပ ပြီး မာန်တစ်မျိုးနဲ့ အရမ်းကျက်သရေရှိတာပဲ၊ တစ်ခါမြင်ဖူး ပြီးရင် မမေ့တော့တဲ့ရုပ်မျိုး၊ မျက်စိထဲစွဲစေတဲ့ အသရေမျိုး"

"ဟား ဟား... ထီးကလေးက ပြောတတ်လိုက်တာ၊ ကဲ... ထ,လာ၊ ကိုယ်တို့ သွားနှုတ်ဆက်ကြရအောင်"

"ဟုတ်"

ထီးသည် ဖေ့နောက်ကကပ်၍ ပါလာကာ သူတို့ စားပွဲရှိရာ ခန်းမဒီဘက်တစ်ခြမ်းမှ ဖေ့မိဘများရှိရာ ခန်းမဟိုဘက် တစ်ခြမ်းကို ကော်ဇောနီလျှောက်လမ်းမှ ဖြတ်အကူးမှာတော့ ဖေက ထီးကိုလှည့်ကြည့်၍ ထီးရဲ့လက်ဖျားကလေးကို ဆုပ်တွဲ လိုက်ပါသည်။

ထီးသည် ဖေ့အပြုအမူကြောင့် အားရှိသွားရပါသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်နေတာလေ။ ယောက္ခမလောင်းနှင့် ပထမ ဆုံးအကြိမ် တွေ့ဆုံဖူးရမှာဖြစ်တဲ့အပြင် သူတို့ရဲ့အရှိန်အဝါက လည်း ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြမိရအောင် ထီးထံ စီးမိုး ရိုက်ခတ်နေပါသည်။





ဖေနှင့်ထီး ထိပ်ဆုံးစားပွဲနံဘေး၌ ရပ်လိုက်ကြပါ သည်။

"မေမေ ... ဖေဖေ"

နှစ်ယောက်လုံး ပြိုင်တူအမှတ်တမဲ့ မော့ကြည့်လိုက် ကြပြီးတဲ့နောက် ဦးမင်းဒင် မျက်ဝန်းများကတော့ ထီးကိုစိတ်ဝင် တစားကြည့်ပုံကလွဲ၍ မပြောင်းလဲလှသော်လည်း ဒေါ်ခင်မမထိပ် မျက်ဝန်းများကတော့ ဖျတ်ခနဲ ဖျတ်ခနဲ အရောင်မျိုးစုံ တစ်ဆင့် ချင်း ပြောင်းလဲသွားပါသည်။

ထီးသည် ခေါင်းလေးညွတ်၍ ပြုံးအပြဲ့ နှုတ်ခမ်း သားကလေးတွေပင် တဆတ်ဆတ် တုန်လေသည်။

"ဒါ ထီးဖြူခင်လေ မေမေ"

"သြော်"

ဒေါ်ခင်မမထိပ်ရဲ့ အကဲခတ်မျက်လုံးများက ထီး တစ်ကိုယ်လုံးကို ဖောက်ထွင်းထိုးခွဲ မွှေနှောက်နေသလောက် ရှူးရှူးရှရှ ရှိလှသည်။ ထီးက ခေါင်းညိတ်ပြကာ အပြုံးကလေးကို ဆွဲဆန့်ထားသည်။

"ထီး ... ဒါ ကိုယ့်ဖေဖေ ဦးမင်းဒင်တဲ့"

"ဟုတ်... တွေ့ရတာ ဝမ်း ... ဝမ်းသာပါတယ် အန်ကယ်လ်"

"အေး ... အေး ... ဝမ်းသာပါတယ်၊ သမီးတို့လည်း မင်္ဂလာဆောင်နဲ့ အသိမိတ်ဆွေတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်ကယ်လ်၊ သတို့သမီးက ထီးသူငယ်ချင်းပါရှင်"

"ဩော် ... အေး ... အေး"

"ထီး ... ဒါက ကိုယ့်မေမေ၊ ဒေါ်ခင်မမထိပ်"

"ဟုတ်ကဲ့ပါ အန်တီ၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

ဒေါ်ခင်မမထိပ်က နှုတ်ခမ်းတစ်ချက် တွန့်ခနဲဖြစ်သွားရုံ (ပြုံးသည်လို့ ထင်ယောင်ရိုးမှား ဖြစ်ရရုံ)တစ်ချက်ပြုံးလိုက်ပါသည်။ ခေါင်းတစ်ချက် အသာအယာ ညိတ်လိုက်ပါသည်။

"အေး ... အေး"ဆိုတဲ့ စကားသံမျိုးပင် အနည်းဆုံးထွက်မလာ၍ ထီးက တစ်မျိုးလေး ခံစားရပါသည်။ ဘယ်လိုကြည့်ကြည့် ဘယ်လိုတွေးတွေး ကိုကို့အမေဟာ ကိုကို့အမေလောက် ထီးအပေါ် ဟက်ပက်လှိုက်လှဲခြင်းမရှိဘဲ အေးတိအေးစက် ဖြစ်လှတာ အမှန်ပင်။

ထိုအေးတိအေးစက်မှုကို ထီးတစ်ယောက်တင်မက ကိုကိုပါ အပါအဝင် ဒီစားပွဲမှာရှိနေ ထိုင်နေတဲ့ အခြားလူအားလုံးပင် အသေအချာ ရိပ်မိခံစားနိုင်လောက်ပါသည်။ အတော်ကြီး မတုံးအ,လျှင် ဒေါ်ခင်မမထိပ် သိပ်မကြည်ဖြူ မကျေနပ်ဘူးလို့ တွေးနိုင်အောင် သိသာစေလွန်းလှတာပါ။

"သား ... ဇေ၊ မတွေ့တာတောင် ကြာပြီ"

ရှေ့နားက အမျိုးသမီးကြီးတစ်ယောက်က ဇေ့ကို လှမ်းနှုတ်ဆက်လိုက်သည်။





"ဟာ ... အန်တီမြတ်၊ ကျွန်တော် မတွေ့မိလိုက်ဘူး ခင်ဗျ၊ ဆောရီးပါခင်ဗျ"

ထီးရဲ့မျက်ဝန်းများက အန်တီမြတ်ဆိုသည့် အမျိုးသမီးကြီးထံသို့ ဖျတ်ခနဲ။ ရင်ထဲတွင် ဒိန်းခနဲ။ ကိုကို့အမေမျက်နှာထား မချိုတာက ခံသာသေးသည်။ အန်တီမြတ်ရဲ့ ကလိရှိသဲ့သော မျက်နှာထားက ထီးရဲ့စိတ်ကို ပိုပြီးစပ်ဖျဉ်းပူလောင်သွားစေပါသည်။

"ထီးဖြူခင် ... သမီးနဲ့လည်း မတွေ့တာကြာပြီပဲ၊ နေကောင်းတယ်နော်"

ထီးက ခြောက်ကပ်သော လည်ချောင်းမှ တိုးထွက်တဲ့ အသံမျိုးနှင့် ...

"ဟုတ်ကဲ့ပါ"

"ဩော် ... ထီးနဲ့လည်း အန်တီမြတ်နဲ့ သိတယ်လား"

ဇေက ထီးဘက်လှည့်၍ ခပ်ရိုးရိုးပင် စကားအရမေးလိုက်တာပင်။ ထီးထံမှ ရုတ်တရက် စကားပြန်ထွက်မလာ၍ ဒေါ်ခင်မမထိပ်က ထီးထံတစ်လှည့် ဒေါ်မြတ်သဇင်ထံတစ်လှည့် ကြည့်သည်။

ဒေါ်မြတ်သဇင်က နှာသံပါပါလေးနှင့် မကိုးမကားရယ်မောလိုက်ရင်း ...

"သိတယ်လေ သား၊ သိတယ်၊ ထီးဖြူခင်က ဘိုဘိုနဲ့ နှစ်နှစ် သုံးနှစ်တောင် တွဲခဲ့ကြဖူးသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့ မျက်ဝန်းများသည် ဒေါ်မြတ်သဇင်ထံ စုပြုံကျရောက်သွားပါသည်။ ဤကဲ့သို့သော မြင်ကွင်းအနေအထားမျိုး၊ ဖေနှင့် ထီး လက်ဖျားချင်းချိတ်တွဲထားသော အခြေအနေမျိုးမှာ ဒီလိုစကားမျိုး လူပုံအလယ် လူသိရှင်ကြားချမပြောလိုက်သင့်ဘူးဆိုတာ နားမလည်တဲ့ အရွယ်တစ်ယောက်မှမပါ။

ထီးရဲ့မျက်နှာက သွေးရောင်ဖြန်းခနဲ ရဲတောက်သွားပါသည်။ ဖေ့ကို အားနာသနားလိုက်မိကာ ဤမိန်းမကြီးရဲ့တမင်တကာ ရိုက်ချက်ကိုတော့ အံ့သြတုန်လှုပ်ရသည်။ ဘုရားဘုရား... ဒီမိန်းမကြီးကို ယောက္ခမတော်ခွင့် မရခဲ့တာ ကံကောင်းလိုက်တာ။

ထီးက နှုတ်ခမ်းတစ်ဖက်တွန့်၍ ပြုံးလိုက်ပါသည်။

"နှစ်နှစ် သုံးနှစ် မဟုတ်ပါဘူး အန်တီ၊ တစ်နှစ်နဲ့ ရှစ်လတည်းပါ"

စကားသံက မချိုသာ။ ဒေါ်မြတ်သဇင် မျက်နှာက တည်သွားကာ ဒေါ်ခင်မမထိပ်က ထီးဘက်သို့ ထပ်မံငဲ့မကြည့်တော့ပါ။

✧ ❦ ✧





## ၃

"ဒီကိစ္စက သားသိပြီးသားပဲလေ၊ ထီးက အဖြေမပေးခင်ကတည်းက သူ့ တက္ကသိုလ်တုန်းက ရည်းစားတစ်ယောက်ထားဖူးတယ်ဆိုတာ ပြောပြပြီးသားပါ၊ ဘယ်သူလဲ ဘယ်ကလဲဆိုတာ သားက မေးစရာလည်း အကြောင်းမရှိလို့ မမေးခဲ့လို့ အန်တီမြတ်ရဲ့သား ဆိုတာတော့ သိမထားခဲ့တာပဲရှိတယ်"

"ရှက်ဖို့ကောင်းတယ်"

ဒေါ်ခင်မမထိပ်ရဲ့အသံက ခပ်တင်းတင်း။

"မေမေ"

"လူပုံအလယ်မှာ ကိုယ့်သားရဲ့ချစ်သူက မြတ်သဇင်ရဲ့သားနဲ့ ချစ်ကြိုက်ခဲ့ဖူး ပြတ်ခဲ့ဖူးတာ တစ်ဝိုင်းလုံး လူဆယ်ယောက်လုံး သိသွားတာ၊ ရှက်ဖို့ကောင်းလိုက်တာ အရမ်းပဲ၊ သူ့သားရဲ့အကျနဲ့ ကြိုက်ရတဲ့ အနေအထား"



www.burmeseclassic.com

www.burmeseclassic.com



“မေမေကလည်းဗျာ၊ အဲလိုတော့ မပြောပါနဲ့”

ဦးမင်းခင်က ရီမုတ်ကို ကောက်ကိုင်ကာ တီဗီက အသံတွေကို တိုးလိုက်ရင်း ...

“အဲဒါတော့ မင်း မှားနေပြီ ခင်မရဲ့”

“ခင်မ ဘာမှားလို့လဲ ကိုမင်း”

“ရှက်စရာကောင်းတာ ကိုယ်တို့မဟုတ်ဘူး၊ အဲဒီမိန်းမကြီး ဒေါ်မြတ်သဇင်၊ သူ ရှက်ဖို့ကောင်းတာ”

ဖေဖေက မေမေ့ဘက် ဝမ်းသာအားတက်စွာ ငဲ့ကြည့်လိုက်ပါသည်။

“ဒီစကားမျိုးဟာ လူမှုရေးအရ လောကဝတ်အရ အကြောင်းရင်း မခိုင်လုံဘဲ ခုလိုချပြောလိုက်ရမယ့်စကား မဟုတ်ဘူးဆိုတာ ဒီမိန်းမကြီး အိုသေတော့မယ် သိရမှာပေါ့၊ ဒါကို မအောင့်နိုင်မအီးနိုင် သူ ဘာဖြစ်လို့ ပြောချလိုက်သလဲဆိုတော့ ရှင်းရှင်းလေးပဲ၊ အကြောင်းရင်းတစ်ခုပဲရှိတယ်၊ ဒီကလေးမကို သူ ဒေါက်ဖြုတ်တာပဲ”

“ဟုတ်တယ် မေမေ၊ သားလည်း အဲဒါတွေးမိတယ်၊ သက်သက်မဲ့ ဒေါက်ဖြုတ်တာ၊ ဒီမိန်းမကြီးကို သူ့ယောက်ျားနဲ့ စီးပွားရေးသဘော ဆက်ဆံခင်မင်နေလို့ သူ့ကိုပါတရင်းတနှီး ဆက်ဆံနေတာပါ၊ သူ တော်တော်စိတ်ပုပ်တာပဲ”





“စိတ်ပုပ်ပြီလားကွာ၊ ဝန်တိုမစ္ဆရိယ အင်မတန်များတဲ့ မိန်းမကြီး၊ သူ့ရဲ့ပေါင်းသင်းဆက်ဆံရေး ဆင်းရဲချို့တဲ့မှုကြောင့် သူ့ယောက်ျား ဦးဝင်းခန့် မကြာခဏ မျက်နှာပျက်ရတယ်၊ အရှက်ကွဲရတယ်၊ အခွင့်အလမ်းတွေ ဆုံးရှုံးရတယ်၊ လူတိုင်းက ဦးဝင်းခန့် တစ်မျက်နှာနဲ့ပဲ သူ့ကို ဆက်ဆံကြတာ၊ တကယ်က သူ့ကို အရမ်းစိတ်ပျက်ကြတယ်”

“ဒါက တစ်ကဏ္ဍပါ၊ ဒေါ်မြတ်သဇင် စိတ်ကောင်းပဲရှိရှိ စိတ်ပဲပုပ်ပုပ် ခင်မ စိတ်မဝင်စားပါဘူး၊ ခင်မ စိတ်ဝင်စားတာက လူလယ်ကောင်မှာ ကိုယ့်သားက သူ့သားရဲ့ရည်းစားအကျကို တွဲနေရသလို လူသိရှင်ကြားဖြစ်တာ သိပ်ရှက်တာပဲ၊ သိက္ခာကျတယ်၊ အရှက်ကွဲတယ်”

“မိန်းမရယ် ... အဲသလိုလည်း ဖြစ်စရာအကြောင်း မရှိပါဘူးကွာ၊ ဒီကလေးမ မင်းသားရဲ့အရင် ရည်းစားထားဖူးတယ် ပြတ်ဖူးတယ်၊ ဒါကို မင်းသားကို အဖြေမပေးခင်ကတည်းက ဖွင့်ပြောခဲ့တယ်၊ ဒါ သူ့ဘက်က တာလုံတယ်၊ သူ့ကိုအပြစ်တင်စရာ အကြောင်းမရှိပါဘူး၊ အရင်က ရည်းစားထားဖူးတယ်ဆိုတာ အပြစ်တစ်ခုမှ မဟုတ်ဘဲ”

“အို ... ကိုမင်းကလည်း”

ဒေါ်မမထိပ် အသံကလေးက ကတုန်ကယင် မခံချိမခံသာ ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သားလေးကို ဒီတစ်ယောက်ပဲ ချစ်ဖူးတဲ့ အဦးအညွန့် မိန်းကလေးမျိုးနဲ့ပဲ ရစေချင်တာ"

"ဟာကွာ ... ဇေလည်းပဲ ဒီကောင်မလေးရှေ့မှာ နှစ်ယောက် သုံးယောက် ရှိခဲ့တာပဲလေကွာ"

"ဒါက ယောကျ်ားလေးပဲ"

"မဆိုင်ပါဘူးကွာ၊ မင်းကလည်း"

"သူက ဇေ့ရည်းစားဦးမဟုတ်ဟုတ်ဟုတ် ဇေကတော့ သူ့ရည်းစားဦး ဖြစ်စေချင်တယ် အဲဒါပဲ"

"ဖြစ်စေချင်တာ ဟုတ်တယ်လေ၊ အခုဖြစ်မှ မဖြစ်တော့ဘဲ ကွာ၊ ဘယ်တတ်နိုင်ပါ့မလဲ"

"ဘဝင်ကိုမကျဘူး"

"ခင်မရယ် ... သူက ဇေ့ရည်းစားဦး မဟုတ်ရင်တော့ ရတယ်၊ ဇေကတော့ သူ့ရည်းစားဦး ဖြစ်ရမယ်ဆိုတာက အတ္တကြီးရာ ကျမနေဘူးလား မိန်းမရယ်"

"မိဘတွေဟာ ကိုယ့်သားသမီးနဲ့ ပတ်သက်ရင် အနည်းနဲ့ အများ အတ္တကြီးကြတာပါပဲ ကိုမင်း၊ မိခင်တွေက ပိုပြီး အတ္တကြီးတယ်ဆိုရင်လည်း ခင်မ လက်ခံပါတယ်၊ ဝန်ခံ တယ်၊ ကိုယ့်ဝမ်းနဲ့ လွယ်မွေးခဲ့ရတာလေ၊ အကောင်းဆုံးပဲ ဖြစ်စေ ရစေချင်တယ်"





"ဒါတော့ ဒါပေါ့ ခင်မရယ်၊ အတိုင်းအတာတစ်ခုပေါ့၊ တလောကလုံးမှာ ကိုယ့်သားသမီးပဲ ရှိတာမှမဟုတ်ဘဲလေ၊ ကိုယ့်သားသမီးဘက်ကချည်း ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီကောင်မလေး ဇေ့မတိုင်ခင်က လူတစ်ယောက် တွဲခဲ့ဖူး တာ၊ ဒါ သူ့ဘဝကံ အကြောင်းတရားပဲလေ ခင်မ၊ လှို့ဝှက် ထားတာလည်း မဟုတ်ဘူး ..."

ဒါကို မကြည်ဖြူ မရှုစိမ့်တဲ့ စိတ်သဘောကောင်း မထားနိုင်တဲ့ ဒေါ်မြတ်သဇင်လို မိန်းမတစ်ယောက်က လူပုံအလယ်ချပြောလိုက်တဲ့အတွက် မင်းအရှက်ကွဲစရာမရှိ ပါဘူး၊ ရှက်စရာ ဘာတစ်ခုမှ မင်းလုပ်မထားဘဲနဲ့ ဘာ အရှက်ကွဲစရာရှိလဲ ခင်မ ...

အကြောင်းရင်းက သူ့သားနဲ့တုန်းက သူ မတူမတန် ကဖျက်ယဖျက် လုပ်ခဲ့ပါလိမ့်မယ်၊ အဲဒီမိန်းကလေးက အခု သူ့ထက်သာတဲ့ယောက်ျားမလောင်း၊ သူ့သားထက်သာ တဲ့ ခင်ပွန်းလောင်းကိုရနေတော့ မစ္ဆရိယစိတ်တွေ မအောင့် နိုင် မအည်းနိုင်ဖြစ်ပြီး အဆင်ခြင်မဲ့ ပြောချလိုက်တာ ...

မင်းကသာ ရှက်နေတာ၊ ကျန်တဲ့တစ်ဝိုင်းလုံးက မင်းရှက်နေတဲ့ကိစ္စကို စဉ်းတောင်စဉ်းစားမှာ မဟုတ်ဘူး၊ ဒေါ်မြတ်သဇင်ရဲ့အဆင့်အတန်းမရှိမှု၊ စိတ်ထားနိမ့်ကျမှု ကိုပဲ စိတ်ပျက်လက်ပျက် ဖြစ်သွားကြမှာ၊ သူ့ကိုပဲအထင်



www.burmeseclassic.com

www.burmeseclassic.com



သေးသွားကြမှာ၊ အခု ဒီအဖြစ်အပျက်မှာ ဒေါ်မြတ်သဇင် အနုတ်လက္ခဏာတွေချည်း ရသွားပြီ၊ သူပဲရှုံးတယ်၊ သူပဲ အရှက်ကွဲတယ်၊ မင်း အဲဒါနားလည်စမ်းပါ ခင်မရာ”

ဒေါ်ခင်မမထိပ်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

ခင်ပွန်းသည်စကားတွေက မှန်တာတော့ မှန်ပါရဲ့။ ဒါပေမဲ့ သူမအတွေးထဲမှာတော့ ဒေါ်မြတ်သဇင်ကတောင် သဘောမတူ ပယ်ချခဲ့တဲ့ မိန်းကလေးကို သူ့သားက ကြိုက်လာပြီး သူက ဆီးကြိုလက်ခံ သဘောတူရမှာ အင်တင်တင်တော့ တွေးမိနေဆဲပါပင်။

“မြတ်သဇင်က သူ့သားနဲ့ ထီးဖြူခင်ကို ဘာဖြစ်လို့ သဘောမတူရတာတဲ့လဲ သား၊ ဘာပြစ်ချက်ကြောင့်လဲ”

“မေမေရယ် … ထီးက ဘာပြစ်ချက်မှရှိတဲ့ မိန်းကလေးမှ မဟုတ်တာ၊ သူသဘောမတူတာက ဂုဏ်ဒြပ်အဆင့်အတန်း ခွဲခြားပြီး မတူဘူး မတန်ဘူးဆိုတဲ့သဘောထားနဲ့ သဘောမတူတာပဲ ဖြစ်မှာပေါ့”

“မေမေက ငါ့သားကို စင်းလုံးချောနဲ့ ပေးစားချင်တာ ဇေ”

“ရည်းစားထားခဲ့ဖူးတာနဲ့ပဲ စင်းလုံးချော မဟုတ်ဘူးလို့ မေမေ သတ်မှတ်လို့ ဖြစ်ပါ့မလား မေမေ၊ အဲသလိုသာ





သတ်မှတ်ကြေးဆိုရင် နွေ့အလှည့်ကျ နွေ့ရာလာမယ့် သတို့သားလောင်းရဲ့သားရှင်တွေ ဘယ်လိုပြောမလဲ မေမေ စဉ်းစားကြည့်ပါဦး”

“ဇေ”

ဒေါ်ခင်မမထိပ်က ကျယ်လောင် ခက်ထန်စွာ တစ်ခွန်းအော်လိုက်ပါသည်။

“မင်း ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ့်ညီမကိုကိုယ်”

“သား ရိုးရိုးပြောတာပါ၊ နွေ့ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားနေတွဲနေတာ မေမေမပြောနဲ့ ဖေဖေတောင် သိနေတာပဲဟာ၊ စင်ကာပူပို့ထားတာ၊ ကျောင်းမတက် စာမလုပ် ရည်းစားထား ရှော့ပင်ထွက်တာပဲလုပ်နေလို့ မေမေပဲ အခု အနားပြန်ခေါ်ထားတာ မဟုတ်လား”

“တော်စမ်း ဇေ … မင်းရည်းစားကို အပြစ်တင်မိတာနဲ့ ကိုယ့်ညီမလေးကို ထိပါးပြောထွက်တာ မေမေ သိပ်အံ့ဩတာပဲ”

“ညီမလေးကို သား ဒီလောက်ချစ်တာ၊ ထိပါးပြောပါ့မလား၊ အဖြစ်အပျက် အမှန်တွေကို ရိုးရိုးပြောတာပါ၊ ညီမလေးဆို ဘယ်လိုပြောမလဲလို့ နှိုင်းယှဉ်ပြောပြတာပါ”

“မနှိုင်းယှဉ်နဲ့၊ မေမေ မကြိုက်ဘူး ဇေ၊ အထူးသဖြင့် မင်း ဒီမိန်းကလေးကို တကယ်ယူဖို့ စိတ်ကူးထားရင် အိမ်ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



လာမယ့် မိသားစုထဲရောက်လာမယ့် ထီးဖြူခင်နဲ့ မင်းညီမလေးကို နှိုင်းယှဉ်ပြောဆိုတဲ့ စကားမျိုး နောင်ကိုတစ်သက်လုံး ဘယ်တော့မှ တစ်ခွန်းမှ မပြောမိစေနဲ့၊ မဖြောင်လင့်တဲ့ပြဿနာတွေ ကြီးထွားသွားမယ်၊ မင်းနားလည်လား ဇေ”

ဇေက မျက်နှာမသာမယာ ဖြစ်သွားရင်း ခေါင်းတစ်ချက် ညိတ်လိုက်ပါသည်။ ထီးနှင့် လက်ထပ်ခွင့်ရဖို့ အထူးသဖြင့် မေမေ သဘောတူဖို့ သူတောင်းဆို ပူဆာအရေးဆိုရဦးမည့်အချိန်မှာ အခြားပြဿနာမျိုး အဝင်မခံနိုင်ပါ။

“ဟုတ်ကဲ့ပါ မေမေ”

ဦးမင်းဒင်က သားထံတစ်လှည့် ဇနီးထံတစ်လှည့်ကြည့်ရင်း မသိမသာလေး ခေါင်းတစ်ချက် ယမ်းလိုက်ပါသည်။ သိပ်တော့ မလွယ်ကူလှပါလား။ ဇနီးဖြစ်သူ ဒီလောက် မနှစ်မသက်ပြောဆိုနေပြီ ဆိုရင်တော့ သားမင်္ဂလာပွဲကိစ္စဟာ အောင်မြင်ဦးတော့ အဖုအထစ်ကလေးများတော့ ရှိပေလိမ့်တော့မည်။

ဒေါ်ခင်မမထိပ်ဟာ သားနှင့်သမီး နှစ်ယောက်မှာများရာစုသော မိခင်များထုံးစံအတိုင်း သားဖြစ်သူ ဇေ့ကို အချစ်ပိုလှတာ တစ်ခွန်းမှ ဖွင့်မပြောဘဲ သိသာလှပါသည်။ ခင်မလိုမအေမျိုးအဖို့ သူ အင်မတန် သဘောတူနှစ်သက် လိုလားသောမိန်းကလေးနှင့် ဖြစ်ပစေဦး သားကိုချစ်ဇောနှင့် သဝန်တိုပူလောင်





ခြင်းကိုတော့ ခံစားရဦးမှာ သေချာလေရာ သူ နှစ်နှစ်ကာကာမနှစ်သက်တာ ဆိုလို့ကတော့ မျက်နှာထားရော စကားရော မချိုသာတော့မှာ သေချာနေလေပြီ။

“တချို့အရာလေးတွေကျတော့ သိပ်အလေးအနက် မစဉ်းစားစမ်းပါနဲ့ကွာ၊ ခပ်ပေါ့ပေါ့ဖော့ပြီး မေ့ထားလိုက်ပါ၊ အလေးအနက်တွေးရမယ့်ကိစ္စကျတော့ အလေးအနက်တွေးပေါ့၊ အသေးစိတ် တစ်ခုချင်း သေးသေးကလေးတွေကိုပါ မင်း လေးလေးနက်နက် တနင့်တပိုး လိုက်လုပ်နေရင် မင်းပဲ စိတ်ပင်ပန်းရမှာ စိုးရိမ်တာပါ ခင်မရေ”

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



ဇေတို့ခြံနှင့် အိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှုက ချောက်ချားဖို့ပင် ကောင်းနေပါသည်။ ဤအရှိန်အဝါက ထီးကို အသက်ရှူကျပ်စေသည်။

ထီးတို့ရောက်တော့ ဧည့်ခန်းက တယ်လီဖုန်းနှင့် ဖုန်းပြောနေသော ဇေ့မေမေကို တန်း၍ရင်ဆိုင်ရသည်။ ဇေက ထိုင်ခိုင်း၍ ဖုန်းပြောနေသော ဇေ့အံမေကို ထီးက ခေါင်းလေး တစ်ချက် မသိမသာ ညွှတ်ပြီးမှ ဧည့်ခန်းဆက်တီတွေမှာ ဝင်ထိုင် လိုက်ပါသည်။ ဧည့်ခန်းက ကျယ်သလို ဆက်တီတွေကလည်း နှစ်စုံစာလောက်ပင်မကတဲ့အထဲက နှစ်ယောက်ထိုင်မှာ ထိုင်မိ၍ ဇေက အနားလာထိုင်လျှင် ယောက္ခမလောင်း မျက်စိနောက်မည် စိုး၍ ထီးက တစ်ယောက်ထိုင်ဆိုဖာတစ်ခုမှာပဲ ဝင်ထိုင်ပါသည်။

ထီးစိတ်ကျဉ်းကျပ်နေတာသိ၍ ဇေက တစ်ချက်ပြုံးပြ ဆဲပင် ဇေ့မေမေ ဖုန်းချလိုက်ရင်း ...

"ရောက်လာပြီလား"





စကားစပြောဖော်ရ၍ ထီးက ဝမ်းသာအားတက်သွား ရင်း ...

"ဟုတ်ကဲ့ပါ မေမေ"

"ဖေဖေ ... မေမေလို့ပဲ ခေါ်နော်"လို့ ကိုကိုက ကြိုတင်သင်ထားပါသည်။

"ဇေ ... ဖေဖေအပေါ်မှာရှိတယ် သွားခေါ်လိုက်"

"ရှေကြည်ရေ"

ဇေက ဟိုဟိုဒီဒီ တစ်ချက်နှစ်ချက်ကြည့်ကာ အိမ် က ကောင်မလေးတစ်ယောက်ကို တစ်ဆင့်ခေါ်ခိုင်းဖို့ လှမ်းခေါ် လိုက်ပါသည်။

"သူတို့ကို မခေါ်ခိုင်းနဲ့၊ သားကိုယ်တိုင် သွားခေါ်လိုက် လေ ဇေ"

"ဟုတ်ကဲ့"

ဇေက ထိုင်ရာကထ,ကာ အပေါ်ထပ်တက်သည့် လှေကားကျယ်ကြီးမှ တက်သွားပါသည်။

"သမီးကို အန်တီ တစ်ခုပြောချင်လို့"

"ဟုတ်ကဲ့ပါ အန် ... ဟို ... မေမေ"

"အဲဒါပါ၊ မေမေလို့ မခေါ်ပါနဲ့ဦး၊ စောပါသေးတယ်"

ထီရဲ့မျက်နှာလေး ဖွေးသွားရပါသည်။ ကိုယ်ခန္ဓာ လေးကလည်း ရှက်စိတ်နှင့် တောင့်တင်းသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အရင်လည်း ရည်ရွယ်ပြီးမှ မဖြစ်မြောက်ခဲ့တာ ရှိတာပဲ မဟုတ်လား၊ အခုလည်း ဖေနဲ့သမီးရဲ့ ချစ်သူသက်တမ်းက တစ်နှစ်သာသာလေး ရှိသေးတယ်လို့ ဖေ ပြောတယ်၊ ဘယ်လိုပဲ ရည်ရွယ်ထားထား ကုသိုလ်ကံအကျိုးပေးက ရှိသေးတယ်၊ ဖြစ်ချင်လည်းဖြစ်မယ် လွဲချင်လည်းလွဲမယ်”

“.........”

“အန်တီ ဒီလိုပြောလို့ သမီးကို မလိုလားလို့ လွဲစေချင်တယ်လို့ မတွေးနဲ့နော်၊ အခု အိမ်ကိုခေါ်လာဖို့ ဖေ ပြောတာကို လက်ခံလိုက်တာဟာ ယေဘုယျအားဖြင့် သမီးကိုလက်သင့်ခံတဲ့သဘောနဲ့ အိမ်ကကြိုဆိုတဲ့ အခြေအနေပါ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကံတရားက ရှိသေးတယ်။ ရည်မှန်းတိုင်းလည်း ဖြစ်ချင်မှဖြစ်တာ မဟုတ်လား။ ခုကတည်းက မေမေလို့ ခေါ်ထားရင် နောင် မတော်တဆ အရင်တစ်ခါလိုပဲ ဖေနဲ့သမီးဆက်ဆံရေး ပျက်ပြားခဲ့သည်ရှိသော် အခေါ်အဝေါ်တွေက အဖတ်တင်နေတာပေါ့ ...

ဖေနဲ့သမီး တကယ်လက်ထပ်ဖြစ်ပြီ လက်မှတ်ရေးထိုးပြီဆိုတဲ့ အချိန်မှာ ဖေဖေ မေမေ ခေါ်တာပေါ့၊ မဟုတ်ဘူးလား”

ထီးသည် ခန္ဓာကိုယ်အနှံ့ကို အပ်ဖျားလေးတွေနှင့် တစစ်စစ် အထိုးဆွခံနေရသလို ခံစားရကာ ထိုအပ်ပေါက်လေးများမှ အပူငွေ့များ တရှိန်ရှိန် တဖျဉ်းဖျဉ်း ထိုးထွက်နေသလို ပူပူ





ထူထူ ဖြစ်နေပါသည်။ တော်တော်လည်း ရှက်သွားမိကာ ဒီမျက်နှာကိုပင် ဒေါ်ခင်မမထိပ်ရှေ့ မပြချင်သလို ဖြုတ်ထုတ်လွှင့်ပစ်လိုက်ချင်စိတ် ပေါက်နေပါသည်။

သူပြောတာ အမှားတော့ မပါဘူးပေါ့။ သို့သော် ... လက်သင့်ခံဖို့ စဉ်းစားပြီးပြီ ဆိုမှတော့ ချွေးမလောင်း အနေအထိုင်မခက်အောင် မသက်မသာ မခံစားရအောင် ဘယ်လိုခေါ်ခေါ် မသိလိုက် မသိဘာသာလေးသာ အခေါ်ခံလိုက်ပါတော့လား။

အရင်က ပျက်ပြယ်ခဲ့ဖူးတဲ့ ဇာတ်လမ်းကလည်း ယောက္ခမလောင်းနဲ့ ချွေးမလောင်းအကြား ထည့်ပြောနေစရာမလိုအပ်ပါ။ အခုဟာကလည်း အရင်က ဇာတ်လမ်းမျိုးနဲ့ အဖြစ်အပျက် အနေအထား အပေါ့အတိမ် အလေးအနက် မတူပါ။ သို့သော် ဒါကို ရှည်ရှည်ဝေးဝေး ရှင်းပြဖို့လည်း ရှက်ပါသည်။

အင်းလေ ... ကုသိုလ်ကံပေါ့။ ဒီကိစ္စကို ချပြောထွက်တဲ့ ဒေါ်မြတ်သဇင်လို မိန်းမကြီးရဲ့သားနဲ့မှ သွားကြိုက်ခဲ့မိဖူးတာကိုး။ ကံပေါ့။ ခံပေါ့။ ထီးက စိတ်ကို ထိန်းချုပ်ချိုးနှိမ်လိုက်ရင်း ...

“ဟုတ်ကဲ့ပါ အန်တီ”

“အန်တီ ပြောတာကို သမီး နားလည်ရဲ့လား မသိဘူး”

“ဟုတ်ကဲ့ ... သဘောပေါက်ပါတယ် အန်တီ၊ အန်တီ ပြောတာလည်း မှန်ပါတယ်၊ ထီးကလည်း ကိုကိုက ဖေဖေ မေမေ ခေါ်ပေးပါလို့ တောင်းဆိုခဲ့လို့ ခေါ်တာပါ အန်တီ”

www.burmeseclassic.com



ဒေါ်ခင်မမထိပ်က ထီးဖြူခင်ကို ပြုံးပြုံးကလေး စိုက်ကြည့်နေပါသည်။ ချိုချိုသာသာ ယဥ်ယဥ်ကျေးကျေးနဲ့ပဲ မြုပ်ထားတဲ့ အဓိပ္ပာယ်လေးပေါ်အောင် ပြောတတ်သားပါလား။ ကိုကိုက တောင်းဆိုလို့ ခေါ်တာပါတဲ့။ "ကိုကိုက ခေါ်ခိုင်းလို့" တောင်မဟုတ်။ "တောင်းဆိုလို့"။ ကိုကိုကသာ မတောင်းဆိုရင် မခေါ်ပါဘူး၊ တောင်းဆိုလို့သာ လိုက်လျောပြီး ခေါ်ပေးခဲ့တာပါ ဆိုတဲ့ မပါဝင်တဲ့စကားလုံးများကိုပါ နားလည်စေသည်။

"အတော်ပဲ ... အတော်ပဲ၊ သားတို့ သမီးတို့ ရောက်လာကြတဲ့အချိန်နဲ့ ဖေဖေဗိုက်ဆာတဲ့အချိန် အံကိုက်ပဲ၊ လာကွာ ထမင်းဝိုင်းမှာ တစ်ခါတည်း ထိုင်ကြတာပေါ့၊ ထမင်းစားရင်း ပြောစရာရှိတာ ပြောကြတာပေါ့၊ လာလေ ... သမီးလည်းလာ၊ ဒီနေ့ ထမင်းဟင်းကတော့ ဇေက သမီးကိုခေါ်လာမယ်ဆိုတာနဲ့ သမီးအမေက ဘာချက် ဘာချက်ဆိုပြီး စီမံထားတာ၊ ဖေဖေတို့တော့ ဒညှိသည်နဲ့ တူတူရောပြီး ဖွယ်ဖွယ်ရာရာ ဘာတွေများ စားရမလဲ မသိဘူး"

ဒေါ်ခင်မမထိပ်က နေရာကထ,ရင်း ဦးမင်းဒင်ထံ မျက်စောင်းတစ်ချက် လှမ်း၍ချိတ်ကာ ...

"ခါတိုင်းက ဖွယ်ဖွယ်ရာရာ မစားရတာ ကျနေတာပဲ၊ ကိုမင်းကတော့လေ"





အားလုံး ထမင်းစားခန်းဘက် ဝင်လာကြပါသည်။ ထမင်းပွဲကို လိုလေသေးမရှိ ပြင်ဆင်နေကြသော ကောင်မလေးတွေ အလျှိုလျှို မီးဖိုဘက် ပြန်ဝင်သွားကြ၍ အခန်းကူးနားမှာ တစ်ယောက်သာ ရပ်ကျန်ခဲ့ပါသည်။

"သမီး ... စားနော်၊ အားမနာနဲ့၊ ကိုယ့်မိသားစုဝင်တွေနဲ့ ကိုယ့်အိမ်မှာစားသလိုပဲ သဘောထားစားပေါ့ ဟုတ်လား၊ ဇေ ထည့်ပေးပါ သမီးကို"

"ဟုတ် ဖေဖေ"

တကယ်တော့ ဒီစကားမျိုးတွေက အိမ်ရှင်မ မိခင်က ပြောဖို့ ပိုပြီးသင့်တင့်လျော်ကန်သည်ပင်။ ထီးက ဇေ့ဖေဖေ့ကို ကျေးဇူးတင်မိသည်။ ဇေ့ဖေဖေရဲ့ မျက်နှာဟာ ရှင်းလင်းကြည်လင်နေတာပဲ။ နောက်မှာ ဝှက်ကွယ်သော ဘာ့သဘောထား အရိပ်အယောင်မျှ မမြင်ရပါ။

"ဖေဖေတို့မိသားစုကတော့ အသားအကုန်စားတယ်၊ ဘာမှ မရှောင်ဘူးလေ၊ သမီးရော ရှောင်တဲ့အသား ရှိလား"

ဦးမင်းဒင်က အသံတိတ်နေတဲ့ ဇနီးသည်ကိုယ်စားပါ ထီးဖြူခင်ကို ဖော်ဖော်ရွေရွေ လောကဝတ်စကား ပြောပေးရပါသည်။

"မရှောင်ပါဘူး ... ဟို ... အန်ကယ်၊ အကုန်စားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကိုကိုငဲ့ကြည့်လိုက်တာ မြင်ပေမယ့် မမြင်ယောင်ပြုကာ ခေါင်းလေးငုံ့ထားလိုက်ပါသည်။ ဖေဖေမေမေခေါ်ဖို့ အရင်ကရော အခုအလာလမ်းမှာပါ သေချာမှာခဲ့ ပြောခဲ့လျက်နှင့် အန်ကယ်လ်လို့ပဲ ထည့်သုံးလိုက်တာကို ကိုကို သတိပြုမိပါလိမ့်မည်။ ထီးစိတ်ထဲမှာ အနည်းငယ် ဝမ်းနည်းသလို ဖြစ်လာသည်။

ယခင်က ရည်းစားထားခဲ့ဖူးတုန်းကလည်း ရည်းစားရဲ့အမေဖြစ်သူက မတူမတန် မခေါ်မပြော ပြုံးရယ်တောင် မပြနိုင်ခဲ့ပဲ သဘောမတူကြောင်းနှင့် ခပ်ကြမ်းကြမ်းဖျက်တာ ခံခဲ့ရပါသည်။ ခုတစ်ကြိမ်မှာတော့ လက်သင့်ခံမည့် အရိပ်အယောင်ပြပါလျက်နှင့် ကိုကို့အမေက ကြည်ကြည်ဖြူဖြူ မရှိလှတာကိုပါ တစ်ပါတည်းတွဲကာ သိစေပြန်သည်။

အဲသလိုချည်း ကြုံနေရအောင် ထီးဖြူခင်ဆိုသည့် မိန်းမသားက ဘယ်လောက်နိမ့်ပါး ညှိုးငယ်နေလို့လဲ။ အစုလိုက် အပြုံလိုက် မချမ်းသာ မကြွယ်ဝလှန်းပေမယ့် အလယ်လတ်တန်းရဲ့ အပေါ်ယံနားမှာ ပြည့်ပြည့်စုံစုံ ဖူဖူလုံလုံ ရှိသူပါ။ ပညာအရည်အချင်းအားဖြင့်လည်း မြန်မာနိုင်ငံမှာ အမှတ်အမြင့်ဆုံး လူတွေသာ ဝင်ခွင့်ရခဲ့သည့် နိုင်ငံခြားဘာသာတက္ကသိုလ်က အင်္ဂလိပ်စာအဓိကနှင့် ဘွဲ့ရခဲ့တဲ့အပြင် ငယ်ငယ်ရွယ်ရွယ်နှင့်ပဲ နိုင်ငံရပ်ခြားက (M.B.A)ဘွဲ့ကို ရအောင် ယူထားပြီးသူပါ။





ရုပ်ဆင်းအင်္ဂါအားဖြင့်လည်း ချောမောသန့်ပြန့် တင့်တယ်တဲ့ ရုပ်အဆင်းကို ပိုင်ဆိုင်ထားပြီး ကြုံတွေ့ဖူးသူတွေတိုင်းထံက "လှလိုက်တာ"၊ "ချစ်စရာကောင်းလိုက်တာ"ဆိုတဲ့ ချီးမွမ်းသံတို့ကိုသာ အမြဲလက်ခံခဲ့ရသူပါ။ မိဘတွေရဲ့နာမည်သတင်းဂုဏ်ဒြပ်တို့ကလည်း ကောင်းခြင်းနှင့်သာ ကျော်ကြားသင်းမွှေးတဲ့သူပါ။

မိမိ ကိုယ်ပိုင်အရည်အချင်းနဲ့လည်း နာမည်ကြီးကုမ္ပဏီတစ်ခုမှာ အသင့်အတင့် အဆင့်မြင့်သော ရာထူးလေးတစ်ခုနှင့် သာမန်သက်တူရွယ်တူ မိန်းမအများစု ရနိုင်ခဲတဲ့ လစာမျိုးစားရတဲ့အဆင့်မှာပါ။

ဘယ်တစ်ချက်ကများ သားရှင်တို့ မကြည်ဖြူချင်စရာ ညှိုးမှိန်သိမ်ငယ်ပါသနည်း။ တနုံ့နုံ့တွေးရင်း တရိရိ တဆစ်ဆစ် ရင်ထဲနာကျင်ခံပြင်းနေမိပါသည်။ သေချာတာတစ်ခုကတော့ ကိုယ်က နိမ့်ပါးလွန်းလို့ မဟုတ်သော်ငြားလည်း တစ်ဖက်က ကိုယ့်ထက် အဆတစ်ရာ သာလွန်မြင့်မားသူတွေနှင့်ချည်းသာ ထီးက (တကူးတက ရွေးချယ်တာမဟုတ်ဘဲ) အမှတ်မထင် ဆုံစည်းခဲ့မိလို့သာ။

မက်မက်မောမောနှင့် ဒီလိုလူစားမျိုးကိုသာ တခုတ်တရ ရှာဖွေရွေးချယ်တွဲဖက်မှုလည်း တကယ့်ကို မပြုခဲ့မိ။ ကံတရားသက်သက်ရယ်သာ။ မေမေပြောတဲ့ "ငါ့သမီးက ထွန်းပေါက်ကောင်းစားမယ့် အတိတ်နိမိတ်နဲ့သမီးကလေး"ဆိုတဲ့ စကားဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အိမ်ထောင်ဖက် မြင့်မြင့်မားမားတွေနှင့် တွေ့ကြုံရမည့်ကောင်းစားနည်းမျိုးတွေလား။

ကိုယ်တိုင်ကိုယ်ကျ ကိုယ့်အစွမ်းအစနှင့် ကောင်းစားလိုသော်လည်း သူဌေးသားကိုယူ၍ သူဌေးကို ယောက္ခမတော်၍ဖြင့်တော့ ကောင်းစားလိုသော ရည်ရွယ်ချက် မထားခဲ့မိတာ အမှန်ပင်တည်း။

"သမီးက အစားလည်းနည်း၊ စကားလည်း နည်းတာကိုး၊ ခင်မရေ ... ဟင်းထည့်ပေးပါဦး သမီးကို"

ဒေါ်ခင်မမထိပ်က ဦးမင်းဒင်ကို လိုတာထက်ပိုရန်ကောဆိုတဲ့ အရိပ်အငွေ့ပါသောအကြည့်နှင့် တစ်ချက်လှည့်ကြည့်ရင်း ...

"သူ့ဟာသူ လွတ်လွတ်လပ်လပ် စားပါစေ ကိုမင်းရယ်"

"အေး ... အေး ... ဟုတ်ပါတယ်၊ သမီး စိတ်ကိုလွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးထားပါ၊ ထည့်စား... ကိုယ့်မိသားစုပဲဟာ မရှက်နဲ့"

"ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ သမီး စားပါ့မယ်"

ထမင်းပွဲအစအဆုံး ဦးမင်းဒင် စကားသံကသာ အများဆုံးဖြစ်လျက် ထီးအသံကတော့ ဦးမင်းဒင်ထံ မေးတစ်ခွန်း ဖြေတစ်ခွန်း။ ဒေါ်ခင်မမထိပ်ထံကလည်း တစ်ခွန်း နှစ်ခွန်းမျှ အသံကြားပါးလုကာ ဇေကတော့ အေးစက်မှုတစ်ခုကို ခံစားနေရလျက် ဘဝင်မကျသလိုဖြစ်ကာ ဘာသံမှကို မထွက်သလောက်ပင်။





ထမင်းစားပွဲမှာပင် အချိုပွဲသစ်သီးများ ထိုင်စားနေဖြစ်သေးလျက် ထီးသည် ဦးမင်းဒင်က မေးနေသော နွေးနွေးထွေးထွေး ကိုယ်ရေးကိုယ်တာ မေးခွန်းများကို ဖြေနေရပါသည်။ ဤသို့မေးခြင်းဟာ ထီးတို့မိသားစုဘက်ခြမ်းကို စိတ်ဝင်တစားပြုရာကျ၍ ဖြေရတာကို ထီးကကြိုက်ပါသည်။

ဒေါ်ခင်မမထိပ်က ဘာတစ်ခွန်းမှ မမေးပါ။ စိတ်ပဲမဝင်စားတဲ့သဘောလား၊ ခင်ပွန်းသည်က မေးမြန်းနေသည်မို့ သူမေးဖို့ မလိုအပ်လို့ပဲလားတော့ ကာယကံရှင်သာ သိပါလိမ့်မည်။ ထမင်းပွဲပြီးလို့ တစ်နာရီနီးပါး ရှိလျှင်တော့ ဦးမင်းဒင်ထံ၌လည်း မေးစရာ မြန်းစရာ ပြောဆိုစရာ စကားကုန်လာသလို စကားသံက ကျဲလာသည်။

မေမေ မနွေးထွေးတာ မဖော်ရွေတာကို ဇေ ရိပ်မိနေကာ ဒါကို ထက်မြက်သော ထီးလည်းပဲ ရိပ်မိမယ်ဆိုတာ ဇေ သိသည်။ အချိန်တွေကြာလာလေ မေမေ စကားနည်းတာက ပိုပိုသိသာလေဖြစ်ကာ တစ်မိနစ်ထက်တစ်မိနစ် ရုပ်ဆိုးဖို့ပဲရှိတယ်လို့ ဇေ ထင်သည်။ ထီးကိုလည်း အားနာကရုဏာသက်လာပါသည်။

"ထီး ... ကိုယ်တို့ သွားကြမလား၊ ထီးမေမေက မှာလိုက်တဲ့ဆေးလည်း ဝင်ဝယ်ရအောင်"

"ဟုတ်ကဲ့ ကိုကို၊ ပြန်မယ်လေ"

ဦးမင်းဒင်လည်း စိတ်ပေါ့ပါးသွားပုံဖြင့် စားပွဲကို လက်နှင့်ပုတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ သမီး နောက်လည်း လာလည်ဝင်ထွက်နော်၊ နောက်အခေါက်တွေကျ နွေနဲ့လည်း တွေ့ရအောင်၊ နွေက စနေတနင်္ဂနွေဆို လျှောက်လည်ဈေးဝယ်နေတာ"

"ဟုတ်ကဲ့ပါ အန်ကယ်လ်၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ထီးကို နွေးနွေးထွေးထွေး လက်ခံကြိုဆိုပေးတဲ့အတွက် ဝမ်းသာပါတယ်ရှင့်၊ အန်တီ ... ထီးပြန်လိုက်ပါဦးမယ်၊ ထမင်းပွဲအတွက် ကျေးဇူးတင်ပါတယ်၊ အန်ကယ်လ်ရော အန်တီပါ ထီးကိုခွင့်ပြုပါဦး"

"အေး ... ကောင်းပါပြီကွယ်"

ဒီနောက်ဆုံး တစ်ခွန်းကိုတော့ ဒေါ်ခင်မမထိပ်က အပြုံးနှင့်ပဲ တုံ့ပြန်ပါသည်။

အပြန်ကားပေါ်မှာ တစ်ခဏ တိတ်နေပြီးမှ ဖေက ထီးကို ငဲ့ကြည့်ကာ ...

"ထီး တစ်ခုခု ဖြစ်နေလား၊ ဖေဖေ မေမေလို့ရော ဘာလို့ မခေါ်တာလဲဟင်"

ထီးက ကိုကို့ကို ပြုံးငဲ့ကြည့်သော မျက်ဝန်းထဲ မျက်ရည်လည်မလာမိအောင် ထိန်းရသည်။

"ထီး ဘာမှမဖြစ်ပါဘူး ကိုကို၊ ဖေဖေ မေမေ မခေါ်တာကတော့ အန်တီက ခေါ်ဖို့စောသေးတယ် ဆိုလို့ပါ"

✧ ❦ ✧





## ၄

"သမီးရယ်... သူတို့က တတ်လည်းတတ်နိုင်တယ်၊ အစစ အရာရာလည်း သူတို့ချည်းပဲ အကုန်အကျခံ လုပ်ပေးတယ်၊ အဲဒါ သမီးလေး ကံကောင်းတာပေါ့၊ ဘာပဲဖြစ်ဖြစ် သူတို့ဆန္ဒ သူတို့စီစဉ်တာကို လိုက်လျောလိုက်ပါ၊ ဘာဖြစ်ချင်တယ်၊ ညာဖြစ်ချင်တယ်ဆိုတာ မေမေ့မှာလည်း ထူးထူးထွေထွေ ဆန္ဒမရှိပါဘူးကွယ်၊ သူတို့စီစဉ်လုပ်ကိုင်နေသမျှကလည်း မေမေတို့ကိုယ်တိုင် လုပ်ရကိုင်ရမယ် ဆိုရင်တောင် ငွေရေးကြေးရေးအရ ချင့်ချိန်စဉ်းစားနေရဦးမယ့် ဟာမျိုးတွေကို အနှမြောအတွန့်တိုမရှိ အကောင်းဆုံး လုပ်ပေးနေတာပဲဟာ၊ အသာတကြည် လက်သင့်ခံလိုက်ပါ"

ထီးသည် ဖေဖေတို့ မေမေတို့ရဲ့ မိမိကိုယ်မိမိနိမ့်ချသော မာန်စွယ်မရှိသော သည်းညည်းခံတတ်သော စရိုက်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အံ့လည်းသြ လေးလည်းလေးစားမိတဲ့ကြားက မတင်မကျ ဖြစ်ရပါသည်။

မေမေတို့ ဘာကြောင့် သဘောသိပ်ကောင်းကြပါလိမ့်။ တစ်ဖက်သားအတွက်ပဲ ပိုဖြည့်တွေးပေးတတ်ကြပါလိမ့်။ ထီးတစ်သက် မြင်ဖူးသမျှလူတွေထဲမှာ ကိုယ့်မိဘတွေလောက် စိတ်သဘောထား သိမ်မွေ့ပြည့်ဝတာ မမြင်ဘူးချေ။ ထီးကိုလည်း ငယ်ကတည်းက စိတ်သဘောပြည့်ဝအောင် ဆုံးမပုံသွင်းခဲ့ကာ ထီးကိုယ်တိုင်လည်း အဲဒီအတိုင်း လိုက်နာနေထိုင် ဂုဏ်ယူခဲ့သော်လည်း တစ်ခါတစ်ခါတော့ ကောင်းတိုင်းလည်း မကောင်းဘူးလို့ ကိုးလိုးကန့်လန့် ဆန့်ကျင်တွေးမိပေသေးသည်။

အစွယ် အဆိပ် မရှိမှန်းသိရင် လူဆိုတာ သိပ်အလေးမထားချင် ထည့်မတွက်ချင် မကြောက်ချင်ဘူးလို့ တစ်ခါတစ်ရံ ထင်မိသည်။ ကိုယ့်ဘက်က ကျေကျေအေးအေး သဘောကောင်းပေးလိုက်တာကို တစ်ဖက်က ကောင်းကောင်းနားလည်သဘောပေါက်တတ်ကြရဲ့လားလို့ တွေးမိသည်။

ဘာလုပ်လုပ်၊ လုပ်ချင်တိုင်း လုပ်လို့ရတဲ့သူလို့ သတ်မှတ်ခံရတာ ကောင်းပါရဲ့လား မသိပါ။ ထီးကတော့ ဝန်ခံရလျှင် ဖေဖေနဲ့မေမေလောက် မနိမ့်ချနိုင်ပါ။ ကိုယ့်ကိုယ်ကိုယ် မနှိမ်ချနိုင်ခြင်းဟာ စိတ်ကောင်းမရှိတာလို့လည်း ထီးကမယူဆပါ။





ရေပြည့်သောအိုးက ဘောင်ဘင်မခတ်ဘူးတဲ့။ အနှစ်အဆန်ပြည့်သောစပါးနှံက ဦးငိုက်ကွေးညွတ်နေပါသတဲ့။ ကိုယ့်ဆန္ဒကို အောင့်အည်းမျိုသိပ်ပြီး တစ်ဖက်ဆန္ဒကိုချည်း လိုက်လျောနေမှပဲ ရေပြည့်သောအိုး ဖြစ်မှာလား၊ အနှစ်ပြည့်သောစပါးနှံ ဖြစ်မှာလား။

အစစအရာရာ သူတို့ချည်း အကုန်အကျခံကာ အကောင်းဆုံးဆိုတာကိုချည်း အနှမြောမရှိ ရွေးချယ်တာကတော့ လက်ဖျားခါလောက်ပါသည်။ အဲ့သလို လုပ်နိုင်ဖို့လည်း သူတို့မှာ ကြွယ်ဝပြည့်စုံတာကိုး။ ကြိုးစားပမ်းစား ခမ်းနားအောင် လုပ်ပေးရတာမှ မဟုတ်ဘဲ။ သူတို့ ဆေးစစ် ဈေးဝယ်ထွက် တစ်ကြိမ်လုပ်ရင်တောင် ဒီလောက်ငွေကြေးပမာဏတော့ ဖြုန်းနိုင်သုံးနိုင်တာကိုး။

ကိုယ့်အတွက်က ကိုယ့်ကိုရှိုးမြှင့် ကုန်ကျခံတယ် ပြောရအောင် သူတို့အဖို့က အပန်းမကြီးသော အပရိက ကိစ္စကလေးမျှသာဖြစ်တာလေ။ ကျေးဇူးတင်တာက တင်တာတစ်ပိုင်း၊ ကသိကအောက် ဖြစ်စရာတွေက ဖြစ်စရာတစ်ပိုင်း။

ပွဲလေးပွဲအတွက် ရက်တွေ အချိန်တွေ ရွေးတော့လည်း အလုပ်များလွန်းတဲ့ ကိုကို့ဖေဖေ အားရက်ကိုပဲ မှတည်ရွေးရသည်။ အဲဒီရက်တွေထဲကမှ နေ့ကောင်းရက်သာ ပြန်ရွေးတော့လည်း ဒေါ်ခင်မမထိပ်ရဲ့ ဗေဒင်ဆရာနှင့်သာ ရွေးရသည်။ ဟိုတယ်တွေကိုလည်း သူတို့ပဲရွေးသည်။ မှာကြားတဲ့ အစား



www.burmeseclassic.com

www.burmeseclassic.com



အယောက်ကိုလည်း သူတို့ပဲ ရွေးချယ်သည်။ မင်္ဂလာဖိတ်စာကို လည်း သူတို့သာ စိတ်ကြိုက်ရွေးကာ နိုင်ငံခြားအထိမှာလျှော် ထီးတို့မိသားစုထံတော့ နမူနာသာ ရောက်လာသည်။

အင်မတန်လှ၍ အင်မတန်ကြိုက်တာ မှန်ပေမယ့် ဘဝင်ကတော့ မကျတော့ပါ။ ဖိတ်စာကို မှာပြီးမှသိခွင့် မြင်ခွင့် ရတဲ့နေ့က ကိုကိုနှင့် ထီး စကားပြော အဆင်မပြေဖြစ်ရသည်။ ထီးဘက်ကသာ မခံချိမခံသာနှင့် အဆင်မပြေဖြစ်နေတာဖြစ်ပြီး ကိုကိုကတော့ တောင်းပန်ဖော်ရလို့ တော်ပေသေးသည်။ ထီးဘယ် လိုပဲ မကျေနပ်နပ် မေမေက စိတ်လျှော့ဖို့ချည်းသာ နားချဆုံးမ သည်။

"သမီးရယ် ... ဖိတ်စာကလည်း လှလိုက်တာ ကြွရွနေတာ ပဲ၊ မေမေဖြင့် ဒီလို ဇာပေါက်လေးတွေ ဇာအစစ်လေးတွေ နဲ့ ဖိတ်စာမျိုး မြင်တောင်မမြင်ဖူးဘူး။ သမီးကြိုက်တာရွေး ဆိုရင်တောင် ဒီလို တစ်စောင်ကို ခုနစ်ထောင်ကျော်လောက် ကျတဲ့ဖိတ်စာမျိုး သမီး ဘယ်ရွေးဖြစ်ပါ့မလဲ၊ သူတို့ငွေ ရှင်းရမှာကို အားနာငဲ့ညှာနေရဦးမယ်လေ၊ သူတို့ဘာသာ ရွေးလိုက်လို့ ဒီလောက်ကောင်းတာ တန်ဖိုးကြီးတာကို ရွေးဖြစ်တာလေ၊ မကောင်းဘူး အပေါစားဆိုရင်လည်း တစ်မျိုးပေါ့၊ အခုက ဒီလောက်လှပြီး အဖိုးတန်တာပဲ ကွယ်"





"လှပါတယ် မေမေ၊ တန်ဖိုးလည်း ကြီးပါတယ်၊ ဒါပေမဲ့ ထီးက သတို့သမီးလေ၊ ဒီမင်္ဂလာကိစ္စမှာ သတို့သမီးစိတ် တိုင်းကျ တစ်ခုမှ လုပ်ခွင့်မရတာ ရွေးချယ်ခွင့်မရတာ သဘာဝကျရဲ့လား၊ တရားရော တရားလား မေမေရယ်"

"သဘာဝသိပ်မကျပေမယ့် တရားပါတယ်ကွယ်၊ သတို့သမီး မို့ ကိုယ့်စိတ်ကြိုက် ဖြစ်ရမယ်ဆိုတာ ပညတ်သဘောပါပဲ၊ ဥပဒေလည်း မရှိပါဘူး၊ သူတို့ငွေချေရမှာကို သူတို့စိတ် ကြိုက် ရွေးချယ်တာ တရားပါတယ်"

"မေမေကလည်းနော်၊ သိပ်စိတ်ကောင်းရှိနိုင်လွန်းအားကြီး ပါတယ်"

"စိတ်ကောင်းရှိတာလည်း မဟုတ်ပါဘူး၊ မေမေ အထူး တလည်ကြိုးစားပမ်းစား စိတ်ကောင်းထား ဖြေသိမ့်လိုက် ရတာမှ မဟုတ်တာ၊ အေးအေးချမ်းချမ်းပဲ သဘောတူ ကျေနပ်တာပါ၊ တကယ်ကျေနပ်တာ၊ သူတို့ကိုလည်း ကျေးဇူးတင်နေတာ၊ ငါ့သမီးလေးကို တန်ဖိုးထား အကုန်ခံ ချီးမြှင့်လို့လေ"

"အစစအရာရာကို ငွေကြေးနဲ့ပဲ တန်ဖိုးထားလို့ မရဘူး မဟုတ်လား မေမေ၊ လူတစ်ယောက်အဖြစ် လေးစားတန်ဖိုး ထားမှုလည်း လိုအပ်သေးတာပေါ့၊ ဖြစ်ချင်တဲ့ဆန္ဒဆိုတာ သူတို့ပဲရှိတာလား၊ ထီးမှာလည်း ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်လျှော့စမ်းပါ သမီးရယ်၊ ပျော်နေရမှာကို သမီးက စိတ်ညစ်နေတယ်"

"ဘာမှပျော်နေစရာ မတွေ့ဘူး မေမေ၊ စိတ်အနှောင့်အယှက် ဖြစ်စရာချည်းပဲ"

"ငါ့သမီးလေးက ငယ်သေးတော့ မာန်လေးဝင်တာပေါ့ကွယ်"

"ဒါ ဘာမာန်မှလဲ မဟုတ်ရပါဘူး မေမေရယ်၊ ကိုယ့်ကိုယ်ကိုယ် သတို့သမီးမှ ဟုတ်ရဲ့လားလို့တောင် ပြန်တွေးနေမိတယ်"

"သမီး ဒီလောက် ကံကောင်းတာ"

"ကံကောင်းတာ ... ! "

"ဒါပေါ့ သမီးရယ်၊ တခြားမိန်းကလေးတွေ ဒီအခွင့်အရေးမျိုးတွေ ရချင်လွန်းလို့မှ၊ သမီးသာ မွေးကတည်းက အတိတ်နိမိတ်အတိုင်း ထီးဖြူဆောင်းရတဲ့ အနေအထားမျိုးကောင်းစားတာလေ၊ ဒီလောက် လိုလေသေးမရှိ ပြည့်စုံချမ်းသာတဲ့မိသားစုရဲ့ချွေးမ ဇနီး ဖြစ်ရပြီး မင်္ဂလာပွဲကို သူများတကာ အိမ်တွေ ကားတွေ ဝယ်ခြမ်းနိုင်တဲ့ ပမာဏမျိုး အကုန်အကျခံ သုံးစွဲချီးမြှင့်ပေးတဲ့ အခွင့်အရေးမျိုးမိန်းကလေးတိုင်း ပိုင်ရလို့လား"

"မေမေရယ်"





သူတို့မိသားစုထဲ ရောက်ရတာဟာ တကယ်ပဲ ထီးဖြူဆောင်းဝင်ရတာမျိုးလား၊ ထီးမည်းဆောင်းရတာမျိုးလား မတွေးတတ်နိုင်တော့ပါ။ ထီးရဲ့စိတ်တွေကတော့ တစ်နေ့ထက်တစ်နေ့ မည်းလာ မှိုင်းလာ ညစ်နွမ်းလာပါသည်။

ထီးရင်ထဲရှိတဲ့အတိုင်း ပြောရလျှင် လူတကာက ယုံပါ့မလားတော့ မသိ။ ထီးလည်းပဲ ဘဝမှာ ပြည့်ပြည့်စုံစုံလေးတော့ ရပ်တည်နေထိုင်ချင်သူပါ။ ဒါပေမဲ့ ထီးအတွက်က အဲသလောက်ကြီး ပြည့်စုံကြွယ်ဝဖို့လည်း မလိုပါ။ တကယ့်ကို မလိုပါ။ ဘယ်လောက်ချမ်းသာချမ်းသာ ကိုယ်လိုချင်တာ ကိုယ်သုံးချင်တာ အကြောင်းအရာ ရှိဦးမှလေ။ အဲဒီငွေကြေးတွေကို သုံးဖို့စွဲဖို့ ကိုယ်လုပ်ချင်တဲ့ အကြောင်းအရာလည်း မရှိပါဘဲနဲ့ အဲဒီပစ္စည်းဥစ္စာ ငွေကြေး ပိုင်ဆိုင်မှုတွေကို ဘာလုပ်ရမှာလဲ။

"သမီးကို သူတို့လုပ်ပေးတာထဲမှာ မကောင်းတာ ဘာပါလဲ၊ အားလုံးစေတနာအပြည့်နဲ့ချည်းပဲ"

စေတနာနဲ့လား။ သူတို့ ဂုဏ်ဒြပ်နဲ့ လိုက်ဖက်ညီဖို့လား ဆိုတာတော့ သူတို့ ပိုသိပါလိမ့်မည်။ အကောင်းဆုံးတွေတိုင်းဟာ လူရဲ့ခံစားမှုရသကို အပျော်ရွှင်ဆုံး မဖြစ်စေနိုင်တာတော့ ထီး ကိုယ်တွေ့ခံစားသိသည်။

မိတ်ကပ်ဆံပင်ပညာရှင် သူတို့စိတ်ကြိုက်။ မင်္ဂလာဝတ်စုံအရောင် သူတို့စိတ်ကြိုက်။ မင်္ဂလာပွဲရဲ့မှခ်ဦး၊ လျှောက်လမ်း၊ မင်္ဂလာစင်မြင့် ပန်းအလှအဆင်အယင် သူတို့စိတ်ကြိုက်။



www.burmeseclassic.com

www.burmeseclassic.com



ထီးက မခံချိမခံသာ ဖြစ်လွန်း၍ အရဲစွန့်ကာ အထွန့်တက်ပါသေးသည်။

"အန်တီ ... မိတ်ကပ်ကို ထီးက '......'နဲ့ လုပ်မလားလို့ပါ၊ သူ ပြင်တာက ပိုပြီးနယ်ချရယ်လ် ဖြစ်သလားလို့ပါ"

"ဩော် ... ထီးပြောတဲ့တစ်ယောက် အန်တီ သိပါတယ်၊ သူလည်းမဆိုးပါဘူး ကောင်းသားပဲ၊ ဒါပေမဲ့ သမီးရဲ့ မိတ်ကပ်ဆံထုံးက မိတ်ဆွေတစ်ယောက်က စပွန်ဆာပေး လက်ဖွဲ့တာလေ၊ သူက ငွေချေထားပြီးနေပြီ"

ထီး ဘာပြောရပါမည်နည်း။

"ဝတ်စုံကလည်း ဒီတိုင်းပဲ၊ တစ်ယောက်က လက်ဖွဲ့တာ၊ စီးပွားရေးပါတနာတွေဆိုတော့ ဟိုလူကဟိုဟာလက်ဖွဲ့မယ်၊ ဒီလူက ဒီဟာလက်ဖွဲ့မယ်နဲ့ အလုအယက် လက်ဖွဲ့ကြတာလေ၊ တစ်စုံကိုဆို '......'အချုပ်ရည်က ဦးကြဲတိုင်းအောင်တို့ ဇနီးမောင်နှံက လက်ဖွဲ့တာလေ၊ ဒီဝတ်စုံက ဘယ်သတို့သမီး ဘယ်မင်းသမီးမှ မဝတ်ရသေးတဲ့ ဒီဇိုင်းနော်၊ သီးသန့်ဒီဇိုင်းထုတ် အပ်ပေးတာ၊ ပြီးတော့ ပြီးရင် အပိုင်ရမှာ အပိုင်အပ်ပေးတာ၊ သတို့သား သတို့သမီးရော အရန်တွေရော ဗန်းကိုင်တွေရော အားလုံးစာ လက်ဖွဲ့တာ၊ အရန်တွေ ဗန်းကိုင်တွေကိုပါ အပိုင်အပ်ပေးထားတာလေ၊ သတို့သား သတို့သမီး မိဘတွေအတွက် ပိုးချိတ်တွေ





အင်္ကျီစတွေ ပဝါ ခေါင်းပေါင်း အစအဆုံးကကျတော့ ပိုးထည်တိုက်တစ်ခုက လက်ဖွဲ့တာ"

"ဟိုလေ ... ဒါဖြင့် အန်တီရယ်၊ သူတို့လက်ဖွဲ့ပေမယ့် ထီးက အရောင်တော့ ရွေးလို့ရတယ် မဟုတ်ဘူးလားဟင်၊ အခု အန်တီပြောတဲ့ ရွှေရောင်ဆိုတာက ထီးမကြိုက်တဲ့ အရောင်၊ ပြီးတော့ ထီးမေမေက အသားညိုတော့ ရွှေရောင်နဲ့ မလိုက်ဘူးလေ"

"အဲဒီအရောင်တစ်ခုကတော့ သမီး သည်းခံလိုက်တော့ ထီး၊ အန်တီ ဗေဒင်ကို သေချာမေးကြည့်ပြီးထားပြီ၊ သမီးနဲ့ ဇေနဲ့က တကယ်ဆို မွှာသောက အင်းဝရာဇာဆိုတဲ့ အထဲ ပါတယ်လေ၊ သမီးက နာမည်ကို နေ့သင့်နံသင့် မမှည့်လို့သာ ဗုဒ္ဓဟူးသမီး မဟုတ်လား၊ ဇေက အင်္ဂါသား ... သမီးနဲ့ ဇေက နေ့နာမ်လည်းမကိုက်၊ မိတ်ဖက်လည်းမဟုတ်၊ ဓာတ်လည်းမတည့်၊ ဘယ်နည်းနဲ့တွက်တွက် ရန်ရှိတဲ့ အိမ်ထောင်ဖက်ပေါ့၊ အမိကတော့ ဇေ့အတွက် အခိုက်ရှိတယ် သမီးရယ်၊ ဘယ်လိုပဲ အခိုက်အညှော့ရှိရှိ သမီးတို့ချင်းက တားလို့လည်းမရ၊ ယူကိုယူကြမှာဖြစ်တဲ့ အတူတူတော့ ယတြာကိုပဲ နင်းဖိခြေရတော့မှာလေ ...

မင်္ဂလာအခမ်းအနားမှာ ရွှေရောင်ဆင်မြန်းရမယ်၊ ရွှေရောင်သုံးရမယ်ဆိုတာလည်း '......'ဆရာတော်ကြီးရော၊



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်က ဆရာမ '......'ရော ပြောတာ တစ်ထပ်တည်း ဖြစ်နေတော့ အန်တီက ရွှေရောင်ပဲ မဖြစ်မနေ ရွေးလိုက်ရတော့တာ၊ ဒါတစ်ခုကိုတော့ သမီး ဘယ်နည်းနဲ့ဖြစ်ဖြစ် နားလည်မှုလေးနဲ့ သည်းခံလိုက်တော့ ထီးရေ"

ထီး ဘာပြောရမည်နည်း။

ဘာတစ်ခွန်းမှကို မပြောနိုင်ပါ။ နေ့နာမ်မကိုက်၊ မိတ်ဖက်မဟုတ်၊ ဓာတ်မတည့် ရန်ဖက်ဖြစ်တဲ့အပြင် အခိုက်က ဖွေအပေါ်ရှိတယ် ဆိုမှတော့ ထီး ဘာကြောင်းပြချက်နှင့် ငြင်းရတော့မည်နည်း။

"အဲဒါကြောင့် အန်တီက ချိတ်နဲ့တောင်ရှည်လက်ဖွဲ့မယ့် ပိုးထည်တိုက်ကို နဂိုကတည်းက ရွှေရောင်လို့ပဲ မှာလိုက်တာ၊ သီးသန့် တစ်ဆင်တည်း တစ်ထည်တည်း ရက်ယူတာလေ၊ သမီးရဲ့ပိုးချိတ်တစ်ထည်တည်း သိန်းသုံးဆယ် ကျတယ်တဲ့၊ အခု ဒီဖိုင်းနာဆီ ရောက်သွားပြီလေ၊ သူ စိန်တွေ ကျောက်တွေ ထိုးနေပြီ၊ လှတယ် ... အရမ်းလှတယ်၊ သမီးကြိုက်မှာ ... ကြိုက်မှာ"

အဲသလိုနှင့် အစစအရာရာ အသေးစိတ်တိုင်းကို နှုတ်ဆိတ်လိုက်ရတာချည်းပဲ ဖြစ်တော့သည်။ အကောင်းဆုံးတွေ ဝန်းရံဖန်တီးထားပေမယ့် ထီး ရင်ထဲ မကျေနပ်ချက်က တစ်ရက်ထက်တစ်ရက် မွန်းကျပ်ပိတ်ခဲလာပါသည်။ စေ့စပ်ခိုင်လုံသော





ငြင်းကွက်မရှိ နိုင်မာသော အကြောင်းပြချက်တွေနှင့်ချည်း သတို့သမီး ထီးဖြူနင်ရဲ့ဆန္ဒ ဘာတစ်ခုမှမပါသော မင်္ဂလာပွဲအဆင်အယင်ကြီးက အခိုင်အမာ တည်ဆောက်မွမ်းမံပြီး ဖြစ်ခဲ့ပြီ။

ကိုကို့ကိုဆည်း ထီး အားမရ။ အများတကာ ပွင့်ပွင့်လင်းလင်းတစ်မျိုး တိတ်တခိုးတစ်မျိုး အာကျနေကြရတဲ့ ဤမင်္ဂလာပွဲသည် ထီးရဲ့စိတ်နှလုံးကို နည်းနည်းကလေးမှ မချမ်းမြေ့ မပျော်ရွှင်စေနိုင်ခဲ့ပေ။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုပဲ အစကတည်းက ပြောခဲ့တယ်လေ၊ ထီးတို့ နှစ်ယောက်တည်း သီးသန့် '......'ကွန်ဒိုအခန်းမှာ နေကြမှာဆို ကိုကို၊ အဲဒါကြောင့် ထီးက မေမေတို့နဲ့ နေချင်တယ်လို့တောင် မပူဆာခဲ့ပါဘူး။ အခုတော့ လက်ထပ်ဖို့ ငါးရက်အလိုကျမှ ကိုကိုတို့အိမ်မှာ နေရမယ်လို့ ဖြစ်သွားတာကတော့ ထီး ဘယ်လိုမှ လက်သင့်ခံ ခံစားလို့မရတော့ဘူးသိလား"

ထီးအသံလေးက တုန်ကာတုန်ကာ နောက်ဆုံးမှာတော့ ကတုန်ကယင်နှင့် မျက်ရည်တွေပါ လည်လာပါသည်။

"သမီး"

"မေမေ ... ထီး သူ့ကိုပြောပါရစေဦး"

"ထီး ... ကိုယ်က ..."

"ကိုကို နားထောင်ပေးပါဦး၊ ထီး တောက်လျှောက်ထီးဆန္ဒအားလုံးကို မျိုသိပ်ပြီး ကိုကို့အမေဆန္ဒအတိုင်းလိုက်လျောနေတာပါ၊ တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခု၊





ဒီတစ်ခုတော့ ငါ့သဘော ငါ့ဆန္ဒလေးများ ရွေးလို့ရမလား မျှော်လင့်ရင်း မျှော်လင့်ရင်းပဲ တစ်ခုမှ ထီးစိတ် ထီးသဘော ထီးဆန္ဒ မဖြစ်လိုက်ရပါဘူး၊ တချို့ကိစ္စလေးတွေက ကိုကိုတောင် သိကောင်းမှ သိလိုက်မှာပါ၊ ထီးပြောမယ်ကြံတိုင်း မေမေက ထီးကို မပြောဖို့တားတယ်၊ အန်တီလုပ်ပေးနေသမျှက အကောင်းဆုံးတွေချည်းမို့ ကြိုက်ကြိုက် မကြိုက်ကြိုက် သည်းခံပါ၊ ဘာမှမပြောပါနဲ့လို့ မေမေက တောက်လျှောက်တားခဲ့တော့ ထီး တစ်ခုတလေလောက်ကလွဲပြီး အထွန့်မတက်ခဲ့ဘူး ကိုကို ...

အန်တီ့ကို ဒီလိုလေးရွေးလို့ မရဘူးလားလို့ အရဲစွန့်ပြောမိတဲ့ တစ်ခု နှစ်ခုလောက်ကလည်း အန်တီ့အကြောင်းပြချက်က ခေါ့စပ်နိုင်လုံနေတော့ ထီး ရှေ့ဆက်ဖွတ်တိုးမပြောဖြစ်တော့ပါဘူး ကိုကိုရယ်"

"ထီး ... နေပါဦး ထီး၊ အခု မေမေလုပ်နေတွာတွေက ထီးစိတ်ကြိုက်တွေပဲ မဟုတ်ဘူးလား၊ ထီးဆန္ဒ မပါတာလား"

"ကိုကိုက အလုပ်တွေလည်းများတော့ အဲဒါကြောင့် တချို့ကို ကိုကို သိလိုက်မှာတောင် မဟုတ်ဘူးလို့ ထီးပြောတာပေါ့ ကိုကို"

"နေပါဦး ... ကိုယ်မေးတာ ဖြေပါဦး ထီး၊ ထီးဆန္ဒလုံးဝမပါတဲ့ဟာတွေချည်းပဲလား၊ အားလုံး ထီးလက်ခံတဲ့ ထီးဆန္ဒတွေ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ထိီးရဲ့ဆန္ဒအတိုင်း ရွေးချယ်ဆောင်ရွက်တယ်ဆိုတာ ရွေးချယ်ထားတဲ့အရာတွေကို ထိီး လက်ခံလိုက်တာ၊ သဘော ချင်း မတူဘူးလေ ကိုကို တခြားစီပါ၊ အားလုံးကို အန်တီ ရွေးပါတယ်၊ ထိီး တချို့ကိုတော့ အကြိုက်ဆုံးမဟုတ်သော် လည်း အကောင်းဆုံးတွေပဲမို့ ဘာမှအထွန့်မတက်ပါဘူး။ ထိီး တကယ်မကြိုက်တဲ့ ဝတ်စုံအရောင်တို့ ဘာတို့တော့ ထိီး ရွေးလို့ရမလား အန်တီ့ကို မေးပါတယ်"

"သမီးရယ် ... အကျိုးမရှိတာတွေ ဘာကြောင့်များ ပြော နေပါလိမ့်ကွယ်"

"ပြောပါစေ မမေ၊ တချို့က ကျွန်တော် တကယ်သိတောင် မသိလိုက်တာပါ၊ အခု ဝတ်စုံအရောင်ကို ထိီးမကြိုက်တာ၊ ကျွန်တော့်အမေကို ထိီးပြောတာတွေ ကျွန်တော် မသိဘူး"

"တချို့ကိစ္စတွေ သားမသိလိုက်လည်း အခုက လက်ထပ် ဖို့ ငါးရက်အလိုကျမှ ဒါတွေကပြောနေလို့မှ မထူးတော့တာ ကွယ်၊ ပြင်ဆင်လို့လည်း ရတော့တာမျိုးမှ မဟုတ်တာလေ၊ ထိီးက မင်္ဂလာပွဲနီးတော့ နည်းနည်း Exited ဖြစ်တာလည်း ပါတယ်ထင်တယ် သားရယ်"

*ထိီးရဲ့အမေက ဖာဖာထေးထေး ပြောရှာသည်။*

"ဝတ်စုံအရောင်ကို ထိီးမကြိုက်တာပြောတော့ မမေ ဘာပြောလဲ"





"ထိီးနဲ့ ကိုကို့အတွက် ဖေဒင်မေးတော့ အများစုက ဆင်တူပဲ ဟောကြတယ်တဲ့၊ နေ့နာမ်လည်း မကိုက်ဘူးပေါ့ နော်၊ ဓာတ်မတည့်ဘူး မိတ်ဖက်မဖြစ်ဘူးတဲ့၊ ကိုကို့ကို အထူးသဖြင့် နိုက်မှာမို့ ရွှေရောင်ကို ယတြာအနေနဲ့ရွေး ချယ်ရတာဆိုတော့ ထိီး မကန့်ကွက်တော့ပါဘူး ကိုကို၊ ထိီးစိတ်တိုင်းမကျတာလေး ပြင်ချင်တာ တစ်ခုကြောင့် ကိုကို့ကိုလည်း အနိုက်မခံနိုင်ဘူး၊ ပြီးတော့ ဝတ်စုံကလည်း ရွှေရောင်ကိုသာ ထိီးမကြိုက်ပေမယ့် အရမ်းလှတယ်လေ"

"........."

"ထိီးဆိုလိုတာက အခုစီစဉ်ထားတဲ့ မင်္ဂလာအစီအစဉ်တွေ ကို ထိီး တစ်ခုမှမကြိုက်ဘူးလို့ ပြောနေတာ မဟုတ်ပါဘူး၊ အားလုံးကောင်းပါတယ်၊ ဒါပေမဲ့ ထိီးရွေးချယ်တဲ့ ထိီးရဲ့ ဆန္ဒတွေတော့ မဟုတ်ဘူးဆိုတာ စကားခံတာပါ၊ အခုလည်း ကိုကိုက အိမ်ခွဲနေမယ်ဆိုလို့ ထိီးက မေမေတို့ကိုလည်း အဲဒီအတိုင်း ပြောထားတယ်၊ ဖေဖေတို့ မေမေတို့နဲ့ နေ ချင်တယ်လို့လည်း ကိုကို့ကို မတောင်းဆိုခဲ့ပါဘူး"

"ဟုတ်ပါတယ် ထိီးရယ်၊ အခုကလည်း အိမ်တစ်လုံးထဲမှာ နေရမယ့်သဘောတော့ မဟုတ်ပါဘူး။ ခြံထဲက တခြားတိုက် တစ်လုံးမှာပါ၊ ခြံကလည်း ကေသုံးမတ်ကျယ်တော့ တိုက် ချင်းကလည်း ကပ်မနေပါဘူး၊ ကြားမှာ သီးသန့်ဝင်းတော့ မထားတာပဲ ရှိတာပါ၊ တစ်အိမ်စီလို သဘောထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလို့လဲ ကိုကို၊ ဖေဖေနဲ့ မေမေ့မှာ ထီးတစ်ယောက်တည်း ရှိတာပါ၊ ထီးအိမ်ထောင်ကျရင် ဖေဖေရယ် မေမေရယ် နှစ်ယောက်တည်းကျန်ရစ်ခဲ့ရမှာပါ၊ ကိုကို့မိဘတွေမှာ ညီမလေး ရှိပါသေးတယ်၊ ကိုကိုမရှိလည်း သမီးတစ်ယောက် အတူတူကျန်ပါတယ်"

"ဟုတ်ပါတယ်၊ အခုက အကြောင်းက နှစ်ခုပါ ထီး၊ အခု ကိုယ်နေဖို့ ရည်ရွယ်ထားတဲ့ ကွန်ဒိုအခန်းတွေက အခုနှစ်ကုန်ပိုင်းမှာ တစ်သုတ်ပြီးတစ်သုတ်လာမယ့် ဖေဖေ့စီးပွားရေးပါတနာတချို့ ဧည့်သည်တချို့ကိုထားဖို့ ရှိတာရယ်၊ ခြံထဲက အဲဒီတိုက်အပိုအသစ်လေးကို ဖေဖေက ကိုယ်တို့အတွက် ရည်ရွယ်ပြီး ကောင်းကောင်းလေး ပြင်ဆင်ပေးထားတယ် ထီး၊ အဲဒါကြောင့်ပါ"

"အဲဒါတွေက အခုမှ ထ,လုပ်ပြီး အခုမှ စ,သိရတာတော့ မဟုတ်ဘူးမို့လား ကိုကို"

"ဖေဖေက ပထမတော့ ဒီတိုက်ကိုလည်း ပြင်ထားမယ်၊ ကွန်ဒိုအခန်းကြီးကိုလည်း ထပ်ပြင်မယ်၊ ကြိုက်ရာမှာနေဖို့ ပြောတာပါ၊ ခြံထဲမှာပဲ ခွတ်နေရမယ်လို့ မပြောပါဘူး၊ ဒါပေမဲ့ အမှန်တိုင်းပြောရရင် ဖေဖေရော မေမေရောက ကွန်ဒိုမီနီယမ်တိုက်ခန်းမှာတော့ ကိုယ့်ကိုမနေစေချင်တာတော့ အမှန်ပါပဲ၊ ဒါကလည်း သားနဲ့ချွေးမကို လုံးချင်း





တိုက်လေးနဲ့ပဲ နေစေလိုတဲ့ စေတနာသတ်သက်ပါ၊ ဒီတစ်ပတ်ထဲကျမှ ဒီနှစ်ကုန်ပိုင်းလောက်ကျရင် ဧည့်သည်တွေလာဖို့ရှိတာ အခြေအနေတွေ သိလာရတော့ ဧည့်သည်တွေလာရင်တော့ အဲဒီကွန်ဒိုမှာထားဖို့ပဲ အဆင်ပြေလိမ့်မယ်လို့ ကိုယ်နဲ့ဖေဖေ တိုင်ပင်သဘောတူ ဆုံးဖြတ်လိုက်ရလို့ပါ"

"ဟုတ်သားပဲ သမီး၊ နိုင်ငံခြားသား ဧည့်သည်တွေလာရင် ခြံထဲကအိမ်မှာ ခေါ်ထားတာထက် သီးသန့်ကွန်ဒိုမီနီယမ်မှာထားတာကပဲ အဆင်ပြေတာပေါ့ သမီးရယ်၊ နှစ်ကုန်ဖို့လည်း မလိုတော့ဘူးလေ၊ ဟိုမှာ သမီးတို့နေရင် ပြောင်းရွှေ့ရနဲ့ ကသီလင်တဖြစ်ဖို့ပဲရှိတာ မဟုတ်လား"

"အရင်ကတည်းကလည်း ဒီအခန်းတွေက ဧည့်သည်ရောက်လာရင် ထားတဲ့အခန်းတွေလို ဖြစ်နေတာ၊ အခု ကိုယ်တို့ အဲဒီမှာပဲ နေမယ်ဆိုရင်တော့ တစ်လနှစ်လအတွင်း ကိုယ်တို့ ဧည့်သည်ထားဖို့ အဆင်ပြေမယ့် ကွန်ဒိုအခန်းတစ်ခုခုဝယ်ရတော့မယ့် အနေအထားရှိတယ်၊ အဲသလိုထက်စာရင် နောက်နှစ် နှစ်လည်မှာ လက်စသတ်တော့မယ့် ဖေဖေ့ရဲ့ Blue Heaven Condo ကြီး ပြီးစီးတော့မှ ကိုယ်တို့အတွက် တစ်ခန်းယူပြီး အဲဒီကျတော့မှ ပြောင်းရွှေ့ကြရင် ပိုအဆင်ပြေမယ်လို့ ကိုယ်ယူဆလို့ပါ ထီး၊ အခုနေ ကွန်ဒိုခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်း ထပ်ဝယ်လိုက်ရင် အလကားသက်သက် အပိုကြီး လို ဖြစ်နေမယ်လေ”

“ကိုဇေ ပြောနေတာ အမှန်ပဲ သမီး၊ အဲဒါ နည်းလမ်းကျ တယ်၊ ကိုဇေတို့ ကိုယ်ပိုင်ကွန်ဒိုကြီး ပြီးစီးသွားရင် အခန်း တွေ ထွက်လာပြီပဲ၊ ကိုယ်ကြိုက်တဲ့အခန်းရွေးပြီး အဲဒီတော့ မှ သမီးတို့ ပြန်ပြောင်းကြဖို့က အဖြစ်သင့်ဆုံးပဲ သမီး”

ထီးက နှုတ်ခမ်းကလေးကို တင်းတင်းစေ့ကာ ဘာမှ မပြောမိအောင် တိတ်ဆိတ်ငြိမ်သက်နေလိုက်ပါသည်။ ပြောစရာ စကားလည်းမရှိပါ။ သူတို့ဘက်က အကြောင်းပြချက်တွေဟာ အမြဲတမ်း ထွက်ပေါက်လုံလုံနေတတ်တာကိုလည်း အူလှိုက်သည်းလှိုက် ချီးကျူးမိသည်။

တကယ်တော့ ကိုကို့မိဘတွေမှာ တခြားနေရာတွေမှာ ခြံတွေ တိုက်တွေ ရှိသေးမှန်းတော့ တချို့တလေ မတော်တဆ စကားစပ်ရင်း ထီး သိထားဖူးပါသည်။ တချို့ကတော့ ကုမ္ပဏီရုံးခွဲ အဖြစ် အသုံးပြုထားတာလည်း ကြားဖူးသည်။ အတိအကျကြီးတော့ မသိပေမယ့် ကွန်ဒိုမနေစေချင်လို့ သီးခြားစီစဉ်ပေးရင်တောင် ဖြစ်နိုင်တယ်လို့တော့ ထီး နားလည်နေပါသည်။

ထီးအနေနှင့်ကတော့ ချွေးမလောင်းအနေအထားမျှ နှင့် ကိုယ်သီးသန့်နေချင်တဲ့အတွက် ကွန်ဒိုခန်းနေဖို့ အဆင်မပြေ ရင် အပိုရှိတဲ့ ခြံနဲ့တိုက် တစ်နေရာရာထဲက နေခွင့်ပေးဖို့ စီစဉ်





ဆို ထုတ်ဖော်ဖွင့်ဟ တောင်းဆိုဖို့ ဝန်လေးရပါသည်။ တကယ် ခမ်း ထီးလိုလားတာက တိုက်ခန်းရယ် လုံးချင်းရယ် မဟုတ်။ သစ်စက်စက် ဓနိမိုးမောင်နဲ့ သီးသန့်လေး နေခွင့်ရဖို့ပါ။

ရှင်းရှင်းဝန်ခံရရင် ဒေါ်ခင်မမထိပ်နှင့်လည်း အတူ တကွ နေထိုင်ခြင်းအားဖြင့် မလိုလားအပ်သော မကျေညက်မှု ပြဿနာမျိုး နောင်အရှည်မှာ ပေါ်ပေါက်မလာစေချင်တာ အများ ကြီးပါပါသည်။

အစစအရာရာသော အစီအစဉ်တိုင်းကို ကိုဇေ အလုံးစုံမသိ။ ကိုဇေ့ဖေဖေလည်း ဝင်လည်းမပါအား သိလည်းမသိ။ ညီမလေးနွေလည်း စိတ်ဝင်တစား မပါဝင်လှ။ အားလုံးဟာ ကိုဇေ့မေမေရဲ့ စီမံခန့်ခွဲ ဆုံးဖြတ်မှုချည်းသာ။ ကိုဇေ့မေမေဟာ ထီးကို တင်းတင်းမာမာ ဆက်ဆံမှုမျိုးမရှိ၊ မလိုမလား အရိပ် အယောင်မျိုးမပြ။ သို့သော် လိုလိုလားလား မဟုတ်လှတာကို ထီး အသည်းနှလုံးများက ခံစားသိရှိနေပါသည်။

သူ့ အလိုလားကြီး မဟုတ်လှတဲ့ ချွေးမကို ဘာတစ်ခု မှ စိတ်တိုင်းကျဖြစ်ခွင့်မပေးသောနည်းနှင့် အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ဝေဝေဆာဆာတွေပေးကာ ပေးကာ အရာရာဟာ သူ့သဘောချည်း ဖြစ်ရမည်ဆိုတာကို မယူခင်ကတည်းက ပညာပြ ထားတာပဲလို့သာ ထီး ရင်ထဲ ယုံမှားခံစားနေခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

ကိုယ့်ခြံဝင်းလေးထဲ ကားမောင်းဝင်လိုက်ရတဲ့အခါ ရင်ထဲဘယ်လိုနှစ်သိမ့်ကြည်နူးမိမှန်းမသိ၊ နွေးထွေးသော ခံစားချက်တစ်ခုကို ခံစားလိုက်ရပါသည်။ အဲဒါနှင့် တစ်ဆက်တည်း ဝမ်းနည်းလစ်ဟာမှုလေးတစ်ခုကိုလည်း လွှမ်းဆွတ်ခံစားရသည်၊

ရုံးအဆင်း အိမ်အပြန်တွေမှာ ဒီအိမ်ကိုမပြန်ရတာ ရက်ပေါင်းများစွာ ရှိခဲ့ပြီလေ။

"သမီး"

အိမ်တံခါးဝမှာ မေမေ့မျက်နှာကို ဝင်းပစွာ တွေ့မြင်ရသည်။

"မမထီး လာတယ်တော့"

အိမ်ကကောင်မလေး ကြွယ်ကြွယ်ပင်လျှင် ထီးရောက်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ရှိရှာသည်။





"လာ... သမီး လာ၊ ညနေ သမီးလာမယ်ဆိုလို့ ကြွယ်ကြွယ်က ခုနကပဲ သူ့လက်ရာစပါယ်ရှယ် ငါးပိထောင်းနေတယ်၊ မေမေက ပြောရသေးတယ်၊ ညည်းမမက ထမင်းစားဖြစ်ချင်မှ စားဖြစ်မှာလို့၊ ထမင်းမစားဖြစ်ရင်လည်း ကြွယ်ကြွယ်က သူ့ငါးပိထောင်းကို ဘူးလေးနဲ့ ထည့်ပေးလိုက်မှာပေါ့တဲ့"

ထီးက ပြုံးလိုက်ရပါသည်။ ထမင်းစားဖို့ ရည်ရွယ်ချက်မပါခဲ့ပေမယ့် ခုလို မေမေပြောတော့ ဒီမှာပဲ ထမင်းစားဖြစ်အောင် စားလိုက်ပါတော့မည်လို့ ထီးက ဆုံးဖြတ်လိုက်ရင်း ...

"ထမင်းစားမှာပေါ့ မေမေရဲ့"

"တကယ်လား သမီး၊ အိမ်ပြန်မစားလို့ ဖြစ်ရဲ့လား"

လက်ထပ်ပြီးစ သုံးလေးရက်က မေမေတို့အိမ်ကိုကိုနှင့်ထီး အတူလာလည်တော့ ညနေစောင်းမှာ ယောက္ခမကြီးက ဖုန်းဆက်တာ မေမေ အမှတ်ရနေမှာပါ။ "ထမင်းကို အိမ်မှာပြန်စားနော်၊ ညနေစာ ထမင်းဝိုင်းမှာ လူစုံချင်တာ"လို့ဆိုတဲ့ ယောက္ခမစကားကြောင့် မေမေတို့ထံမှာ ထမင်းမစားဘဲ ပြန်ရပါသည်။

"ဒါလည်း အိမ်ပြန်စားတာပဲလေ၊ ဒါ သမီးအိမ်ပဲဟာ"

ထီး စကားကြောင့် မေမေက ထီးမျက်နှာကို အသိမသာ အကဲခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေလာမှစားမယ် မေမေ"

"ဖေဖေက ခုပဲရောက်တော့မှာ၊ နေ့လယ်က ဖုန်းဆက်ထားတယ်၊ ညနေ သမီးလာမယ် စောစောပြန်ခဲ့လို့၊ ဖေဖေက ခုလေးတင်ပဲဆက်တာ၊ သမီး ရောက်ပြီလားတဲ့၊ သူပြန်လာနေပြီတဲ့"

"ဒါဆို ဖေဖေလာရင် စားမယ်၊ ကြွယ်ကြွယ်ရေ ... နင် ထမင်းရူးရင် ရူးထားနှင့်တော့၊ နွေးစရာရှိတာ နွေးတော့"

"ဟုတ်ကဲ့ မမထီး"

"စောတော့ စောပါသေးတယ် သမီးရဲ့၊ ခုမှ ငါးနာရီခွဲ ကျော်ကျော်ရယ်"

"စောပေမယ့် သမီး ဆာပြီ"

"ရုံးကို ထမင်းချိုင့်ပါတာ မဟုတ်လား"

"ပါပါတယ်၊ ဒါပေမဲ့ သိတဲ့အတိုင်းပဲ သူတို့အိမ်က ဝက်သားအရမ်းစားတာပဲလေ၊ ဝက်ကို သုံးထပ်သား၊ ပေါင်သား၊ ကလီဇာ၊ လျှာ၊ ဝက်လက် ... အို စုံနေအောင် ဝယ်ပြီး ရက်ခြား ရက်ခြား ချက်တာလေ၊ သမီးက ဝက်သားမရှောင်ပေမယ့် ကြိုက်မှမကြိုက်တာ၊ ဒီနေ့က ထမင်းချိုင့်မှာ ဝက်သားနဲ့ မှျစ်ချဉ်ဟင်းရယ်၊ အစိမ်းကြော် ကိုလည်း ဝက်သားနဲ့ကြော်တယ်လေ၊ သရက်ချဉ်သုပ်လေး လည်းပါတယ်၊ ဖေဖေ့အတွက် ငါးမြင်းဟင်းတို့ ဘွားဘွား





အတွက် ကြက်သားပြုတ်ကြော်လေးတို့တော့ ရှိသေးတာပေါ့၊ သမီးက အစိမ်းကြော်ထဲက အသီးအရွက်လေး ရွေးစားပြီး သရက်ချဉ်သုပ်နဲ့ပဲ စားလိုက်တယ်၊ သူတို့အိမ်က အချိုမှုန့် ကို လုံးဝမသုံးတော့ သရက်ချဉ်သုပ်ကလည်း ချဉ်တယ် လေ၊ ထမင်းနည်းနည်းပဲ စားခဲ့တာ"

မေမေက ထီးကိုပြုံးကာ ကြည့်နေပါသည်။

"ဝက်သားနဲ့မှျစ်ချဉ် ကောင်းသားပဲ သမီးရဲ့၊ သူတို့က မကြာမကြာ ဝက်သားချက်တတ်ရင် နည်းနည်းတော့လိုက် စားပေါ့၊ သမီး ထမင်းချိုင့်က ဖွယ်ဖွယ်ရာရာလေးပဲ၊ ကြားရတာတောင် သရေကျချင်စရာလေး"

မေမေကတော့ ထာဝစဉ် အကောင်းမြင်သမားသက်သက်ပင်။

"ကိုဇေရော လိုက်လာဦးမလား"

"မလာဘူး၊ ဒီကိုဝင်မှာတောင် သူ့ကိုပြောမထားဘူး"

"ဟင် ... ဘယ်ကောင်းပါ့မလဲ သမီးရဲ့၊ စိတ်ပူနေဦးမယ်၊ ဖုန်းဆက်ပြောလိုက်ဦးလေ"

"ရပါတယ် မေမေရယ်၊ နောက်ကျနေရင် သူဆက်မှာပဲ၊ သူဆက်မှ ဒီရောက်နေတာ ပြောလိုက်မယ်၊ အခုပြောလိုက်ရင် သူ ဒီကိုလိုက်ချလာဦးမယ်"

"ဘာဖြစ်လို့လဲ၊ လာပစေပေါ့ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ မေမေတို့နဲ့ အေးအေးဆေးဆေး စကားပြောချင် တိုင်ပင်ချင်တာ ရှိပါသေးတယ် မေမေရယ်၊ ဒါကြောင့် တမင်မပြောတာ"

"သမီးလေး၊ လင်မယားမှာ ဇနီးလုပ်သူက အရင်စပြီး ကိုယ်ဘယ်သွားမယ် ဘယ်လာမယ် ကြိုမပြော အသိမပေး တာ အကျင့်မလုပ်ရဘူးလေ၊ အိမ်ပြန်နောက်ကျနေမှ သူ့ လှမ်းဆက်မှ ပြောမယ်ဆိုတာ အကျင့်ကောင်းမဟုတ်ဘူး လေ သမီး၊ သမီးက ဒီလိုစလုပ်နေရင် ကိုဇေလည်း နောင် ကို ဒီလိုဖြစ်လာမှာပေါ့ ..."

သူ ဘယ်သွားလို့သွားမှန်း မသိ၊ ဘယ်ရောက်နေ လို့ နောက်ကျနေမှန်းမသိ ကိုယ်က ဖုန်းလိုက်ဆက်မေးနေ ရတဲ့ အခြေအနေမျိုး ဖြစ်လာအောင် သမီးက အရင်ဦး အောင် လမ်းမကြောင်းရဘူးလေကွယ်"

"မေမေရယ် ... အဲဒါ ထီး သိပါတယ်၊ သူတို့အိမ်မှာလည်း ဘယ်သွားမယ်၊ ဘယ်ဝင်မယ်ဆိုတာ သူ့အမေကို ကြိုတင် လှမ်းပြောရ အသိပေးရ ခွင့်တောင်းရတာလေ၊ တစ်ခါ တလေကျရင် ကိုယ်က လှမ်းအသိပေးတာကို ဒီနေ့မသွားနဲ့ နက်ဖြန်မှ သွားဆိုတာမျိုးလုပ်တာ မေမေရဲ့ ...

ဟိုတစ်နေ့ကပဲ မြို့ထဲမှာ နေပြည်တော်ရုံမှာ ရုံတင် နေတဲ့ကားကို ကိုကိုနဲ့ထီး ဝင်ကြည့်ကြမလို့ နောက်ကျမယ်





လို့ လှမ်းပြောတာ၊ ဒီနေ့မကြည့်နဲ့ နောက်နေ့မှကြည့်ပါ တဲ့၊ အဲဒီနေ့က ဘွားဘွားကြီး ဆီးချိုတွေတက်နေလို့ ဘွားဘွားသိပ်နေမကောင်းတုန်း သမီးတို့က ရုပ်ရှင်သွား ကြည့်နေတယ်ဆိုတာမျိုး မဖြစ်စေချင်လို့တဲ့ ဆိုတာနဲ့ မကြည့်ရတော့ဘူးလေ"

"သူပြောတာလည်း ဟုတ်သားပဲလေ သမီးရယ်"

"ဒါပေမဲ့ ဘွားဘွားကြီးက ဒီလိုပဲ ဆီးချိုက မကြာမကြာ တက်နေတာပဲလေ မေမေ၊ ထူးထူးခြားခြား ထ,ဖြစ်တာမျိုး မဟုတ်ပါဘူး၊ နောက်နေ့တွေကျတော့လည်း ထီးကရုံးမှာ အိုဗာတိုင်မ်ရှိလိုက် ကိုကိုက အလုပ်များလိုက်နဲ့ အဲဒီရုပ်ရှင် ခုထိမကြည့်ရတော့ပါဘူး ...

ဘာကိစ္စမဆို ယောက္ခမဆီ ခွင့်တောင်းဖြတ်သန်း ပြီးမှ ပြီးရတာကို မွန်းကျပ်လို့ပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်"

"........."

"အိမ်မှာဆိုလည်း သမီးက ဘာမဆို မိဘကို အသိပေးခွင့် တောင်းပြီးမှ လုပ်နေကျပဲဟာ၊ ဟိုအိမ်မှာလည်း သူကမိဘ ပဲလေ၊ အဲသလိုတွေးထားရင် မွန်းကျပ်စရာ ဘယ်ရှိပါ့မလဲ"

"ဒါပေမဲ့ မေမေ၊ ကိုယ်က လိုလိုလားလား ကြည်ကြည် သာသာ ခွင့်တောင်းရတာနဲ့ ဘာမဆို ကြိုပြောရမယ် ကြို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းရမယ် ကြိုအသိပေးရမယ်လို့ အမိန့်ချထားလို့ ဒါကိုလိုက်နာနေရတာ ခံစားချက်ချင်း မတူဘူး”

“ခက်တော့တာပဲ သမီးလေးရယ်၊ သမီးကိုမှကွက်ပြီး လုပ်နေတာ မဟုတ်ဘူးမို့လား၊ သူ့သားသမီးတွေကိုလည်း ဒီလိုပဲ မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ နွေက ပြန်မပြော နားမထောင်ပါ၊ နွေ့အပေါ် သူ စကားမအောင်ပါဘူး၊ နွေက လုပ်ချင်တာ လုပ်တာ၊ ပြီးမှ အဆူခံတာ၊ ကိုကိုကတော့ အံ့ဩရလောက် အောင် လိမ္မာတဲ့သားပဲ မေမေရယ်၊ တကယ်ပါ ... သိပ် အံ့ဩတာပဲ၊ သူ့အမေကို သိပ်ချစ်တာပဲ”

“အဟင်းဟင်း ... သမီးရော မေမေ့ကို မချစ်လို့လားကွယ်”

“ထီးက သမီးလေ၊ ကိုကိုကတော့ သားယောကျ်ားလေး ထဲမှာ ရှားပါတယ်၊ ဒေါ်ခင်မမထိပ် ပုံစံကလေ သားတွေ သမီးတွေကို လိမ္မာအောင် ကောင်းအောင် လမ်းညွှန်ဆုံးမ နေတယ်ဆိုတာထက် အိမ်ရှိလူကုန်ဟာ သူ့စီမံကွပ်ကဲမှု အောက်မှာ တစ်သဝေမတိမ်း နာခံကြရတယ်ဆိုတဲ့ ဂုဏ် ပုဒ်ကို တည်ဆောက်နေသလိုပဲ၊ မတူဘူး မေမေ၊ ကွဲပြား တယ်၊ ခံစားရတာ တစ်မျိုးပဲ”

မေမေ သက်ပြင်းလေး ကျိတ်ရှိုက်တာ ထီးသိပါ သည်။





“ဒါပေမဲ့ မေမေ၊ ဒေါ်ခင်မမထိပ်ကလေ သူ့ယောက္ခမ ဘွားဘွားကြီးကိုကျတော့ ကလပ်ပေါ် တင်ထားသလို ဖူးဖူးမှုတ် ဂရုစိုက်တာ၊ အံ့ဩစရာပဲ သိလား မေမေ”

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



ဟိုအိမ်လောက် ဟင်းပွဲတွေ အလျှံပယ်မများသော်လည်း ဖေဖေနှင့် မေမေကို အနားမှာရံကာ စားရတဲ့ ဒီထမင်းဝိုင်းလေးက ထီးအဖို့ မြိန်လှပါသည်။ တစ်ယောက်ပန်းကန်ထဲ တစ်ယောက်က ဟင်းတွေခပ်ထည့်ကာ ထမင်းတွေဟင်းတွေထဲမှာ နွေးထွေးစည်းလုံးသော အကြင်နာတွေ ပျော်ဝင်နေသည်။

ဖေဖေက ထမင်းကို လက်စသတ်လိုက်ရင်း ...

"ငါ့သမီးနဲ့ ထမင်းတူတူမစားရတာကြာတော့ ထမင်းစားလို့ ကောင်းလိုက်တာကွာ၊ ကြွယ်ကြွယ်ကလည်း အရင်အပတ်ကထောင်းတဲ့ ငါးပိထောင်းက စားမကောင်းဘူး။ သူ့အစ်မ လာမယ်ဆိုတော့ ငါးပိထောင်းကို စပါယ်ရှယ်ထောင်းထားတာ ကောင်းလိုက်တာ"

"မဟုတ်ပါဘူး ဦးရယ်၊ အရင်အပတ်က ကျွန်မဝယ်တဲ့ ငါးပိစိမ်းစားက အရင်ဝယ်နေကျ အမျိုးအစားမရလို့ပါ။ အခုက ငါးပိစိမ်းစားကို အသစ်ပြန်ဝယ်ထားတာ၊ ခုတစ်ခေါက်မှ ဘိတ်ငါးပိစိမ်းစား အစစ်ပြန်ရလို့ပါ"





"ဟင်းဟင်းဟင်း ... ညည်းဦးဦးက ညည်းကို စတာပါ ကြွယ်ကြွယ်ရယ်"

"အဟီး ... မသိပါဘူး အန်တီရယ်၊ အရင်ဝယ်ထားတဲ့ ငါးပိစိမ်းစားတော့ ကျွန်မ ချဉ်ရည်ဟင်းချက်ရင်ပဲ ထည့်သုံးလိုက်တော့မယ်"

ထီးတို့အိမ်မှာ ကြွယ်ကြွယ်နှင့် ထီးတို့မိသားစုဟာ အွလိုမျိုးလို နေကြတာပါပင်။ ဟိုအိမ်မှာတော့ နာမည်ရှေ့ "ရွှေ"တစ်လုံးတပ်ကာ "ရွှေနီ"၊ "ရွှေညို"၊ "ရွှေကြည်"စသဖြင့် ဒေါ်ခင်မမထိပ် ခေါ်ဝေါ်လေ့ရှိသော ကောင်မလေးတွေဟာ အိမ်ရှင်တွေကို တရင်းတနှီး မပြောမဆိုရဲကြ။

"ဟုတ်ကဲ့ပါ"နှင့် မေးခွန်းရဲ့အဖြေစကားကိုသာ မေးဖြေပြီး အလုပ်အကြောင်း လိုအပ်သမျှ ပြောဆိုရတာကလွဲလို့ အာလာပသလ္လာပလို တရင်းတနှီး မပြောဝံ့ကြဘဲ မျက်နှာသေကလေးတွေနှင့်သာ။ ဒေါ်ခင်မမထိပ် အနားရောက်လျှင် နေစရာမရှိ၊ ကုပ်ကုပ်ယို့ယို့နှင့် အမှားတစ်ခုခုဖြစ်မှာ စိုးရိမ်မကင်းရှိကြသည်။ သို့ပေမဲ့ သူတို့ကို အော်ငေါက်ဆူပူနေလို့လည်းမဟုတ်။ မျက်နှာထားတင်းတင်းကို ကြောက်လန့်ကြတာသာ။

"ဖေဖေ ထမင်းစားရင်း စဉ်းစားနေတာ သမီးရဲ့"

"ဟုတ်ကဲ့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပြောတာလည်း ဟုတ်တယ်ကွယ့်၊ နည်းလမ်းကျ တယ်ပဲ ပြောရမယ် သမီး"

"………"

"သူတို့လည်း ကုမ္ပဏီကြီး၊ ဟိုဟာလည်း ကုမ္ပဏီကြီး၊ ခုခေတ်မှာ စီးပွားရေးလောကမှာ ဘယ်ကုမ္ပဏီရဲ့သူဌေးက ဘယ်သူဆိုတာ အားလုံးက သိနေကြတယ်၊ ဟိုးအရင်ခေတ်က ဒီလိုမသိကြပေမယ့် ခုခေတ်မှာ ကုမ္ပဏီတွေ လုပ်ငန်းတွေနဲ့ သူဌေးအမည်တွေ တွဲပြီးသိလာကြတော့ နာမည်ကြီး သူဌေးဦးမင်းဒင်ရဲ့ချွေးမက နောက်ထပ်နာမည်ကြီး သူဌေးတစ်ယောက် ဦးစစ်နိုင်ဆီမှာ ဝန်ထမ်းလုပ်နေတယ်ဆိုတာက တစ်မျိုးဖြစ်နေတယ်လေ …

ပတ်ဝန်းကျင်အမြင်မှာလည်း တစ်မျိုးဖြစ်စေနိုင်သလို သမီးအလုပ်လုပ်နေတဲ့ ကုမ္ပဏီမှာကိုက အတွေးတစ်မျိုးဖြစ်လာနိုင်စေသေးတယ်၊ သူတို့ပြောသလို သမီးလက်ရှိအလုပ်က ထွက်လိုက်တာ ကောင်းလိမ့်မယ် သမီး"

"ဖေဖေ"

ထိုးက သက်ပြင်းလေးတစ်ချက် ချလိုက်ပါသည်။

"သမီး ဒီအလုပ်ကို အလွယ်တကူလေး ရခဲ့တာလည်း မဟုတ်ဘူး ဖေဖေ၊ ကိုယ်တိုင်လည်း ကြိုးစားခဲ့ရတဲ့အပြင် သမီးအထက်က တူတူတွဲကိုင်ရတဲ့ လူကြီးကလည်း မေမေ့





တပည့်ဟောင်းဖြစ်တာလည်း ပါတယ်၊ နောက်ဆုံး ဆန်ခါတင်ရွေးထားတဲ့ နှစ်ယောက်မှာ တစ်ယောက်က လုပ်သက်အတွေ့အကြုံရှိတယ်၊ သမီးက လုပ်သက်မရှိဘဲ သူတို့ကြိုက်တဲ့ဘွဲ့ရှိတယ်၊ ကုမ္ပဏီဥက္ကဋ္ဌက ဆရာမြတ်ကိုကို,ကို သူနဲ့တိုက်ရိုက်တွဲလုပ်ရမှာမို့ ဆရာမြတ်ကိုကို ကြိုက်တဲ့လူရွေးလို့ ပြောလိုက်တာ …

ဆရာက ဘယ်မှာမှ လုပ်မလာရသေးတဲ့သူမို့ ဘာပုံစံမှ မဝင်သေးတဲ့သူကို သူလိုချင်တဲ့ပုံစံပြောပြီး သင်ရနိုင်းရတာ ပိုကောင်းတယ်ဆိုပြီး မေမေ့သမီးဆိုတဲ့ သံယောဇဉ်ရောယ်သေးတယ် အပြောဆို အဆုံးမခံမယ် တက်ကြွတယ်ဆိုတဲ့အမြင်နဲ့ရော သမီးကို ရွေးလိုက်တာ …

နောက်တစ်ယောက်ကိုလည်း တခြားဌာနမှာဒီလောက်တာဝန်မကြီး လခမကောင်းတဲ့ Post တစ်ခု ပေးလိုက်တာလေ၊ သမီးကို ဆရာက နှစ်လကြည့်မယ်၊ နှစ်လအတွင်း သူ မကြိုက်ရင် မကျေနပ်ရင် သမီးမတော်ရင် ဟိုလူနဲ့နေရာချင်းပြန်ချိန်းမယ်လို့ ပြောခဲ့လို့ သမီးကြိုးစားလိုက်ရတာ၊ လေ့လာလိုက်ရတာ၊ အမှားအယွင်းတစ်ခုမှ မရှိအောင်လိုအပ်ချက်တစ်ခုမှမရှိအောင် အစွမ်းကုန် ထုတ်ပြခဲ့ရတယ် ဖေဖေ၊ နှစ်လအတွင်း ဆရာက အရမ်းသဘောကျပြီး သမီးအပေါ်လည်း ချစ်လည်းချစ် စေတနာလည်းထားတော့



www.burmeseclassic.com

www.burmeseclassic.com



အရေးကိစ္စ ကြုံကြိုက်ရင် လူကြီးတွေရှေ့မှာ သမီးတော်ကြောင်း ကြိုးစားကြောင်း အမွန်းတင် ထုတ်ဖော်ချီးကျူးပေးလွန်းတော့ ခုဆို သမီးရဲ့အရည်အချင်း၊ သမီးရဲ့ထက်မြက်မှုကို ကုမ္ပဏီလူကြီးတွေအားလုံး အသိအမှတ်ပြုလက်ခံကြတယ် ...

သမီးမှာ ဒီကုမ္ပဏီမှာ နာမည်ကောင်း တအားမွေးပျံ့နေပြီ၊ နောင်ရေးရှည်အတွက်လည်း တက်လမ်းတွေဖြောင့်ဖြူးလို့၊ အဲဒီအခြေအနေတစ်ခုကို စွန့်ပစ်ထားခဲ့ရမှာ ဖေဖေရယ်"

"ဖေဖေ နှစ်ချက်ပဲပြောမယ်၊ တစ်ချက်က သမီးရဲ့ အဲဒီတော်တဲ့ ထက်မြက်တဲ့ အရည်အချင်းတွေက ဒီကုမ္ပဏီမှာလုပ်နေလို့သာ ရှိနေတဲ့အရာတွေ မဟုတ်ဘူး၊ ဘယ်ကုမ္ပဏီမှာလုပ်လုပ် အမြဲရှိနေမယ့် အရည်အချင်းတွေပါ"

"........."

"နောက်တစ်ချက်က အခုကုမ္ပဏီမှာ သမီးရဲ့ကောင်းသတင်းတော်သတင်းတွေ မွှေးပျံ့ပြီး တက်လမ်းတွေပွင့်နေတဲ့အတွက် သမီးမျှော်လင့်ချက်တလူလူ ဖြစ်နေတာ မှန်တယ်၊ ဦးမင်းခင်ဆီမှာဆိုရင် အဲဒီတက်လမ်းတွေအတွက် သမီးမျှော်လင့်ချက်ထားနေရစရာတောင် မလိုအပ်ဘူး၊ သမီးက ကုမ္ပဏီဥက္ကဋ္ဌရဲ့ချွေးမလေ၊ မျှော်လင့်နေစရာတောင် မလိုဘဲ သမီးအတွက် အခွင့်အလမ်းနဲ့နေရာက ရှိနေပြီးသား"





"ကိုယ့်အပေါ် ယုံကြည်အားကိုးမျှော်လင့်ထားတဲ့ ဆရာသမားကို နှုတ်ဆက်ပြီး ကျောခိုင်းထားခဲ့ရမှာ ဖေဖေ"

"သမီးဆရာ ဦးမြတ်ကိုကိုထက် သမီးကို အများကြီးပိုယုံကြည်တဲ့ ပိုအားကိုးတဲ့ ဖေဖေနဲ့ မေမေကိုတောင် အချိန်တန်တော့ ထားခဲ့ရတာပဲ မဟုတ်လား သမီး"

ထိီး ဘာပြောရမည်မသိပါ။ ဖေဖေ့စကားတို့ကို ငြင်းဆန်တုံ့ပြန်နိုင်တဲ့ အကျိုးအကြောင်း စဉ်းစားမရပါ။

"ဦးမင်းခင် ချွေးမက ဦးမင်းခင်ဆီ မလုပ်ဘဲ တခြားကုမ္ပဏီမှာ အလုပ်လုပ်နေတယ်ဆိုတဲ့ ဖြစ်စဉ်က ဦးမင်းခင်တို့ကုမ္ပဏီရဲ့ Image ကို တစ်မျိုးတစ်မည် ဖြစ်စေသလို ဒီထက်ပိုကြီးတဲ့ အန္တရာယ်က သမီးရဲ့လက်ရှိကုမ္ပဏီမှာ ပြဿနာတစ်ခုခု ဥပမာဆိုပါစို့ သတင်းအချက်အလက်ပေါက်ကြားမှုမျိုး တစ်ခုခု မတော်တဆ ဖြစ်လာခဲ့သည်ရှိသော် သမီးတောင် အချောင်သံသယဝင် စွပ်စွဲခံရကိန်းရှိသေးတယ်၊ ဘယ်လိုတွေးတွေး ယောက္ခမရဲ့ကုမ္ပဏီမှာ ချွေးမက အလုပ်ဝင်လုပ်တာသည်သာ အဖြစ်သင့်ဆုံး သဘာဝအကျဆုံးပဲ သမီးရဲ့ ...

သူတို့ကလည်း သမီးကို အရေးပါတဲ့နေရာတစ်ခုခု သို့မဟုတ် သူတို့ရဲ့အရန့်ချ branch တစ်ခုခုကို တာဝန်ပေးမှာပဲ၊ နိမ့်နိမ့်ပါးပါးနေရာမျိုး လုံးဝထားမှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သမီးက ကိုယ့်အရည်အချင်းနဲ့ ရာထူးတက်ရတာမဟုတ်ဘဲ ယောက္ခမကုမ္ပဏီမို့ ရာထူးကြီးရပါတယ်ဆိုတာအပေါ် လက်မခံချင်တဲ့ မာန်တစ်ခု မထားဘူး ဆိုရင်တော့ ...”

“အဲလိုမာန်မျိုးတော့ မထားပါဘူး ဖေဖေရယ်၊ ဘာကြောင့်ပဲ တာဝန်ကြီးကြီးတစ်ခု ယူရ ယူရ ကိုယ့်ပညာ ကိုယ့်အစွမ်းအစနဲ့ အလုပ်တာဝန် ထမ်းဆောင်နေရရင် ထိးကကျေနပ်မှာပါပဲ”

ဖေဖေက ခေါင်းအသာညိတ်ရင်း ...

“ထွက်လိုက်ပါ၊ သမီးယောက္ခမတွေရော ကိုဇေရော အဲသလိုဆန္ဒရှိတာ မမှားပါဘူး၊ သဘာဝလည်းကျတယ်၊ ဖြစ်လည်းဖြစ်သင့်တယ်၊ ဦးမင်းဒင်ကုမ္ပဏီမှာပဲ ဝင်လုပ်ပေးလိုက်ပါသမီး”

ထိးက သက်ပြင်းလေး ချလိုက်ပါသည်။

“သမီး ... ဖုန်းလာနေတယ်၊ အိမ်ရှေ့က သမီးအိတ်ထဲက မြည်နေတယ် ထင်တယ်”

“ရပါတယ် မေမေ၊ ကိုကိုဖြစ်မှာပါ”

“ဘယ့်နှယ် ရပါတယ်လဲ၊ ကိုဇေဆိုရင်လည်း ကိုင်ရမှာပေါ့”

“ဘယ်ရောက်နေလဲ မေးမှာပါ”

“သွားပြောလိုက်လေ၊ ဖုန်းမကိုင်ရင် စိတ်ပူနေမှာပေါ့”





“.........”

“ကိုဇေနဲ့ စိတ်ဆိုးထားတာ ရှိလား”

“မရှိပါဘူး မေမေ၊ သူ အိမ်ပြန်ရောက်လို့ ထိးကိုမတွေ့ရင်၊ ဟိုဘက်အိမ်ကို သွားမေးဦးမှာပဲ၊ သူ့အမေလည်း သိလောက်ပြီလေ၊ ထိး ပြန်မရောက်သေးတာ”

“သမီးရယ် ... အလကားနေရင်း ယောက္ခမစိတ်ထင့်အောင် သို့လော သို့လော ဖြစ်အောင်များ ဘာလုပ်စရာအကြောင်းရှိလို့လဲ၊ မပြောမဆိုနဲ့ အိမ်ပြန်ညမိုးချုပ်အောင် တခြားလျှောက်သွားတယ် ထင်နေပါဦးမယ်၊ မေမေတို့ဆီရောက်နေတာ မြန်မြန်သွားပြောပြမှပေါ့”

“ဟုတ်ကဲ့ပါ မေမေရယ်”

ထိးက အိမ်ရှေ့ထွက်လာကာ လက်ကိုင်အိတ်ထဲက ဖုန်းကို ကိုင်လိုက်ရပါသည်။ ပထမတစ်ကြိမ် ခေါ်ထားတာ မစ်စ်ကောလ်ဖြစ်နေသည်။

“ဟယ်လို ... ကိုကို”

“ထိး ... ထိး ဘယ်ရောက်နေတာလဲ”

“ထိး မေမေတို့ဆီမှာပါ ကိုကို”

“ဟာ ... ထိးရယ်၊ စိတ်ပူလိုက်တာကွာ၊ မေမေတို့ဆီသွားမှာများ ကိုယ့်ကိုလှမ်းမပြောဘူး၊ ပြောရင် ကိုယ်ပါလိုက်လာလို့ရတာပေါ့၊ အိုဗာတိုင်မ်ရှိရင်လည်း ထိးက အမြဲ ပြောနေကျဆိုတော့ ဘယ်များသွားနေလဲလို့”



www.burmeseclassic.com

www.burmeseclassic.com



"ထီးလည်း ဖုန်းဆက်မလို့ပါ၊ ဖေဖေနဲ့ စကားကောင်းနေလို့ပါ ကိုကို"

"ဒီမှာ မေမေလည်း စိတ်ပူနေပြီ ထီးရဲ့"

ကိုကို့စကားကြောင့် ယောက္ခမကို အားနာသလို ဖြစ်သွားရသော ထီးသည် ...

"သူ့အမေအိမ်မှာရော ဟုတ်ရဲ့လား၊ သေချာမေးပါဦး"

နောက်က ခပ်အုပ်အုပ် ဝင်လာသော ယောက္ခမရဲ့ အသံကြောင့် အီလည်လည်အောင့်သက်သက်ဖြစ်ကာ ခပ်မဲ့မဲ့လေး ပြုံးလို့သာ နေလိုက်မိပါသည်။





## ၆

"ဦးလေးသော်ကြီး"

ဦးသော်က နောက်ကြည့်မှန်မှတစ်ဆင့် နောက်ခန်းထဲက နွေ့ကို လှည့်ကြည့်လိုက်ကာ ...

"ဘာလဲ သမီး"

"ဦးလေးသော် သမီးအငယ် ဟိုတစ်နေ့က တုပ်ကွေးဖျားနေတာ ကောင်းသွားပြီလား"

"အဖျားတော့ မရှိတော့ပါဘူး နွေ့ရယ်၊ ဒါပေမဲ့ အခုတုပ်ကွေးတွေက ပြင်းတယ် ပြောတယ်၊ ကောင်းကောင်းတော့ နာလန်မထသေးပါဘူး"

"ဆေးခန်းထပ်ပြဦးလေ"

"ဆေးခန်းတစ်ခါတစ်ခါ ပြရတာလည်း မလွယ်ပါဘူး သမီးရယ်၊ သမီးတို့ကတော့ နည်းနည်းနေမကောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့မိသားစုဆရာဝန်ကို ဖုန်းဆက်လိုက်ပြီး ခေါ်လိုက်ရင် ဆရာဝန်က အိမ်လာကြည့် ကုသပြီး လကုန်တော့မှ လာတဲ့ဘီလ်ကို ရှင်းလိုက်တာဆိုတော့ တစ်ခါဆရာဝန်ပြတာ ဘယ်လောက်ကျတယ်ဆိုတာ အတိအကျသိမှာမဟုတ်ဘူး၊ အိမ်ကမထ, ပြရတာဆိုတော့ ဦးလေးတို့ ဆေးခန်းတစ်ခါပြထက်တော့ ပိုပြီးအများကြီး စရိတ်ကြီးမှာအမှန်ပဲ၊ ဒါပေမဲ့ ကျန်းမာရေးစရိတ်ကြီးတယ်ဆိုရင် သမီးကောင်းကောင်းနားလည်မှာ မဟုတ်ပါဘူးလေ ...

ဦးလေးတို့ကျတော့ အိမ်မှာ မိသားစုငါးယောက်က လစဉ် တစ်ယောက်မဟုတ်တစ်ယောက် တစ်ခါတလေ နှစ်ယောက် နေထိုင်မကောင်း အလှည့်ကျဖြစ်နေလိုက်ရင် အလုပ်လုပ် ပိုက်ဆံရှာနေရတာ ဆရာဝန်ပြဖို့ ရှာနေရသလို ပါပဲကွယ်၊ ဒါတောင် ဆရာက လခကောင်းကောင်းပေးထားလို့ ဆရာ့အိမ်ကားမောင်းရတာ ဦးလေး ကံကောင်းနေပေလို့"

"အပြီး ... ဖေဖေ့ဆီ ကားမောင်းရတာချင်းတူတူ မေမေ့ကားမမောင်းရဲဘဲ နွေ့ကားမောင်းရတာ ပိုတောင်ကံကောင်းတာ မဟုတ်လား"

"ဟဲဟဲဟဲ ... ဦးလေးတို့က ဆရာခိုင်းတာ လုပ်ရမှာပါကွယ်"





"အမယ် ... သမီးခိုင်းတာလည်း လုပ်ရမှာပါနော်"

"အဟင်း ... ဟုတ်ပါတယ်ကွယ်"

နွေတို့ကတော့ Home care Medical Service မျိုးသာ အသုံးပြုသူဖြစ်၍ အပတ်စဉ် ဖေဖေ့အလုပ်နားရက်ဆိုဖေဖေ့ကို ပရက်ရှာတိုင်း သွေးချိုတိုင်း ဟိုစမ်းဒီစစ်လုပ်ဖို့ ဆရာဝန် ပုံမှန်လာလေ့ရှိသလို မေမေ့ကိုတော့ မေမေ အားသလို လိုအပ်သလို လာစစ်ဆေးလေ့ရှိပါသည်။

ရက်ခြားပုံမှန်ကတော့ ဘွားဘွားကြီးကိုကြည့်ဖို့ ဆရာဝန်လာမြဲဖြစ်ပြီး နွေတို့လူငယ်တွေကတော့ ဒီကြားထဲ ကြားဖောက်ဖျားတာနာတာ ချောင်းဆိုးတာ ခေါင်းမူးတာ ဗိုက်အောင့်တာ တစ်ခုခုဖြစ်လျှင် ဖုန်းဆက်လိုက်ရုံပါပဲ။ လကုန်တိုင်း လာလေ့ရှိတဲ့ ကျန်းမာရေးကိစ္စ Bill ဟာ ဘယ်လောက်ရှိလဲ နွေသေချာမသိတာ အမှန်ပါ။

"ဦးလေးသော် သမီးကို ဆေးခန်းထပ်ပြလိုက်ဦးလေ"

"ပေးထားတဲ့ဆေးပဲ ရက်ပြည့်အောင် ဆက်သောက်ပြီး ကောင်းသွားရင် သွားပြမနေတော့ပါဘူး နွေရယ်"

"ပြလိုက်ပါ"

"တစ်ခါပြရင် ဆရာဝန်စမ်းသပ်ခက နှစ်ထောင့်ငါးရာ သုံးထောင်ကွယ့်၊ ဒါတောင် ရိုးရိုးဆရာဝန်ပါ၊ သမားတော် မဟုတ်ဘူး၊ ဆေးတွေဘာတွေဝယ်ရရင် လေးငါးခြောက် ထောင်ဖြစ်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ပြပါဆို ဦးလေးသော်ကလည်း၊ ရော့ ... ပိုက်ဆံနှစ်သောင်းယူလိုက်"

"နေ ... နေပါစေ နွေးရယ်၊ ရပါတယ် မပြတော့ပါဘူး"

နွေ့လက်ထဲက တစ်သောင်းတန် တောင့်တောင့်လေး နှစ်ရွက်ကို ဦးသော်က ငြင်းလိုက်ပါသည်။

"ဦးသော်နော်"

"မဟုတ်ပါဘူး သမီးရယ်၊ သမီးလည်း ဦးလေးကို ပေးတာတွေ များနေပါပြီကွယ်"

ဦးသော်က တကယ်စိတ်အိုက်ကာ ငြင်းမိတာပင်။ သူ့မှာ ယူလည်းတစ်ခက် မယူလည်းတစ်ခက်၊ ဒီကလေးမလေးကလည်း မလွယ်ကြောလေး မဟုတ်လား။

"များတော့လည်း ဘာဖြစ်လဲ၊ ဦးလေးသော်ကို နွေကနွေ လုပ်ချင်တာလုပ်ရဖို့ လာဘ်ထိုးပြီး ပေးနေတယ်လို့ ထင်နေလို့လား၊ လုံးဝမဟုတ်ဘူးနော်၊ ဦးလေးသော်ကိုလည်း နွေကချစ်လို့၊ ဦးလေးသော် သမီးကိုလည်း နေမကောင်းဖြစ်တော့ သနားလို့ တကယ်စေတနာနဲ့ပေးတာပါ၊ သမီးလုပ်ချင်တာ လုပ်တာ မလုပ်တာက သတ်သတ် ...ဟွန်း"

တွေ့လား နောက်ဆုံးစကားက ကျောချမ်းစရာ မဟုတ်လား။ ဦးသော်မှာ သူဌေးရဲ့သမီး သဘောလည်းကောင်းတဲ့ နွေ့ကို ကိုယ့်တူမလေးလို ချစ်ခင်တာလည်းအမှန်၊ လုပ်ချင်တာ လုပ်လွန်း၍ စိတ်ပျက်ကြောက်လန့်တာလည်း အမှန်ပေ။





"ကဲပါ ... ရော့ဆို"

နွေက ပိုက်ဆံနှစ်ရွက်ကို ဦးသော်နံဘေးက နေရာလွတ်လေးမှာ ချထားလိုက်သည်။ ဦးသော်မှာ သက်ပြင်းတစ်ချက်နှင့် မယူချင့်ယူချင် (တကယ့်ကို မယူချင့်ယူချင်ပါ)ကောက်ယူ အိတ်ထဲထည့်လိုက်ရပါသည်။

"ဦးလေးသော် ... ကားကို ကရဝိတ်ထဲချိုးဝင်လိုက်၊ ပြီးရင် ဟိုရှေ့က ရေခဲမုန့်ဆိုင်လေးနားမှာ ရပ်လိုက်ပါ"

ဟင်း ...။ ကြည့်ပါလား။ အဲသလိုနှင့်ပဲ ဦးသော်မှာ နီးရာဓားလည်းကြောက်၊ အဝေးကသေနတ်လည်းကြောက်၊ ဘာလုပ်ရမည်မသိဘဲ စိတ်ရှုပ်ထွေးလှပါသည်။ ဦးသော်ရဲ့တာဝန်ဝတ္တရားတို့က နွေ တစ်ဦးတည်းရဲ့ ယာဉ်မောင်းပါ။ ဒီအိမ်မှာ နွေတစ်ယောက်တည်း သီးသန့်စီးတဲ့ BMW ကို ဦးသော်တစ်လက်ကိုင် မောင်းရသည်။

ဟိုးအရင်ကတော့ ဦးသော်က လစာတစ်သိန်းခွဲပဲရတဲ့ ကုမ္ပဏီယာဉ်မောင်းပါ။ နွေက သူ့ကားသူမောင်းကာပဲ သွားလာတတ်တာ။ အခုလို နွေ့ကို ကိုယ်တိုင်ကားမောင်းပြီး သွားချင်ရာ မသွားလာရတော့ဘူးလို့ ဒေါ်ခင်မမထိပ်က ခြေချုပ်ချလိုက်ပြီးတဲ့နောက် ကုမ္ပဏီယာဉ်မောင်းတွေထဲက ရိုးသားစိတ်ရှည်ပြီး သဘောမနောကောင်းတဲ့ ဦးသော်ကို နွေ့ရဲ့ယာဉ်မောင်းအဖြစ် အိမ်ကားမောင်းဖို့ ပြောင်းခေါ်ယူလိုက်ကတည်းက သူ့မှာ နှစ်ဆဖြစ်သော လခသုံးသိန်းကိုလည်းရ။ ရင်တမမလည်းဖြစ်ရ။



www.burmeseclassic.com

www.burmeseclassic.com



နွေ့ကို ကိုယ်တိုင်ကားမောင်း မသွားလာရတော့ဘဲ ယာဉ်မောင်းနှင့်သာ သွားလာရတော့မည် ဆိုတာကိုက နွေ ဘယ်သွားလဲ ဘာလုပ်လဲ ဆိုတာကို ယာဉ်မောင်းထံကတစ်ဆင့် အကုန်ပြန်သိရနိုင်ဖို့ ရည်ရွယ်ချက်ဆိုတာ ဦးသော်လည်း အသိ မို့လား။ သူ့မှာ ထိမ်ချန်လျှင်လည်း သူဌေးကတော်ထံ သစ္စာဖောက် ဖြစ်ရပါမည်။ ပြန်တိုင်လျှင်လည်း သူချစ်ခင်သော နွေ့ကို ပြဿနာ ပေးရာ ကျပါမည်။

ဘာလုပ်ရပါမလဲ။

နွေ့ထံက အမြဲ ဖောဖောသီသီရတဲ့ မုန့်ဖိုးအပိုငွေကို က လစဉ်သိန်းကျော်ပါသည်။ ဒါကို မမက်ဘူးဆိုလျှင်လည်း လိမ်ညာရာကျမည်။ မက်ပါသည်။ မက်ပင်မက်သော်ငြားလည်း ဒီငွေကိုမက်ပြီး နွေ့ လုပ်ချင်ရာလုပ် ဖြစ်ချင်ရာဖြစ်လို့တော့ သဘောမထားနိုင်ပါ။ နွေ့ကိုတော့ ကိုယ့်သားသမီး မဟုတ်တိုင်း ပစ်စလက်ခတ် ထိခိုက်ပွန်းပဲ့ မခံနိုင်ပါ။

ကိုယ့်မှာလည်း အပျိုမပေါက်တစ်ပေါက် ဆယ့်လေး နှစ်သမီး ရှိတာပဲ။ ကိုယ့်သမီးနှင့် ကိုယ်ချင်းစာတွေးကာ မဟုတ် တရုတ် အဖြစ်မခံနိုင်ပါ။ တာဝန်ကြီးလှ စိတ်ပင်ပန်းလှပါဘိခြင်း။

ကုမ္ပဏီမှာ မောင်းနေကတည်းက သူဌေးမိသားစုရဲ့ သတင်းပလင်း အတင်းအဖျင်းတို့ကို ယာဉ်မောင်းချင်း ဝန်ထမ်း ချင်း ဖလှယ်သိ သိနေခဲ့ပါသည်။ မကောင်းသတင်းရယ်လို့တော့





သိပ်မရှိပါ။ သူဌေးဦးမင်းဒင်ဟာ နာမည်ပျက်မရှိလှတဲ့ သူဌေး။ ဝန်ထမ်းတွေအပေါ်လည်း အင်မတန်ကြည့်ရှုစောင့်ရှောက်တတ်သူ ဖြစ်ပါသည်။ သဘောလည်း ကောင်းပါသည်။

မြန်မာပြည်မှာ ခေတ်ပျက်သူဌေးလို့ ခေါ်ကြတဲ့ ထောင့်ကိုးရာကိုးဆယ်နောက်ပိုင်းမှာ အဆက်အသွယ် ခွင်ကောင်း တွေ့ပြီး တဝုန်းဝုန်း တဟုန်းဟုန်း ဆထက်ထမ်းပိုး တိုးတက်ကာ ကြွယ်ဝချမ်းသာလာတဲ့ သူဌေးစာရင်းဝင် ဖြစ်တဲ့အတွက် အဲဒီ အကြောင်းကို ပြောကြဆိုကြတဲ့ သတင်းအတင်းများတော့ ရှိပါ သည်။

ဒေါ်ခင်မမထိပ်ကတော့ ကုမ္ပဏီမှာ မန်းနေဂျင်း ဒါရိုက်တာလူကြီးတစ်ယောက်လည်းဖြစ်ကာ သူဌေးထက်ပို၍ သတိ ထားဆက်ဆံရတဲ့သူတစ်ယောက်အဖြစ် နာမည်ကျော်ကြားပါသည်။ အပြုံးအရယ်နည်း၍ သူဌေးလောက် သူဌေးကတော်က သဘောမ ကောင်းဘူးရယ်လို့လည်း လူပြောများပါသည်။ မကြိုက်လျှင်မကြိုက် သလို တိတိကျကျ ပြတ်ပြတ်သားသား ပြောတတ်၍ လန့်စရာ လည်း ကောင်းပါသည်။ ဦးသော် ကိုယ်တိုင်လည်း သူဌေးကတော် ကို သူဌေးထက်ပို၍ ရိုန်ပါ ကြောက်ပါသည်။

သားဖြစ်သူ ကိုဧဟောလည်း ကုမ္ပဏီမှာ ဒါရိုက်တာ လူကြီးတစ်ယောက်ပဲဖြစ်ကာ ပေါင်းရသင်းရ ဆက်ဆံရ အဆင် ပြေသူတစ်ယောက်ပါ။ စိတ်သဘောထား နူးညံ့ကာ သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝချမ်းသာမှုအပေါ် ဂုဏ်မောက်ခြင်း အလျဉ်းမရှိတဲ့သူအဖြစ် အားလုံးက သတ်မှတ်ကြပါသည်။ ဝန်ထမ်းအားလုံးအပေါ် ဖေဖေ မမ သက်သက်ညှာညှာ ဆက်ဆံတတ်သူဖြစ်ပြီး သူနှင့်ပတ်သက် သမျှ သတင်းတို့ကတော့ မွှေးပျံ့ကာ အကောင်းချည်းသာများတဲ့ သူပင်။

သမီးအငယ်လေး နွေကတော့ သူ့ရွှေသမီးလေး သက်သက်ပင်။ ဘဝကို ခပ်ပေါ့ပေါ့သာ လျှောက်လှမ်းနေတဲ့ ခေတ်သမီးပျို။ အသုံးအဖြုန်းကတော့ ကြမ်းသည်။ နိုင်ငံရပ်ခြား မှာ ကျောင်းလွှတ်ထားပေမယ့် အချို့သော တော်ရုံတန်ရုံယောကျ်ား လေး အဆိုးများသဖွယ် ကျောင်းလခတွေမသွင်းဘဲ သုံးဖြုန်းကျောင်း မတက်နေကာ အိမ်ကို နည်းမျိုးစုံနှင့်ငွေမှာ၊ ရည်းစားတွေလျှောက် ထားပြီး လည်ပတ်ပေါ့ပေါ့နေနေတာ အိမ်ကသိတဲ့အခါ စာမေးပွဲ လည်းကျ ကျောင်းလည်းဆက်မတက်စေဘဲ ပြန်ခေါ်ယူလိုက်တယ် လို့ ကြားသိဖူးပါသည်။

ကြားတဲ့သတင်းကလည်း အခုအမြင်နှင့်ကြည့်လျှင် မှန်တာသေချာသည်။ ဦးသော် နွေ့ကားကို စမောင်းချိန်ကစပြီး ယခုတွဲနေတဲ့ ကောင်လေးဟာ သုံးယောက်မြောက် ဖြစ်သည်။ သို့သော် ထူးခြားတာကတော့ ရှေ့နှစ်ယောက်ကို တစ်လကျော် နှစ်လနှင့် လမ်းခွဲပြီး ဖြတ်ပစ်ခဲ့တဲ့ နွေဟာ ဒီတတိယကောင်လေး နှင့်တော့ ခြောက်လလောက်ရှိနေပြီ မပြတ်စဲ လမ်းမခွဲသေး။





"ဦးလေးသော် ဘာလုပ်နေတာလဲ၊ ဝင်ပေါက်ဝကြီးမှာ ပိတ်ရပ်ပြီးတော့၊ နောက်ကားတွေ ဟွန်းတီးကုန်ပြီလေ"

"ကလေးရယ် ... ဦးလေးတော့ သမီးကို အလိုလိုက်နေတာ မမသိရင် ..."

"ကဲပါ ... အထဲအရင်ဝင်လိုက်ပါဦး"

ဦးသော်က ဂိတ်မှာပိုက်ဆံပေးရင်း အထဲကိုဝင်လိုက် ရပါတော့သည်။ ရာသီဥတုကောင်းနေတဲ့နေ့မို့ ကန်တော်ကြီးဝင်း ထဲမှာ သာသယာယာရှိသည်။ လူငယ်လေးတွေချည်းသာ။ မိန်းက လေးအုပ်စု ယောကျ်ားလေးအုပ်စု စုံတွဲလေးတွေ ဟိုလျှောက် ဒီလျှောက် အပူပင်ကင်းမဲ့စွာ ပျော်ရွှင်လန်းဆန်းနေကြပါသည်။

ဦးသော်က တစ်နေရာမှာ ကားကိုအေးကပ်ရပ် ရင်း ...

"သမီးနွေ ... မမသိရင် မကောင်းဘူး သမီးရယ်"

"အို ... ဦးလေးသော်ကလည်း အရင်ကလည်း သွားနေကျ ပဲဟာကို"

"အင်းလေ ... ဟိုတစ်ပတ်ကပဲ တွေ့ပြီးတယ်၊ ဒီနေ့တော့"

"ဦးလေးသော်"

နွေ့အသံ ဆတ်ဆတ်လေးကြောင့် ဦးသော် စိတ် အိုက်ကာ အဲကွန်းအေးစိမ့်နေသောကားထဲ ချွေးတောင်ပြန်လာပါ သည်။

www.burmeseclassic.com



"နွေ့ဟာနွေ ဘယ်နေ့တွေ့မယ်၊ ဘယ်နေ့ချိန်းမယ်ဆိုတာ နွေ့ကိစ္စပါ ဦးလေးသော်ရဲ့၊ ဦးလေးသော်က နွေ သွားချင်တဲ့ဆီ လိုက်ပို့ရုံပဲလေ၊ ဖေဖေတို့ မေမေတို့ကလည်း ဒီတိုင်းပဲ မှာထားတာ မဟုတ်လား"

"ဒါပေမဲ့ သမီးသိပါတယ်ကွယ်၊ မမက သမီး ဘယ်သွားတယ် ဘယ်လာတယ် သိရအောင် ဦးလေးကို မောင်းပို့ခိုင်းတာ၊ အခုလို သမီးက ဦးလေးကို တစ်နေရာမှာ ကားရပ်ထားခဲ့ခိုင်းပြီး တခြားကားနဲ့ တက်လိုက်သွားတာသာ သိရင် ဦးလေးကို မမက အလုပ်ထုတ်ရင်ထုတ်၊ မထုတ်ရင် သတ်မှာပဲ"

"မေမေသိဖို့က ဦးလေးသော်ပြောမှ သိမှာလေ"

"မပြောတော့လည်း သမီး တစ်ခုခုဖြစ်ရင် ဦးလေးပယောဂ မကင်းဘူးကွယ်၊ မမဆူမှာကြောက်လို့ တစ်ခုတည်း မဟုတ်ပါဘူးကွယ်၊ သမီးလေးကို ကိုယ့်သမီးလေးလို ကိုယ်ချင်းစာ တွေးကြည့်တာပါ"

"ဘာမှ တစ်ခုခုဖြစ်စရာ အကြောင်းမရှိဘူး၊ နိုင်ငံခြားမှာတောင် ရည်းစားတွေ ထားလာတာ၊ ကိုယ့်မြေကိုယ်ပြန် ရည်းစားထားမှပဲ တစ်ခုခု ဖြစ်ရမယ်လို့၊ နွေ့အသက်အရွယ်နဲ့ ရည်းစားထားပြီး ချိန်းတွေ့တာ သဘာဝပဲ၊ ဦးလေးသော်ကြီးသမီးလည်း ခုငယ်သေးလို့၊ အသက်နှစ်ဆယ့်နှစ်ဆိုရင် ရည်းစားမထားဘဲ ချိန်းမတွေ့ဘဲ နေမယ်ထင်လို့လား"





ဦးသော်မှာ ဘာပြန်ပြောရမှန်းပင် မသိတော့။

"ပြီးတော့ သမီးက ကလေကချေ အစုတ်အပဲ့နဲ့ ကြိုက်နေတာလည်း မဟုတ်ဘူး၊ မေမေသိလည်း သဘောမတူစရာ အကြောင်းမရှိဘူး၊ သူ့အဖေဆိုရင် ဖေဖေနဲ့လည်း ခင်ပြီးသား"

"ဒီလိုဆိုလည်း အိမ်ကိုဖွင့်ပြောပြီး အိမ်မှာပဲ လာလည်တာ လက်ခံတွေ့ဆုံပါလား သမီးရယ်၊ ဒါမှမဟုတ်လည်း လူကြီးတွေ ဖွင့်ပြောထားပြီး ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာ အိမ်ကိုလည်း အသိပေးထားရင် စိတ်အေးရတာပေါ့ကွယ်"

"ခုလည်း သမီးက စိတ်အေးတာပဲဟာ၊ ပူမှမနေတာ၊ လူကြီးတွေထိ ဖွင့်ပြောထားဖို့ဆိုတာက ဒီတစ်ယောက်ကို နွေက ယူမယ် မယူမယ်မှ မသေချာသေးဘဲ၊ ရည်းစားထားရုံပဲရှိသေးတာ၊ ယူဖို့သေချာမှ အိမ်နဲ့ပေးတွေ့မှာပေါ့"

ဘုရား ... ဘုရား။

ယူမယူတောင် မသေချာသေးဘူး ဆိုပဲပါလား။ ပါးစပ်ပေါက်တစ်ရာရှိရင်တောင် ပြောစရာစကားလုံးမရှိဆိုတာ ဒါပဲဖြစ်မှာပါပဲ။

"ကဲ ... ဦးလေးသော့်ကို ရှင်းနေရတာနဲ့ ချိန်းတဲ့အချိန် နောက်ကျနေပြီ၊ တစ်ခါတည်းမှပဲ မေမေ့ထက်တောင်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟုတ်တယ်၊ မေမေတောင် နွေအပြင်ထွက်ပြီး ပြန်လာတိုင်း အသေးစိတ် မစစ်မေးပါဘူး၊ ဦးလေးသော်ကိုရော မေမေက သမီးဘယ်သွားလဲ ဘယ်လာလဲ အခေါက်တိုင်း နေ့တိုင်း မေးလို့လား၊ မမေးဘူး မဟုတ်လား"

"တစ်ခါတစ်ရံတော့ မေးပါတယ်"

"မေးလည်း ညာပြောလိုက်ပေါ့"

အေး ... ကောင်းတယ်လို့သာ အစ္စဲ့တိုက်ပြောလိုက်ချင်စိတ်ပေါက်ရတော့သည်။ ခေါင်းတွေတောင် ကိုက်လာသော ဦးသော်သည် မလိုက်လျှောလို့လည်း မရနိုင်တာ သိနေပါသည်။ သူက ယာဉ်မောင်းလေ။ နွေက မဟုတ်တရုတ် လုပ်ကြံတိုင်တော ပြီး သူ ဒီဒရိုင်ဘာကို မကြိုက်ပါဘူး လုပ်လိုက်ရင် သူပဲလွင့်ရဦးမည်။ နွေ့ယာဉ်မောင်းအဖြစ်က လွင့်ရလျှင် နွေ့ထံကကျသော အပိုဒ်းနပ်စ်တွေ ဘောက်ဆူးတွေ မမက်ဘူးပဲထား ကုမ္ပဏီဘက် ပြန်ဝင်ရင်တောင် သူ့နေရာသူ ပြည့်နေပြီဖြစ်တဲ့ထဲ ပြန်တိုးဖို့ မလွယ်ဖတော့။

ကုမ္ပဏီရဲ့အရန်ယာဉ်မောင်းဆိုလျှင် လစာလည်း အများကြီး လျော့သွားမည်။ တကယ်တမ်း ဝန်ခံရရင်တော့ မပြည့်စုံသော ပုထုဇဉ်ပီပီ နွေ့ထံက မြိုးမြိုးမြက်မြက်ရနေတဲ့ တစ်လ တစ်လ သိန်းကျော်ငွေပမာဏကိုလည်း မက်မိတာကတော့ အမှန်ပဲပေါ့။





"ဦးလေးသော် ... သမီး နောက်ကျနေပြီ"

"အေး ... အေး ... အေးပါကွယ်၊ သမီး သိပ်ကြာကြာမနေနဲ့နော်၊ နောက်တစ်ကြိမ်လည်း မြန်မြန်ပြန်မချိန်းနဲ့၊ ယောက်ျားလေးကတော့ ချိန်းမှာပဲ၊ ကိုယ်က ကြည့်ငြင်းပေါ့"

"အဟီးဟီး ... ဦးလေးသော်လည်း ငယ်ငယ်က အိမ်က အဒေါ်ကြီးကို ဒီလိုပဲ ချိန်းခဲ့တယ် မဟုတ်လား၊ မညာနဲ့နော် ယောက်ျားလေးကတော့ ချိန်းမှာပဲဆို ... ဟီး ဟီး"

အင်း ... ဒီ ရူးသလိုပေါသလို အရှည်မတွေးတဲ့ မိန်းကလေးအတွက် ရင်မောရပါဘိတော့။

"ကဲ ... ရှေ့ဆက်မောင်းတော့လေ၊ ရေခဲမုန့်တွန်းလှည်းလေးနားအထိ"

"အင်း ... အင်း၊ သမီးလေး သွားရင်လာရင်လည်း လူမြင်ကွင်းနေရာလေးတွေပဲ သွားလာနော်၊ မုန့်ဆိုင်တွေ ဘာတွေ ထိုင်စားပေါ့၊ လူမမြင်ကွယ်ရာ မသွားနဲ့နော်"

သူ့မှာ အခြေခံစိတ်သဘောလေး ကောင်းရှာတဲ့ ဘလေးဆန်ဆန် မိန်းကလေးမို့ တရင်းတနှီး ပြောရဲရတာပင်။ တကယ်ဆို သူဌေးရဲ့သမီးကို ခုလို ဩဝါဒခြွေမှတ်ဖို့ သူတို့မှာ အရေးအရာမရှိပါ။

"အဟင်း ... လူမမြင်ကွယ်ရာဆိုတာ ဝါးလုံးခေါင်းထဲတို့ အဝီစိတွင်းထဲတို့၊ လကမ္ဘာတို့ကို ပြောတာမဟုတ်လား၊ သမီး အဲဒီတွေ မသွားပါဘူး၊ စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသော်သည် သက်ပြင်းတရှိုက်ရှိုက်နှင့် နွေခိုင်းတဲ့ နေရာမှာ ရပ်ပေးလိုက်ရပါသည်။

"သမီး ဘယ်လောက်ကြာမလဲ၊ သိပ်မကြာနဲ့"

"နည်းနည်းပါးပါးတော့ ကြာမှာပေါ့၊ ဘာဖြစ်နေလဲ ဦးလေး သော်ကလည်း"

"သမီးမရှိတုန်း မမဖုန်းဆက်နေမှာ စိုးလို့ပါကွယ်၊ သမီး ဖုန်းကိုလည်း ပိတ်မထားနဲ့နော်၊ ဦးလေးဆက်လို့ရအောင်"

"ဟိုနံပါတ်ကို မဆက်နဲ့လေ၊ အဲဒီနံပါတ်ကို သမီးက ဘယ်သူခေါ်ခေါ် Busy Tone ထွက်နေအောင် Setting လုပ်ထားတယ်လေ၊ ဦးလေးသော် ဖိုးတူးဇီးရိုးကိုဆက်လေ အဲဒီဖုန်းက မေမေမှမသိတာ၊ ဦးလေးသော်နဲ့ ချစ်သူနဲ့ သိတဲ့ဖုန်းလေ ... ဟီး ဟီး"

အိမ်ကမိဘမသိအောင် ဖုန်းအပိုကလည်း ဝယ်ထား ဆောင်ထားသေးတာပါ။

"ဦးလေးသော် ဖုန်းကို သူများဆက်ရင် ဧရိယာပြင်ပရောက် နေပါသည်လို့ ဖြေအောင် လုပ်ထားလေ"

"မလုပ်တတ်ပါဘူးကွယ်"

"ဩော် ... ဟိုးတစ်ပတ်က သမီးလုပ်ပေးထားသားနဲ့ အဲလိုလုပ်ထားဖို့အတွက် အဲသလိုလုပ်လို့ရတဲ့ သမီးရဲ့ Hand set အဟောင်းကို ဦးလေးသော်ကို ပေးထားတဲ့ဟာ ကို တကယ်ပဲ"





"ဦးလေးဆီကို ဘယ်သူမှ ခေါ်မရမှာစိုးလို့ သမီး လုပ်ထားတာ ဦးလေး ပြန်ဖြုတ်လိုက်ပြီလေ"

"ဟွန်း ... ဖြုတ်တော့ ပြန်ဖြုတ်တတ်တယ်၊ ပြန်တော့ ဆက်တင်မလုပ်တတ်ဘူး၊ ကဲ ... ပေး ... ပေး"

နွေက ဦးသော်ဖုန်းကိုယူကာ တထောက်ထောက်နှိပ်၍ သူလိုချင်တဲ့ဆက်တင် ပြုပြင်လိုက်ပါသည်။ ဒီလိုလုပ်လို့ရအောင်လည်း ဦးသော်ကို အဲဒီဟန်းဒ်ဆက်အဟောင်း ပေးထားခဲ့တာပင်။

"ကဲ ... ရော့၊ ဒါဆို မေမေခေါ်ခေါ် ဖေဖေပဲခေါ်ခေါ် ကောင်းကင်က သိကြားမင်းခေါ်ခေါ် ဦးလေးသော်ဖုန်းက ဧရိယာပြင်ပ ရောက်နေပါတယ်ပဲ ဖြေလိမ့်မယ်၊ ဟုတ်ပြီလား၊ ဦးလေးသော်သမီးဆီ ဆက်ချင်ရင် ပုံမှန်ပဲဆက်လို့ရတယ်၊ ရော့ ..."

"ဦးလေးဆီ သမီးခေါ်ရင် မရဘဲနေဦးမယ်"

"သမီးက ဘာလို့ခေါ်ရမှာလဲ ဦးလေးသော်ရဲ့"

"ဩော် ... အရေးဟယ် အကြောင်းဟယ် တစ်ခုခု လိုအပ်လို့ ဦးလေးကို လှမ်းခေါ်ချင်လာရင် သမီးဆက်လိုက်ရင် ဧရိယာပြင်ပရောက်နေတယ်ပဲ ဖြစ်နေတော့မှာပေါ့"

"အို ... ဘာအရေးအကြောင်းမှ မရှိဘူး၊ ခေါ်စရာလည်း အကြောင်းကိုမရှိဘူး၊ မဆက်ဘူး စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



နွေ့ထံကဖုန်းကိုယူကာ ဦးသော်က ကမန်းကတန်းကားပေါ်ကဆင်းပြီး နွေ့ဆင်းမယ့် နောက်ခန်းတံခါးကိုဖွင့်ပေးရပါသည်။ နွေကတော့ ကလေးပီပီ သူ့ဟာသူလည်း ဖွင့်ဆင်းလိုက်တတ်တာပင်။ သို့ပေမဲ့ သူဌေးကားတွေမောင်းနေရတဲ့သူမို့ သတိထားရပါသည်။

ဒေါ်ခင်မမထိပ်တို့လို ဆိုလို့ကတော့ ဒရိုင်ဘာက သတိမေ့လျော့ပြီး တံခါးဆင်းမဖွင့်ဖြစ်သေးသမျှ မဆင်းဘဲထိုင်ကိုနေတော့တာပါ။ ဒေါ်ခင်မမထိပ်ကားကို မောင်းရတဲ့ဒရိုင်ဘာကိုတင်ကတော့ ဘက်ပေါင်းစုံက စိတ်ညစ်ရ ကျဉ်းကျပ်ရ ကြောက်ရလွန်း၍ မကြာခဏ ညည်းရှာသည်။

"သမီး ဘယ်လောက်ကြာမှာလဲ"

"သုံးနာရီလောက်ပေါ့"

သုံးနာရီဆိုရင် လေးနာရီလောက်တော့ အသာလေးကြာပြီမှတ်။

"နောက်သုံးနာရီကျ ဦးလေးဖုန်းခေါ်မယ်နော်"

ဦးသော် လှမ်းအော်သံကို နွေက ကြားပုံပင်မရတော့ဘဲ မလှမ်းမကမ်းက ကားတစ်စီးပေါ် မြူးထူးခုန်ပေါက်ကာ အပြေးတက်သွားခဲ့ပါသည်။

✧ ❦ ✧





## ၇

သာယာသော နံနက်ခင်းကလေးတစ်ခုမှာ ထီးက ကြည်ကြည်လင်လင် နိုးထလာပါသည်။ ဒီနေ့အလုပ်ပိတ်ရက်လည်း ဖြစ်သည်။ နေ့လယ်နှစ်နာရီမှာတော့ ကိုကိုနှင့်အတူ ဖေဖေတို့ မေမေတို့လည်း ပါဝင်သော ကုမ္ပဏီတွင်း အစည်းအဝေးတစ်ခုတော့ တက်စရာရှိပါသည်။

ဧကေ စောင်ပုံကြီးအောက်မှာ အိပ်မောကျဆဲ။ ဖေဖေ့လိုပင် အလုပ်တန်းတူများတဲ့ ကိုကို အိပ်ပါစေဟု ထီးက တိတ်တိတ်ကလေး အိပ်ရာက ထ,ခဲ့သည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ကာ ဘုရားခန်းထဲဝင်၍ ဘုရားရှိခိုးဖို့ကိစ္စဆောင်ရွက်ရသည်။ ကိုယ်ပိုင်ဘုရားခန်းကလေးထားဖို့ပင် မေမေ ဒေါ်ခင်မမထိပ်နှင့် စကားအနည်းငယ် အချီအချပြောကာ တောင်းဆိုခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို အိမ်ကြီးဘက်ကူးကာ လုပ်စေချင်သော မေမေက Breakfast လည်း ဟိုဘက်ကူးစား၊ ထမင်းဘူးလည်း ဟိုဘက်ကယူ၊ နေ့လယ်စာ ညစာတွေလည်း ဟိုဘက်အိမ်ပဲကူးစားစေချင်သလို ဘုရားကိုပါ ဟိုဘက်အိမ်က ဘုရားခန်း၌သာရှိခိုးစေချင်တာကတော့ တစ်ဆိတ် တစ်ယူသန်လွန်းတယ် မဟုတ်လား။

"ဘုရားခန်းသန့်ရှင်းရေးတို့ ဘုရားဝေယျာဝစ္စ၊ ဘုရားရှိခိုးတာရော ဒီဘက်မှာ ဘွားဘွားကြီးနဲ့ပဲ အတူတူလာလုပ်ပေါ့၊ ဘွားဘွားကြီးလည်း အဖော်ရတာပေါ့၊ ဘွားဘွားကြီးကို ဘုရားစာလေး ဘာလေးလဲ ဖတ်ပြပေါ့"

ဘွားဘွားကြီးကို လျစ်လျူတော့ရှုမထားလိုပေမယ့် ဘွားဘွားကြီးနံဘေးထိုင်လျက် ပရိတ်ကြီး ဆယ့်တစ်သုတ်စာအုပ်ကိုင်ရွတ်ဖတ်ပြနေဖို့အထိတော့ ထီးမှာ အချိန်မပိုတာ အမှန်ပေ။ ကိုယ်ပိုင်တဲ့ အချိန်ပိုလေး ကိုကိုနှင့် သုံးစွဲဖြုတ်သန်းချင်သေးသည်။

"ဘွားဘွားကိုလည်း တတ်နိုင်သလောက် အဖော်လုပ်ပေးပါ့မယ် မေမေ၊ ဒီဘက်ဘုရားခန်းဝေယျာဝစ္စလည်း ရုံးအားရက် လာလုပ်ပေးပါ့မယ်၊ ဒါပေမဲ့ ဟိုဘက်အိမ်မှာတော့ ဘုရားခန်း ဘုရားစင်ထားမှ အဆင်ပြေမှာပါ"

"ဟုတ်သားပဲ ခင်မ၊ တစ်ခြံထဲ တစ်ဝင်းထဲမို့ ဟိုဘက်မှာ မချက်မပြုတ်တာက ကိစ္စမရှိဘူး၊ ဘုရားခန်းတော့ ထားပစေပေါ့"





"ဟုတ်တယ် မေမေ၊ သားလည်း ဘုရားရှိခိုးဦးချဖို့လေးက အစ ဒီဘက်အိမ်ကူးလာနေဖို့က မဟုတ်သေးပါဘူး"

ဖေဖေရော ကိုကိုရော ဝင်ပြောလို့သာ မေမေ ဘာမှမပြောတော့တာပါ။ ဒီဘက်မှာ ထမင်းဟင်း မချက်ပြုတ်တဲ့အတွက် မနက်ဘုရားဆွမ်းတော်ကပ်ဖို့အတွက်ကို ဟိုဘက်ကိုကူးပြီး ဗန်းနှင့်လည်း သယ်ယူလာမနေချင်တော့ပါ။ ထီးတို့ဘက်က ဘုရားဆွမ်းတော်ဟာ သစ်သီးတို့ ကိတ်မုန့်တို့သာ ဖြစ်ရပါတော့သည်။

ထီးက ဘုရားကို ပန်းသီးဆွမ်းကပ်၊ ဘုရားမီးပူဇော် ဘုရားရှိခိုး စသည့်ကိစ္စများ ဆောင်ရွက်ပြီးတဲ့နောက် အိပ်ခန်းပြင်ဘက်က ဝရန်တာဆီ ထွက်ခဲ့ပါသည်။ ဒီဝရန်တာလေးကနေ တစ်ခြံလုံးနီးပါးကို မြင်ရသည်။ ကိုကိုတို့ ခြံကြီးဟာ ကျယ်လည်းကျယ်သလို Land scaping ကို သေချာကျနစွာ လုပ်ထား၍ လှပခေတ်မီလွန်းပါသည်။

ထီးရဲ့ဝရန်တာမှဆီးကာ မြင်နေရသော စိမ်းပြာလဲ့သည့် ရေကူးကန်ကြီး အတွင်းမှာတော့ မနက်စောစောစီးစီး မွေ့က ရေကူးနေပါသည်။ ရေကူးကန်မှာ ကန်ပေါင်နံဘေးက အပန်းဖြေခုံကလေးတွေ၌ ထိုင်ဖူးတာကလွဲ၍ ထီး တစ်ခါမှ ရေမကူးဖူးပါ။

တစ်ညနေခင်းမှာ မိသားစု ကန်နံဘေးထိုင်ဖြစ်ကြတဲ့အခိုက် ကိုကိုက ရေကူးဦးမည်ဟု ထိုင်ရာကထကာ ထီးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အတူရေကူးဖို့ အတင်းခေါ်သည်။ ထီးက အဖြေမပေးရ သေးမီ မေမေက ...

"အသားကပ်ဘောင်းဘီရှည်လေး ဘာလေး ရှိတယ်မဟုတ်လား၊ အဲဒါ ခံဝတ်ပြီး အပေါ်က တင်ပါးဖုံးစကတ်တိုပါတဲ့ ရေကူးဝတ်စုံမျိုး ဝတ်ပေါ့၊ လုံခြုံတာပေါ့၊ မရှိရင်ဝယ်ထားလေ"

မေမေဝင်ပြောတဲ့ စကားကြောင့် ထီးက တစ်မျိုးကြီးဖြစ်သွားရပါသည်။ ထီးတင်မက အားလုံးပဲ တစ်မျိုးကြီးဖြစ်သွားမှာပါ။ မေမေ့စကားအဓိပ္ပာယ်က ထီးကို ရေကူးရင် အတွင်းသားမပေါ်စေနဲ့လို့ သတိပေးတားမြစ်လိုက်တဲ့သဘောပဲ မဟုတ်လား။

တိုးတိုးတိတ်တိတ် ကျိတ်ပြောရင်လည်းတစ်မျိုး၊ အားလုံးရှေ့မှာမို့ အားလုံး နေရထိုင်ရခက်ရသည်။ ဒီအိမ်မှာ ယောကျ်ားနှစ်ယောက်ပဲ ရှိတဲ့အထဲ ကိုကိုက ကိုယ့်ခင်ပွန်းယောကျ်ား၊ ကျန်တစ်ယောက်က ယောက္ခထီး။ ဒီတော့ မေမေ့စကားက ယောက္ခထီးရှေ့ ကိုယ်လုံးမပေါ်စေနဲ့ဆိုတဲ့ အဓိပ္ပာယ်လည်းသက်ရောက်ပါသည်။

မေမေ့စကားကို အပြစ်မြင် ဗွေယူလို့လည်း မရ၊ ကသိကအောက်လည်းဖြစ် အတော်နေရထိုင်ရ ကျပ်တာပါ။ အဲဒီနေ့ကလည်း ထီးက ကိုကို့ကို "ချမ်းတယ်" လို့သာ တိုတိုငြင်းလိုက်ပြီး နောင်လည်း ဘယ်တော့မှ ရေကူးကန်ထဲ မဆင်းဖြစ်ပါ။



မေမေကိုယ်တိုင်လည်း သူပြောတဲ့အတိုင်းသာ ဝတ်ဆင်ပြီး ရေကူးကန်ထဲ ဆင်းလေ့ရှိသည်။

သူ့ဟာသူ အသားကပ်ဘောင်းဘီရှည် ခံဝတ်တာကတော့ ဝအိဆူဖြိုး အဆီတက်စပြုတဲ့ သူ့ပေါင်လုံးသားများကို သူ့ဟာသူ ဖုံးကွယ်ချင်တာလို့ပဲ ထီး နားလည်ယုံကြည်သည်။ အသက်ငါးဆယ်ကျော် ငါးဆယ့်ငါးနှစ်လောက်ရှိပြီဖြစ်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ကျောပြင်၊ ဗိုက်သား၊ ပေါင်သားတို့ဟာ တင်းရင်းချပ်ရပ် သွယ်လျ၍တော့ ဘယ်နေပါတော့မလဲ။

အင်မတန် အလှအပ အသပ်အရပ်ကြိုက်တဲ့ မေမေဟာ သူ့ရဲ့အလှပျက်တဲ့ အစိတ်အပိုင်းတို့ကို အမြဲသတိထားဖုံးဖိကာကွယ်တာ ထီး သတိပြုမိပြီးသားပါ။ အဲဒီထက်ပို၍ (မငုံ့မရဲ) စွပ်စွဲရလျှင်ဖြင့် မေမေဟာ အသက်အစိတ်ကျော်ချေးမ "ထီးဖြူခင်" နှင့်လည်း အလှချင်းပြိုင်ချင်သေးတာပါပဲ။

ဒေါ်ခင်မမထိပ် အင်မတန်ကို ကျက်သရေရှိလှပပါသည်။ ဆင်ယင်ထုံးဖွဲ့ခြင်း၌လည်း ကျွမ်းကျင်ပါသည်။ အလှအပအတွက် ခေတ်မီသောမျက်စိအမြင်လည်း ရှိပါသည်။ ပွဲလမ်းအခမ်းအနားတစ်ခုထဲ သူမဝင်လာလျှင် လူအများ အာရုံစိုက်ကြည့်ရှုခြင်းကို ခံရဆဲဖြစ်ပါသည်။

သို့ပေမဲ့ အသက်ငါးဆယ့်ငါးက ငါးဆယ့်ငါး၊ အသက်နှစ်ဆယ့်ငါးက နှစ်ဆယ့်ငါးပဲလေလို့သာ ထီး ပြောချင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထီးလည်း အကျည်းတန်မမှ မဟုတ်တာ။ ထီးက မင်းသမီးလို ချောမောလှပတာထက် ဆန်းကြယ်ခေတ်မီသော ရုပ်အဆန်းကလေးမျိုး ပိုင်ဆိုင်သည်။ ထီးရဲ့အရုပ်အမောင်းနှင့် ခန္ဓာကိုယ်ဖွဲ့စည်းမှုက မယ်လိုမလှပေမယ့် ကြော့ရှင်းတင့်တယ်သည်။ လည်တိုင်သွယ်လေးမှာ နားနောက်ညှပ်ထားသော ဆံပင်တိုကုပ်ကလေးကြောင့် ထင်းကြော့နေတာမျိုးပါ။

ထီးရဲ့ထူးခြားချက်အလှကတော့ ပိန်သွယ်ကြော့ရှင်းနေပေမယ့် ဘယ်နေရာမှ အရိုးအဆစ်အမြစ် ရင့်ရင့်ရော်ရော်ပေါ်မနေကာ ဖယောင်းတုံးကလေးကို ထုဆစ်ထားသည့်နှယ် အသားအရေလေးတွေကအစ ပြေပြစ်ချောမွတ်တင်းရင်း ဝင်းလက်နေတာပင်။

ဘယ်သူပိုလှတယ်လို့ ဘယ်လိုပြောရမှာပါလိမ့်။ ထီးရဲ့အမြင်ကတော့ မိန်းမတွေဟာ ကိုယ့်ကိုယ်ကိုယ် ကြည့်အကောင်းဆုံးဖြစ်အောင်သာ မွမ်းမံပြင်ဆင်ဖို့လိုသည်၊ အခြားလှပသော မိန်းမတစ်ယောက်ယောက်နှင့် ကိုယ့်ကိုယ်ကိုယ် ယှဉ်ဖို့မလို။ ဘယ်သူကပိုလှတယ်ဆိုတာဟာ ကြည့်ရှုသူအကြိုက်ပေါ်လည်း မူတည်သေးသည်။ အလှအပတရားအတွက် အခြေခံပြည့်စုံဖို့လို အပ်သောအချက်လေးတွေရှိပေမယ့် တိကျသော စံသတ်မှတ်ချက်မရှိပါ။

လူတိုင်းဟာ တစ်ယောက်တစ်မျိုး လှပကြတယ်မဟုတ်လား။





အတူသွားမည့် ပွဲလမ်းတစ်ခုခုမှာ ထီးက ကိုယ့်အပြင်အဆင် ကိုယ်ကျေနပ်ပြီး လှပတယ်ထင်ပြီး ထွက်လာတဲ့အခါမျိုးမှာ မေမေက "ဘယ်ဟာကဖြင့် ဘယ်လိုမလှဘူး၊ ဘယ်ဟာကဖြင့် ကိုးလိုးကန့်လန့်ဖြစ်နေတယ်"စသဖြင့် ပြန်လဲလှယ်ခိုင်းမှုတာပင် ရှိခဲ့လေသည်။

"နေပါစေတော့ မေမေ၊ အဆင်မပြေလည်း နေပါစေ၊ ထီး မလဲတော့ပါဘူး"

ထီးကလည်း ဖွတ်ပင်ပြန်မလဲလှယ်ပါ။ ချွေးမလုပ်သူရဲ့အဝတ်အစား အပြင်အဆင်ကို (လျှပ်ပေါ်လော်လီပြီး ဟိုဖော်ဒီဖော် လူမြင်မတင့်တယ်စရာ အရှက်သိက္ခာမဲ့နေတာကလွဲလျှင်) ယောက္ခမက ကန့်ကွက်လဲလှယ်ခိုင်းခွင့် အခွင့်အရေးမရှိဘူးလို့ပဲ ထီး ယုံကြည်နားလည်သည်။

"ကြည့်မကောင်းလို့ ပြောနေတာ၊ နဂိုအခံလေးက လှရက်နဲ့ ဒီနေ့ ဘာပုံကြီးဖြစ်နေမှန်း မသိဘူး"

အဲဒီအခါ ထီးသည် တကယ်လည်း ရယ်ချင်မိတာနှင့်ရောက်ကာ သူလည်း အမျက်မရှအောင် တခစ်ခစ် ရယ်ပစ်လိုက်ရပါသည်။

"ခစ် ခစ် ... ရပါတယ် မေမေရယ်၊ ထီးက ကိုယ့်ကိုယ်ကိုယ် လှလှပြီထင်ပြီး ဒီလိုဝတ်ထားတာဆိုတော့ မလဲတော့ပါဘူး၊ ကိုယ့်ဟာကိုယ်တော့ ကျေနပ်နေတာပဲ ... ခစ်ခစ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဟုတ် မဟုတ်ဟုတ် ထီးစိတ်ထဲ တဖြည်းဖြည်း သိနားလည် လက်ခံလာတော့ကတော့ ဒေါ်ခင်မမထိပ်ဟာ ထီး လုပနေလျှင် သိပ်သဘောမကျ၊ အလှချင်း တိုက်တခိုးပြိုင်တယ် ရယ်လို့ပင်။ သူ့အလှကိုကျော်လွန်၍ သူ့ထက်ပိုပွဲလည်မတင့်စေလို။ အဲဒါကိုတော့ ထီး နားလည်ပေးနိုင်သည်။ ပွဲလမ်းတို့၌ ကုမ္ပဏီ ဥက္ကဋ္ဌ၏ဇနီးသည် ချွေးမဒါရိုက်တာထက် ပိုမိုထင်ရှားပွဲလည်တင့် ရမှာ သဘာဝကျပါသည်။

တစ်ခုရှိသေးတာက "နွေ"နှင့်လည်း အမြဲနှိုင်းယှဉ် တတ်တာပင်။ အမှန်တိုင်း ပြောရလျှင် နွေကလေးဟာ မေမေ့သား သမီးနှစ်ဦးအနက် အစ်ကိုဖြစ်သူ ဖေလောက် မလှရှာတာပင်။ ဒီရုပ် ဒီရည် ဒီအဖေ ဒီအမေက မွေးခဲ့၍ ကြည့်မကောင်းဘဲတော့ မရှိ။ ချို့ယွင်းအားနည်းချက်လေးတွေ ရှိတာသာ။ ကိုကိုက မေမေ နှင့်တူကာ မိဘနှစ်ပါးထံမှ အကောင်းလေး အလှလေးတွေ စုပြုံ လက်ဦးယူသွားခဲ့ပြီး နွေက ဖေဖေနှင့်တူကာ မိဘနှစ်ပါးထံက အားနည်းချက်လေးတွေပါ အမွေရထားတာမျိုးပါ။

ဖြူဆွတ် လင်းလက်သော အသားအရေနှင့် complexion ကောင်းလွန်းလှ၍ နွေက ဘာပဲဝတ်ဝတ် ထင်ပေါ် လိုက်ဖက်သည်။ နွေ့အရုပ်ဟာ ငါးပေနှစ်လက်မမို့ ပုလှတယ် မဆိုသာပေမယ့် ဒီအဖေ ဒီအမေ ဒီအစ်ကို ဒီယောက်မတို့ရဲ့အရုပ် အမောင်းတွေကြားမှာ မထည်ဝါပါ။ သို့ပေမဲ့ နွေက ခြေဖျား





ထောက်ထားရသလို မြင့်သော လှပဆန်းကြယ်သည့် ဟီးလ်အမြင့် တွေ စီးတတ်၍ ကြွားကြွားဝံ့ဝံ့တော့ ရှိပါသည်။

ဒါ့အပြင် နွေက ခေတ်လူငယ်ပီပီ ဂျစ်ပဆီဆန်ဆန် ခေတ်ဂေါ်လီဆန်ဆန် ဆင်ပြင်ဝတ်စားတတ်သူဖြစ်ရာ သူ့ကိုကြည့် လျှင် ခပ်မိုမိုလေးတော့ ဖြစ်နေပေမယ့် ကျက်သရေရှိ၍ လှပတင့် တယ်မှုမျိုးတော့ နွေ့၌ မထင်ဟပ်ပါ။

ဒါကိုကြည့်၍ အားမလိုအားမရသော မိခင်က သူ နှင့် ထီးတို့ကဲ့သို့ မဟာဆန်ဆန် ကျက်သရေရှိရှိ အဆင်အပြင်မျိုး တွေ နွေ့ကို ဖွတ်ဆင်ချင်သည်။ ဤသည်မှာ သူတို့သားအမိနှစ်ဦး အကြားက ထာဝရပဋိပက္ခပင်။ ရန်ဖြစ် စိတ်ကောက်ငိုယိုစသည် ဖြင့် ပွဲသိမ်းရတတ်ကာ ပြန်ထွက်လာလျှင် နွေက ဆံပင်ရှုပ်ပွပွ ဖဲန်စီပုတီးလက်ကောက် လက်စွပ်ပြူးတူးပြဲတဲကြီးတွေနှင့် ဟော့ရှော့ ဒီဇိုင်းနှင့်သာ။

ထီးက ဝရန်တာကနေ နွေရောက်နေတာကိုကြည့်ရင်း အတွေးတွေ ပျံ့ကျဲကာ ပြုံးပြုံးလေး ဖြစ်နေမိတာပင်။

ခုလည်းကြည့် ...။

ချွေးမကို ရေကူးဝတ်စုံအောက်က အသားကပ် ဘောင်းဘီရှည် ခံဝတ်ရမည်ဟု ပညတ်ထားသော်လည်း သမီး ဖြစ်သူ "နွေ"ကတော့ တစ်ဆက်တည်း ရေကူးဝတ်စုံပင်မဟုတ်။ အပေါ်တစ်ပိုင်း အောက်တစ်ပိုင်း ဘီကီနီ ပန်းဆီတောက်တောက်



www.burmeseclassic.com

www.burmeseclassic.com

အပွင့်ကလေးနှင့်။ ကြည့်လို့လှပါသည်။ သူ့အသားက ဖြူစင်တောက်ပလွန်း၍ အရောင်တောက်တောက်ဝတ်ထားလျှင် ပေါ်လွင်ထင်ရှား လှပလွန်းတာပါ။

ယောက်မကို ဘာပြဿနာမှမရှာ (တကယ်တော့ စိတ်လည်းသိပ်မဝင်စား) ခင်ခင်မင်မင် အဆင်ပြေပြေ ဆက်ဆံတတ်သော နွေ့ကို ညီမရင်းလေးတစ်ယောက်လို ထီးသဘောထားပါသည်။ ထီးမှာလည်း ညီအစ်ကိုမောင်နှမ ရင်းချာမှ မရှိတာ။

သို့သော် ...။

သို့သော် ဤယောက်မ ညီမလေးသည် ထီးစိတ်ရှုပ်ရင်မော ဦးနှောက်ခြောက်ရမည့် ကိစ္စရပ်တစ်ခုကိုတော့ အစပျိုးထားပြီတည်း။

ထီးက တစ်စုံတစ်ရာကို သတိရကာ ကားဂိုဒေါင်ဘက် လှမ်းကြည့်လိုက်ပါသည်။ ဒီအိမ်ကကားတွေမောင်းတဲ့ ဒရိုင်ဘာသုံးယောက်စလုံး ရောက်နေကြပြီ။ ဂိုဒေါင်ရှေ့မှာ ကုလားထိုင်လေးတွေနှင့် စားပွဲချကာ အိမ်ထဲကပို့ပေးထားသော နံနက်စာကို စားနေကြပုံပင်။

ထီးက တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်လိုက်ပြီး ဝရန်တာမှ ခပ်သွက်သွက်ဝင်ကာ ခြံထဲဆင်းလာခဲ့သည်။ တစ်ခြမ်းကို ပန်းစင်တွေနှင့် ကာရံထားသော ရေကူးကန်ကို ပန်းစင်အကွယ်မှ ဖြတ်သန်းကာ ဂိုဒေါင်ဘက် လျှောက်လာခဲ့ပါသည်။





ထီးလျှောက်လာတာမြင်လျှင် ယာဉ်မောင်းများက အစားရပ်ကာ မတ်တတ်ထရပ်ကြပြီး ဘာကိစ္စများပါလိမ့်ဟု ခရီးဦးကြိုပြုကြသည်။

ထီးက အပြုံးလေးနှင့် ...

"Breakfast စားနေကြတာလားရှင့်"

"ဟုတ်ကဲ့ ခင်ဗျ"

"စားကြပါ၊ စားပြီးရင် ကျွန်မ ဦးသော်ကို တစ်ခုလောက် မေးချင်တာရှိလို့ပါ၊ လမ်းကြောလေးတစ်ခုလောက် မေးမလို့ပါ၊ စားပါဦး ... ကျွန်မ ဟိုဘက် Green house လေးထဲမှာ ရှိနေပါမယ်"

"ဦးလေးက စားတာပြီးနေပါပြီ၊ ရေနွေးသောက်နေတာပါ"

"တကယ်လား ဦးလေး၊ တကယ် ပြီးရဲ့လား"

"ပြီးပါပြီ ... တကယ်ပြီးပါပြီ"

"ဒါဖြင့် ခဏလောက်နော် ဦးလေး"

"ဟုတ်ကဲ့"

ထီး ဦးဆောင်လျှောက်သွားသော Green house လေးဆီ ဦးသော် နောက်ကပါလာပါသည်။ ဒရိုင်ဘာတွေထဲမှာ နွေ့ကားမောင်းသူ ဦးသော်သာ လူကြီးဖြစ်ပြီး ဖေဖေနှင့်မေမေ့ကားမောင်းသူတွေကတော့ အသက်သုံးဆယ်လောက် လူရွယ်တွေပါ။ အားလုံးဟာ လက်ရွေးစင်တွေချည်းဖြစ်ကာ ရုပ်ရည်လည်း သန့်ပြန့်ရည်မွန်၍ ကျိုးနွံယဉ်ကျေးမှုလည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထီးက အနုစိတ် ပြုစုစောင့်ရှောက်ရသော သစ်ခွမျိုးတွေထားရာ မှန်လုံအဆောက်အအုံထဲ ဝင်လာခဲ့ပါသည်။ ထို မှန်အိမ်ကလေးထဲမှာ သစ်ခွပင်လေးတွေအတွက် လိုအပ်သော အပူအအေးကို ချိန်ညှိထားပါသည်။

"ဦးသော်"

"ဟုတ်ကဲ့"

ထီးက ဦးသော်ကို စေ့စေ့ကြည့်လိုက်ပါသည်။

"ဦးသော်ကို ကျွန်မ တစ်ခုမေးစရာရှိလို့ပါ"

"ဟုတ်ကဲ့ ... မေးပါ သမီး"

"ကြာသပတေးနေ့က ဦးသော် နွေ့ကို တစ်နေရာရာလိုက်ပို့ရသလား၊ အခု မေမေက နွေ့ကို ကားမမောင်းနိုင်းတော့ နွေအပြင်ရောက်နေတယ်ဆိုရင် ဦးသော်နဲ့ပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မ ထင်လို့ပါ"

ဦးသော် မျက်နှာက ကွက်ခနဲ ပျက်သွားပါသည်။ ခေါင်းလည်း ငုံ့ကျသွားပါသည်။ ထီးက သက်ပြင်းလေးတစ်ချက် ချလိုက်မိသည်။ ဦးသော် အမူအရာပျက်ပုံက ဆက်မေးနေဖို့ပင် မလိုအောင်ပါ။ ထီးထင်တဲ့အတိုင်း နွေ တိတ်တိတ်ခိုးလုပ်နေတဲ့ ကိစ္စတစ်ခုကို ဦးသော် တတပ်တအား ကြံရာပါ ပါနေပြီပေါ့။

ဦးသော်အနေနှင့် နွေ့ကိုလွန်ဆန်နိုင်ဖို့လည်း မလွယ်ဘူးဆိုတာ ထီးနားလည်ပါသည်။





"ကျွန်မမေးတာ ဖြေပါဦး ဦးသော်"

"ဦး ... ဦးလေးလည်း ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"ဦးလေး"

သိပ်မရင်းနှီးလှတဲ့ ဦးသော်ကို ထီးက တရင်းတနှီးပဲ ခေါ်လိုက်ပါသည်။

"........"

"နွေ့ကို နွေ့ကားမဟုတ်တဲ့ တခြားကားတစ်စီးပေါ်မှာ ဦးလေးမဟုတ်ဘဲ တခြားယောကျ်ားတစ်ယောက် မောင်းသွားတဲ့ဘေးက ထိုင်လိုက်သွားတာ ကျွန်မတွေ့လိုက်တာပါ"

"မမကို ပြန်မတိုင်ပါနဲ့ တူမရယ်"

"မတိုင်ပါဘူး ဦးလေး၊ တိုင်ချင်ရင် ဦးလေးကို ခုလိုတောင် ပြောမနေတော့ပါဘူး"

"ဟုတ်ပါတယ်၊ ဦးလေးလည်း နွေ့ကိုတားပါတယ်၊ ဖျောင်းဖျပါတယ်၊ ဒါပေမဲ့ နွေက ပြောမရလို့ပါ"

"အဲဒါလည်း ကျွန်မ နားလည်ပါတယ်၊ နွေက ဇွတ်ခိုင်းရင် ဦးလေးလည်း ဘာမှမတတ်နိုင်ဘူးဆိုတာ သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ဦးလေး မေမေသိသွားတဲ့တစ်နေ့ ဦးလေး ဒုက္ခရောက်လိမ့်မယ်"

"ဦးလေးလည်း အဲဒါကို စိတ်ညစ်နေတာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအပြင် ဒီလူက နွေ့အပေါ် မကောင်းခဲ့ရင် မမျှော်လင့်တဲ့ပြဿနာတစ်ခုခု ဖြစ်ခဲ့ရင် မိုးမီးလောင်လိမ့်မယ်ဆိုတာ ဦးလေး သိမှာပါ"

"သိပါတယ် တူမကြီးရယ်"

"အခု ကျွန်မ မတော်တဆတွေ့သလို မေမေလည်း မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် မတော်တဆ တွေ့သွားနိုင်တယ်ဆိုတာ ဦးလေး စဉ်းစားပါ"

"ဟုတ်ကဲ့ပါ၊ နောက်ကို ဦးလေး နွေ့ကိုလည်း ချော့ပြောပါ့မယ်၊ ဒီတစ်ခါတော့ မမ မသိပါစေနဲ့နော်၊ ဦးလေး အလုပ်ပြုတ်မခံနိုင်လို့ပါကွယ်"

"ကျွန်မ မေမေ့ကို မပြောပါဘူး စိတ်ချပါ ဦးလေး။ ဒါပေမဲ့ မေမေများ သူ့ဟာသူ တစ်နည်းနည်းနဲ့ သိသွားခဲ့ရင်လည်း ကျွန်မတိုင်တယ် မထင်ပါနဲ့၊ ကျွန်မကလည်း ဒီမိသားစုထဲ ဝင်ရောက်တော်စပ်လာရတဲ့ အပြင်လူပါပဲ၊ စေတနာနဲ့ မေမေ့ကို အသိပေးရင်တောင် နားလည်မှုလွဲမှားရင် တစ်မျိုးတစ်မည် အထင်ခံရနိုင်တာမို့လို့ အသိကိုမပေးချင်တာပါ"

"ဟုတ်ကဲ့"

"ဒါပေမဲ့ နွေ့မှာတော့ အန္တရာယ်တစ်စုံတစ်ရာ အဖြစ်မခံနိုင်ဘူး ဦးလေး၊ နွေက ကျွန်မညီမ နေရာမှာပါ"





"ဟုတ်ပါတယ် တူမကြီးရယ်၊ ဦးလေးလည်း အန္တရာယ် မရှိနိုင်ပါဘူးလေလို့ ပေါ့ပေါ့တွေးမိလို့ပါ၊ လူငယ်လေး မိဘများကလည်း သူဌေးနဲ့ ခင်ကြတယ်လို့ နွေကပြောလို့ပါ"

"ဪ ... နွေက အဲသလိုပြောသလား"

"ဟုတ်ပါတယ်၊ အဲလို တကယ်ပြောတာပါ"

"ဟုတ်တယ် ဦးလေး၊ ဒီလူရဲ့အဖေက ဖေဖေနဲ့အရင်းအချာကြီး မရင်းနှီးပေမယ့် လုပ်ငန်းချင်းဆက်စပ်မှုရှိလို့ ပတ်သက်ဆက်ဆံမှုလည်း ရှိပါတယ်၊ ဒါပေမဲ့ ဒီလူရဲ့အမေကိုတော့ မေမေက အင်မတန်မျက်မုန်းကျိုးတာ"

"ဟင် ... ဒီလူငယ်ကို ငါ့တူမကြီးက သိတာပေါ့"

"ဟုတ်ကဲ့ ... ကျွန်မ သိပါတယ်"

"........."

"မေမေ လုံးဝလက်သင့်ခံမယ့်သူ မဟုတ်တဲ့အတွက် မေမေ သိတာနဲ့ ပြဿနာကြီးမားမှာပါ၊ ကျွန်မ အခုပြောတာကို ဦးလေး ယုံပါ၊ အဲဒီလူကိုရော၊ သူ့အမေကိုရော မေမေ ဘယ်နည်းနဲ့မှ မနှစ်မြို့ပါဘူး၊ လက်သင့်လည်း မခံနိုင်ပါဘူး၊ ကျွန်မ သေချာသိပါတယ်"

ဦးသော် မျက်နှာလေးက လူကြီးတန်မယ့် မျက်နှာငယ်လေး ဖြစ်နေရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးနွေက ငယ်သေးတော့ ဒီလိုကိစ္စမျိုးက ရှိကတ်တာပါပဲ၊ နောင်လည်း ဦးလေးကို သူ့ အကျပ်ကိုင်ပြီးဖြစ်စေ နှဲ့ဆိုး,ဆိုးပြီးဖြစ်စေ တောင်းဆိုလာနိုင်သေးတာပါပဲ၊ ဦးလေးရပ်တည်မှု မှန်ဖို့လိုပါတယ်"

"နွေကပြောတော့ ဦးလေးလည်း ဘယ်လိုငြင်းရကောင်းမှန်း မသိပါဘူး သမီးရယ်"

"ဦးလေး ပြောစရာက တစ်ခုပဲရှိပါတယ်၊ မေမေ့ကိုခွင့်တောင်းလိုက်ပါ၊ မေမေခွင့်ပြုရင် ဦးလေးပို့ရဲတယ်၊ မေမေခွင့်မပြုရင် ဦးလေးမပို့ရဲဘူးဆိုတာပဲ နွေ့ကိုပြောပြရမှာပေါ့၊ နွေပြောသလို ဒီလူ့မိဘတွေနဲ့ ဖေဖေတို့ မေမေတို့ ရင်းနှီး ခင်မင်တယ်ဆိုရင် နွေက အသိပေးရုံခွင့်တောင်းရုံ ရမှာမဟုတ်လား ဦးလေး"

"အင်း ... ဦးလေး အဲလိုပဲ ငြင်းပါ့မယ် တူမကြီးရယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်မ ခုလိုစကားမျိုးပြောတာကို မဆီမဆိုင် ဝင်ပါတယ် ပြောတယ်လို့ ဦးလေး သဘောမထားစေချင်ပါဘူး၊ အားလုံးအတွက်ကောင်းဖို့ ပြဿနာတစ်စုံတစ်ရာ မရှိဖို့ မတော်တဆ တွေ့လိုက်တာက ကျွန်မမို့လို့ ကျွန်မက ပြောရတာပါ"

"ဦးလေး နားလည်ပါတယ်ကွယ်၊ သတိပေးတာလည်း ကျေးဇူးတင်ပါတယ်၊ မမကို မတိုင်တာလည်း ကျေးဇူးတင်ပါတယ်"





"ဟုတ်ကဲ့ ... ဒါပါပဲ ဦးလေး၊ ကျွန်မ သွားမယ်"

ထီးနှင့် ဦးသော် Green house ထဲက ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့တာကို အိမ်ကြီးရဲ့အပေါ်ထပ် ပြတင်းတစ်ခုနောက်မှ ဒေါ်ခင်မမထိပ် မြင်သွားခဲ့သည် ဆိုတာတော့ ထီးတွေးကောင် မတွေးမိခဲ့။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံနှင့်အတူ အခန်းတံခါးက ခပ်ဟဟ ပွင့်လာကာ ဖုံးအတွင်းရေးမှူး မနွယ်ရဲ့မျက်နှာလေး ပေါ်လာပါသည်။

"ဆရာ ... မန်နေးဂျင်းဒါရိုက်တာ လာပါတယ်၊ အောက်မှာ ကားဝင်လာနေပါပြီ၊ ဆရာ့ဆီလာတွေ့မယ် ပြောပါတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ မနွယ်"

ဇေက နာရီကို တစ်ချက်ကြည့်လိုက်ပါသည်။ ဒီနေ့ရှိတဲ့ Board of directors အစည်းအဝေးက နေ့လယ်တစ်နာရီမှစ,မှာပါ။ ခုမှ ဆယ့်တစ်နာရီခွဲပဲ ရှိသေးတာ။ မေမေ ဘာကြောင့် အစောကြီး လာပါလိမ့်။





ခဏအကြာတွင်တော့ တံခါးခေါက်သံနှင့်အတူ မနွယ် ဖွင့်ဟပေးသောတံခါးမှ မေမေ ဝင်လာပါသည်။ အနက်ရောင် ရင်ဖုံးအင်္ကျီ၊ အနက်နှင့်ရွှေရောင် ကန့်တ်ဆင်လုံချည်နှင့် မေမေ့ပုံစံက တင့်တယ်တောက်ပနေပါသည်။ မေမေဟာ ရွှေရောင်ကို အင်မတန် ကြိုက်နှစ်သက်သူပါ။ ရွှေရောင်ပါသော ဝတ်စုံတွေ မေမေ့မှာ အများကြီး။

မေမေ ခုနောက်ပိုင်း ရွှေရောင်ပါတာ ဝတ်ဆင်တိုင်း ...

"ကိုကို့မေမေက ရွှေရောင်ကို သူကြိုက်ကိုကြိုက်တာနော်"

ထီးကလည်း တစ်ကြိမ်မှ မပျက်မကွက် မှတ်ချက်ပြုတတ်သည်။ မင်္ဂလာပွဲတုန်းက ရွှေရောင်ဝတ်ဆင်ခဲ့ရတာကို ထီး မနှစ်မသက် စိတ်အနှောင့်အယှက် ဖြစ်ခဲ့တာကို ဇေ သိခဲ့ရတာမို့ ထီးရဲ့စကားအဓိပ္ပာယ်ကို ခွဲခြမ်းစိတ်ဖြာမနေတော့ပါ။ အဲဒီပွဲမှာ မဖြစ်မနေ ရွှေရောင်ဆင်မြန်းခဲ့ကြရတာဟာ မေမေပြောသလိုပဲ ဗေဒင်က ရွှေရောင်သုံးစွဲခိုင်းလို့လား၊ မေမေကိုယ်တိုင်က သူနှစ်သက်လွန်းလို့ ရွှေရောင်ကို ရွေးချယ်လိုက်တာလား ဆိုတာ ဇေလည်း မတွေးတတ်နိုင်တော့ပါ။

ဇေက ထိုင်ရာကထ,ရင်း ...

"မေမေ အစောကြီးပါလား၊ အစည်းအဝေးက လိုသေးတယ်လေ"

"အင်း ... မေမေ သိတယ်လေ"



www.burmeseclassic.com

"ထမင်းစားပြီးခဲ့ရဲ့လား မေမေ"

"စားခဲ့တယ်၊ ခုပဲစားခဲ့တယ်"

"ဒါဆို မေမေလည်း ရောက်လာတော့ စကားပြောရင်း အချိန်မပုပ်အောင် သားလည်း ထမင်းစားလိုက်မှပဲထင်တယ်၊ ထီးကို ဖုန်းဆက်ခေါ်လိုက်ဦးမယ်"

"မခေါ်ပါနဲ့"

"ဗျာ"

"ဇေရယ်၊ မေမေ မင်းရုံးခန်းကို အကြောင်းမရှိဘဲ စောရောက်လာဝါ့မလားလို့ မင်း မတွေးမိတာ အံ့သြပါရဲ့"

"ဟင် ... မေမေက ကိစ္စတစ်ခုခုရှိဟာလား"

"ဘာကိစ္စမှ မရှိဘဲ မေမေက ဘာလို့ စောရောက်လာရမှာလဲ၊ မင်းနဲ့ စကားပြောချင်တာရှိလို့ပေါ့ သားရယ်"

"မေမေရယ် ... စကားပြောချင်တာများ"

"အိမ်မှာမပြောချင်လို့ ဒီကိုလာတယ်၊ ထီးကိုလည်း ထမင်းစားဖို့မခေါ်ပါနဲ့လို့ မေမေ ပြောတယ်ဆိုရင် သားသဘောပေါက်တော့ပေါ့"

ဇေက မေမေ့မျက်နှာကို အံ့အားတသင့် စိုက်ငေးကြည့်နေမိကာ ခဏာနေမှ လေးဖင့်သော အသံနှင့် ...

"မေမေ့မှာ ထီးမသိအောင် သားကိုပြောချင်တဲ့ စကားအမျိုးအစား ဆိုတာမျိုး ရှိနေတာလား မေမေရယ်"





"အဲဒါ ဘာများဆန်းလို့လဲ သား"

"ဆန်းတယ်တော့ မဟုတ်ပေမယ့် အားလုံးဟာ မိသားစုဝင်တွေဆိုတော့ ..."

"ဇေ ... ထီးက ဇေဆိုတဲ့ မေမေ့သားကို လက်ထပ်လို့ မိသားစုထဲ ရောက်လာတဲ့ အဆွယ်အပွားပါ"

"မေမေရယ်"

"အခု သားတို့ အိမ်ထောင်ရေး ပျော်ပျော်ရွှင်ရွှင် သာသာယာယာ ရှိနေတယ်ဆိုတော့ မေမေ ကျေနပ်ပါတယ်၊ ဒါပေမဲ့ ထီးဖြူခင်ကို မေမေက မေမေ့သား ဇေနဲ့ မေမေ့သမီး နွေနဲ့ အရာရာတိုင်းမှာ တတန်းတစားထဲ တပြေးညီသဘောထားနိုင်မယ်လို့ထင်ရင် သားလောဘတကြီးတွက်ရာ ကျနေမှာပေါ့၊ သားနဲ့ လက်ထပ်လိုက်တယ် ဆိုတာကို ဖယ်လိုက်ရင် ထီးဖြူခင်က မေမေတို့အတွက် သူစိမ်းမိန်းကလေး မဟုတ်လား"

"မေမေ ... မေမေ ဘယ်လိုပြောလိုက်တာလဲဗျာ၊ မေမေ ထီးကို ဘာတွေများ မကျေနပ်စရာ ရှိနေလဲဟင်"

"မကျေနပ်စရာ မရှိတိုင်း မိသားစုနဲ့ တစ်တန်းတည်းနေရာတော့ မေမေ့ရင်ထဲ နေရာမပေးနိုင်ဘူး သား"

ဇေက ခေါင်းကို ခပ်လေးလေး ယမ်းခါလိုက်ရင်း ခေါင်းထဲ ရင်ထဲလည်း စိတ်မကောင်းခြင်းတွေ နောက်ကျိအနယ်ထသွားပါသည်။

www.burmeseclassic.com

"မေမေ ညာမပြောတာကို သား အပြစ်လို့ မယူဆနဲ့။ ချွေးမကို ဘယ်လောက်ပဲ လိုလားနှစ်လိုပါစေ သားနဲ့တစ်တန်းတည်း သမီးရင်းလို ချစ်ပါတယ်ပြောနေတဲ့သူတိုင်း ပလီပလာညာနေတာပဲ သား၊ အရေးဟယ် အကြောင်းဟယ် အသက်လုဖို့ လိုအပ်လာတဲ့ အန္တရာယ်အခြေအနေကြုံရင် ဘယ်သူမဆို သားကို အရင်ကယ်မလား၊ ချွေးမကိုအရင်ကယ်မလား သား၊ ချွေးမကို ဒုတိယမှ ကယ်မှာပါ၊ မကယ်ပဲ ပစ်ထားလိုက်ရအောင်အထိ မလိုလားမှု မရှိဘူး၊ သူ့တစ်ယောက်တည်းဆိုရင် သူ့ကိုဦးစားပေးတစ်ယောက်တည်းကယ်မယ်၊ သားနဲ့ယှဉ်ရင် သူ ဒုတိယပဲပေါ့၊ သမီးနဲ့ပါထည့်တွက်ယှဉ်ပြိုင်ရရင် သူ တတိယပေါ့၊ သားတို့အမေပါ ရှိနေသေးတဲ့အတွက် သူ စတုတ္ထပေါ့ သား ...

ဒါဘာများဆန်းသလဲ၊ ဒီစိတ်ထား ထားမိတဲ့အတွက် မေမေ ဘယ်လောက်များ မှားနေလို့လဲ၊ တော်တော်နိမ့်ကျသွားလို့လား"

"ကဲပါ ... ကဲပါ မေမေရယ်၊ မေမေ့စကားတွေကလည်း မှန်ပါတယ်၊ သား ငြင်းလို့မရပါဘူး၊ သားတာ ထီးကို သားချစ်သလို မြို့သားစုကလည်း ချစ်ကြစေချင်တဲ့စိတ်တစ်ခုတည်းပါ၊ ကဲ ... မေမေ ဘာပြောချင်တာလဲဟင် ပြောပါ၊ ထီးကိုလည်း လှမ်းမခေါ်တော့ပါဘူး၊ သူ့ဘာသာ ထမင်းဆာချိန်တန်လို့ သားဆီဖုန်းဆက်ပြီး အတူလာစားရင်





တော့ သားလည်းတားဖို့ မဖြစ်နိုင်ဘူး၊ မေမေ ပြောစရာရှိတာပြောပါ ...

ထီးက အကျိုးသင့် အကြောင်းသင့်ဆိုရင် လက်ခံနားဝင်တတ်တဲ့ မိန်းကလေးပါ မေမေ၊ အမေတစ်ယောက်လို မေမေ ဆုံးမစရာရှိရင်လည်း သူ လက်ခံမှာပါ မေမေ၊ သူက ခေါင်းမမာပါဘူး"

ဒေါ်ခင်မမှထိပ်က ရင်ဘတ်ကို လက်ဖဝါးလေးနှင့်ဖိရင်း ...

"ဘုရားရေ ... ဒီမှတ်ချက်တော့ မေမေ သဘောမတူပါဘူး၊ ထီးဖြူခင်က မေမေတွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ ခေါင်းအမာဆုံးပါ၊ ပြုံးပြုံးလေးနဲ့ ခေါင်းမာတာ မို့လို့ ကောက်ချက်ချနိုင်ဖို့ မလွယ်တာ ဖြစ်ကောင်း ဖြစ်လိမ့်မယ်"

ဇေက မေမေ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ နူးနူးညံ့ညံ့ လှုပ်ခါနှစ်သိမ့်ရင်း ...

"မေမေ စီစဉ်ဆောင်ရွက်သမျှ ထီး လက်ခံခဲ့တာချည်းပဲဟာ မေမေရယ်၊ ခေါင်းမမာရှာပါဘူးဗျာ"

"သား အဲသလို မြင်တာကိုက သူ့ပညာပဲ၊ သူတော်လို့ပဲ၊ သူကျေနပ်လို့ လက်ခံခဲ့တာ တစ်ခုမှမရှိဘူး၊ ခေါင်းမာနေလို့ မရလို့ လက်သင့်ခံလိုက်တာပဲရှိတယ်၊ သူ့ဗီဇစိတ်ကတော့ ခေါင်းမာတယ်"


www.burmeseclassic.com

www.burmeseclassic.com

"တကယ်လို့ ခေါင်းမာတယ်ဆိုရင်လည်း ခေါင်းမာတဲ့ကြား က လက်သင့်ခံသွားတာဟာ ကျေနပ်စရာရလဒ်ပဲ မဟုတ် လား မေမေ"

"သားမှာက ချစ်စိတ်မွန်နေတဲ့ မျက်စိပဲရှိတော့ အစစ အရာရာ အကောင်းဘက်က ကြည့်မြင်နိုင်တာ သဘာဝ ကျပါတယ်၊ မေမေကတော့ ဘာမှမပါတဲ့ အဖြူသက်သက် မျက်စိနဲ့ကြည့်တော့ အရောင်အားလုံးရဲ့ရိုက်ခတ်မှု လာထင် ဟပ်တယ်"

"မေမေ သား တောင်းဆိုပါတယ်၊ ချစ်တဲ့မျက်စိနဲ့ကြည့် ပေးပါ မေမေ ... နော်၊ သားကိုချစ်ရင် သားမိန်းမကိုလည်း ချစ်တဲ့မျက်စိနဲ့ကြည့်ပြီး မြင်ပေးပါ"

"........."

"ကဲ ... ကဲ ... မေမေ ပြောပါ"

"မကြာသေးခင်က ကိစ္စကိုကြည့်၊ မေမေရော ဖေဖေရော သူ့ကိုကားလဲဖို့ တိုက်တွန်းတယ်၊ ဒီကားကိုရောင်းပါ၊ မေမေတို့ ငွေစိုက်ပြီး သူဂုဏ်ဒြပ်နဲ့လိုက်ဖက်တဲ့ ကား ကောင်းတစ်စီး ဝယ်ပေးချင်တယ်၊ ဦးမင်းဒင်ချွေးမက နိုင်းတီဆူပါဆလွန်းလေး မောင်းနေတာ အမြင်မတော်ပါ ဘူး၊ အများတကာလည်း ကဲ့ရဲ့မယ်၊ သူတို့မိသားစုဝင်တွေ ကျတော့ ကားကောင်းကြီးတွေစီးတယ်၊ ချွေးမကျတော့





အရင်ကတည်းက သူ့ဆူပါဆလွန်းလေးပဲ ဆက်စီးနေရ တယ်ဆိုတာမျိုး အမနာပ အပြောခံရဦးမယ်၊ ကားအသစ် ဝယ်ပါ ယာဉ်မောင်းထားပါ၊ အေးဆေးသက်သာ ယာဉ် မောင်း မောင်းတဲ့ကားကိုစီးပြီး ရုံးတက်ပါလို့ ပြောခဲ့တယ်၊ သူ ငြင်းတယ်"

"ဒါက မေမေရယ်"

"သူ့အမြင်မှာ သူ နိုင်းတီဆူပါဆလွန်းလေး စီးနေတာ မေမေတို့က ရှက်တယ် ဂုဏ်ငယ်တယ် မို့လို့ပြောတာပဲ ထင်နေတယ်၊ စေတနာကို ထည့်မမြင်ဘူး"

"မဟုတ်ပါဘူး မေမေ စေတနာကို သိပါတယ်၊ သူ့စိတ် ကလည်း သူ့ဟာသူဝယ်ထားတဲ့ သူ့ကားလေး ဆိုတာနဲ့ ယောက္ခမဝယ်ပေးတဲ့ကား ဆိုတာနဲ့ မတူတဲ့အပေါ် ..."

"ဒါ ခေါင်းမာတာပဲလေ၊ မာန်မာနထားတာပဲလေ သား"

"သူ့ကားလေးကလည်း သန့်ပါသေးတယ်"

ဖေသည် သူကိုယ်တိုင် ထီးကို နားချပြီး ဖြစ်ပါလျက် နားချမရဘဲ သူ့အပိုင်ကားမှ သူ့ကားလိုဖြစ်နေတဲ့ ထီးကို ထပ် မတိုက်တွန်းတော့ပါ။ ထီးကတော့ သူ့ကို ကောင်းကောင်းလေး ချိုသာချော့မော့ ငြင်းခဲ့တာပါ။

"ကိုကိုရယ် ... ခုကိုပဲ ကိုကိုတို့အိမ်မှာ အရှမ်းကောင်းတဲ့ ကားကြီးလေးစီးတောင်မှ၊ ထီးရဲ့ကားလေးက မကောင်းသေ


www.burmeseclassic.com

www.burmeseclassic.com



မယ့် မစုတ်ပါဘူး၊ ထီးရဲ့တစ်လက်ကိုင်လိုလည်း ဖြစ်နေတယ်၊ ဒုက္ခလည်း မပေးဘူး၊ ကားနဲ့ ထီးနဲ့ အထာကျနေလို့ပါ၊ ကားတစ်စီး ထပ်ဝယ်ဖို့က ပိုက်ဆံလည်းမနည်း အပိုကုန်မယ်လေ၊ မေမေတို့ ဝယ်ပေးလည်း မေမေတို့ကုန်တာပဲ၊ မေမေတို့က သာမန်ကားလည်း ဝယ်မှာမဟုတ်ဘူး၊ သိန်းထောင်ချီကားပဲဝယ်မှာ ...

ထီးမှာ မောင်းရမှာတောင် ရင်တထိတ်ထိတ် စိတ်တထင့်ထင့် ဖြစ်နေမှာပါ၊ ကားကောင်းတန်ဖိုးကြီးနဲ့ ဟိုလမ်းကြိုလမ်းကြား မဝင်ရဲ၊ ဒီရပ်ကွက်မမောင်းရဲ၊ သူများ ပွတ်သွားမလား ခြစ်သွားမလား လက်ဆော့မလား တွေးပူနေရမှာပါ ကိုကို၊ မတော်တဆ ထိမိခိုက်မိရင်လည်း ထီးနမြောပြီး စိတ်ဆင်းရဲနေရဦးမယ်၊ မောင်းနေကျ အသားကျနေတာလေးပဲ ကောင်းပါတယ်၊ ဖေဖေနဲ့ မေမေကို ကိုကိုပဲ ပြောပေးပါနော်၊ ထီးကပဲ ပိတ်ငြင်းနေရတာ ခေါင်းကြောမာရာ ကျနေမယ် ...

ဘာကြောင့်မှ မဟုတ်ပါဘူး၊ ထီးအတွက် တာဝန်ကြီး စိတ်ပင်ပန်းရမှာမို့ပါ ကိုကိုရယ်၊ စိတ်အေးအေးပေါ့ပေါ့လေးပဲ ထားချင်တယ်၊ ဒရိုင်ဘာနောက်ကလည်း ထီးကိန်းကြီးခန်းကြီး ထိုင်မစီးချင်ပါဘူး ကိုကိုရယ်၊ ကိုကိုတို့က မွေးကတည်းက အဲသလို စီးလာလို့ ဘယ်လိုမှမနေ





ပေမယ့် ထီးက ကိုကိုနဲ့ရမှ ကိန်းခန်းကြီးနေရတာလို ထီးရှက်လို့ပါ"

ကဲ ...။

ဘောပြောရမလဲ။ ထီးကို ဖွတ်မတိုက်တွန်းတော့ပါ။

"ဒါပေမဲ့ ဒီကြားထဲလည်း ဖေဖေက ထီးကို ထပ်တိုက်တွန်းသေးတယ်လို့ ပြောတယ်"

"ဟုတ်လား ... သား မသိဘူး မေမေ"

"မင်းအဖေပြောတော့ သူက နည်းနည်းနားဝင်ပြီး စဉ်းစားတယ် ထင်ပါတယ်၊ ထီးက မေမေ့စကားဆိုရင် နားမဝင်ပေမယ့် မင်းဖေဖေပြောရင်တော့ ပိုနားဝင်တယ်ဆိုတာ မေမေ ရိပ်မိပါတယ်၊ ယောက္ခမထဲမှာတောင် သူက ယောက္ခထီးနဲ့ ယောက္ခမ ခွဲခြားဆက်ဆံတဲ့ သဘောပေါ့လေ"

"မေမေကလည်းဗျာ၊ ကဲ ... အခု အဲဒီကိစ္စက ဘယ်လိုဖြစ်လို့လဲ"

"သူ ကားလဲဖို့လက်ခံတယ်၊ ယာဉ်မောင်းထားဖို့ လက်ခံတယ်ဆိုရင် သူ့အတွက် ယာဉ်မောင်းက သီးသန့်ရှာရမှာပေါ့ သားရဲ့"

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်လို့လဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပြီးသား မေမေတို့ယာဉ်မောင်းတွေထဲကတော့ သူ့ကို
လွှဲပေးဖို့ စိတ်ကူးမရှိဘူးလေ"

"မေမေ ရှင်းရှင်းပြောပြပါ၊ အခု ထီးက ဘယ်ယာဉ်မောင်း
ကို တောင်းနေလို့လဲ"

"တောင်းယူရင်တောင် မပေးနိုင်တာက သတ်သတ်ပါ၊
ရိုးရိုးသားသား ဖွင့်ကောင်းတာကို နားလည်နိုင်ပါတယ်
သား၊ အခု သူက ဦးသော်ကို သဘောကျပုံရတယ်
ဦးသော်ကို သူ့ယာဉ်မောင်း ထားချင်ပုံရတယ်"

"မေမေ ဘယ်လိုသိလဲ၊ ထီး ပြောလို့လား"

"မပြောပါဘူးဆို သားရယ်"

"ဒါဖြင့် ဘယ်လိုသိလဲ"

"ဦးသော်က အသက်အရွယ်အရသော်လည်းကောင်း၊ ရိုးသား
သစ္စာရှိမှုအရသော်လည်းကောင်း၊ နွေ့ယာဉ်မောင်းဖြစ်ဖို့
အသင့်တော်ဆုံးမို့လို့ နွေ့ယာဉ်မောင်း လုပ်ထားတာလေ
ညီမလေးက အားလုံးထဲ အရေးအကြီးဆုံးပဲလေ မဟုတ်ဘူး
လား၊ ကျန်တဲ့ယာဉ်မောင်းတွေက ကျိုးနွံဖို့ထက်ပိုပြီး
တခြားအချက်ရွေးဖို့ သိပ်အရေးမကြီးပေမယ့် ညီမလေးရဲ့
ယာဉ်မောင်းကိုတော့ ပိုဂရုစိုက်ပြီး မေမေကိုယ်တိုင် ရွေး
ချယ်ထားတာ၊ ထီးအတွက် မပေးနိုင်ဘူး သား"





"မပေးနိုင်ဘူး ပြောလိုက်ပေါ့ မေမေရယ်၊ မေမေ ပြောခွင့်
ရှိပါတယ်၊ ရိုးရိုးသားသား တကယ်မပေးနိုင်တာပဲဟာ"

"ဖွင့်မတောင်းတော့ ဘယ်လိုငြင်းမလဲ သား၊ တစ်ဖက်လှည့်
လုပ်တာကိုတော့ မမေ သဘောမကျဆုံးပဲ"

"ဘယ်လို တစ်ဖက်လှည့်လုပ်တာလဲ မေမေ"

"သူ ဦးသော်ကို စည်းရုံးပုံရတယ်"

ဇေက မျက်ခုံးလေးတွန့်ကာ မေမေ့ကို တွေးတွေး
ဆဆ ကြည့်နေမိပါသည်။

"ဘယ်လိုနည်းနဲ့များ စည်းရုံးရေးဆင်းလဲ ဆိုတာ မေမေ
အံ့တောင်အံ့ဩမိတယ်"

"ထီးက စည်းရုံးရေးဆင်းတယ်လို့ မေမေ ဘာကြောင့်ပြော
နိုင်ရတာလဲဟင်၊ ဦးသော်ကရော ကုမ္ပဏီမှာ မောင်းနေတာ
ကြာပဲ ကြာနေပြီ လူရင်းပဲဟာ၊ မေမေ့စကားထက် ထီးရဲ့
စကားကို ပိုနားထောင်ပါ့မလား၊ ထီးက သူ့ကားမောင်း
ပေးပါလို့ စည်းရုံးရင်တောင် ဦးသော်က မေမေ တာဝန်ပေး
ထားတဲ့ ညီမလေးရဲ့ကားကိုပစ်ပြီး ထီးကားကို ပြောင်းမောင်း
မှာတဲ့လား၊ မေမေပဲ စဉ်းစားကြည့်ပါဦး"

"အင်း ... အဲဒါကြောင့် စဉ်းစားရခက်လောက်အောင်ကို
ထီးဖြူခင် အစွမ်းထက်သလားလို့ မေမေ အံ့ဩနေမိတယ်"

"အခုက ဦးသော်က မေမေ့ကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဟင် ...၊ ဦးသော်က ထီးရဲ့ကားကို မောင်းချင်တယ်

မေမေ့ကို ပြောတယ် ဟုတ်လား"

"အဲလိုတော့ ဘယ်ပြောမလဲ သား၊ အခု ဦးသော်

မေမေ့ကို လာပြောတယ်၊ သူ့ကို စိတ်မရှိပါနဲ့တဲ့၊ ဖြစ်နိုင်

ရင် သူ နွေ့ကားကို မမောင်းပါရစေနဲ့တဲ့၊ သူ ကုမ္ပဏီကား

ဖြစ်ဖြစ် ပြန်မောင်းပါရစေတဲ့"

ဇေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"မေမေကလည်းဗျာ၊ ဦးသော် စကားက ရှင်းရှင်းလေး

သူ နွေနဲ့ပြဿနာတစ်ခုခု ရှိသလား၊ နွေ့ဂျီကျတာကို

စိတ်ရှုပ်သလားမှ မသိတာ၊ သူက ကုမ္ပဏီကား ပြန်မောင်း

ဖို့ပဲ တောင်းဆိုတာဝဲဟာကို"

"ဇေ ... မင်းကလည်း ကွက်ကျော်မမြင်လိုက်တာ သားရယ်

နွေ့ကားမမောင်းပါရစေနဲ့ ထီးဖြူခင်ကား မောင်းပါရစေ

လို့ ဘယ်သူက ပြောရဲမှာလဲ၊ ပြောပါ့မလား စဉ်းစားလေ

ကုမ္ပဏီကား ပြန်ဝင်မောင်းနေပြီး ခဏနေမှ ထီးက သူ့

ကားမောင်းဖို့ ကုမ္ပဏီယာဉ်မောင်းထဲက တစ်ယောက်ရွေး

ယူချင်တယ် ဆိုတာမျိုးနဲ့ ဦးသော်ကို လိုချင်တယ်လို့

ပူဆာလာမှာပေါ့"

ဇေက မေမေ့ကို စိတ်ညစ်ညစ်နှင့် တောင်းပန်သလို

ကြည့်ရင်း ...





"မေမေရယ် ... ထီးအပေါ် ကျေးဇူးပြုပြီး အဲသလောက်

မကောင်းမမြင်ပါနဲ့ဗျာ၊ ဦးသော် သူ့ဘာသာ ညီမလေးကား

ကို မမောင်းချင်တဲ့ အကြောင်းတစ်ခုခုရှိလို့ ကုမ္ပဏီကား

ပြန်မောင်းပါရစေ ပြောတာနဲ့ပဲ ထီးက စည်းရုံးရေးဆင်းလို့

ဆိုပြီး ကွက်ကျော်တွေးလိုက်တာကကော မှန်ပါ့မလား၊

ထီးနဲ့ ဘာဆိုင်လို့လဲ မေမေ၊ ထီးနဲ့ဆိုင်တဲ့ အရိပ်အယောင်

လည်း ခုထိ မေမေ့စကားထဲမှာ သား လုံးဝရှာမတွေ့ဘူး"

ဒေါ်ခင်မမထိပ်က ဇေ့မျက်နှာကို စေ့စေ့ကြည့်လိုက်

ပါသည်။

"ဇေ ... မေမေ ရမ်းသမ်းမပြောဘူး၊ သားမသိတာတွေ

ရှိသေးတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်ဆယ်ရက်က ရုံးပိတ်ရက်

တစ်မနက် သားအိပ်ရာနိုးသေးပုံ မပေါ်ဘူး၊ ဖေဖေလည်း

အိပ်ရာမထသေးဘူး၊ မေမေတောင် နိုးကာစ ပြတင်းပေါက်

ကနေ ခြံထဲကို ဘာရယ်မဟုတ် လှမ်းကြည့်မိတာ Green

house ထဲကနေ ထီးနဲ့ ဦးသော် ရှေ့ဆင့်နောက်ဆင့်ထွက်

လာတယ်"

"ဟင်"

"ထီးက ရိုးရိုးသားသား စကားတစ်ခုခု ပြောစရာရှိတယ်

ဆိုရင် ခိုင်းစရာရှိတယ်ဆိုရင် ဦးသော်ရော ကျန်တဲ့ဒရိုင်ဘာ

တွေ ရောထိုင်နေကြတဲ့ ဂိုဒေါင်ရှေ့က စားပွဲကလေးထိုင်



www.burmeseclassic.com

www.burmeseclassic.com



တွေနားမှာ သွားရပ်ပြောလို့ရတယ်၊ ခြံထဲက တစ်နေရာရာကနေပဲ ဦးသော် လာပါဦးလို့ လှမ်းခေါ်ပြီး ပြောချင်တာ ပြောလို့ရတယ် ...

ဒီလုံလုံခြုံခြုံ သစ်ခွအိမ်လေးထဲ ဦးသော်ကို ခေါ်ပြီး နှစ်ယောက်တည်းပြောစရာစကား ဘာရှိသလဲ၊ ဘာအတွက် အဲဒီထဲ ဝင်ပြောစရာလိုလို့လဲ၊ ထီးက ပန်းလေးတွေကြည့်နေရင်းတန်းလန်းက ပြောစရာရှိလို့ လှမ်းခေါ်လိုက်လို့ ဦးသော်ပါ အဲဒီထဲ ရောက်လာရတာမျိုးလည်း မဖြစ်နိုင်တာ သား သိပါတယ် ...

ထီးက ပန်းလည်းမကြိုက်ဘူး၊ ဒီအိမ်ရောက်လာကာစတစ်ကြိမ်လောက်ကလွဲပြီး ခြံကို တစ်ပတ်စေ့အောင်တောင် မပတ်ဘူး၊ ပန်းပင်တွေ လျှောက်ကြည့်ဖို့ဝေလာဝေး သူ ပန်းပင်တွေ ဘာတွေ ဝါသနာမပါဘူး၊ စိတ်မဝင်စားဘူးဆိုတာကို ဖွင့်ကိုပြောထားဖူးလို့ အားလုံးအသိ ...

ဒီတော့ ဦးသော်ကို Green house ထဲ ထီးဖြူခင်က တကူးတကခေါ်ယူပြီး ပြောတဲ့စကားဟာ သူများမကြားစေချင်တဲ့ တိုးတိုးတိတ်တိတ် စကားဖြစ်လို့ ဆိုတာအပြင် တခြား သား ဘယ်လိုတွေးလို့ ရသေးလဲ၊ သားတွေးလို့ရတာ ပြောပါ၊ မေမေလည်း တကယ်သိချင်နေလို့ သားတွေးတဲ့အတိုင်း လိုက်တွေးကြည့်မလို့ပါ"





"........"

ဇေ နှုတ်ဆိတ်နေမိပါသည်။

"အဲဒီတုန်းက ဘာများခေါ်ပြောပါလိမ့်လို့ မေမေ ဘွေးလိုက်ပေမယ့် အမှတ်တမဲ့ပဲ ထားလိုက်ပါတယ်၊ ခုမှ ဦးသော်က နေ့ကား မမောင်းချင်တော့ပါဘူးဖြစ်မှ မေမေ သံသယပြန်ဝင်မိတာပါ၊ မေမေက သံသယမဝင်ထိုက်တာကို သံသယဝင်နေမိတာ ဖြစ်နေရင်လည်း သား မေမေ့ကို ထောက်ပြပါဇေ"

ဇေ တုတ်တုတ်မလှုပ် ငြိမ်သက်နေပါသည်။ သူ့ဦးနှောက်ကို ညှစ်ထုတ်၍ ဘယ်လိုပင် စဉ်းစားသော်လည်း အဖြေတစ်ခု အတွေးတစ်ခု ဝင်မလာ။ ပြောစရာစကား ထွက်မလာပါ။ ဇေက အဖြစ်အပျက် အခြေအနေအပေါ် နည်းနည်းတင်းလာမိပါသည်။ ဘယ်သူ့ကိုတင်းတာလဲ သူ မပြောတတ်ပါ။

မေမေ့စကား ယုံကြည်ပြီး ထီးလုပ်ပုံကို မကြိုက်လို့ ထီးကို တင်းတာလား၊ ထီးအပေါ်ဆိုရင် မေမေဟာ သံသယလွှယ်လွယ်ထားဖို့ ဝန်မလေးပါလားလို့ မေမေကို တင်းတာလား၊ ညီမလေးကားကို မမောင်းပါရစေနဲ့ ဘာနဲ့ညာနဲ့ ဆောဒကတက်ပုံသော ဦးသော်ကို တင်းတာလား၊ အားလုံးကိုပဲ စုပြုံတင်းတာလား။

ဘာကိုတင်းမှန်းတော့မသိ သူ့စိတ်တွေ တင်းကျပ်ပြီး တစ်စုံတစ်ရာကိုတော့ မကျေမချမ်း ဖြစ်လာတာအမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ပြော ... သား"

"သား အဲလို တအုံနွေးနွေး ဖြစ်ရတာမျိုးကို လုံးဝမကြိုက်ဘူး၊ သံသယတစ်ခုခု ဝင်နေတာမျိုးရှိရင် ဖြေရှင်းလိုက်တာအကောင်းဆုံးပဲ။ ဖွင့်မေးလိုက်တာ အကောင်းဆုံးပဲ၊ ရှင်းရှင်းလင်းလင်း ဖြစ်သွားတာပေါ့"

"ဟုတ်တယ်၊ မေမေလည်း အဲဒါကိုပဲ လိုချင်တာ၊ ဒါပေမဲ့ ဦးသော်ကိုရော ထီးကိုရော ဖွင့်မေးရမှာဖြစ်တဲ့အတွက် သားမိန်းမကို ဒီလိုမေးရင် သားမကြိုက်မှာစိုးလို့ အခု သားကို အရင်လာပြောတာ၊ မေမေ ဖေဖေ့ကိုတောင် မပြောဖြစ်သေးပါဘူး"

"ထီးကို သားပဲ မေးပါရစေ မေမေ"

"ရတယ်လေ၊ ဦးသော်ကိုလည်း သားပဲထပ်မေးပါ၊ ဘာဖြစ်လို့လဲဆိုတော့ မေမေ ဦးသော်ကို မေးပြီးပြီ၊ ဘာဖြစ်လို့ မမောင်းချင်တော့တာလဲ ဦးသော်လို့ တစ်ကြိမ်မေးပြီးပြီ သူ သေချာမဖြေပါဘူး၊ ဝေ့လည်ကြောင့်ပတ် လုပ်နေတယ်၊ ကုမ္ပဏီမှာ ပိုပျော်သလိုလို ဟိုလိုလို ဒီလိုလိုပေါ့၊ နွေတဆိုးလို့လား၊ ဂျိကျလို့လားလို့လည်း မေမေ မေးတယ်၊ အဲဒီလို မဟုတ်ပါဘူးတဲ့ ...





မေမေလည်း စိတ်ထဲထင့်သွားတာနဲ့ တခြား ဘာမှ ရှည်ရှည်ဝေးဝေး ဆက်မပြော မမေးတော့ဘူး၊ မေးလည်း အဖြေမရဘဲ ဝေ့နေရင် မေမေက ဒေါသထွက်လာမိမယ်လေ၊ ကျွန်မ စဉ်းစားမယ်လို့ပဲ ပြောလိုက်တယ်၊ ဦးသော်ကိုပါ သားထပ်မေးရင် မေးကြည့်ပါ"

"သား မေးကြည့်ပါမယ်"

"တကယ်လို့ ..."

ဒေါ်ခင်မမထိပ်က ဇော့ကို စေ့စေ့ပြူးကာကြည့်ရင်း ...

"သားမိန်းမက၊ ဟုတ်တယ် ဦးသော်ကို သူ ဒရိုင်ဘာအဖြစ်နဲ့ လိုချင်ပါတယ်၊ သူ့ဒရိုင်ဘာအဖြစ် ထားပေးပါလို့ တောင်းဆိုရင်ရော သား ဘယ်လိုဆုံးဖြတ်မှာလဲ"

"မေမေရယ် ... ညီမလေးအတွက် မေမေ စိတ်ချတဲ့ယာဉ်မောင်း ထားပေးထားတာ ထီးကလုယူလို့ ဘယ်ဖြစ်မလဲ၊ သူ မတောင်းသင့်ဘူးဆိုတာ သား ပြောပြမှာပါ၊ ဦးသော် ညီမလေးရဲ့ယာဉ်မောင်းပဲ ဖြစ်နေရပါစေမယ်"

"အဲလိုဆိုရင်တော့ ငါ့သားကို ကျေးဇူးတင်ပါတယ်"

ဇောကတော့ ထီးထံမှ ဒီကိစ္စ လုံးဝမဟုတ်ကြောင်း ငြင်းစကားနှင့် ဦးသော်ကို ဘာခေါ်ပြောတယ်ဆိုတာ သိရလိမ့်မည်လို့သာ ယုံကြည်နေပါသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၉

ထီးက Laptop လေးတစ်လုံးနှင့် အလုပ်များနေပါသည်။ လက္ကန်လျှင် ထီးကိုင်ထားတဲ့ branch အတွက် လပတ်အစီရင်ခံစာကို လပတ်ညှိနှိုင်းအစည်းအဝေးမှာ တင်ရမှာဖြစ်တဲ့အတွက် ဒီရက်ပိုင်း အလုပ်များလှသည်။

"ထီး မပြီးသေးဘူးလား"

"ဒီတစ်ရက်တည်းတော့ မပြီးဘူးလေ ကိုကို၊ ထီး ခဏနေရင် ဒီညအဖို့ လက်စသတ်တော့မှာပါ၊ ကိုကို ဘာလိုချင်လို့လဲ"

"ဘာမှမလိုချင်ပါဘူး၊ စကားပြောချင်လို့ပါ"

"ပြောလေ ကိုကို၊ ထီး အလုပ်လုပ်ရင်း နားထောင်လို့ရပါတယ်"

"ဟာ ... အေးအေးဆေးဆေး ပြောချင်တာပါကွာ"





"ခဏလေးနော် ... ဒါဆို၊ ပြီးတော့မှာပါ၊ ကိုကို့ဗွာနခွဲအတွက်ရော ထီး ကူလုပ်ပေးရဦးမလား"

"နေပါစေ ရပါတယ်၊ မနွယ်အကြမ်းကူလုပ်ပေးထားတယ်"

ထီးက ဇက်ကြောလေးတွေကို ချိုးနေပါသည်။ ထီးဟာ အလုပ်လုပ်တဲ့နေရာမှာလည်း စိတ်ဝင်တစား အားသွန်ကြိုးပမ်း ရှိလှသည်။ ထီးမှာ အတော်အကောင်းလေးတွေ အများကြီးရှိနေပါသည်။ မိန်းမသားထဲမှတော့ ထက်မြက်သော တက်ကြွသော တော်သော အရာမှာ ထီးရဲ့အရည်အချင်းမျိုး ရှားပါးပါသည်။

အနီးစပ်ဆုံးအဖြစ် ဇေ့ညီမလေး နွေ့ကိုပဲကြည့်နိုင်သည်။ နွေဟာ ထီးထက် သုံးနှစ်ခွဲလောက်ပဲငယ်တာပါ။ သို့ပေမဲ့ ဘဝမှာ ဘာတစ်ခုကိုမှ အလေးအနက်မရှိပဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား ပေါ့ပေါ့တွေးလွန်းတဲ့သူပင်။ ဘာတာဝန်မှ မယူဘဲ ပျော်ပျော်ပေါ့ပေါ့ လည်ပတ်သုံးဖြုန်းနေတဲ့သူပါ။

"ထီး"

"ပြီးပြီ ကိုကို ... လာပြီ"

ထီးက လက်ပ်တော့ပ်ကို ပိတ်လိုက်ရင်း ဇေလဲလျောင်းနေတဲ့ အိပ်ရာပေါ် ဒူးထောက်တက်လာပါသည်။

"စောပါသေးတယ်၊ ကိုကို ရုပ်ရှင်ကြည့်မလား ဘာကားရှိလဲ၊ ထီး မျက်နှာသစ် ခြေလက်ဆေးပြီး ဘုရားလေးမြန်မြန်ရှိခိုးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ထီးရယ်၊ ကိုကို မေးစရာရှိလို့ပါ"

"မေးလေ ကိုကို"

ကိစ္စတစ်ခုကို အီးလေးဆွဲပစ်မထားတတ်တဲ့ ဇောကနေ့လယ်ကပင် ဦးသော်ကို ခေါ်မေးလိုက်ပြီးပါပြီ။ ဖုန်းထဲကမေးလျှင် ဦးသော် မျက်နှာ မမြင်ရမှာစိုး၍ ဦးသော်လည်း အားနေတာမို့ ရုံးကိုခေါ်ယူခဲ့သည်။ ကိုယ့်အမေးကို ဖြေနေတုန်း ဦးသော်မျက်နှာကို မြင်နေရမှ သူ့မျက်နှာရိပ် မျက်နှာကဲကိုပါ အကဲခတ်နိုင်မည် မဟုတ်လား။

အိမ်နှင့်ရုံးကလည်း နီးပါသည်။ အိမ်က အင်းယားလမ်းထဲဖြစ်၍ ကုမ္ပဏီရုံးချုပ်က ရွှေတောင်ကြားထဲဖြစ်၍ ကားနှင့်သုံးလေးမိနစ်ပဲ မောင်းရတာပါ။ ချက်ချင်းရောက်လာသောဦးသော်ကို ဇေ မေးကြည့်ခဲ့သည်။

"ဦးသော် ... မေမေက ပြောနေလို့၊ ရုံးကားပြန်မောင်းချင်တယ်ဆိုတာ ..."

ဦးသော် ခေါင်းငုံ့သွားသည်။

"ဘာဖြစ်လို့လဲ ကျွန်တော့်ကို ပြောနိုင်မလား၊ ကျွန်တော်ထင်တာတော့ ရွှေနဲ့များ ပြဿနာတစ်ခုခုဖြစ်လား၊ ရွှေကလည်း အလိုလိုက်ထားတော့ နည်းနည်းဆိုးတယ် မဟုတ်လား၊ ဦးသော် စိတ်ညစ်ရလောက်အောင်များ ရွှေ့ဘက်ကဆိုးတာ များတာ ရှိခဲ့လားလို့ပါ"





"မရှိပါဘူး ကိုဇေ၊ အဲလိုမရှိပါဘူး၊ ရွှေက စိတ်သဘောကောင်းပါတယ်၊ ကျွန်တော့် အပေါ်လည်း မဆိုးရှာပါဘူး"

"ဒါဖြင့် ဦးသော် ဘာဖြစ်လို့ ကုမ္ပဏီကရုံးကားကိုပဲ ပြန်မောင်းချင်ရတာလဲ၊ ကုမ္ပဏီကားမောင်းရင် ဦးသော် လခတောင် ပြန်လျော့သွားဦးမယ် မဟုတ်လား၊ မေမေက ရွှေ့ကားမောင်းတဲ့အတွက် သီးသန့် ဘိုးနပ်စ်ပိုပေးထားတယ် မဟုတ်လား ဦးသော်"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ဟို ... ဟိုဘက်ကျတော့ အလုပ်လည်းနည်းပြီး ကျွန်တော်လည်း နည်းနည်းပျင်းလို့ပါ၊ ကုမ္ပဏီဘက်မောင်းတော့ လစာရင်းကနည်းပေမယ့် နယ်ခရီးတွေ ဘာတွေကျ အလုပ်ကျသွားရ မောင်းရတော့ အဲဒီကျရင် ကျွန်တော်တို့ခရီးစရိတ်ရတာပဲဆိုတော့ သိပ်တော့ မလျော့ပါဘူး"

"ဆိုလိုတဲ့သဘောက လစာချင်း မတိမ်းမယိမ်းဆိုရင် ဦးသော်က နယ်ထွက်ရတာကြိုက်လို့၊ ကုမ္ပဏီကားပဲ ပြန်မောင်းချင်တာလို့ ဆိုလိုတာလား"

"အင်း ... အဲသလို ... ဟို ... ကျွန်တော်လည်း သေချာမပြောတတ်ပါဘူး ကိုဇေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူး ဆိုတာက ဘာကြောင့်လဲ ဦးသော်ရဲ့ နယ်တွေသွားချင်တာလား"

"ဟုတ်ကဲ့ ... အဲလိုလည်း သွားချင်ပါတယ်"

"တခြားရော ဘာရှိသေးလို့လဲ"

"ဘာမှမရှိပါဘူး ခင်ဗျ"

"ဒါဖြင့် ကျွန်တော်တောင် မစဉ်းစားတတ်တော့ဘူးဗျာ။ ကဲဗျာ ... ဦးသော်၊ ကျွန်တော် ရှင်းရှင်းမေးမယ်၊ လစာ နည်းနည်း ထပ်တိုးပေးမယ်ဆိုရင်ရော နေ့ကားပဲ မောင်း မလား"

"ဟာ ... အဲသလိုသဘော မဟုတ်ပါဘူးဗျာ ကိုဇေ၊ လစာ တိုးတောင်းချင်လို့ ဒီစကားမျိုးပြောတာ မဟုတ်ပါဘူး ခင်ဗျာ"

"ကျွန်တော်လည်း မဟုတ်ဘူးလို့ပဲ ထင်ပါတယ်ဗျာ။ ဦးသော်က ပွင့်ပွင့်လင်းလင်း မပြောဘဲ တစ်ခုခုကို ထိန် ချန်ထားသလိုပဲ"

"........"

"ဒါဖြင့် ထစ်ခုထပ်မေးမယ်နော် ဦးသော်"

"ဟုတ်ကဲ့ပါ ကိုဇေ"

"လွန်ခဲ့တဲ့ တစ်ပတ်ဆယ်ရက်လောက်က ဦးသော်နဲ့ ကျွန်တော့်အမျိုးသမီး ထီးနဲ့ ခြံထဲက Green house မှာ





စကားပြောပြီး ပြန်ထွက်လာကြတယ်လို့ မေမေက ပြော တယ်၊ မေမေ မြင်တယ်၊ အဲဒါ ဘာကိစ္စများ ဘာအကြောင်း များ ပြောကြတာလဲ၊ ကျွန်တော် သိချင်လို့ပါ၊ သိခွင့်ရှိ သလား၊ သို့မဟုတ် ဦးသော်နဲ့ ထီးနဲ့ပဲ ပတ်သက်ပြီး တခြားသူသိခွင့်မရှိတဲ့ သီးသန့်ကိုယ်ရေးကိုယ်တာကိစ္စများ ရှိသလား၊ ကိုယ်ရေးကိုယ်တာဆိုရင် ကျွန်တော့်ကိုမပြောပါ နဲ့ ... ရပါတယ်"

ဦးသော် မျက်နှာမှာ တော်တော်ကြီးပျက်ထွက်သွားပါ သည်။ ဇေက ဦးသော်ကို စေ့စေ့ကြည့်ကာ အကဲခတ်အဖြေရှာသည်။

"အဲ ... အဲဒီလို ကိုယ်ရေးကိုယ်တာကိစ္စ မရှိ ... မရှိပါဘူး ကိုဇေ"

"ဒါဖြင့် ... အဲဒီမနက်က ဘာများပြောဖြစ်ကြလဲ"

"ဟို ... ဟို ... ဘာမှ အထူးအထွေ မဟုတ်ပါဘူးခင်ဗျ၊ မထီးဖြူခင်ကလည်း အဲဒီသစ်ခွအိမ်လေးထဲ ရောက်နေတုန်း ကျွန်တော် ... ကျွန်တော်က ဘေးကဖြတ်လျှောက်သွားမိ တာနဲ့ အဲဒါ ... အဲဒါ မထီးဖြူခင်က နေကောင်းလား အဆင်ပြေလား စသဖြင့် အာလာပသလ္လာပ မေးတာပါ ခင်ဗျ"

ဇေက ဦးသော်ကို စိုက်ကြည့်နေရာမှ ခေါင်းညိတ် လိုက်ပါသည်။

www.burmeseclassic.com



"ဩော် ... ကျွန်တော်က အကြောင်းထူးတစ်ခုခု ရှိလားလို့ပါ၊ ခုလိုမေးလို့လည်း ဦးသော် စိတ်ထဲ ဘယ်လိုမှမနေပါနဲ့၊ ဒါပေမဲ့ ညီမလေးကားကို မမောင်းရတော့ဘဲ ကုမ္ပဏီကားပဲ ပြန်မောင်းချင်တယ်ဆိုတဲ့ ကိစ္စကိုတော့ သေချာပြန်စဉ်းစားပါဦး ဦးသော်၊ ဘာဖြစ်လို့လဲဆိုတော့ မေမေက ရှိရှိသမျှ ယာဉ်မောင်းတွေထဲမှာ ဦးသော်ကို အရိုးသားဆုံး သစ္စာအရှိဆုံး စိတ်အချရဆုံးလို့ ယုံကြည်ပြီး ညီမလေးကားကိုမောင်းဖို့ တကယ်ကို အထူးလက်ရွေးစဉ် ရွေးချယ်ထားခဲ့တာမို့လို့ပါ ...

အခု ဦးသော်က နွေ့ကား မမောင်းချင်တော့ဘူးဆိုလို့ မေမေကလည်း ဘာများဖြစ်ပါလိမ့်ဆိုပြီး စိတ်မကောင်းဖြစ်နေတယ်၊ အဲဒါကြောင့် ကျွန်တော် ခေါ်မေးကြည့်ရတာပါ၊ ဦးသော် ဒီကိစ္စကို သေချာတော့ ပြန်စဉ်းစားပါဦး၊ မေမေနဲ့ ဖေဖေတင်မကဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း ညီမလေးကားကို ဦးသော်ပဲ မောင်းစေချင်တယ်၊ ဦးသော်ကိုပဲ စိတ်ချတယ်"

"ဟုတ်ကဲ့ပါ ကိုဇေ၊ ဟုတ်ကဲ့ပါ၊ ကျွန်တော် ပြန်စဉ်းစားပါ့မယ်"

"ကိုကို"

"........"





"ကိုကို ... ဘာစဉ်းစားနေတာလဲ၊ မေးစရာရှိလို့ဆို"

"ဩော် ... အင်း"

"ဘာလဲ ကိုကို ... မေးလေ"

"ဩော် ... ထီး၊ ဖေဖေတို့ မေမေတို့ ပြောသလို ကားလဲပြီး ယာဉ်မောင်းထားတော့မလားလို့ မေးမလို့ပါ"

ထီးက နှုတ်ခမ်းလေး စူထော်ထော်လုပ်ကာ ဇေ့ကို ကြည့်ရင်း ...

"ဟွန် ... ဟိုနေ့ကပဲ ကိုကို့ကို ပြောတယ်လေ၊ ထီး ကားလည်းမလဲချင်ပါဘူး၊ ယာဉ်မောင်းလည်း မထားချင်ပါဘူးဆိုတာ"

"အခုလည်း ဒီအတိုင်းပဲလား"

"ဒီတိုင်းပဲပေါ့"

"တကယ်လား"

"ဟင် ... တကယ်ပေါ့ ကိုကိုရဲ့၊ ဘာဖြစ်လို့ တကယ်လားလို့ မေးရတာတုန်းလို့"

ဇေက မျက်ခုံးလေး ယောင်ယောင်တွန့်ကာ ဇဝေဇဝါ ဖြစ်သွားပါသည်။ ထီး တကယ်ပဲ ဒရိုင်ဘာထားဖို့ ရည်ရွယ်ချက်မရှိဘူးဆိုရင် မေမေ အထင်လွဲတာပေါ့။

"ကိုကို ... ပြောပါဦး၊ ထီးပြောတာ မယုံရအောင် ဘာအကြောင်းထူးများ ရှိလို့လဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မယုံတာ မဟုတ်ပါဘူး၊ ဟိုတလောက ဖေဖေက ထပ်တိုက်တွန်းတော့ ထီး စိတ်ပြောင်းသွားတယ်ဆိုလားလို့ပါ"

"ဟုတ်တယ်၊ ဖေဖေက ထပ်ပြောတယ် ကိုကို၊ ဖေဖေပြောတာဆိုတော့ ထီး အားနာတယ်လေ၊ ပြီးတော့ ... လူကြီးတွေက ငွေကုန်ခံပြီးတော့တောင် ကိုယ့်အပေါ်စေတနာထားရက်နဲ့ ထီးက မျက်စိမှိတ် ငြင်းနေရာကျရင် ရိုင်းရာကျမှာလည်း စိုးရိမ်လို့ ဖေဖေ့ကို ပြောပါတယ်၊ ထီး ကားလဲဖို့ စဉ်းစားပါ့မယ်၊ ထီး ကားလေး ဘာလေး နည်းနည်းကြည့်လိုက်ပါဦးမယ်လို့လေ ..."

ဒါပေမဲ့ ခုထိ သေချာ ကားမကြည့်ဖြစ်သေးပါဘူး၊ တကယ်လည်း ကားကောင်းကြီး မလိုချင်လို့ပါ၊ ခုထိလည်း ကားကောင်းကြီး မလိုချင်တဲ့စိတ်က များနေတုန်းပဲ ကိုကို၊ ဒါကြောင့် အချိန်ဆွဲနေမိတာ၊ အဲလို ကားကောင်းကောင်းကြီး မောင်းရမှာ ရှက်သလိုကြီးပါပဲ ကိုကိုရယ်"

"ကားကောင်းကြီး စီးရမှာ ရှက်စရာလား ထီးရယ်၊ ဒါဖြင့် ယာဉ်မောင်းထားဖို့ကိုရော"

"ယာဉ်မောင်းတော့ မထားပါရစေနဲ့ ကိုကိုရယ်နော်၊ နောက်ဆုံးတစ်နေ့ ထီး ကားအသစ်လဲလိုက်ရင်တောင် ထီးကိုယ်တိုင်ပဲ အခုလို မောင်းပါရစေ ကိုကိုရယ်၊ ယာဉ်မောင်းနဲ့





တော့ ထီးတစ်သက်လုံးလည်း မစီးခဲ့ဖူးတော့ ထီးရဲ့ကိုယ်ပိုင်ယာဉ်မောင်းဆိုတာမျိုးတော့ မထားပါရစေနဲ့၊ ထီးကိုယ်တိုင်ပဲ မောင်းချင်ပါတယ်"

ဇေက ထီးမျက်နှာကို စေ့စေ့ကြည့်နေမိပါသည်။ ထီးမျက်နှာကလေးက ဖြူစင်ကြည်လင်တောက်ပလွန်းပါသည်။ ဒီမျက်နှာ အမျိုးအစားလေးကြောင့်ပဲ သူဟာ ထာဝစဥ် ထီး ပြောသမျှကို ယုံကြည်ခဲ့သည်မှာ အကြွင်းမဲ့ပင်။

ဇေက တွေးဆနေဖို့ စိတ်မရှည်ကာ တုံးတိနှင့်ပင် ...

"ဟိုတလောက တစ်မနက်ခင်းမှာ ထီးနဲ့ ဦးသော် Green house ထဲမှာ ဘာတွေပြောနေကြတာလဲ"

"ဟင်"

ထီးက အံ့သြသွားပြီး ဇေ့ကို မျက်လုံးလေးဝိုင်းကာ စူးစိုက်ကြည့်လိုက်မိသည်။ ဒီမျက်လုံးဝိုင်းကလေးထဲမှာ အမျိုးမျိုးဖြတ်ပြေးသွားတဲ့ အရိပ်အရောင်တို့ကိုလည်း ဇေက ပြန်လည်စိုက်ကြည့်နေမိပါသည်။

"အဲဒါ ကိုကို ဘာဖြစ်လို့ မေးတာလဲဟင်"

"ကိုယ်သိချင်လို့ မေးတာပါ ထီး"

"ပြီးတော့ အဲသလိုစကားပြောခဲ့မှန်းကိုရော ကိုကို ဘယ်လိုလုပ်သိလဲ"

"........."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကတည်းက ကိုကိုသိခဲ့တာ မဟုတ်ဘူး၊ ကိုကိုက ရှိုးသားတဲ့သူ၊ အဲဒီကတည်းက သိရင် အဲဒီကတည်းက ကိုကိုသိချင်ပြီး မေးလိုက်မှာ ထီး သိပါတယ်၊ ထီး အံ့ဩလို့ပါ၊ ကိုကို ဘယ်လိုလုပ် သိတာလဲ"

ဓေက ထီးကို စိုက်ကြည့်နေရာမှ သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မေမေ တွေ့တာပါ"

"ဩော်"

ထီးရဲ့အံ့အားတသင့် အသံလေးက နှစ်နှစ်တိမ်တိမ် ကလေးမျှသာ။ မေမေတွေ့တာဆိုကတည်းက ဤကိစ္စသည် ရိုးရိုးသိချင်လို့ ဘာရယ်မဟုတ် မေးခွန်းထုတ်တာထက် ပိုတဲ့ နက်ရှိုင်းသော အဓိပ္ပာယ်တစ်ခု ပါခဲ့လေပြီကို ထီး တွေးမိပြီ။ အဲဒါကို သိချင်ရင် အဲဒီနေ့မနက် Breakfast စားကတည်းက ထမင်းစားပွဲမှာ အမှတ်တမဲ့ မေးကြည့်လိုက်လို့ ရသားပဲ။

မေမေမေးတဲ့အခါ ထီးဟာ အကြောင်းကြောင်းကြောင့် ညာရင်လည်း ညာပြောမိပေလိမ့်မည်။ ထီးအမှန်ပြောတာ ညာပြောတာက တစ်ကိစ္စ။ စိတ်ထဲသိချင်ရင် ရိုးရိုးလေး ဖွင့်မေးလိုက်ရုံရှိသည်ကို "ဘာတွေပြောကြပါလိမ့်"ဟု သိချင်စိတ်ရှိလျက်နှင့် ယနေ့ထိ ရက်ကြာရှည်မျိုသိပ် တအုံ့နွေးနွေး မွေးလာကာ





ဒီရက်မှာမှ အကြောင်းကိစ္စတစ်ခုခု တိုက်ဆိုင်၍ အထူးတလည် သိချင်လာပြီး ကိုကို့ကို သွားပြောပြခဲ့တာပဲဆိုတဲ့ အဖြစ်သနစ်ကို စေ့စေ့တွေး၍ ရိပ်မိလာရပါသည်။

ကိုကို စကားစခဲ့တာကို ပြန်တွေးလိုက်တော့ "ကားလဲမလား၊ ယာဉ်မောင်းထားမှာလား"ကနေ စ,ခဲ့တာဖြစ်သည်။ ဒါဟာ ကိုကို့မေမေက ထီးနှင့် ဦးသော် Green house ထဲမှာ စကားပြောကြတာကို သိထားပြီး ကိုကို့ကို ပြောရာက စတင်ခဲ့သည်ဆိုတော့ အနည်းငယ် အတွေးနက်လိုက်သည်နှင့်ပင် ထက်မြက်သောထီးက အကြောင်းရင်းဟာ ဘာဖြစ်နိုင်သည်ကို တွေးမိ ရိပ်မိခဲ့လေသည်။

"မေမေ မေးနိုင်းတာပေါ့နော်"

ထီးက ခပ်တိုးတိုး မှတ်ချက်ချမိသည်။

"ဩော် ... မေမေက မေးနိုင်းတာမျိုးတော့ မဟုတ်ပါဘူး ထီးရာ၊ မေမေကပြောတော့ ကိုယ်က ဘာများပြောကြတာလဲ သိချင်လို့ပါ"

"မေမေလည်းပဲ မသိချင်ရင် စိတ်မဝင်စားရင် ကိုကို့ကို တောင် ပြောနေတော့မှာ မဟုတ်ဘူးလေ၊ သူသိချင်လို့သာ ကိုကို့ကို တကူးတက ပြောတာပေါ့"

"အင်းလေ ... ဘာပဲဖြစ်ဖြစ်ပါ ထီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဓော စိတ်ရှုပ်ရှုပ် ညည်းတွားလိုက်ရင်း ...

"ထီးနဲ့ ဦးသော် ဘာများပြောဖြစ်ကြတာလဲ ကိုယ်သိချင်တာအမှန်ပဲ၊ ပုံမှန်ဆို ထီးနဲ့ ဦးသော်က တော်ရုံစကားပြောဖြစ်ရာမှ မရှိတာ"

"အိမ်က ယာဉ်မောင်းတစ်ယောက်ပဲလေ ကိုကို၊ ထီး ... ဦးသော်နဲ့စကားပြောမိတာ အပြစ်များ ဖြစ်နေလို့လား"

"သြော် ... ထီးကလည်းကွာ၊ ဒီသဘောတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒီလိုပဲ မေးကြည့်လိုက်တာပါ၊ ထီးတို့ ဘာတွေပြောဖြစ်တာ ဆိုတာ ထီး ပြောပြလိုက်ရင် ပြီးတာပဲဟာ၊ ဘာလို့ ချော်တောငေါ့ တွေးနေရတာလဲ ထီးရဲ့"

"ဟင့်အင်း ... မထူးဆန်းဘူးလို့ ပြောလို့မရဘူး၊ ဟုတ်ကို မဟုတ်ဘူး ကိုကို၊ ထီးက ကလေးမှမဟုတ်တာ၊ ထီးအခြေအနေ အရိပ်အကဲကို မှတ်ရှုတတ်တဲ့သူလည်း မဟုတ်ဘူး ကိုကို၊ မေမေ ကိုကိုကို လာပြောပြတယ် ဆိုကတည်းက ထီးနဲ့ ဦးသော် ဘာတွေပြောကြတာလဲဆိုတာ အမိက မေမေသိချင်တာပါ"

"ကိုယ်လည်း သိချင်တာပါ ထီးရာ"

"ကိုကို သိချင်တာက နောက်မှဖြစ်လာတာပါ၊ မေမေကသာ ကိုကို့ကို လာပြောတာကိုက သူသိချင်နေတာ၊ သူ့အရင်သိချင်တာပါ၊ ဘာကြောင့် သိချင်တာလဲ စဉ်းစားလိုက်





တော့ တခြားတွေးစရာ ထင်စရာ မရှိပါဘူး၊ ဖြစ်နိုင်တာကတော့ မေမေက ထီး ယာဉ်မောင်းအဖြစ်ထားဖို့ ဦးသော်ကို ထီးက ကမ်းလှမ်းဆွဲဆောင်နေသလားလို့ သံသယဝင်နေတာပဲဖြစ်မှာ"

တန်းခနဲ မှန်းနိုင်တဲ့ ထီးကို ချီးလည်းကျူးပါရဲ့။ မေမေနှင့်ထီးဟာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ တစ်ယောက်ခြေတစ်ယောက် အမြဲမြင်နေတာကိုလည်း စိတ်ပျက်မိပါရဲ့။

"အဲဒီတော့ ထီးက ဦးသော်ကို ယာဉ်မောင်းအဖြစ် လိုချင်တဲ့ဆန္ဒ မရှိဘူးပေါ့၊ မရှိဘူးမှလား"

ထီးက ဇော့ကို ဖျတ်ခနဲကြည့်ရင်း ...

"ထီး ယာဉ်မောင်းထားဖို့ကို စိတ်ကူးမရှိတာပါ ကိုကို၊ တကယ်လို့ ယာဉ်မောင်းထားခဲ့ရင်တောင် ထီးက ညီမလေးနွေ့ရဲ့ယာဉ်မောင်းကိုတော့ လုဖို့စိတ်ကူးရှိပါ့မလား ကိုကိုရယ်၊ မေမေက ထီးကို အဲလောက်တော့ အထင်မလွဲသင့်ပါဘူး"

"အထင်လွဲတယ်တော့ မဟုတ်ပါဘူးကွာ၊ မနက်စောစောထီးနဲ့ ဦးသော် စကားမပြောစဖူး ပြောနေတာ အံ့သြတာရော၊ ခြံထဲမှာ ရိုးရိုးမဟုတ်ဘဲ သစ်ခွအိမ်လေးထဲ ဝင်ပြောနေတော့ ဘာများလဲလို့ တွေးမိတာ ဖြစ်ပါလိမ့်မယ်"

ထီးက အောင့်သက်သက်လေးနှင့် ပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တွေးမိတာက ထီးကို အထင်လွဲတဲ့အတွေးပဲ ဖြစ်နေတာကိုတော့ ထီး စိတ်မကောင်းပါဘူး"

"နေပါဦး ... ထီးတို့ အဲဒီမနက်က ဘာတွေများ ပြောနေဖြစ်တာလဲ"

ထီးက ဇော်ကို တစ်ချက်ကြည့်လိုက်ပါသည်။ အဲဒါကို ဆက်မေးနေသေးတာကို ထီးက စိတ်မကောင်းပါပေ။ ကိုကိုကိုယ်တိုင် တစ်စုံတစ်ရာ သံသယရှိတဲ့သဘော ထီး ခံစားရသည်။ သို့ပေမဲ့ အမှန်အတိုင်းကို ထီး ပြောလို့ကောင်းပါ့မလား။ နွေ့ရဲ့ အချစ်ရေးနှင့်ပတ်သက်သော ကိုယ်ရေးကိုယ်တာကို အစ်ကိုလုပ်သူကို ထီး မပြောချင်ပါ။ အဆိုးဝါးဆုံး အခြေအနေလည်း မဟုတ်သေးတာတစ်ကြောင်း၊ အလိမ္မာမရှိဘဲ ရိုးသားလှတဲ့ ကိုကိုဟာ ထီးထံက ဒီစကားကြားရတဲ့အခါ မေမေတို့ နွေ့တို့ထံ ပါးပါးနပ်နပ် ပြန်မပြောတတ်မှာ သေချာနေတာမို့ မောင်နှမအကြား အတိုင်အတော အတို့အထောင်လုပ်ရာ ထီး မရောက်ချင်ပါ။

"ထီး အဲဒါကို မပြောပြနိုင်လို့လား"

ထီးက သက်ပြင်းချလိုက်မိပါသည်။ ကိုကို့စိတ်ထဲလည်း ထီးအပေါ် မရှင်းလှပါလားလို့ ထီး ဝမ်းနည်းစွာ နားလည်ရပါသည်။

"ဘာမှ ထွေထွေထူးထူး မရှိပါဘူး၊ အဲဒီထဲက ပန်းလေးတစ်မျိုး နာမည်သိမလားလို့ ထီး မေးကြည့်တာပါ"





ထီးက ပါးစပ်ထဲ လျှပ်တစ်ပြက် ရောက်လာသောစကားတစ်ခွန်းနှင့် အကြောင်းပြချက်ပေးလိုက်ရပါသည်။ ထို့နောက်တော့ ချက်ချင်းပဲ အိပ်ရာပေါ်ကဆင်းကာ ရေချိုးခန်းဆီ လျှောက်ဝင်လာခဲ့လိုက်ပါသည်။ ဇောကတော့ တင်းကျပ်ရှုပ်ထွေးသွားသောရင်နှင့် ထီးရဲ့ကျောပြင်ကို ငေးစိုက်ကြည့်ကာ ကျန်ရစ်ခဲ့သည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

Market place ရဲ့အောက်ထပ် မုန့်ဆိုင်လေးတွေဘက် ကွေ့ချိုးလျှောက်လာခဲ့ရင်း ဇေက ဆိုင်လေးတစ်ဆိုင်ရှေ့ ရပ်လိုက်ရင်း ...

"ထီး ... ဒီဆိုင်က အော်ကွေ့ကြည်လေး ဝယ်ရအောင်"

ထီးက ခေါင်းလေးညိတ်ကာ ဇေ ဝယ်နေတာကို ကြည့်နေပါသည်။

"အော်ကွေ့ကြည် စားဖူးလား ထီး"

"ဩော် ... စားဖူးပါတယ် ကိုကိုကလည်း ... အဟင်း၊ နေရာတကာမှာ မရတတ်လို့သာ နောက်ပိုင်းမစားဖြစ်တာကြာပြီ၊ ငယ်ငယ်က တရုတ်တန်းဘက်မှာ ကျူရှင်တက်ရင်း အမြဲစားနေကျပါ"





"ဒီဆိုင်ကဟာလေး ကောင်းတယ်၊ ဟိုတစ်နေ့က မနွယ် ဝယ်လာတာ စားရတယ်၊ ပူပူနွေးနွေးလေး စားရလို့ထင်တယ်၊ အရမ်း အရသာရှိတာပဲ"

ဇေက စက္ကူဘူးကလေးထဲ ထည့်ပေးသည့် အော်ကွေ့ကြည် အတုံးလေးများကို ချက်ချင်းပင် တုတ်ချွန်လေးနှင့် ထိုးစားနေပါသည်။ နောက်တစ်ပွဲ ပြင်ထည့်ပေးနေတာကိုစောင့်ရင်း ထီးက ပိုက်ဆံထုတ်ရာက ဘေးတစ်ဖက်ကို အမှတ်တမဲ့ ငဲ့ကြည့်လိုက်မိပါသည်။

ဟင် ...။

ဒိတ်ခနဲ လန့်သွားရပြီး ဇေ့အရပ်မြင့်မြင့်ကို ကိုယ့်အရပ်အမောင်းနှင့် ဘယ်လိုမှ ကွယ်အောင်မကာနိုင်တာ သိသိနှင့် ထီးသည် ဟိုယိမ်းဒီယိမ်းနှင့် ဇေ့ကိုပဲ ကာရတော့မလို တွန်းပဲလွှတ်ရတော့လို ထူပူဗျာများရင်းက မုန့်ကို မြန်မြန်ဆွဲယူကာ ပိုက်ဆံကို အတိအကျ မြန်မြန်ချေရင်း ...

"လာ ... ကိုကို ... လာ ... အပေါ်ထပ် တက်ကြစို့၊ ကိုကိုကြိုက်တဲ့ စင်ကာပူက Cheese sausage တွေ အပေါ်မှာ ရှိတယ်"

နဂိုတည်းက ခပ်စောင်းစောင်းလှည့်နေပြီးသား ဇေ့ကို နောက်ကြောင်းလှည့် မကြည့်အောင် လက်ပါဆွဲပြီး ထီးက ထိုနေရာက ခပ်သုတ်သုတ် ထွက်ခွာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းလေ ထီး၊ ကိုယ့်လက်ထဲကမုန့်တောင် ပြုတ်ကျတော့မယ် ... ဟား ဟား၊ မြန်မြန်ပြေးပြီး လုဝယ်ရမှာမျိုးမှ မဟုတ်တာ ထီးရယ်"

ထီးက သိပ်သိသာသွား၍ အနည်းငယ် အရှိန်လျှော့လိုက်ပါသည်။

"ဖြည်းဖြည်းပေါ့ ထီးရာ၊ ကိုယ်နဲ့ ထီးနဲ့ ခုလို အေးအေးလူလူ အပြင်ထွက်နိုင်တာမျိုး shopping လုပ်နိုင်တာမျိုး တစ်လမှာ တစ်ကြိမ်လောက် အနိုင်နိုင် ထွက်ရတာ"

ဟုတ်ပါရဲ့။

ကိုကိုရော ထီးပါ အလုပ်များလှပါသည်။ နားရက်လေးမှာလည်း ကိုယ့်အခန်းထဲလေး ကိုယ်အောင်းကာ အေးအေးလူလူ အနားယူချင်တာရှိသေးသည်။ ဒါ့အပြင် ခုလို ရှော့ပင်လုပ်တာမျိုး ဒေါ်ခင်မမထိပ်က မကြိုက်ပေ။ ရှော့ပင်ဆိုတာ ကိုယ်တိုင်လုပ်ဖို့မလို၊ ဘာပဲဝယ့်စရာရှိရှိ တပည့်တပန်းကို စာရင်းအင်းနှင့် လွှတ်ဝယ်ခိုင်းလို့ ရသည်ဟု ဒေါ်ခင်မမထိပ်က ခံယူသည်။

"ဘာလို့ shopping သွားမှာတုန်း၊ ဘာလိုချင်လို့လဲ၊ ရွှေနီခိုင်းလိုက်လေ၊ ရွှေနီ အားလုံးဝယ်တတ်တာပဲ၊ ကိုယ့်ဟာကိုယ်များ သွားဝယ်ရမယ်လို့ ထီးရယ်၊ ကိုယ်တိုင်ဝယ်ဖို့ မလိုပါဘူး"





ထီးကို ဤသို့ တားတတ်၍ ထီးက ဘာပြန်ပြောရမှန်းမသိပေ။ ဂုဏ်သရေကြီးမြင့်လှသော သူဌေးမင်း သူဌေးကတော်တို့မှန်လျှင် Shopping Centre ထဲ ပတ်လျှောက် ဈေးဝယ်ခြင်းမပြုရဟု ဒေါ်ခင်မမထိပ်က သတ်မှတ်ပုံရသည်။ အများတန်းတူလူတောသူတောတို့၍ ဟိုလျှောက် ဒီလျှောက် ဟိုကြည့် ဒီကြည့် ဈေးဝယ်တာမျိုး မလုပ်အပ်တဲ့ အခြေအနေလို့ ယူဆပုံရသည်။ ရုပ်ရှင်မင်းသား မင်းသမီးတွေလို လူကြားသူကြား မသွားထိုက်ပုံပင်။

ထီးတို့က အဲသလိုမှ မဟုတ်တာ။ မွေးကတည်းကသာမန်လူလို ကြီးပြင်းခဲ့ရတာ။ Shopping center မပြောနှင့်ဗွတ်တလစ်ဈေး၊ ရန်ကင်းဈေး၊ လှည်းတန်းဈေး ညစ်တီညစ်ပတ်ဗွက်ရည်စပ်စပ်မှာလည်း ဟင်းရံသားငါးဝယ်ဖို့ ကိုယ်တိုင်ဈေးသွားခဲ့တာပဲ မဟုတ်လား။

အားလပ်လျှင် စိတ်အပန်းဖြေသဘော shopping center တွေထဲ ဟိုငေး ဒီငေး ပတ်ချင်တာပင်။ အခါခပ်သိမ်းလိုချင်တာ စာရင်း[illegible]ားပေးလိုက်လို့ ရတာမှ မဟုတ်တာ။ တစ်ခါတစ်ရံ ငေးရင်း[illegible]ရင်း ကြည့်ရင်းကမှ ကိုယ်လိုချင်တာလေးလည်း မျက်စိကျတတ်သည်။

သို့သော် ယောက္ခမက မကြိုက်၍ နှစ်ဦးအတူသွားရခဲလှပါသည်။ ထီးကတော့ အားရင်အားသလို အချိန်ပေးပိုရင်



www.burmeseclassic.com

www.burmeseclassic.com



ပိုသလို center တွေပတ်ရင်း ကိုယ့်မိဘအိမ်ဖို့ရော ယောက္ခမအိမ်ဖို့ရော လိုအပ်တယ် ထင်တာလေးတွေ စားသောက်စရာလေးတွေ ဝယ်တတ်တာပင်။

ကိုကိုလည်း အဲသလို သွားချင်ရှာတာပါပင်။ သူ့အမေပုံသွင်းထား၍ shopping ထွက်ခြင်းဟာ သူတို့နှင့် မအပ်စပ်သလို ဖြစ်တယ် ထင်နေသည်။ ဇုကိုပဲကြည့် ခုပဲ ဆိုင်ကဝယ်လိုက်တဲ့ အော်ဂွေ့ကြည့်ကို တုတ်တံလေးနှင့်ထိုးကာ လက်ထဲမှာ တင်ကိုင်စားနေတာ သူ့အမေသာတွေ့လျှင် တော်တော်အဆင့်အတန်းမရှိသော အရပ်ဆန်သော အပြုအမူလို့ ဝေဖန်ပေလိမ့်မည် မလွဲပါ။

"ဟင်"

အပေါ်ထပ်ကို စက်လှေကားမှ တရွေ့ရွေ့တက်နေရင်း အောက်ဘက်ကို မျက်စိကစားလိုက်တဲ့ ဇေ့ထံက အသံတစ်ခု ထွက်လာသည်။ ထီးက လိုက်ကြည့်လိုက်မိပါသည်။

ကျွတ် ...။ တော်တော်ဆိုးတဲ့ နွေ။

ခုနက ထီးတွေ့လိုက်သလို နွေလည်း ထီးတို့ကို သေသေချာချာမြင်ကာ မျက်လုံးချင်းတောင် ဆုံလိုက်ပါလျှက် ခဏတဖြုတ်စောင့်ပြီးမှ မထွက်ဘဲ ချက်ချင်းထွက်ပေါက်ဘက်ကို လျှောက်သွားကြတာမို့ စက်လှေကားအစတစ်ဝက်မှာပဲ ရှိသေးတဲ့ ဇေ မြင်သွားပြီပေါ့။





"နွေလေ ... ဟုတ်တယ်မလား"

"ဟုတ်လား ကိုကို"

"ဪ ... ထီးကလည်း၊ ဒီလောက် ကိုယ့်ညီမကိုယ်တွေ့နေတာ နောက်ကပဲ ဖြစ်ပစေပါဦး မမှတ်မိစရာလား၊ ကိုယ် စိတ်တိုမလားလို့ ဖုံးကွယ်ဖို့ ကြိုးစားမနေပါနဲ့ကွာ၊ ကောင်လေးတစ်ယောက်နဲ့လေ၊ လက်တောင်ချိတ်ထားလိုက်သေးတယ်၊ ဟိုမှာ ထွက်သွားပြီ"

ထီးက နှုတ်ဆိတ်နေလိုက်ပါသည်။ ကိုကို တွေ့ချိန်မှာ နောက်ကျောဘက်ကပဲ ဖြစ်နေပြီမို့ တော်ပါသေးရဲ့လို့ သက်ပြင်းချရပါသည်။ ဒီကိစ္စ ပြဿနာက မသေးမအေးလှတာ ထီး ကြိုတွက်နိုင်သည်။

"နွေတစ်ယောက်ဟာလေ၊ ရည်းစားထားမယ် လည်မယ် ပတ်မယ် ဒါပဲ သူ့ခေါင်းထဲရှိတယ်၊ ဘာတစ်ခုမှ အလေးအနက်မရှိဘူး၊ ဒီအချိန် ညနေစောင်းကြီး ဘယ်လိုလုပ် ဒီရောက်လာသလဲ မသိဘူး၊ ဦးသော်နဲ့မှ ဟုတ်ရဲ့လားမသိဘူး၊ အဲဒီ ဦးသော်လည်း သေချာမေးရ စစ်ရဦးမယ်"

"ဟို ... နွေ့အတွက် မေမေသဘောတူတာတို့ ဘာတို့မရှိဘူးလားဟင်၊ ကိုကို့တုန်းကလည်း မေမေက သူသဘောတူတဲ့သူ ပြခဲ့သေးတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ချစ်သူလည်းရှိပြီး အိမ်ထောင်ပြုဖို့ ရည်ရွယ်ပြီဆိုလို့ မေမေက သူ့မိတ်ဆွေတစ်ယောက်ရဲ့သမီးနဲ့သဘောတူတယ်လို့ ပြတာလေ၊ ညီမလေး နွေကကျတော့ အိမ်ထောင်ပြုမယ့် စိတ်ကူးမျိုးတော့ ရှိပုံမရသေးလို့ မေမေက မစပ်ဟပ်တာ ဖြစ်ပါလိမ့်မယ်"

ဩော် ...။

ထိုစကားက ထီးကို အောင့်သက်သက် ရယ်ချင်ချင် အံ့သြသြ ဖြစ်စေသည်။ ချစ်သူရှိလို့ အိမ်ထောင်ပြုဖို့ စိတ်ကူးပါတယ်ဆိုမှ မိတ်ဆွေသမီးနှင့် စပ်ဖန်တော့စရာလား၊ ကိုကိုကရိုးတဲ့သူပီပီ ပြောချလိုက်ပေမယ့် ထီးကတော့ ကိုယ်ကပဲ အထအနကောက်နေမိလွန်းသလား မပြောတတ်တော့ပါ။

ချစ်သူရှိပြီးသူကို စပ်ဖို့မလို ချစ်သူမရှိသေးသူကိုသာ ကိုယ်သဘောတူရာနှင့် ပြသစပ်ဟပ်လို့ရမှာ မဟုတ်လား။ တကယ်တော့ ကိုကို့အမေဟာ ကိုကို့မှာ ထီးဖြူခင်ဆိုတဲ့ ချစ်သူမိန်းကလေးရှိနေတာကို တရားဝင်မဟုတ်သော်လည်း သူ့နည်းသူ့ဟန်နှင့် သိရှိစုံစမ်းပြီးကာ အဲဒီကတည်းက လိုလိုလားလားမကြည်ဖြူလှတာမျိုးပါ။ ဒါကြောင့်သာ တခြားမိန်းကလေးတစ်ယောက်နှင့် စပ်ဟပ်နားချဖို့ ကြံရွယ်ခဲ့သေးတာပေါ့။ ကိုကိုကလည်း ငြင်းကာ ဖေဖေတို့ နွေတို့ကလည်း သူ့ဘက်က ထောက်ခံမဲမဖြစ်ခဲ့တာကြောင့်သာ ဖွတ်မလုပ်သာခဲ့တာပါ။





"ဟိုးတစ်ခါတွေ့တဲ့ ကောင်လေးလည်း မဟုတ်ဘူး၊ ဘယ်ကဟာနဲ့ တွဲနေပြန်သလဲ မသိဘူး၊ ထီး နည်းနည်းလောက်နွေ့ကို မိန်းမချင်း နားချကြည့်ပါလား"

"ဩော် ... ကိုကိုရယ်၊ ကိုကိုကလည်း အရှမ်းရိုးရိုးတွေးတာပဲ၊ ထီးက ယောက်မနေရာဆိုတော့ ဒီလိုကိစ္စမျိုးဝင်နားချ ဆုံးမတာကို ညီမလေးက ဘယ်ကြိုက်ပါ့မလဲ၊ ဘယ်သဘောကျပါ့မလဲ၊ အသက်ချင်းကလည်း သုံးလေးနှစ်ပဲကွာတာကို၊ နွေက ဆယ့်လေးငါးနှစ်သမီးလေးဆိုလည်း တော်သေးတာပေါ့"

"အင်း ... ထီးပြောတာလည်း ဟုတ်ပါတယ်လေ၊ မေမေကလည်း နိုင်အောင်မပြောဘူး၊ အလကား ဟိုတွဲဒီတွဲ တစ်ယောက်ပြီးတစ်ယောက် တွဲနေမယ့်အစား သိပ်မဆိုးတဲ့ ကောင်းကောင်းမွန်မွန်ထဲကဆိုရင် ခြေငြိမ်အပိုးကျိုးသွားအောင် မေးမြန်းပြီး ပေးစားရင်လည်း ပေးစားလိုက်တာကောင်းတယ် ..."

ဟိုးတစ်ခါလည်း အင်တာနက်မှာ '.........'ရဲ့သားတွေ '.........'သမီးတွေ တစ်အုပ်ကြီး ကလပ်မှာ မူးရူးနေတဲ့ဓာတ်ပုံ တက်လာဖူးပြီးပြီ၊ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲနဲ့ကြာရင်မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



အင်း … ဒီတစ်ယောက် ဘယ်သူဆိုတာသာ သူ့အမေသိသွားရင်တော့ ဘယ်လောက်ကောင်းကောင်းဆိုးဆိုး ဘယ်နည်းနှင့်မှ ပေးစားချင်မှာ မဟုတ်တာပါ၊ တကယ်တမ်းဖွေးလျှင်ကိုယ့်အပြစ်ရယ်လို့ ဘယ်လိုမှ ရှာဖွေမရနိုင်ပေမယ့် ဒီကိစ္စကိုဒေါ်ခင်မမထိပ် သိသွားလျှင် ပြဿနာဟာ မသေးလှဘူးဆိုတာသိနေ၍ ထိုး ရင်လေးနေမိပါသည်။

✧ ❦ ✧





"ဖေဖေ တရုတ်ပြည်သွားဖို့ကိစ္စက ရှေ့အပတ်လောက်ဖြစ်လိမ့်မယ် သားရေ၊ သန်ဘက်ခါလောက်ဖြစ်ဖြစ် သားနေပြည်တော် တစ်ချက်ပြေးလိုက်ပါဦး"

"ဟုတ်ကဲ့ ဖေဖေ"

"ဖေဖေ မနေ့ကပြောထားတဲ့ စာရွက်စာတမ်း လိုအပ်သမျှတစ်ခါတည်းပြီးအောင် ယူခဲ့မှဖြစ်မယ်၊ ကြိုတော့ ပြောထားပြီးပါပြီ၊ သား နေ့ချင်းပြန်လို့ ရပါတယ်"

"ဟုတ်ကဲ့ ဖေဖေ၊ မနက်စောစောကြီး ထွက်လိုက်မယ်"

"တရုတ်ပြည်သွားဖို့က ဘယ်နှရက်လောက်ကြာမလဲ မမှန်းနိုင်သေးတော့ မနေ့က အစည်းအဝေးမှာ ဖေဖေပြောတဲ့ ဒီဇယ်သွင်းဖို့ ကွန်ထရက်ကိစ္စ မသွားခင် အကြောင်းပြန်နိုင်မှ ဖြစ်လိမ့်မယ်၊ လက်ခံမယ် ငြင်းမယ် တစ်ခုခုပေါ့၊ ဦးကျော်လွင်ကတော့ အစည်းအဝေးမှာပြောတာ ဖြစ်နိုင်တယ်၊ လုပ်သင့်တယ်ပြောတယ်၊ သား ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဇေ့ကို ဘာကြောင့် ဆန္ဒခံယူသလဲဆိုတာ ဇေ သိသည်။ ဒီဇယ်ကိစ္စအတွက် ပါတနာလုပ်ရမည့်သူဟာ ဦးဝင်းခန့် ဖြစ်နေလို့ပင်။ ဇေ ဘာမှမပြောရသေးခင်ပင် မေမေ ကဝင်၍ ...

"ဦးဝင်းခန့်နဲ့ ပါတနာ မဟုတ်လား၊ မလုပ်ပါနဲ့ ကိုမင်းရယ်၊ ရှုပ်ရှုပ်ယှက်ယှက်"

ထုံးစံအတိုင်း ထမင်းကိုတို့တိတိ၊ စိတ်မပါ လက်မပါ စားနေသော နွေ့ရဲ့ခေါင်းလေးက မတ်ခနဲ ထောင်လာကာ ...

"ဘာလို့လဲဟင် ... မေမေ"

"နွေ လူကြီးစကားဝိုင်းထဲ ဘာတွေ ကယောင်ကတမ်းဝင် မေးနေတာလဲ၊ သမီးလေးနဲ့ အလုပ်ကိစ္စ ဘာဆိုင်လို့လဲ၊ ညည်းပုံစံက အိပ်ရာက လန့်နိုးသလိုပဲ၊ ကြက်သားရို့စ်တွေ ထည့်စားစမ်း နွေ၊ ဘွားဘွားကြီး မကုန်ဘူး ကျန်နေတာ အများကြီးပဲ၊ သမီး စားလိုက်"

"အာ ... မစားချင်ပါဘူး မေမေကလည်း"

"ကြက်သားလေး ဘားလေးစား၊ ဘာမစားချင်ဘူးလဲ၊ ဘာအသားမှ ဟုတ်တိပတ်တိ မစားဘူး၊ လူကြည့်တော့ အရိုးချည်းပဲ"

"အရိုးမပေါ်ပါဘူးနော်၊ အသားလေးနဲ့ ပိန်တာပါ အဟီး"

"ကဲ ... မင်းတို့သားအမိ စကားတွေက ကိုယ်ရှေ့ဆက်လို့ မရတော့ဘူး"





ဦးမင်းဒင်က စိတ်မရှည်သလို ဝင်ဟန့်လိုက်၍ ခေါ်ခင်မမထိပ်နှင့် နွေ အသံတိတ်သွားပါသည်။

"ခင်မ ... အလုပ်ကိစ္စက အလုပ်ကိစ္စပဲဆိုတာ မင်း ခွဲခြားသဘောပေါက်ရမယ်လေ၊ ဇေသဘောကို ကိုယ် မေးတာက တော့ ဘာပဲဖြစ်ဖြစ် မေးသင့်တယ်ထင်လို့ မေးရတာ၊ ဒီကွန်ထရက်က ဦးဝင်းခန့် အဆက်အစပ်နဲ့ရလာတဲ့ ကွန်ထရက်"

"သူ့ဟာသူ လုပ်ပစေပေါ့"

"ကိုယ်က သွားတောင်းဆိုကာလည်း မဟုတ်ဘဲ သူက ကမ်းလှမ်းပြီး ညှိလာတာ၊ သူက ဟိုဘက်စက်မှုဇုန်ထဲ ငွေတွေလွှန်ပြီး မြှုပ်နေတာကြောင့် ဒီကွန်ထရက်အတွက် အင်အားမရှိဘူးလေ၊ မနေ့က အစည်းအဝေးမှာပြောပြီးပြီလေ၊ ဒီကိစ္စက အဝင်အထွက် လည်ပတ်ငွေရင်း ပမာဏ အရမ်းကြီးတယ်၊ အဲဒါကြောင့် ရှယ်ယာပါတနာလိုက်လို့ သူလည်း ကမ်းလှမ်းတာပေါ့၊ တစ်လ တစ်လ ဒေါ်လာ သန်းချီမြတ်မယ့် ကွန်ထရက်ကို အလကားနေရင်းတော့ သူများကို တစ်ဝက်မျှပေးချင်ပါ့မလား ...

သူ ပွင့်ပွင့်လင်းလင်းပဲ ကိုယ့်ကိုပြောတာ၊ ရှယ်ယာ ပါတနာ လုပ်ချင်လုပ်ပါ၊ မလုပ်ရင် ငွေလှည့်ပါဆိုတာ"

"အို ... ငွေလည်း မလှည့်ချင်ပါဘူး ကိုမင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထီးက တိတ်တိတ်ဆိတ်ဆိတ်သာ ထမင်းငုံ့စားနေပါသည်၊ မေမေဟာ ဖေဖေ့ကိုပြောတဲ့စကားမို့သာ လေသံကို ကြိုးစားနူးညံ့ထားပေမယ့် မျက်နှာပြင်မှာ ဒေါသရိပ်ငွေ့ ထင်ဟပ်နေသည်။ ဦးဝင်းခန့် ဒေါ်မြတ်သဇင်တို့နှင့် ဘယ်နည်းနှင့်မှ မပတ်သက်ချင်ဘူးဆိုတဲ့ တူးတူးခါးခါး ဆန္ဒက မေမေ့မျက်နှာရိပ်မှာ ပေါ်လွင်သည်။

ထီးက နွေ့ထံ ဖျတ်ခနဲ တစ်ချက်အကဲခတ်မိသည်။ နွေဟာ ယုန်ကလေးသာဆိုလျှင် နားရွက်ကလေးနှစ်ဖက် ထောင်မတ်နေမှာ သေချာသည်။ ခုလည်း မျက်လုံးဝိုင်းလေး ကလည်ကလည်နှင့် ဖေဖေနှင့် မေမေ့ကို ခိုးကြည့်နေပါသည်။

"ဘာမှလဲ မကူညီဘူး၊ လက်လည်းမတွဲဘူးလို့ ငြင်းဖို့ကတော့ ခက်တယ်လေ ခင်မရယ်၊ ဦးဝင်းခန့်နဲ့က အရင်ကလည်း လက်တွဲခဲ့ဖူးတဲ့ လုပ်ငန်းတွေရှိတာပဲလေ၊ ယုံကြည်စိတ်ချရတဲ့သူပဲလေ"

"ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လို့လဲဟင် မေမေ"

ဒေါ်ခင်မမထိပ်က နွေ့ကို မျက်စောင်းတစ်ချက်နှင့် ငဲ့ကြည့်လိုက်ပါသည်။

"နွေတစ်ယောက် ဘယ်လိုဖြစ်နေပါလိမ့် ဒီနေ့"

"သိချင်လို့ပဲဟာကို"





"ရှင်းရှင်းပြောရရင်တော့ ကိုယ်က ပါတနာလုပ်ချင်တယ်၊ ဒါပေမဲ့ ဖေ့ကို ဆုံးဖြတ်ဖို့ လွှဲပေးထားတယ်၊ ဖေ့သဘောထားတော့ ယူချင်တယ်"

"ကိုကိုက ဘာဖြစ်လို့လဲဟင်"

"နွေ ... ကိုယ်နဲ့မဆိုင်တာ ဝင်မရှုပ်နဲ့သမီးလေး"

"မိသားစုထဲကကိစ္စပဲ၊ နွေလည်း သိသင့်တာပေါ့"

"ဒါပေမဲ့ အလုပ်ကိစ္စလေ၊ သမီး ဘာမှနားမလည်ဘူး"

နွေက နှုတ်ခမ်းလေးထော်ကာ ဟိုလှူ့ကြည့် ဒီလှူ့ကြည့်နှင့် ငြိမ်နေလိုက်ပါသည်။ ဒီထမင်းဝိုင်းမှာ ဘာသံမှမထွက်ဘဲ ဆိတ်ငြိမ်နေရသူက ထီးပင်။ ထီးအဖို့ ဝင်ပြောစရာစကားလည်း မရှိ၊ ဝင်ပြောဖို့ အခြေအနေလည်းမရှိ။ ဦးဝင်းခန့်နှင့် အလုပ်တွဲဖက်မလုပ်စေလိုတဲ့ ဒေါ်ခင်မမထိပ် သဘောထားဟာလည်း ဘာကြောင့် ဘာကိုအခြေခံပြီး ဖြစ်လာရတယ်ဆိုတာ ထီးသိနေ၍ စိတ်လည်းကျဉ်းကျပ်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီလူဒီလူတွေချင်း ပတ်ပြီးသိနေကျွမ်းနေဖို့ ဆုံစည်းစေခဲ့တဲ့ ကျဉ်းလွန်းသော ကမ္ဘာကြီးကိုပဲ အပြစ်ဆို ရိုးမယ်ဖွဲ့ရလေမလား။ ပြင်ဆင်ပေးလို့ရတဲ့ကိစ္စလည်း မဟုတ်။ နေရထိုင်ရ ခက်လှပါဘိတော့။

"သားကတော့ ဦးဝင်းခန့်နဲ့ အလုပ်လုပ်ဖို့အတွက် ဘယ်လိုမှမနေဘူး၊ အလုပ်သဘောနဲ့ ကိုယ့်အကျိုးအမြတ် ကောင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ရှိတာယ်ဆိုရင်တော့ လုပ်သင့်တယ်လို့ပဲ ထင်တာပဲ ဖေဖေ၊ ထီးရော ဘယ်လိုသဘောရလဲ”

“ရှင်”

ထီးက ကိုယ့်ကိုမေးမည် မထင်လိုက်၍ ရုတ်တရက် အလန့်တကြားလေးဖြစ်သွားရပြီးမှ အနည်းငယ်စဉ်းစားလိုက်ရင်း...

“ထီးသဘောထားလည်း ကိုကို့လိုပါပဲ၊ ကုမ္ပဏီအကျိုး အမြတ်ကိုပဲကြည့်ဖို့ လိုအပ်တယ် ထင်ပါတယ်”

“ဟုတ်တယ် ... ဒီလိုပဲ ဖြစ်နေရမယ်”

ဖေဖေက ကျေနပ်သွားသလို ပြောလိုက်တဲ့အခါ မေမေ့မျက်နှာက မကြည်မသာရိပ် ပိုပြီးရင့်ထော် သိသာထင်ရှားလာပါသည်။

“ကိုမင်းလည်း ဒေါ်မြတ်သဇင် ပါးစပ်ကို သိပြီးသားပဲလေ”

“သူ့ပါးစပ်က အခုအလုပ်ကိစ္စမှာ ဘယ်လိုအခန်းကဏ္ဍက ပါဝင်လာစရာ အကြောင်းရှိလို့လဲ ခင်မရယ်”

ထီးသည် ဆက်ထိုင်မနေချင်အောင် စိတ်တွေကျဉ်းကျပ်လာ၍ နံဘေးက ရေဖန်ခွက်ကို ကောက်ယူကာ တစ်ချက်မော့ရင်း စားပွဲမှ ထရပ်လိုက်သည်။

“ဖေဖေ ... မေမေ ... ကိုကို ... ထီး အရင်ပြန်နှင့်ပါမယ်၊ ဟိုဘက်မှာ အလုပ်လုပ်စရာလေးတွေ နည်းနည်းပါလာလို့ပါ”





“အေး ... အေး ... သမီး”

ဖေဖေက ခေါင်းညိတ်လိုက်သလို နွေက ထီးကို သက်ညှာသလိုလေး တစ်ချက်လှမ်းပြုံးပြပါသည်။ တကယ်တော့ မေမေဟာ သူ မလုပ်စေလိုရင်လည်း ဖေဖေ့ကို နှစ်ဦးတည်း တိုးတိုးတိတ်တိတ် ပြောသင့်တာတော့ အမှန်ပါ။ ထီးရှေ့မှာပြောတဲ့အခါကျတော့ အလကားနေရင်း ထီးအတွက် (ကိုယ်လည်းဘာမှမတတ်နိုင်၊ အပြစ်ရယ်လို့လည်း မဟုတ်တဲ့)အပြစ်မကင်းသလို စိတ်ကျဉ်းကျပ်ခြင်းကို ခံစားရနိုင်ပေသည်။

“သမီးလည်း တော်ပြီ”

နွေကလည်း ထိုင်ရာကထ,ကာ ထမင်းစားပွဲမှ ထွက်ခွာသွားပါသည်။ ထမင်းစားပွဲမှာ ဖေတို့သားအဖသုံးယောက်သာ ကျန်ရစ်မှ ဖေဖေက ...

“ခင်မရယ် ... ဘာမှအဓိပ္ပာယ်မရှိတာ အရေးမပါတာတွေ နေရာတကာ ထည့်မတွက်စမ်းပါနဲ့ကွာ၊ ဒီလိုသာ စစ်စစ် ပေါက်ပေါက် လျှောက်စဉ်းစားနေမယ်ဆိုရင် ဘယ်လိုသွားအလုပ်လုပ်တော့မလဲ”

“လက်တွဲလုပ်စရာလူတွေ အများကြီးပါ ကိုမင်း”

“မှန်ပါတယ် အများကြီးပါ၊ အခု ဒီကွန်ထရက်ကတော့ ဦးဝင်းခန့် ရထားတာကို သူက Partnership လာကမ်းလှမ်းတာလေကွာ၊ ကိုယ့်အနေအထားအရ သူနဲ့အတူတွဲ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မလုပ်ချင်ရင်တောင် သူလိုအပ်တဲ့ငွေ တစ်စိတ်ထစ်ဒေသ ကူလှည့်ပေးသင့်တဲ့ အနေအထားမှာရှိတယ်၊ သူလည်း ကိုယ့်ကိုကူညီခဲ့ဖူးတာတွေ ဟိုးအရင်ကတည်းက ရှိဖူးတယ်လေ၊ ပစ်ပစ်ခါခါ ငြင်းစရာအကြောင်းပြချက်လည်း မရှိဘူး"

"အကြောင်းပြချက်က အဲဒါပဲလေ၊ အားလုံးသိနေတာပဲ ပတ်သက်ခဲ့ဖူးတာကို၊ ဒေါ်မြတ်သဇင် ပါးစပ်က ဘယ်လောက် တင်စီးပြောတတ်သလဲလည်း ကိုမင်းလည်းသိနေတာပဲ"

ဇေမျက်နှာက ညှိုးနွမ်းသွားပါသည်။

"မေမေရယ် ... အဲဒီကိစ္စက ဒီလောက်ထိ အရှည်ယူထည့်ထွက်နေစရာကိစ္စ မဟုတ်ပါဘူး၊ ခုချိန်မှာ ဘာမှလဲ အရေးမပါပါဘူး၊ ဒီကိစ္စအတွက် ဒီလောက် အခြေအတင်ဆွေးနွေးနေရတာ ထီး သိနေရတာကိုက သူ့စိတ်ထဲဘယ်လိုမှကောင်းမှာ မဟုတ်ဘူး၊ သူပဲအပြစ်မကင်းသလိုလို သူ့ကြောင့် ကုမ္ပဏီအကျိုးအမြတ်ရှိတဲ့ ကိစ္စတစ်ခု သွယ်ဝိုက်ပတ်သက်နည်းအားဖြင့် ပျက်ပြားရသလိုလို သူ တွေးပြီး အနေအထိုင်လည်း ကျဉ်းကျပ်မှာပဲ မေမေ ...

ဒီကိစ္စမရှိခဲ့ရင်တော့ ကောင်းတာပေါ့၊ ဒါပေမဲ့ ... ဦးဝင်းခန့်သားနဲ့ ထီး ပတ်သက်မှုရှိခဲ့တာက သတ်သတ်၊ ဖေဖေနဲ့ ဦးဝင်းခန့် ဒီဘက်မှာ လုပ်ငန်းချင်း မိတ်ဆွေဖြစ်





နေခဲ့တာကသတ်သတ်၊ သူ့ဟာနဲ့သူ တစ်ကန့်စီ ဖြစ်ပျက်ပြီးစီးနေတာကို ပြင်ဆင်လို့လည်း မရဘူးလေ မေမေ၊ သားတို့အိမ်ထောင်သက်တောင် ခုနစ်လ ရှစ်လကျော်ပြီ၊ နှစ်တောင် ပေါက်ပါတော့မယ်၊ မေမေ ဒီကိစ္စကို ခေါင်းထဲက မဖျောက်နိုင်တာ မေမေ့အတွက်လည်း စိတ်ပင်ပန်းစရာ ဖြစ်ပါတယ်"

"သိပြီးသား ကိစ္စတစ်ခုကို မေ့သွားပျောက်သွားရအောင် မေမေက ဦးနှောက်ပျက်နေတာလည်း မဟုတ်ဘူး သား၊ ဘယ်လိုမေ့မှာလဲ၊ ဒီ ဦးဝင်းခန့် ဒေါ်မြတ်သဇင်နဲ့လည်း ပတ်ကို မပတ်သက်ချင်ဘူး"

"မင်း မှားနေပြီ ခင်မ"

ဦးမင်းဒင်က ဖွန်းခက်ရင်းလည်းချ၊ သက်ပြင်းလည်း ချလိုက်ပါသည်။

"ခင်မ ခုလို သဘောထားဖြစ်နေတော့ သားလည်းစိတ်ရှုပ်စိတ်ညစ်မယ်၊ ဦးဝင်းခန့်သားနဲ့ ထီးနဲ့ တစ်ချိန်က ချစ်သူရည်းစား ဖြစ်ဖူးတယ်၊ ဖြစ်ခဲ့တယ်၊ မင်းရဲ့သားနဲ့ ကြိုက်တယ်၊ လက်ထပ်တယ်၊ သူတို့ချင်းချစ်ခင်ပြေလည် အဆင်ပြေပြီး နားလည်မှုလည်း အပြည့်ပဲ၊ သူ့အကြောင်း ကိုယ့်အကြောင်း နောက်ကြောင်းတွေလည်း ပြောသင့်တာ ဖွင့်ပြောထားတာပဲ၊ ထိမ်ချန်ထားတာ မရှိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေကြောင့် ကိုယ်နဲ့ ဦးဝင်းခန့် ဘာအလုပ်မှ လက်တွဲမလုပ်ရတော့ဘူး ဆိုတာဟော့ တစ်စက်ကလေးမှ အဓိပ္ပာယ်မရှိဘူး ထင်တာပဲ၊ ဒေါ်မြတ်သဇင် ပါးစပ်ဆိုးတယ် ဘာဖြစ်လဲ ဆိုးပါစေ၊ ဘာအရေးစိုက်စရာရှိလို့လဲ၊ သူ့သားနဲ့ကြိုက်တယ် ဘာဖြစ်လဲ၊ ကြိုက်ပေမယ့် ဒီမိန်းကလေးကို သူ့သားမရခဲ့ဘူး ကိုယ့်သားရတယ်၊ ကိုယ်ကတောင် အပေါ်ကပါ၊ တွေးကြည့်ရင် ကိုယ့်ဘက်ကတောင်အနိုင်လေ၊ မင်းက ကိုယ့်နေရာကိုယ် အောက်ကိုချပြီး ဘာလို့တွေးနေမှန်းတောင် နားမလည်ဘူး"

ဇေက သက်ပြင်းတစ်ချက်ချရင်း ထိုင်ရာက ထလိုက်သည်။

"ဖေဖေနဲ့ မေမေပဲ ဆက်ဆွေးနွေးညှိနှိုင်းပါ၊ ဒီကိစ္စကို ဘယ်လိုပဲ နောက်ဆုံး ဆုံးဖြတ်သွားသည်ဖြစ်စေ သားလက်ခံပါတယ်၊ ကျေနပ်ပါတယ်"

ထမင်းစားခန်းမှထွက်ကာ အိမ်ရှေ့ဧည့်ခန်းမှဖြတ်၍ အိမ်တံခါးဝမှ ထွက်မည်ပြင်လိုက်သော ဇေသည် ခြံတွင်းထွန်းထားသော မီးမောင်းစိမ်းဝါဝါကြီးရဲ့အလင်းအောက်မှာ နွေနှင့်ထီးကို လှမ်းမြင်လိုက်ရသည်။ နွေက ထီးရဲ့ခါးကိုတောင် ပွေ့ဖက်ထားလျက်။ နွေ့မျက်နှာလေးက ပြုံးပြုံးရွှင်ရွှင်။ ထီးကတော့ နွေ့ကိုချစ်ခင်သော အပြုံးလေး မျက်နှာမှာရှိနေသော်လည်း ထိုမျက်နှာ





လေးက နွမ်းတော့ ခပ်နွမ်းနွမ်းပင်။ ယောက်မဖြစ်သူ ထီးကို ညီမလေးက လိုက်ချော့နေတယ် ထင်ပါရဲ့ဟု ဇေ တွေးမိကာ ရင်ထဲ နှစ်သိမ့်မှုတစ်မျိုးဖြစ်လျက် ရပ်ကြည့်နေမိသည်။

ထီးသည် သူ့အိမ်ဘက်အပြန် နောက်မှအပြေးပါလာကာ သူ့ခါးကိုဖက်လျက် စကားရောဖွဲ့ရော လုပ်နေသော နွေ့ကို အလိုက်သင့် စကားပြန်ပြောရင်း ယောက္ခမနဲ့ အခြောက်တိုက် အမြင်မကြည် မေတ္တာမပွားနိုင်မှုကို ယောက္ခထီးနှင့် ယောက်မလေးတို့ရဲ့ ချစ်ခင်ဖေးမမှုနှင့် ထေပစ်နေရပါသည်။

ယောက်မလေးကလည်း စိတ်ကောင်းလေး ရှိရှာပါရဲ့၊ ဘယ်အချိန် နားလည်မှုလွဲခံရမလဲ ဆိုတာတော့ ရင်လေးလေး စိတ်ထင့်ထင့်ပင်။ အခုလည်း "ထီးရဲ့ဆံပင်လေး ဘယ်ဆိုင်မှာ ညှပ်တာလဲ"ရယ်လို့ စကားရောဖွဲ့ရော လိုက်မေးနေပေမယ့် တကယ်တမ်း သူ စကားပြောချင်လို့ နောက်ကလိုက်လာတာဟာ ဤအကြောင်းအရာ မဟုတ်မှန်း ထီး သိနေတာပဲဟာ။

"မမထီး"

"အင်း ... ပြောလေ ညီမလေး"

"မမထီးကို တစ်ခုမေးချင်သေးလို့၊ နွေမသိလို့ မေးတာပါ၊ မေမေက ဦးဝင်းခန့်နဲ့ ဖေဖေ့ကို ဘာဖြစ်လို့ အလုပ်မလုပ်စေချင်တာလဲဟင်"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လို ... မမထီး"

"မမထီးလည်း ဘယ်အတိအကျ ပြောနိုင်ပါ့မလဲ နွေရယ်၊ အဲဒါ မေမေ့ကိုပဲ နွေ မေးကြည့်ရင် အကောင်းဆုံးပေါ့"

"ဟင် ... နွေမေးနေတာ မမထီး အတွေ့ပဲ၊ မေမေက ဖြေမှမဖြေတာ၊ ပြီးတော့ ဒီကိစ္စက ကိုကို့ဆန္ဒကို ဖေဖေက အဓိကယူနေတော့ နွေ စဉ်းစားနေမိတာ ကိုကိုနဲ့ပြဿနာ တစ်ခုခုရှိခဲ့လို့လား၊ အဲဒါတော့ မမထီး သိမှာပေါ့"

"ကိုကိုနဲ့တော့ ဘာမှ တိုက်ရိုက်ပြဿနာမရှိဖူးပါဘူး"

"ဒါဖြင့် ဘာတွေရှိလို့ မေမေက ဒီလောက် မလုပ်စေချင်ရတာလဲ"

"သေချာတာတစ်ခုကတော့ မေမေက ဒေါ်မြတ်သဇင်ရဲ့ စိတ်သဘောထားတို့ အပြောအဆိုတို့ကိုတော့ သိပ်မနှစ်မြို့ဘူးလေ နွေ"

"ဟင် ... ဒါပဲတော့ မကာနိုင်ပါဘူး၊ မမထီး သိရက်နဲ့ တစ်ခုခုကို လျှို့ဝှက်ထားတာလားလို့ နွေ ထင်နေတာ"

ထီးသည် နွေ့ကို ဘယ်လိုပြန်ဖြေရမည် မသိတော့ပါ။ ပြောလို့လည်းမထွက်။ ပြောလိုက်လျှင် နွေနှင့် ထီးအကြားက ပြေလည်ချစ်ကြည်ရေးဟာ ပျက်ပြားသွားဖို့သာ ရှိလိမ့်မည်။ ဖုံးထားပြန်တော့လည်း တစ်နေ့သောအခါ မပေါ်ပေါက်လာမှာမဟုတ်သည့်အကြောင်းတရားကို နွေ့ထံ အမှန်ဖွင့်မပြောခဲ့ဘဲ လျှို့ဝှက်ဖုံးကွယ်မှုနှင့် အပြစ်ကင်းမှာ မဟုတ်ပြန်ပေ။





"မမထီးကို နွေ ကျေးဇူးတင်ပါတယ်"

"ဟင် ... ဘာလို့လဲ နွေရဲ့"

"ဟိုးတစ်နေ့ကလေ Market place မှာ နွေတို့ကို မမထီး သေသေချာချာကြီး တွေ့လိုက်တာပဲ၊ မမထီး ကိုကို့မမြင်အောင် ကိုကို့ကို အတင်းဆွဲခေါ်သွားပေးတာ နွေ သိပါတယ်၊ အဲဒါကို ကျေးဇူးတင်တာပေါ့"

"………"

"မမထီး သူ့ကို သိတယ် မဟုတ်လား"

"ဟင် ... ဘယ်သူ့ကိုလဲ"

"နွေ့ချစ်သူကိုလေ၊ ဟိုနေ့က သူ့ကိုလည်း မမထီး သေချာတွေ့လိုက်တာပဲဟာ"

"ဩော် ... ဟို ... မ ..."

"ဘိုက ပြောပါတယ်၊ မမထီးနဲ့ ကျောင်းတုန်းကတည်းက သိတယ်တဲ့၊ မမထီးကလည်း မသိချင်ယောင် ဆောင်နေပြန်ပြီ၊ ဘိုနဲ့ ချစ်သူတွေဖြစ်နေလို့လည်း အခု မေမေက သူ့အဖေအမေကို ခါးသီးနေတဲ့အကြောင်းရင်း နွေ အရမ်းသိချင်နေတာပေါ့ မမထီးရဲ့၊ မမထီး သိပါတယ်နော်၊ မမထီးက ဒီလောက်ဝေးတဲ့လူမှ မဟုတ်တာ၊ ဘာမှဝင်မပြောချင်လို့ နှုတ်ဆိတ်နေတာ နွေ ရိပ်မိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... စိတ်ကျဉ်းကျပ်လိုက်တာနော်။ ထီးသည် နှုတ်ပိတ်နေလွန်းလျှင်လည်း မကောင်း၍ ...

"အဲဒီညနေက ဦးသော်ကို ဘယ်လိုထားခဲ့လဲ နွေ။ ဟိုးတစ်ခါလည်း နွေ့ကို မမ အဲဒီလူကားပေါ် တွေ့လိုက်ဖူးပြီးပြီ၊ ဦးသော် မပါဘဲ နွေ့ကို အဲသလို မေမေမြင်သွားရင် ပြဿနာတက်မယ် ထင်တယ်"

"အဲဒီနေ့က ဦးသော်ပါ ပါတယ်၊ ကိုကို မြင်သွားရင်တောင် နွေက အပြင်မှာ ရှေ့ဆင့်နောက်ဆင့် ရပ်ထားတဲ့ ဦးသော်ကားပေါ်တက်ပြီး ဒီကျမှဆုံတာလို့ လုပ်လိုက်မလို့ပဲ ... အဟီး၊ ဟိုးတစ်ခါ မမထီး မြင်တုန်းကတော့ ဟုတ်လိမ့်မယ်၊ နွေက ဦးသော်ကို တစ်နေရာမှာ ကားရပ်နိုင်းခဲ့ပြီး ဘိုကားနဲ့ လိုက်လိုက်သွားတာ ...

ခုနောက်ပိုင်း ဦးလေးသော်ကြီးကလည်း ပြန်တိုင်မယ် ဘာမယ်နဲ့ ဂျိုဂျောင် သိပ်လုပ်တာပဲ၊ လူကိုသိပ်ခြိမ်းခြောက်တာပဲ၊ ထားခဲ့လို့ကို မရဘူး၊ သူပါလိုက်မယ်ဆိုပြီး နွေတို့ကားနောက်က တောက်လျှောက်ပါနေတာလေ၊ နွေ အချိန်မရွေး ဦးသော် ကားပေါ် ပြန်ပြောင်းစီးလို့ ရပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် မေမေ သိရင်တော့ ပြဿနာတက်နိုင်တယ် နွေ၊ နွေ့ကို ညီမအရင်းလေးလို သဘောထားပြီး





ပြောရရင်တော့ နွေ့အနေနဲ့ အလေးအနက်ထားတဲ့ချစ်သူဆိုရင် မေမေ့ကို ဖွင့်ပြောပြပြီး အသိပေးခွင့်တောင်းသင့်တယ်လို့ မမထင်တယ် နွေရယ်၊ သိပ်အလေးအနက်မရှိတဲ့ ချစ်သူဆိုရင်လည်း ခုလို မေမေ သဘောမကျတာ သိနေမှတော့ နည်းနည်း အရှိန်သတ်သင့်တယ်လို့ပါ။ မမ နွေ့လူမှုရေးကို စွက်ဖက်တာမဟုတ်ပါဘူး၊ အခုဟာ နွေ စကားစပ်လို့ ပြောရတာပါ"

"မမထီးကလည်း ပြောလို့ရပါတယ်၊ နွေက မမထီးကို အစ်မလိုချစ်ပြီးသားပါ"

နွေက ထီးရဲ့ခါးကို လက်နှစ်ဖက်လုံးနှင့် ထွေးဖက်ထားရာမှ ညှစ်ရမ်းလိုက်ပါသေးသည်။

"မေမေ့ကို ဖွင့်ပြောဖို့တော့ အခုဆို ပိုတောင်ဝန်လေးသွားပြီ၊ သူ့အဖေအမေကို နွေ ကောင်းကောင်းမသိပေမယ့် ဘိုကတော့ စိတ်လည်းကောင်းပါတယ်၊ လူလည်းကောင်းပါတယ်၊ အပြစ်မရှိပါဘူး မမရယ်"

အင်း ... ဘိုဘိုဟာ စိတ်ပျက်စရာ လက်သင့်မခံနိုင်စရာ သိသာထင်ရှားသော အားနည်းချက်မျိုးရှိတဲ့ သူစားတော့ မဟုတ်ပါ။

"မေမေတို့ လူကြီးတွေကြားမှာ ဘယ်လိုပဋိပက္ခမျိုးရှိသလဲ မမထီး သိရင် နွေ့ကိုပြောပြပါ မမထီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မ သိတာတော့ ဒေါ်မြတ်သဇင်ရဲ့ အပြောအဆိုတင်းစီးမှု နဲ့ သူ့စရိုက်တချို့ကို မေမေ မကြိုက်ဘူး ဆိုတာပဲ၊ နွေ မေမေ့ကို မေးကြည့်တာ ပိုကောင်းလိမ့်မယ် ထင်ပါတယ်"

သူ့အမေက ဖွင့်ပြောလိုက်ရင်လည်း ဒီမျက်နှာထား ရခက်စရာကိစ္စကြီးကို နွေသိရင် သိပါစေတော့။ ထီး ဘာမှတတ် နိုင်သည့်ကိစ္စမှ မဟုတ်ဘဲ။ ထီး ကိုယ်တိုင်ကတော့ နွေ့ချစ်သူ ဘိုဘိုဟာ ကိုယ်နဲ့မယူဖြစ်ခဲ့တဲ့ ငယ်ချစ်ဟောင်း ဖြစ်ပါတယ်ဆို တာမျိုး ဘယ်လိုမှ ပြောမထွက်နိုင်ဘဲ ရှိနေတာပါ။

"သြော် ... မေမေက ပြောသေးတယ် ဟိုတစ်နေ့က၊ မမထီးက ဦးသော်ကို မမရဲ့ယောက်ျားမောင်းအဖြစ် လိုချင်နေ တယ်ဆို"

ထီးက အောင့်သက်သက် ပြုံးမိပါသည်။ သူထင်မိ ထင်ရာကို စွတ်ရွတ်ထင်မြင်နေတော့ကာ အသေဆုပ်ကိုင်ထား တော့တာပါပဲ။

"မမ မလိုချင်ပါဘူး နွေ၊ မမက ယောက်ျားမောင်းကို မလိုချင် တာပါ၊ ကိုယ်တိုင်ပဲ မောင်းချင်တာပါ၊ ကိုကို့ကိုတောင် ယောက်ျားမောင်းတော့ မထားပါရစေနဲ့လို့ ပြောပြထားပါတယ် နွေရယ်"

"မဟုတ်ပါဘူး၊ နွေက ဦးလေးသော်ကြီးကို မမ လိုချင်ရင် ယူပါလို့ ပြောမလို့ပါ မမရဲ့၊ နွေ တခြားယောက်ျားမောင်း





ပြောင်းလိုက်မှာပေါ့၊ နွေလည်း ဦးလေးသော်ကြီးကို စိတ် ပျက်နေပြီ၊ စည်းရုံးရေးဆင်းလို့လည်း မရဘူး၊ အရင်ကတော့ နည်းနည်းလိုက်လျောပေမယ့် အခု ဘိုနဲ့သွားမယ်ဆိုရင် တားမြစ်လိုက် ခြိမ်းခြောက်လိုက်နဲ့၊ နားကိုငြီးနေတာပဲ၊ လိုအပ်တာထက် ပိုသစ္စာရှိနေလွန်းလို့ နွေက လူပြောင်း ချင်တာ၊ ကျန်တဲ့လူတွေဆို မုန့်ဖိုးပေးပြီး စည်းရုံးနှုတ် ပိတ်ထားလိုက်ရင် ရမှာသေချာတယ်၊ ဦးလေးသော်က တော့ နွေ့ကိုလည်းတား၊ မေမေ့ကိုလည်း နွေ့ကားမမောင်း ချင်ဘူး၊ ကုမ္ပဏီကား ပြန်မောင်းချင်တယ် လုပ်နေတာ တဲ့ ...

မေမေက နွေ့ကားမမောင်းချင်ဘူး ပြောရကောင်း လားလို့ ဦးသော်ကို အရမ်းစိတ်ဆိုးနေတာ၊ နွေကလည်း အမှန်တိုင်း မပြောရဲဘူးလေ၊ မမထီး လိုချင်လို့ ဦးလေး သော်ကြီးကို ပေးလိုက်တယ်လို့ ပြောလိုက်ရင် တစ်ခါတည်း ခုတ်နှစ်ချက်ပြတ် ... ပြီးရော"

"မလုပ်ပါနဲ့ နွေရယ် ... မလုပ်ပါနဲ့၊ နွေ့ယောက်ျားမောင်းကို လုတယ်လို့ မေမေ စိတ်ဆိုးမှာပေါ့၊ မမမှ တကယ်မလိုချင် တာ၊ ယောက်ျားမောင်းလိုချင်ရင်တောင် နွေ့ယောက်ျားမောင်းတော့ မမဆီ ပြောင်းမယူဘူးလေ၊ ဦးသော်က နွေ့ကို ဒီလိုတား မြစ်တာဟာ ကိုယ့်တူမ ကိုယ့်သမီးလို သဘောထားလို့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



နွေ လုပ်ချင်တာကို ခေါင်းညိတ်မြှောက်ပင့်မပေးဘဲ ခုလို တားတန်တား၊ ဆုံးမတန်ဆုံးမတဲ့ ဦးသော်က နွေ့အတွက် အရမ်းကောင်းပါတယ် နွေရယ်၊ ဦးသော်ကိုပဲ ဆက်ထားပါ၊ မမလည်း လုံးဝမယူပါရစေနဲ့ တောင်းပန်ပါတယ်"

နွေက နှာခေါင်းလေးရှုံ့ကာ မကျေနပ်လှသလိုလေး ရှိပေမယ့် ဘာမှတော့ ဆက်မပြောတော့ပါ။

"ဟိတ် ... နွေ၊ ဘာတွေချွဲနေ ညာနေလဲ"

"ကိုကို"

အနားကိုရောက်လာတဲ့ ဇော ခပ်ပြုံးပြုံးမေးလိုက်ပါသည်။

"အမယ် ...ဘာမှမညာပါဘူးနော်၊ မေမေက ဟို ဦးဝင်းခန့် ဆိုတဲ့လူကြီးကို ဘာဖြစ်နေတာလဲ မမထီးကို မေးကြည့်နေတာပါ"

"ဦးဝင်းခန့်ကို မေမေ ဘာပဲဖြစ်ဖြစ် ညီမလေးနဲ့ ဘာဆိုင်လို့လဲ"

"ဟွန်း ... ဒီလိုချည်းပဲ၊ လူကို လူရာကိုမသွင်းဘူး၊ ကဲပါရော့၊ ကိုကို့မိန်းမကို ခေါ်သွားတော့"

"ညီမလေးလည်း ဝင်တော့ ... သွား"

"ဟုတ် ... မမထီး ... တာ့တာ"

"အင်း ... ဂွဒ်နိုက် ... ညီမလေး"





နွေက အိမ်ဘက်ပြန်ပြေးသွားလျှင် ဇော ထီးရဲ့ ပခုံးကို ဖက်လိုက်ကာ သူတို့တိုက်အိမ်လေးဘက် လျှောက်လာခဲ့ပါသည်။

"ကိုယ် နောက်ကကြည့်နေတာကြာပြီ၊ ညီမလေးက ထီးကို ချစ်တာမြင်ရတော့ စိတ်ချမ်းသာရတယ်၊ မေမေ့ရဲ့ တချို့သော စကားတွေကိုတော့ ထီး ဘယ်လိုမှ သဘောမထားပါနဲ့နော်၊ မေမေက သူ့ချွေးမရဲ့ချစ်ဦးသူ သူ့သားမဟုတ်တာကို မနာလို သဝန်တိုနေတာ ထင်ပါတယ်"

ထီးက ပြုံးသာပြုံးနေလိုက်ပါသည်။ ထီးမှာ ချစ်ဦးသူရှိခဲ့တာကို မကြည်ဖြူတာထက် ထီးကိုသာ နဂိုကတည်းက ကြည်ကြည်ဖြူဖြူ မရှိလှတာမို့ ဒီပြစ်ချက်ဟာ ကြီးကျယ်နေရတာဆိုတာ ထီး ကောင်းကောင်းနားလည်သည်။

"ညီမလေးကို ဘာပြောလိုက်လဲ"

"ဘာကိုလဲ ကိုကို"

"ဪ ... ဦးဝင်းခန့်ကို မေမေ ဘာကြောင့် မကြည်ဘူးလဲဆိုတာလေ"

"ဒေါ်မြတ်သဇင်ရဲ့ အပြောအဆို တင်စီးမှုနဲ့ တချို့စရိုက်တွေကို မေမေ သဘောမကျတာလို့ ဒီထက်အသေးစိတ်သိချင်ရင်တော့ မေမေ့ကိုပဲ မေးကြည့်လိုက်ပါလို့ ဖြေလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ဒီကွန်ထရက် မလုပ်ဖြစ်ရင်လည်း ထီးနဲ့ ပတ်သက်ပြီး အလုပ်ကိစ္စမှာ အဟန့်အတား ဖြစ်ရသလို မျိုးတွေးပြီး စိတ်မကောင်း မဖြစ်နဲ့နော်၊ ဘာပဲဖြစ်ဖြစ်ပါ၊ လုပ်ဖြစ်လည်း ကောင်းတယ်၊ မလုပ်ဖြစ်လည်းကောင်း တယ်လို့ပဲ ထီး သဘောထားလိုက်"

"ဟုတ်ကဲ့ ... ကိုကို"

ကိုကို့ပခုံးတစ်ဖက်ကို ခေါင်းလေးစောင်း၍ မှီမိသည်။ ကိုကို့ရဲ့နားလည်မှု နွေးထွေးမှုနှင့် ထီးရင်ထဲက အစိုင်အခဲငယ် တို့ကို ကြိုးစားချေဖျက်ရပါသည်။





## ၁၁

"သမီးကားက လှလိုက်တာ"

ကားထဲကဆင်းလာသော ထီးကိုကြည့်ကာ ပြောရင်း မေမေက ကားကို တစ်ပတ်ပတ်၍ ကြည့်ပါသည်။

"ဘီအမ်မ်ဒဗလျူနော်"

"ဟုတ်"

ထီးက တစ်ဖက်ထိုင်ခုံ့ရှေ့မှာ ငြိမ်အောင်နေရာချလာသော ငါးဆင့်ချိုင့်ကို သွားယူလိုက်ရင်း အိမ်တံခါးဝသို့ရောက် လာသော ကြွယ်ကြွယ့်လက်ထဲသို့ ထည့်လိုက်ပါသည်။

"ပထမတော့ အေးအေးဆေးဆေး ခဏနေဦးမလို့ပဲ မေမေ၊ အခုထွက်ခါနီးမှ အလုပ်ကိစ္စလေးရှိလာလို့ ကိုကိုနဲ့လိုက် သွားရမယ်၊ နေလို့မရတော့ဘူး မေမေ၊ ယောက္ခမကလည်း ခရီးသွားနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့၊ ဦးမင်းဒင် မရှိတော့ သမီးနဲ့ဖေ အလုပ်များမှာ ပေါ့"

"အပြင်းပြင်း ... မေမေ့စကားကြားတော့ ရယ်ချင်လာတယ်၊ မနက်ကပဲ ရုံးက ဦးခင်မောင်က ကိုကို့ဆီလာပြီး အရေးတကြီး ဆုံးဖြတ်ဖို့ကိစ္စလေးတစ်ခု လာမေးတာ၊ ဒေါ်ခင်မမထိပ် သိတော့ သူ့ဆီမလာဘဲ ဒီဘက်အိမ်လာမေးရပါ့မလား ဆိုပြီး ဦးခင်မောင် အဆူခံလိုက်ရတာ မေမေရယ်၊ ရက်ရက်စက်စက်ပဲ ...

ဖေဖေကလည်း မှာသွားတာပါ၊ ဒီကိစ္စအရေးကြီးလို့အပ်လာရင် ကိုဇော်ဆီပြောလို့ မှာသွားလို့ပါ၊ အဲဒါ သူက ဖေဖေမရှိရင် သူ့ရှိရက်နဲ့ သူ့ကိုကျော်လုပ်တယ်ပေါ့၊ ဟိုးအရင် သမီးနဲ့မယူခင်ကလည်း ဒီလိုပါပဲ၊ တကယ်တမ်း ဒေါ်ခင်မမထိပ်က နာမည်တစ်နေရာယူထားပြီး ပုံမှန်အလုပ်ခွင်မှာ ရှိနေတာမှ မဟုတ်တာ၊ ဘာမဆို ဖေဖေမရှိရင် ကိုကိုနဲ့ ပြီးတာပါပဲ ...

ခုတော့ မေမေရယ်၊ ကိုကိုက အိမ်ထောင်ကျသွားတာဆိုတော့ ကိုကို့ဩဇာအာဏာ မြင့်တက်ခြင်းသည် အလုပ်ထဲမှာပဲရှိနေတဲ့ ကိုကို့ဇနီး သမီးရဲ့အရှိန်အဝါပါ မြင့်တက်ဖို့ပဲ မဟုတ်လား၊ ခုဆို တစ်ခုခုဆိုရင် သူ မပါဘဲမပြီးရ၊ သူ့ကိုအစည်းအဝေးတိုင်း မခေါ်မနေရ၊ သူ မသိလိုက်တာ မရှိစေရ၊ သားလုပ်တဲ့သူကို ဝန်ထမ်းတွေ





က သူ့ထက်ပိုနေရာပေးမှာ လေးစားမှာ သားက အရှိန်အဝါ ပိုကြီးမှာ လုံးဝမလိုလားဘူး၊ သားနဲ့လုပြီး နေရာတစ်ခု ဝင်တည်ဆောက်နေတယ် ...

သူက အမေပါ၊ မိသားစုတစ်ခုမှာ ပုံမှန်သဘာဝအားဖြင့် အဖေအမေပြီးမှ သားကြီးသမီးကြီးပါ မေမေရယ်၊ အဲဒီနေရာကို ဘယ်သူက ဘယ်လိုလုယူလို့ ရမှာလဲ၊ အလုပ်ခွင်မှာတော့ တစ်သက်လုံး ဘာတစ်ခုမှလဲ ဝင်မလုပ်ခဲ့ဘဲ၊ သူ့ကို Board of director တစ်ယောက်အဖြစ် ပုံမှန်အမြဲပို့ပေးရတဲ့ လစဉ်ကုမ္ပဏီမှတ်တမ်းတွေတောင် တစ်လုံးမှဖတ်မကြည့်ဘဲ ယောက်ျားနဲ့ သားဆီက နှုတ်နဲ့ပြောတာကိုပဲ နားထောင်တဲ့သူက တစ်လုံးမကျန်ဖတ်တယ်၊ စစ်တယ်၊ ဝင်ဆွေးနွေးတယ်၊ သူ အရင်မသိရဘဲ ကိုကို အရင်သိထားတာ တစ်ခုခုရှိရင် ပြဿနာရှာတယ်၊ အတင်းပဲ နေရာယူတယ်၊ သူ့ ဒီလိုနေရာယူထားကြောင်း သိသိသာသာ ပြတယ်"

ထီးရဲ့မိခင်သည် စ,မိသည့်နှင့် အဆက်မပြတ် တရစပ် တောက်လျှောက်အရှည်ကြီးပြောသွားတဲ့ ထီးစကားတွေကို နားထောင်ရင်း ထီးမျက်နှာလေးကို နှုတ်ခမ်းလေးပင် ပွင့်ဟကာ အငေးသား ကြည့်နေရာမှ ထီးအသံတွေ စိတ်လိုက်မာန်ပါ အရှိန်ပါလာတဲ့အခါ တစ်နေရာအရောက်မှာ ဝင်၍ဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး"

"........"

ထီးအသံက သတိလက်လွတ် ဆက်ပြောနေရာမှ တိခနဲ ရပ်သွားသည်။

"ပင်ပန်းလိုက်တာ သမီးရယ်၊ ဘယ်လိုစကားတွေ ပြောနေတာလဲ၊ မပြောပါနဲ့ သမီးရယ်၊ သမီး ဒီလိုတွေးနေခံစားနေရတာ ဖေသိရင်လည်း မကောင်းပါဘူး၊ ခေါင်းထဲက ထုတ်လိုက်ပါ၊ သူ့အမေက သူ့သားအထက်က နေချင်တာ သဘာဝကျသားပဲ သမီးရယ်"

"မေမေ့စကားက မမှားသလိုပဲ၊ မှန်သလိုပဲ၊ ဒါပေမဲ့ သူ့အတွင်းသဘောကတော့ သူ့သားအထက်က နေချင်တာ အဓိကမဟုတ်တာ သိနေရတော့ ရင်ထဲမှာ ကသိကအောက်သိပ်ဖြစ်တယ်၊ ခုဆို ကိုကိုက အလုပ်ကိစ္စတစ်ခုခု ဆုံးဖြတ်လိုက်တာ၊ အသစ်တစ်ခုခု လုပ်လိုက်တာ တစ်ခုမကျန်ကို ထီးရဲ့ပယောဂ ထီးရဲ့ဩဇာကင်းရဲ့လားဆိုတာ သံသယဝင် စစ်ဆေးလို့မပြီးဘူး၊ ကိုကိုက ထီးကို အလုပ်ခွင်မှာလိုတာထက်ပိုတဲ့ အခွင့်အရေးပေးမှာ မဟုတ်သလို ထီးကလည်း လိုတာထက်ပိုတဲ့ စွက်ဖက်မှု ဘယ်တော့မှ ရှိမှာမဟုတ်ဘူး မေမေ"





ထီးအမေက ထီးရဲ့လက်ဖျားလေးကို ဆုပ်ညှစ်လိုက်သည်။

"စိတ်လျှော့ပါ သမီးရယ်၊ ဘာမဟုတ်တဲ့ အသေးအဖွဲလေးတွေပါ၊ မိသားစုတစ်ခုမှာ in laws တွေ ချစ်ခင်သင့်မြတ်ကြတယ်ဆိုတာဟာ ကျက်သရေတစ်ခု မင်္ဂလာတစ်ခုသမီးရဲ့"

"ထီးလည်း ကျက်သရေမင်္ဂလာ ရှိချင်တာပဲ မေမေ"

ပြောရင်း ထီးအသံလေး တုန်သွားပါသည်။ မျက်ရည်ကလည်း ချက်ချင်းလည်လာပါသည်။ ယောက္ခမအိမ်ထက်သို့ ကျက်သရေမင်္ဂလာရှိရှိ မတက်လိုသောချွေးမ လောက၌ရှိပါမည်လား။ ကျက်သရေမင်္ဂလာ ရှိချင်လွန်းလှချည့်ပါ။

"သူ့အတွက် သမီးက ကျက်သရေမရှိဘူး၊ မင်္ဂလာလည်း မရှိဘူး မေမေ၊ သူ့သားကို မကန့်ကွက်ချင်လို့ သဘောတူလိုက်ရတယ် ဆိုတာထက်ကို ပိုမှာမဟုတ်ဘူး၊ ဟိုတစ်နေ့က အလှူတစ်ခုမှာ သူ့မိတ်ဆွေတစ်ယောက်က သမီးကို ... သမီး မတိုးတက်လေးဘူးလားတဲ့၊ ဘိုးအေဘွားအေလောင်းတွေက မြေးပိုျချင်လှရောပေါ့လို့ ပြောတာကို သူကချက်ချင်းပဲ ဟင့်အင်း ... မလိုချင်ပါဘူးတဲ့၊ သူက ကလေးမချစ်တတ်ဘူးတဲ့၊ ချွေးမကိုရော သားကိုရော ဘေးမှာထားပြီး အဲသလို ပြောထွက်တာကိုများ အံ့ဩမိပါရဲ့ မေမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်မှချစ်တတ်ရင်ကော နှုတ်ပိတ်နေတော့ ဘာဖြစ်သွားမှာမို့လို့လဲ"

"ဩော် ... သမီးရယ်၊ ပြောရင်းက စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ ကဲ ... ကြွယ်ကြွယ်ရေ ... ချိုင့်မြန်မြန်လှယ်၊ ညည်းမမ သွားစရာရှိသေးတယ်"

"ချိုင့် ချက်ချင်းပေးဖို့ မလိုဘူး မေမေ၊ အေးအေးဆေးဆေးမှလှယ်ပါ၊ အရင်တစ်ခါက ကြွယ်ကြွယ် ဈေးသွားနေလို့ အိမ်မှာ ဖေဖေနဲ့မေမေပဲရှိလို့ အလောတကြီး လှယ်နေရမှာစိုးလို့၊ နောက်အိမ်တွေလည်း ဆက်တိုက် မုန့်ချိုင့်ပို့သွားဖို့ရှိလို့ ချိုင့် ဒီတိုင်းထားခဲ့တာ ...

အဲဒါကို ဒေါ်ခင်မမထိပ်က ညနေကျတော့ ကောင်မလေးတွေ ချိုင့်သိမ်းတာ သွားကြည့်ရင်း မေမေတို့ဆီမှာ ချိုင့်ထားခဲ့တာသိတော့ သမီးကို နောက်နေ့တော့ ဆက်ဆက်သွားယူဖို့ ပြောတယ်၊ ဘုန်းကြီးကျောင်းပို့စရာ တစ်ခုခုရှိရင် ချိုင့်မစေ့မှာစိုးလို့ နက်ဖြန်သွားယူတဲ့၊ နောက်နေ့သမီး ချက်ချင်းလာယူတာ မေမေ သတိထားမိမှာပေါ့ ...

ဒီတစ်ပတ်လောက်အတွင်း ပို့စရာလည်း မရှိဘဲနဲ့၊ သူတို့ အခါကြီးရက်ကြီး ဘုန်းကြီးကျောင်းဆွမ်းပို့တယ်ဆိုရင် တစ်ကျောင်းကို ချိုင့်ငါးချိုင့်လောက်နဲ့ ကျောင်းဆယ်ကျောင်း ပြိုင်တူပို့နိုင်အောင် ဒီလိုငါးဆင့်ချိုင့်မျိုး အလုံး





ငါးဆယ်ကျော် ရှိတာပါ မေမေ၊ အဲဒါ ဒီတစ်ချိုင့်ကျန်တာကို အရေးတကြီးလည်း မလိုတာသိရက်နဲ့ နက်ဖြန်သွားယူဆိုတာ ထီး ရင်ထဲမှာအောင့်တယ်"

ထီးအသံက တုန်ယင်လာသည်။

"ကဲ ... သမီးလေးရယ်၊ ပြန်ပြောမနေပါနဲ့ တော်ပါတော့၊ ဒါဆို ချိုင့်ချက်ချင်းလှယ်ရမှာပေါ့"

"ဟင့်အင်း ... ဒီချိုင့်က ထီး နောက်မှအသစ်ဝယ်လိုက်တာ၊ ထီးတို့အိမ်ဘက်မှာထားတာ၊ ထီးတို့မင်္ဂလာဆောင်တုန်းက လက်ဖွဲ့ရသမျှ ချိုင့်တွေ အိုးခွက်ပန်းကန် ပေါင်းအိုးတွေ မိုက်ခရိုဝေ့ဗ်မီးဖိုကအစ သူတို့အိမ်ဘက် စတိုကိုပဲ အကုန်ပေးလိုက်တာလေ၊ သမီးတို့အိမ်ဘက်ဘာမှမချက်ဘဲ ဒီလိုပစ္စည်းတွေလည်း ထားမနေတော့ဘူးလေ ...

သူတို့အရှိန်အဝါ သူတို့မျက်နှာနဲ့ပဲရတာ သိပါတယ်၊ တီဗီတွေ ရေခဲသေတ္တာတွေ အဝတ်လျှော်စက်တွေ ယုတ်စွအဆုံး လက်ဝတ်ရတနာတွေကအစ ဘာ ဘယ်လောက်ရသလဲ ခုထိ သမီးအတိအကျ မသိပါဘူး၊ မက်လည်းမမက်ပါဘူး၊ မလိုချင်ပါဘူး၊ သူတို့ သိန်းတွေရာပေါင်းများစွာ ချီကုန်တာပဲ၊ သူတို့ယူရင် ကျေနပ်ပါတယ်၊ သူလာပေးတဲ့ လက်ဖွဲ့စိန်လက်စွပ်တွေဆိုတဲ့ သုံးကွင်းကိုပဲယူထားလိုက်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလဲ မလိုချင်ပါဘူး။ ဒီလိုစတီးချိုင့်ကြီးတွေ အများကြီးပါတာပဲ၊ တစ်ခါတလေ တပည့်တပန်းတစ်ယောက်ယောက်ကို သူချစ်လို့ စားစရာထည့်ပေးချင်ရင် ထည့်ပေးရင်းက ချိုင့်ပါယူလိုက် ပြန်မပေးနဲ့တောင် ပြောသေးတာကို သမီးမိဘအိမ်ကျမှ နက်ဖြန်သွားပြန်ယူလိုက်ဆိုတော့ သမီး ဘာမှမဖြစ်ဘဲ နေနိုင်ပါ့မလား၊ အခု ဒီချိုင့်က သမီးအပြင်က အသစ်ဝယ်လိုက်ပြီး အိမ်မှာပဲထားတယ်၊ မေမေတို့ဆီ တစ်ခုခုပို့စရာရှိရင် ဒီချိုင့်ကို ဒီဘက်ကနေဆွဲသွားပြီး ဟိုဘက်က စားစရာကိုထည့်တယ်"

"ဟင် ... သူသိလား၊ ခုလို သမီးချိုင့်ထပ်ဝယ်ထားတာ"

"သိတာပေါ့ မေမေ၊ မသိဘဲ ဘယ်နေမလဲ မြင်နေတာပဲဟာ"

"သမီးရယ် ... တစ်ယောက်နဲ့တစ်ယောက် အခုအခံဖြစ်အောင် ပြဿနာဖြစ်အောင် ဘာလို့ ဒီလိုလုပ်မလဲကွယ်၊ တစ်ခုခုလာပို့ရင် ချက်ချင်းလှယ်ပေးလို့ရတာပဲဟာကွယ်၊ ဒီဘက်အိမ်မှာ တခြားမီးဖိုချောင်ပစ္စည်းလည်း ရှိတာမဟုတ်ဘဲနဲ့၊ ဒီချိုင့်တစ်လုံးတည်းဝယ်ပြီး ထားထားပြန်တော့လည်း တစ်မျိုးကြီး ဖြစ်တာပေါ့"

"မတတ်နိုင်ဘူးလေ မေမေ၊ ဒါတော့ ဒီလိုဖြစ်အောင် သူတွန်းပို့တာလို့ပဲ သမီး တွေးမိတာပဲ"





ထီးရဲ့မေမေက စကားလမ်းကြောင်းလွှဲသည့်သဘောနှင့် ...

"ငါ့သမီးလေးလက်ရာ မြီးရှည်တောင် မစားရတာကြာပြီအတော်ပဲ၊ ကြွယ်ကြွယ်က ဒီမနက်ဈေးသွားဝယ်တော့ ခုမှ မနက်စာဟင်းချက်ဖို့ပြင်တုန်း၊ မချက်ရသေးဘူးဆိုတော့ မချက်တော့ဘူး၊ သမီးလက်ရာ မြီးရှည်လေးပဲ စားလိုက်ကြမယ်"

"ကိုကိုကလည်း စားချင်တယ်ဆိုတာနဲ့ ဒီမနက် ထ,လုပ်ဖြစ်သွားတာ မေမေ၊ အားလုံးပြီးတာနဲ့ နည်းနည်းပဲချန်ခဲ့ပြီး အားလုံးထည့်လာခဲ့တာ"

"ဟင် ... ဘာလို့ နည်းနည်းပဲ ချန်ရတာတုန်း သမီးရဲ့"

"ပထမဆုံးတစ်ကြိမ် လုပ်ကတည်းက ကိုကိုကလည်းကြိုက်တယ်၊ ဖေဖေကလည်းကြိုက်တယ်၊ မွှေကလည်းကြိုက်လှချည်ရဲ့ မပြောပေမယ့် အားရပါးရ စားပါတယ်၊ ဒေါ်ခင်မမထိပ်ကတော့ သူတို့ရဲ့မန္တလေးမြီးရှည်လက်ရာစစ်စစ်မဟုတ်ဘူး၊ မကြိုက်ဘူးတဲ့ သိပ်စားမကောင်းဘူးတဲ့ ...

အဲဒါနဲ့ သမီးမှာ ဟင်းချက်နည်းစာအုပ် မုန့်လုပ်နည်းစာအုပ်တွေ မအားတဲ့ကြားက လိုက်လှန်လှော ရှာဖွေဝယ်ဖတ်တယ် မေမေ၊ မန္တလေးမြီးရှည်စစ်စစ်ရဲ့အစပ်အဟပ်အထည့်အသိုကို သေချာလေ့လာဖတ်ပြီး နောက်တစ်ခါလုပ်တယ်၊ ကျန်တဲ့သူတွေသာ ကြိုက်တယ်၊ သူကတော့မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးပဲ၊ သိပ်မကြိုက်လို့ သိပ်ခံတွင်းမတွေ့လို့ တော်ပြီနည်း
နည်းပဲ ဆိုပြီး အားနာလို့ စားရပုံမျိုးပဲ တို့တိတိလေးစားတာ
လေ ...

တတိယအကြိမ်လည်း ဒီတိုင်းပဲ၊ သုံးကြိမ်သုံး
ကြိုးစားပမ်းစားချက်လည်း သူက အရသာကို မတွေ့ဘူး
ဒုနဲပဲ မစားချင်ပါဘူးဆိုတော့ နောင်ကိုချက်ရင် သူစား
ပါစေတော့ သူကြိုက်ပါစေတော့ရယ်လို့ သမီးစိတ်ထဲမ
တော့ဘူး မေမေ၊ ခုလည်း ကိုကိုရယ် နွေးရယ် သမီးရယ်
သုံးယောက်စာလောက်ပဲ ချန်ခဲ့တယ်"

"သမီးလေးကလည်းကွယ်"

"သူလည်းပဲ အချက်အပြုတ် ဘာမှမကျွမ်းကျင်လှပါဘူး
ဒါပေမဲ့ အဲဒီအတွက် အခု သူ့မှာရှိနေတဲ့ ဂုဏ်ကျက်သရေ
လည်း ယုတ်လျော့မသွားပါဘူး၊ သူ့လောက်နေရာအနေ
အထားမှာ ဒီအချက်က အရေးလည်း မပါလှတော့ပါဘူး
အားနည်းချက်လည်း မဖြစ်ပါဘူး မေမေ၊ ဒါပေမဲ့ သူက
သူ မကျွမ်းကျင်တဲ့ အလုပ်တစ်ခုကို သမီး ကျွမ်းကျင်တယ်
ဆိုတာ ဖြစ်ခွင့်မပြုဘူး၊ အဖြစ်မခံနိုင်ဘူး ဖြစ်နေတယ်
မေမေ ...

တစ်ခါတလေ ကိုကိုစားချင်တဲ့ အစားအစာလေး
တစ်ခုခု ဝင်ချက်ပေးတာမျိုး အိမ်ထောင်ကျကာစက သမီး
လုပ်ဖူးပါတယ်၊ အဲဒါကို ကိုကိုက စားလို့ကောင်းတယ်





ဆိုရင် သူ နေလို့မရတော့ဘူး၊ သူ့အမူအရာပျက်ပြီ၊ အဲဒီ
ဟင်းရဲ့အားနည်းချက်ကို ရှာကြံပြောပြီ၊ ယုတ်စွအဆုံး
ကိုကိုနဲ့ သိပ်မတည့်ဘူး သိပ်မကျွေးနဲ့ 'သား သိပ်မစားနဲ့'
ဆိုတာမျိုး လုပ်ချလိုက်တယ်"

ထိုးက အသံတုန်တုန်လေးကို ထိန်းကာ တဟက်
ဟက် ရယ်ချလိုက်ရင်း ...

"တကယ် တကယ် မေမေရယ်၊ တစ်ခါတစ်ခါ အရမ်း
အံ့ဩတာပဲ အရမ်းလည်း အခံရခက်တာပဲ၊ ရယ်လည်း
ရယ်ချင်ပါရဲ့၊ ဘယ်လိုမှန်းကို မသိပါဘူး"

"အမေတစ်ယောက်ရဲ့အတ္တတစ်မျိုး ထင်ပါရဲ့ သမီးရယ်"

"အဲလိုလေး ဖော့ပြောလို့ မထိရောက်ဘူး မေမေ၊ သူက
သူကလွှဲပြီး သူ့သားအပေါ်ကောင်းတဲ့မိန်းမ၊ သူ့သားက
တော်တယ်လို့ အထင်ကြီးမယ့် မိန်းမတစ်ယောက် ထပ်
အရှိမခံနိုင်ဘူး၊ သူက ထိုးမှာ အပြစ်အနာအဆာ ရှိစေ
ချင်တယ်၊ အဲဒါ သူ့ဆိုက်ကိုပဲထင်တယ်၊ ချွေးမနဲ့ သူ့
ကိုယ်သူ ပြိုင်နေသလိုပဲ၊ အဲသလို ချွေးမကို ပြိုင်နေခြင်း
ဟာ သူ့ Roll ကို သူ့ဟာသူ ချနေတယ်လို့လည်း သူ
မစဉ်းစားဘူးထင်တယ် မေမေ"

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက်"

"ဘယ်သူလဲ"

"ထီးပါ မမေ"

ယောက္ခမအခန်းတံခါးကို အိမ်ထောင်သက်တစ်နှစ်ပြည့်ခါနီးထိ ခုတစ်ကြိမ် ပထမဆုံး ခေါက်ဖူးခြင်းပါ။ ဒီအိမ်ကြီးရဲ့အပေါ်ထပ်ကိုလည်း ရောက်ခဲ့လှပါသည်။ အိမ်ထောင်ကျပြီးကတည်းက ဘွားဘွားကြီး ဝေယျာဝစ္စတချို့ ပါဝင်ကူညီပေးဖို့ ဘွားဘွားကြီးဘုရားရှိခိုးတဲ့အခါ ဘုရားဝေယျာဝစ္စ လုပ်ကိုင်တဲ့အခါ အဖော်ပါဖို့ ယောက္ခမက ပြောထားပေမယ့် ညဦးပိုင်းတွေမှာ ရုံးအလုပ်ပါတတ်တဲ့ ထီးက မအားလပ်တာများနေတာမို့ ရံဖန်ရံခါမှ ပါဖြစ်ပါသည်။

ကိုယ်တိုင် ဘုရားရှိခိုးတာကိုလည်း ကိုယ့်အိမ်ဘက်မှာတင် ရှိခိုးဖြစ်လိုက်တာများတာမို့ များသောအားဖြင့် နောက်





တစ်နေ့ အလုပ်ပိတ်ရက်ဖြစ်လျှင်တော့ ဒီနေ့လိုညမျိုးမှာ ဘွားဘွားကြီးအတွက် တကူးတက အချိန်ပေးကာ ကူးလာပြီး လိုအပ်တာလေး အဖော်ပြုပေးဖြစ်ပါသည်။

ဒီညဦးမှာလည်း ဒီဘက်အိမ်ကို ကူးလာတော့ ဘွားဘွားကို ရွှေရီ ရွှေနီတို့ ခြေလက်တွေ ဆေးမြစ်စုံလိမ်းပေးနေချိန်နှင့် ကြုံဆုံ၍ ထီးက ဝင်ရောက်ကူညီပေးပါသည်။ လေတစ်ကြိမ်ဖျန်းထားဖူးသော ဘွားဘွားကြီးကို ညစဉ် အိပ်ရာမဝင်ခင် ဆေးလူးနှိပ်နယ်ပေးကြရလေ့ရှိပါသည်။ ဘွားဘွားကြီးက လှုပ်တုတ်တုတ်နှင့် ဖြည်းဖြည်းလမ်းလျှောက်နိုင်သော်လည်း ဘေးကတော့ လူတွဲနည်းနည်း လိုပါသည်။

ဘုရားရှိခိုးဖို့ ဘုရားခန်းရောက်ချိန်မှာ အောက်ထပ်မှ ရွှေနီ သယ်ယူလာသော နွားနို့နှင့် သစ်သီးဗန်းကိုကြည့်ပြီး ဘွားဘွားကြီး စိတ်တိုပုံ ရပါသည်။

"ရွှေနီ ... ငါ နွားနို့မသောက်ဘူးလို့ ပြောထားတယ် မဟုတ်လား"

"ဟို ... အန်တီက ပို့ခိုင်းလို့ပါ"

"မနေ့ကတည်းက ငါ ပြောတာကို ပြန်မပြောဘူးလား"

"ပြောပါတယ်"

"ထီးဖြူခင် ... ခင်မမကို သွားခေါ်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဘွားဘွားကြီး"

ဤသို့ဖြင့် တစ်ကြိမ်မှ မခေါက်ဘူးသော ယောကျ်ားတို့၏ အိပ်ခန်းတံခါးကို ထီးခေါက်ရတဲ့အဖြစ်ကို ကြုံရပါသည်။ တစ်ခဏအကြာမှာတော့ အခန်းတံခါး ပွင့်လာသည်။

"ထူးထူးဆန်းဆန်း ... ဘာများလဲ ထီးဖြူခင်"

"ဘွားဘွားကြီးက မေမေ့ကိုခေါ်နိုင်းလို့ပါ မေမေ"

"ဟုတ်လား ... နေမကောင်းလို့လား"

"နေတော့ ကောင်းပါတယ် မေမေ"

"ဘယ်မှာလဲ အခု"

"ဘုရားခန်းမှာပါ"

ဒေါ်ခင်မမထိပ်က ရှေ့ကအရင် ဦးဆောင်ကာ ဘုရားခန်းကြီးဆီ လျှောက်သွားကာ ထီးက နောက်ကပါလာပါသည်။

"မေမေ ... ခင်မကို ခေါ်တယ်ဆို"

"ဟုတ်တယ်၊ မနေ့ကတည်းက ရွှေနီ့ကို နွားနို့လုံးဝယူမလာနဲ့တော့လို့ ပြောလိုက်တယ်၊ ဟိုးတစ်နေ့ ဟိုးတစ်နေ့တွေကတည်းက ငါ နွားနို့မသောက်ချင်ဘူးလို့ ပြောပြီးပြီ နှစ်ခါ သုံးခါ၊ မနေ့ကတော့ ပြောနေတဲ့ကြားက ညတိုင်းယူလာနေတော့ နောက်နေ့ လုံးဝမယူလာခဲ့နဲ့တော့လို့ ပြောလိုက်တာ၊ ရွှေနီ ညည်းကိုပြောတယ် မဟုတ်လား"





"သြော် ... ဘာများလဲလို့ မေမေရယ်"

"ရွှေနီပြောတာ မရလို့ ကိုယ်တိုင်ခေါ်ပြောတာပါ၊ ဒါပါပဲ၊ နောက်နေ့မပို့နဲ့တော့၊ ပို့လည်းသောက်ဖြစ်တာ မဟုတ်ဘူး၊ အလကား အပိုဖြစ်တယ်"

"နွားနို့က မေမေ အားလည်းဖြစ်အောင်ရယ်၊ အရိုးအဆစ်အတွက်လည်း ကောင်းတယ်ဆိုပြီး ခင်မက ပြောတာပါ"

"နွားနို့ အားရှိတာ အရိုးအဆစ်အတွက်ကောင်းတာ ကယ်လ်စီယမ်ဓာတ်ကြွယ်ဝတာ ငါမသိတာကြွမို့လား ခင်မရယ်၊ ငါမှမကြိုက်တာ၊ မသောက်ချင်ပါဘူးဆိုမှ နေ့စဉ်ရက်ဆက်ပို့နေရတယ်လို့၊ ပြီးတော့ နွားနို့သောက်တိုင်း ငါ ဗိုက်ပျက်တယ်၊ ဝမ်းမကောင်းဘူး၊ နောက်မပို့နဲ့၊ အခုဟာလည်း ပြန်ယူသွားတော့ ရွှေနီ မထားခဲ့နဲ့"

"ဆရာဝန်ကလည်း နွားနို့တိုက်စေချင်တာ မေမေ"

"ဆရာဝန် ဘယ်လောက်ပဲ တိုက်ချင်ချင် ငါမှလုံးဝမသောက်ချင်တာ ခင်မရယ်၊ ပြောရကျပ်လိုက်တာ၊ ဒီနွားနို့က အသက်ကယ်ဆေးလည်း မဟုတ်ဘူး၊ နွားနို့မသောက်လို့တော့ ငါလည်း ကနေ့ နက်ဖြန် သေမသွားနိုင်ပါဘူး၊ မသောက်မဖြစ် သောက်ကိုသောက်ရမယ်လို့မှ မဟုတ်ဘဲ ဘာဖြစ်လို့ ဇွတ်တိုက်ချင်နေရတာလဲ"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ဘူး အဲဒါ ညည်း သက်သက်ခေါင်းမာတာလေ၊ ငါသိနေတာပဲ ခင်မရယ်၊ ညည်းကတော့ အကောင်းသဘောနဲ့ တိုက်တာပဲ၊ ငါက ဗွတ်မသောက်ဘူးငြင်းတော့ ညည်းလုပ်တဲ့ ကောင်းတဲ့အစီအစဉ်တစ်ခုကို ဘာကြောင့်ငြင်းရတာလဲဆိုတဲ့ သဘောမကျတဲ့စိတ်နဲ့ ညည်းအလျှော့မပေးတာ၊ ဒါပဲ မဟုတ်လား ခင်မ"

"………"

"ညည်း ငါ့ကို တတ်နိုင်သလောက် ဂရုစိုက်ပါတယ်၊ ကောင်းမယ်ထင်တာတွေ လုပ်ပေးပါတယ်၊ ဒါပေမဲ့ ညည်း တစ်ခုသေချာနားလည်နိုင်ဖို့က ကောင်းတာတိုင်းဟာ ခံယူတဲ့တစ်ဖက်သားအတွက် နှစ်သက်မှု ကျေနပ်မှု ပြည့်စုံမှု မဖြစ်နိုင်ဘူး ဆိုတာပဲ"

မှန်လိုက်လေ။

ဘွားဘွားကြီးပြောတဲ့ ဒီစကားမျိုး တစ်ခါတစ်ရံမှာ ထီးလည်း ယောက္ခမဖြစ်သူကို သိပ်ကိုဖွင့်ပြောချင်မိတာပင်။ ဘွားဘွားကြီးနှင့် ထီး စိတ်ခံစားချက်ချင်း တူညီသည်။

"ညည်းဟာလေ စိတ်ကောင်းရှိပါတယ်၊ စိတ်မပုပ်ဘူး၊ ဒါပေမဲ့ ငါဆိုတဲ့မာန်က လိုတာထက် ပိုလွန်းတယ်"

"………"





"ညည်း ကောင်းတယ် ထင်တာက ညည်းအတွက်သာ ကောင်းတာ ဖြစ်ချင်ဖြစ်လိမ့်မပေါ့၊ တစ်ယောက်မကျန် လူတိုင်းအတွက်ကောင်းတာ ဖြစ်နိုင်ပါ့မလား၊ လူတိုင်း သူ့စိတ်ဆန္ဒနဲ့သူ ရှိတာပဲလေ၊ ဒီ နွားနို့ဆိုတာ ဆေးလည်း မဟုတ်၊ မသောက်လို့လည်း သေသွားနိုင်တာလည်းမဟုတ်၊ ညည်း ကောင်းတယ်ထင်လို့ စီမံရာ နာခံရအောင် ငါက ညည်းရဲ့သားသမီးလည်း မဟုတ်ဘူး၊ သားသမီးတောင် အရွယ်ရောက်လာရင် အခါခပ်သိမ်း ကိုယ်စီမံတာ နာခံလို့လား၊ ကဲပါ … ပြောရတာ ရှည်ပါတယ်၊ နောင် ဘယ်တော့မှ ငါ့အတွက် နွားနို့ထပ်မပို့နဲ့၊ လိုရင်းက ဒါပဲ၊ ညည်းကို ကိုယ်တိုင်ကိုယ်ကျ ခေါ်မပြောမချင်း ပို့မဆုံးဖြစ်နေမှာစိုးလို့ ခေါ်ပြောရတာ …

ကဲ … ကဲ … ထီးဖြူခင် ဖယောင်းတိုင်မီးတွေ ပူဖော်"

ဘွားဘွားကြီးက စကားစဖြတ်လိုက်ပါသည်။ ရှေ့ပိုင်းတစ်ခွန်းနှစ်ခွန်းကလွဲ၍ နောက်ပိုင်းမှာ ဘာတစ်ခွန်းမှ ခွန်းမတုံ့ဘဲ တိတ်ဆိတ်ငြိမ်ခံနေတဲ့ ဒေါ်ခင်မမထိပ်ကို ထီးက မျက်နှာခပ်လွှဲလွှဲထားမိသည်။ ဒီနေ့မှပဲ ကိုယ်ကလည်း ဒီနားရှိနေရတယ်လို့။ မဆီမဆိုင် အားနာပါးနာ မျက်နှာပူနေမိပါသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဖေသည် သူ့နံဘေးက ကျော်ဖြတ်တက်သွားတဲ့ ကားတစ်စီးထဲ အမှတ်တမဲ့ လှမ်းမြင်လိုက်တဲ့ လူရိပ်ကြောင့် ကိုယ့်မျက်စိကိုယ် မယုံသလို ခေါင်းနဘန်းကြီးသွားရပါသည်။ သိစိတ်က မဆုံးဖြတ်ရသေးခင်မှာပဲ ထိုကားနောက်ကို အရှိန်မြှင့်၍ လိုက်မိလေသည်။

ကိုယ့်ရဲ့တစ်ဦးတည်းသော ညီမငယ် နွေ့ကိုတော့ ဘယ်လိုမှ မျက်စိမမှား။ ဘေးကလူကိုတော့ မျက်စိမှားကောင်း မှား၊ လူမှားကောင်း မှားနိုင်သည် မဟုတ်လား။ ဖေက အနည်းငယ် လှုပ်ရှားဆူဝေလာသောစိတ်ကို ဖြေလျှော့ရသည်။ ဘေးကလူ ဘယ်သူဖြစ်ဖြစ် ဦးသော် တာဝန်ပေါ့လျော့ကာ အလိုတူအလိုပါ လုပ်နေတာတော့ သေချာပြီလေ။

ဟိုးအရင်က Market place မှာတွေ့လိုက်ပြီးတဲ့ နောက်လည်း ဦးသော်ကို ခေါ်မေးပါသေးသည်။





"ကျွန်တော့်ကားနဲ့ပဲ လာတာပါခင်ဗျ ကိုဖေ၊ အပြင်မှာ ကျွန်တော့်ကား ရှိပါတယ် ကိုဖေ၊ သူတို့ ဒီကျမှဆုံကြတာပါ"

မတော်တဆ ဆုံတာမဟုတ်ဘဲ ချိန်းထားတာဖြစ်မှာပါ။ ဒီလောက်တော့ ဦးသော်လည်း ဘာမှမတုတ်နိုင်ဘူးလေ။ အလုပ်မဟုတ်တာက ကိုယ့်ညီမမို့ ဖေက ဒီ့ထက်ပို၍ ဦးသော်ကို မစစ်မေးတော့ပါ။ တစ်ခုခုဆိုရင်တော့ မေမေ့ကို ပြန်အသိပေးပါလို့တော့ မှာလိုက်ပါသည်။

အခုတော့ ဦးသော်သည်လည်း နွေ့ကိစ္စထဲ၌ သူတို့ ထင်မြင်တာထက်တော့ ပို၍ပါဝင်ကူညီနေသည်ပဲ ဖြစ်ပါလိမ့်မည်။ ဖေက ဖုန်းကိုထုတ်၍ မေမေ့ဖုန်းကို ခေါ်လိုက်ပါသည်။

"ဟယ်လို ... သားကြီး ပြော"

"မေမေ ... သား ဦးသော်ဖုန်းနံပါတ် လိုချင်လို့"

"ဦးသော် ဖုန်း ! "

"ဟုတ်"

"ဘာဖြစ်လို့လဲ သား၊ နွေ့ ဘာဖြစ်လို့လဲ"

"မမေမေကလည်း သိပ်စိတ်မပူပါနဲ့၊ ညီမလေး ဘာမှမဖြစ်ပါဘူး၊ ဦးသော်ကို မေးစရာရှိလို့ပါ"

"ဘာမေးမှာလဲ၊ ဦးသော်ကို သားအနေနဲ့ တိုက်ရိုက်မေးစရာ ပြောစရာ အကြောင်းအရာ အလုပ်ကိစ္စမရှိဘဲ နွေ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပဲ ဖြစ်မှာပါ၊ မေမေ့ကို ဖုံးကွယ်မနေနဲ့၊ ဘာကိစ္စရှိလို့လဲ ... ပြော"

"ရော ... မေမေကတော့ ဒုက္ခပါပဲ၊ ကဲ ... ကဲ ... သား နွေ့ကို ကောင်လေးတစ်ယောက် ကားပေါ်မှာတွေ့လိုက်လို့ပါ၊ သိပ်လည်း စိတ်ပူမနေနဲ့"

"ဩော် ... ဟုတ်လား သား၊ ဒီကောင်မလေးလည်း ပြောလို့ဆိုလို့ကို မကောင်းဘူး၊ ဒီလိုကိစ္စမျိုး ဟေးလားဝါးလားတွေတော့ ရှိနေမှာပဲလို့တော့ မေမေလည်း မျှော်လင့်ထားပြီးသားပါ၊ မင်းညီမက အပိုးကျိုးကျိုး လိမ်လိမ်မာမာလေး မိုင်းကောင်းကျောက်ဖိမယ့်သူတော့ မဟုတ်ဘူးဆိုတာ မေမေ သိပြီးသားပဲလေ၊ အဲဒါကြောင့် တစ်ခါတစ်ရံကျတော့လည်း ဦးသော်ကို ဖွတ်ဖိအားမပေးဘဲ နည်းနည်းပါးပါးလောက်ဆို မေမေပါ မသိချင်ယောင်ဆောင်နေလိုက်တာပါ ...

ဒါမျိုးတွေရှိတော့ ရှိလောက်တယ် ဆိုတာ မေမေလည်း သိတော့သိနေပါတယ်၊ ဆိုးဆိုးဝါးဝါးမျိုးဆိုရင်တော့ ကျွန်မကို အသိပေးပါ၊ ဦးသော်မှာ ဦးနှောက်ရှိပါတယ် ဆိုတာလောက်ပဲ မေမေ မှာထားလိုက်တာ"

အင်း ...။ အခုကိစ္စကတော့ မသိချင်ယောင်ဆောင်ပြီး လွှတ်ပေးထားရမယ့်ကိစ္စတော့ မဟုတ်ဘူး။ မေမေ့ကို မသေချာဘဲ မပြောလိုသေးပါ။





"အင်းပါ ... သား နားလည်ပါတယ်၊ နည်းနည်းသတိပေးရုံပါပဲ၊ ဦးသော်ရဲ့ ဖုန်းနံပါတ်သာပေးပါ မေမေ"

"အေး ... အေး ... '09 ..........'သား"

"ဟုတ် ... ဒါပဲနော် မေမေ"

ဇေသည် နွေပါသွားတဲ့ကားကို မီလာကာ မောင်းသူဘက်အခြမ်းမှ ကျော်တက်လိုက်ပါသည်။ ကားမောင်းသူကို သေသေချာချာ သဲသဲကွဲကွဲ မြင်ရအောင် ကြည့်လိုက်ပြီးသော် ဇေ့ရင်ထဲ၌ ပူလောင်မွန်းကျပ်သွားပါသည်။ ကားထဲက တီဗီမှာ စီဒီတစ်ချပ်ထည့်ပြီး ငုံ့၍ကလိနေပုံရသော နွေ့မျက်နှာကတော့ သူ့ကားကို မြင်ပုံရဖို့ နေနေသာသာ ဘေးဘီကို ဂရုမစိုက်နိုင်အားအောင် သူ့အာရုံနှင့်သူ ရွှင်လန်းမြူးထူးနေလေသည်။

"တူတူ ... တူတူ"

ဖုန်းမြည်လာ၍ ဇေက နံပါတ်ကြည့်လိုက်လျှင် ထီးထံက ဖုန်းဝင်လာတာ ဖြစ်နေပါသည်။

"ဟယ်လို"

"ကိုကို"

"အင်း ... ပြော ထီး"

"ကိုကို့ကို ပြောစရာရှိလို့၊ ကိုကို အလုပ်များနေလား"

"အင်း ... ကိုကို အပြင်ရောက်နေတယ်၊ ထီး ဘာပြောမလို့လဲ၊ အလုပ်ကိစ္စလား၊ အရေးကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စတော့ မဟုတ်ပါဘူး"

"အရေးမကြီးရင် နောက်မှ ပြန်ဆက်တော့နော် ထီး၊ ကိုကို နည်းနည်း အလုပ်ရှုပ်နေလို့"

"ဟုတ်ကဲ့ ကိုကို"

ဇေက ဦးသော်ဖုန်းကို နှိပ်ခေါ်လိုက်ပါသည်။

"ဟယ် ... ဟယ်လို ... ကိုဇေ"

"ဦးသော် ... ခင်ဗျား အခု ဘယ်မှာလဲ"

"........."

ဦးသော် ကားမောင်းရင်းက ကတုန်ကယင်ပင် ဖြစ်လာသည်။ ညာဖို့မဖြစ်နိုင်တော့ပါ။ ခုနောက်ပိုင်း နွေတို့သွားလေရာနောက်က ကားနှင့်လိုက်နေရတာမို့ ဖုန်းကို နွေက "ရေိယာပြင်ရောက်နေပါသည်"လို့ဖြေအောင် လုပ်ထားမပေးတော့တာမို့ မြည်လာတဲ့ဖုန်းကို မကိုင်မဖြစ်လည်း ကိုင်လိုက်ရပြီးပြီလေ။

"ဦးသော် ... ခင်ဗျား အခု ဘယ်မှာလဲလို့ ကျွန်တော်မေးနေတယ်လေ"

"ဟို ... ဟို ... ဟို ... ကိုဇေ"

"ဦးသော် ဘာမှ ဝေ့လည်ချောင်ပတ် မလုပ်နဲ့တော့ဗျာ၊ ညာဖို့လည်း စိတ်မကူးနဲ့တော့၊ ကျွန်တော် ပိုပြီးဒေါသထွက်အောင် မလုပ်နဲ့ဗျာ၊ ကျွန်တော် အခုနွေ့ကို တွေ့နေပြီ၊ ခင်ဗျားကို မတွေ့ဘူး၊ ခင်ဗျား ဘယ်မှာလဲ"





"ဟုတ် ... ဟုတ်ကဲ့၊ ကိုဇေ့ကိုလည်း ကျွန် ... ကျွန်တော် တွေ့ပါတယ်၊ ကျွန်တော် နွေတို့ကားနောက်မှာပါ၊ ကိုဇေ့ကားကိုလည်း တွေ့ ... တွေ့နေပါတယ်"

ဇေက နောက်ကြည့်မှန်မှတစ်ဆင့် ယာဉ်ကြောတလျှောက် ရှာဖွေကြည့်လိုက်လျှင် နွေ့အတွက်ပေးထားတဲ့ကားကို နောက်ဘက် မလှမ်းမကမ်းမှာ တွေ့လိုက်ရပါသည်။

နွေက ရှေ့ကနေ သူ့တွောင်လေးကားနဲ့သွား၊ ဦးသော်က နောက်ကလိုက် ပေါ့။ ဘာပဲဖြစ်ဖြစ် မျက်ခြည်တော့ မပြတ်ဘူးပေါ့။

နွေလို လုပ်ချင်ရာလုပ်တတ်တဲ့သူနှင့် ဦးသော်အဖို့လည်း လုံးလုံးလျားလျား ဖြင်းဆန်ဖို့ ခက်ပေလိမ့်မည်ကို ဇေနားလည်နိုင်ပါသည်။

"ကောင်းပြီ ဦးသော်၊ နောက်မှ တွေ့မယ်၊ အခုတော့ ကျွန်တော် နွေ့ကို ဦးသော်ကားဆီ ပြန်ပြောင်းဖို့ ဖုန်းဆက်လိုက်မယ်၊ ဦးသော် နွေ့ကို အိမ်ပြန်ပို့လိုက်တော့"

"ဟုတ်ကဲ့ပါ ကိုဇေ၊ ဟုတ်ကဲ့"

ဇေက ဦးသော်နှင့် လိုင်းဖြတ်ကာ နွေ့ဖုန်းကို ခေါ်လိုက်ပါသည်။

"ဟယ်လို ... ကိုကို"

"နွေ ... ညီမလေး၊ အခု အဲဒီကားကို ရပ်လို့ရတဲ့နေရာ လမ်းဘေးချက်ချင်းကပ်ခိုင်းလိုက်၊ ပြီးရင် ကားပေါ်ကဆင်း၊

www.burmeseclassic.com



နောက်က ဦးသော်ကားပေါ်တက်ပြောင်း၊ ပြီးရင်အိမ်ပြန်တော့၊ ကိုကိုပြောတာ ကြားလား"

"ကိုကို"

"ပြောတာ ကြားလား"

"ဟုတ် ... ကြားတယ်"

"အေးအေးဆေးဆေး အိမ်ပြန်နော်၊ ဘယ်မှဆက်သွားမနေနဲ့တော့"

"ကိုကို ဘယ်ကပြောနေတာလဲ"

"ဘယ်ကပြောပြော၊ ကိုကို ပြောတဲ့စကား နားထောင်စမ်း၊ အခု အိမ်ပြန်တော့၊ ကြားလား"

"ဟုတ်"

နွေ့ရဲ့ ဆောင့်အောင့်အောင့် အသံအဆုံးမှာ ဇေ ဖုန်းချလိုက်ပါသည်။ ကားကို အရှိန်လျှော့ကာ ကားနှစ်စင်းလုံး သူ့ကိုကျော်တက်ပြီး ဟိုးရှေ့နား လမ်းဘေးထိုးကပ် ရပ်လိုက်တာ၊ နွေ ရှေ့ကားပေါ်ကဆင်းပြီး နောက်က ဦးသော်ကားပေါ် တက်သွားတာတွေကို လမ်းဘေးကပ် ဘီးလိမ့်ရုံမောင်းရင်းက စောင့်ကြည့်ပြီးမှ ဇေက ကားကို လမ်းကြောင်းပြောင်းကာ မောင်းထွက်လာခဲ့ပါသည်။

ဇေ နားထင်နားရင်းတွေ ပူထူကာ ခေါင်းထဲက တစစ်စစ် ကိုက်လာခဲ့လေသည်။

✧ ❦ ✧





"ဘာ"

ဒေါ်ခင်မမထိပ်အသံက တုန်ခိုက်ကျယ်လောင်ကာ လိုဏ်သံတောင် ပါနေသည်။ အိမ်အပေါ်ထပ် သီးသန့်မိသားစု ခန်းထဲက ဆိုဖာရှည်မှာ ထိုင်နေရာက ဆတ်ခနဲပါ ထ,ရပ်လိုက်ရင်း ...

"ဘာပြောတယ် ဇေ၊ ဘယ်သူ ... ! "

"ဦးဝင်းခန့်သား"

ဇေက ခေါင်းမမော့ဘဲ ခပ်ဆိုက်ဆိုက်နှင့်ပင် မျက်လွှာပါချကာ မွေးပွကော်ဇောခင်းကြမ်းပေါ်သာ အကြည့်ကို ငြိမ်စိုက်ထားပါသည်။

"ဟို ... ဘိုဘိုဆိုတဲ့ ကောင်လား"

"သူပဲပေါ့ မေမေ၊ သူတို့မှာ ဒီတစ်ဦးတည်းသောသားပဲ ရှိတာပဲဟာ"

"တောက် ... သေသာသေလိုက်ချင်တယ်၊ သေသာသေလိုက်ချင်ပါတော့တယ်၊ နွေ ... မိနွေ"

www.burmeseclassic.com



ဒေါ်ခင်မမထိပ်က အသံကိုမြှင့်ကာ အော်လိုက်ပါသည်။

"ရွှေရီ ... ရွှေနီ ... နွေ့ကို ခေါ်လိုက်စမ်း"

အပေါ်ထပ်မှာလည်း တစ်ယောက်မဟုတ် တစ်ယောက် အလုပ်သမားလေးတွေ ရှိနေတတ်မြဲမို့ "ဟုတ်ကဲ့"ဆိုသော တုံ့ပြန်သံက ချက်ချင်းထွက်ပေါ်လာပါသည်။

"အဲဒါကြောင့် နေ့လယ်က အပြင်ကပြန်လာပြီး တုတ်တုတ်မလှုပ် အခန်းအောင်းနေတာကိုး၊ ဘုရား ... ဘုရား ... ဘယ်လိုဖြစ်ရတဲ့ အဖြစ်တုန်း၊ ဟုတ်ကော ဟုတ်ရဲ့လားသားကြီးရယ်"

"သြော် ... မေမေရယ်၊ မဟုတ်ဘဲ သားက အတိအကျပြောပါ့မလား၊ မေမေ့သမီးကို မေးကြည့်လိုက်ပေါ့"

"နွေ ... မြန်မြန်လာခဲ့စမ်း"

ဒေါ်ခင်မမထိပ်က အခန်းဝအထိ သွားအော်ခေါ်သည်။ ခဏအကြာမှာ ရွှေနီခေါက်နေသော နွေ့အခန်းတံခါးက ပွင့်ဟကာ နွေက အိပ်ရာထဲက လူးလဲထလာသလို ဆံပင်ပွပွနှင့် ထွက်လာသည်။

"နွေ ... အခု မြန်မြန်လာစမ်း"

"မေမေကလည်း ဘာမှန်းမသိဘူး အလန့်တကြားနဲ့၊ တကယ်ပဲ"





နွေက ဟန်ကိုယ့်ဖို့ဆိုသလို စူပွစူပွ ကြိုလုပ်ထားနှင့်သည်။ မေမေဟာ စိတ်တိုဒေါသထွက်တဲ့အခါတွေ ရှိပေမယ့် လူကြားအောင် ပေါက်ကွဲအော်ဟစ်တာမျိုးတော့ ရှောင်လေ့ရှိပြီး ဘယ်လောက် စိတ်တိုတို မျက်နှာထားသာ တင်းသွားတတ်ကာ ဆူဆူပူပူ လုပ်ခဲ့တဲ့သူပါ။

အခု မေမေ ဒီလောက်ဒေါသထွက်နေတဲ့ကိစ္စဟာ နေ့လယ်က ကိုကို နွေ့ကိုတွေ့ပြီး ကားပြောင်းစီးခိုင်းတဲ့ အရေးအခင်းပဲဆိုတာလည်း သိနေ၍ ဒီလောက်တောင် မနှစ်မသက်ခါးခါးသီးလေသလားလို့လည်း အံ့အားတသင့် လန့်ဖျပ်နေတဲ့ရုပ်ကို ဖုံးဖိထားရသေးသည်။ အိမ်ပြန်ရောက်ကတည်းက နွေ အိပ်ရာထဲလူးလိမ့်ပြီး အတန်ကြာ စဉ်းစားပြီးပြီ။

ကိုဘိုဘို့ကို နွေသည် အရင်တွဲခဲ့ဖူးတဲ့ ရည်းစားအမျိုးသားတွေလို မဟုတ်ဘဲ နှစ်နှစ်ကာကာစွဲစွဲလမ်းလမ်း ရှိပါသည်။ လမ်းမခွဲနိုင်ပါ။ သူတစ်ယောက်နှင့်သာ ဒီလောက်ကြာအောင် နွေ စွဲစွဲမြဲမြဲ ချစ်ဖူးတာ။

"တံခါးပိတ်စမ်း ... ဒီမှာ လာထိုင်"

နွေက တံခါးလက်ကိုင်ဘုကို သော့ချခဲ့ပြီး ကိုကိုထိုင်နေတဲ့ နံဘေးကဆက်တီမှာ ဝင်ထိုင်လိုက်သည်။ ကိုကို့ကိုပါ တစ်ဆက်တည်း မျက်စောင်းလှည့်ရွယ်ရင်း မကြားတကြားနှင့် "အတို့အထောင်လုပ်တယ်"ဟု ပွစိစိ လုပ်လိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေ"

"ရှင်"

"ညည်း ဘာလုပ်နေလဲ၊ ညည်းကိုယ်ညည်း သိရဲ့လား"

"အင် ... သမီး ဘာလုပ်လို့လဲ"

နွေက မခုတ်တတ်တဲ့ ကြောင်ကလေးလို ပေကလပ်နှင့် ပြန်မေးရင်း ဘာမေးရင် ဘယ်လောက်အမှန် ဘယ်လောက်အလိမ်အညာနှင့် ဘယ်လိုဖြေရကောင်းမလဲ ခေါင်းထဲက ကမန်းကတန်း စဉ်းစားနေပါသည်။ မေမေ့အသံကတော့ ကတုန်ကယင်ပင် ဖြစ်နေကာ လူကလည်း အလွန်အမင်း စိတ်လှုပ်ရှားနေသည်။ မျက်နှာပြင်ကလည်း တင်းမာနီရဲလို့ ဒေါသတငြီးငြီးနှင့်။

"ပြောင်ချော်ချော် ပေါ့ဆဆ လုပ်မနေနဲ့ မိနွေ၊ ငါ လိုရင်းကို ရှင်းရှင်းပဲမေးမယ်၊ ညည်းနဲ့ ဦးဝင်းခန့် မြတ်သင်္ဘောဝင်သား ဘိုဘိုနဲ့ ဘာလဲ၊ ဘယ်အခြေအနေလဲ၊ သေချာဖြေစမ်း"

ငါ ... တဲ့။ ညည်း ... တဲ့။ မေမေ့ထံက ကြားရခဲသော အသုံးအနှုန်းတွေပါ။ မေမေဟာ ဘွားဘွားကြီးက သူ့ကို ညည်းနဲ့ ငါပြောတာကို အတော်မနှစ်မမြို့ အသည်းနာသူဖြစ်သည်။

"ပြောလိုက်ရင် ညည်း ... ငါ ... နဲ့၊ အဲဒါ မတည့်တဲ့သူချင်း ရန်သူချင်းမှ နစ်နစ်နာနာ ခေါ်ပြောရမယ့် အခေါ်အဝေါ်တွေ၊ အရမ်းနားခါးတာပဲ"





နွေ့ရှေ့မှာတင် အကြိမ်ကြိမ် ဖျစ်တောက် ဖျစ်တောက်လုပ်ဖူးသည်။ အခု မေမေကိုယ်တိုင် ညည်းနဲ့ ငါ သုံးနှုန်းနေတာဆိုတော့ အခြေအနေက သိပ်မကောင်းလှဘူးဟု နွေ ရင်ထိတ်လာသည်။

"ဖြေလေ ... မေးနေတာကို"

"မေမေကလည်း အလန့်တကြားနဲ့၊ ဒီလိုပဲ သိနေတာကို"

"သိနေတာဆိုတာ ဘာလဲ"

"သိကျွမ်းခင်မင်နေတာပေါ့"

"မိနွေ ... ညည်း ငါ့ကို ညာပြောမယ် မကြံနဲ့နော်၊ ငါ အခု အရမ်းဒေါသထွက်နေတယ်နော်၊ ညည်းရည်းစား မဟုတ်ဘူးလား"

"ဟင် ... အဲလိုကြီးမှ မဟုတ်သေးတာ"

"ရည်းစားလည်း မဟုတ်ဘဲနဲ့ ဦးသော်ကို နောက်ကလိုက်ခိုင်းပြီး ညည်းက သူ့ကားပေါ် ဘာကိစ္စ လိုက်စီးနေရတာလဲ ပြော"

"သြော် ... အဲဒါက ... သူနဲ့ ဒီလိုပဲ တစ်နေရာမှာ သွားတွေ့တာပါ၊ သမီးက ချယ်ရီ့မွေးနေ့အတွက် လက်ဆောင်ဝယ်မလို့ ပတ်ကြည့်နေတုန်း မမျှော်လင့်ဘဲတွေ့တာ"

"မမျှော်လင့်ဘဲ တွေ့တာ သူ့ကားပေါ် ဘာပါသွားစရာလိုသလဲ၊ မိနွေ ... ဝေ့လည်ချောင်ပတ် လုပ်မနေနဲ့၊ အမှန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပြောစမ်း၊ မပြောရင် ငါ ဒီကောင့်ဆီကို ဖုန်းဆက်မေးမှာ ချဲမှာနော်”

“ဟာ ... မေမေက ဒါတော့ လူကြီးမဆန်တာပဲ”

“ငါ့ဟာငါ ဘာဆန်ဆန် မဆန်ဆန်၊ ငါမေးတာ သေချာဖြေ၊ ညည်းနဲ့ ကြိုက်နေပြီလား၊ ကြိုက်မနေရင် သူ့ကားပေါ် ဘာကိစ္စ ညည်းက ပါသွားတာလဲ”

“မကြိုက်ပါဘူးဆိုမှ၊ ခင်မင်ရင်းနှီးနေတာပါ”

“ဒါဖြင့် ဘာကိစ္စ သူ့ကားလိုက်စီးရတာလဲ၊ ငါမေးနေတယ်”

“အဲဒါက သူက သူကားအသစ်လဲထားတယ် မိုက်တယ်ဆိုလို့၊ ဟို ... နွေကလည်း သူ့ကားကိုမြင်တော့ သဘောကျသွားလို့ သေချာသိချင်တာနဲ့၊ သူက ကားတစ်ပတ်လိုက်စီးကြည့်ပါလားဆိုတော့ အင်း စီးကြည့်မယ်ဆိုပြီး သူ့ကားခဏလိုက်စီးကြည့်တာလေ၊ ဦးသော် နောက်က ကပ်လိုက်လာတာပဲဟာ၊ နွေက ယူတောင်မောင်းကြည့်ချင်တာ၊ မောင်းတောင် မမောင်းကြည့်လိုက်ရဘူး၊ ကိုကိုက ဖုန်းဆက်ပြီး ဦးလေးသော်ကားပေါ် ပြန်ပြောင်းဖို့ ဟောက်တာနဲ့”

နွေ့ရဲ့ပိပိရိရိ ယုတ္တိရှိရှိ လိမ်ညာစကားဟာ အပြစ်ကင်းသော အိုက်တင်လေးနှင့်လည်းပဲ ကွက်တိ ဖြစ်နေ၍ ဒေါ်ခင်





မမထိပ် နှုတ်ဆိတ် တွေဝေသွားရပါသည်။ ဒီကောင်မလေးဟာ ရောက်လေရာအရပ် အသိမိတ်ဆွေဖြစ်လိုက်ရင်လည်း ယောကျ်ားလေးတွေနဲ့သာ ခင်မင်လွယ်တာ။ မိန်းကလေးတွေချင်းကျတော့ မတည့်တတ်တာ သိနေ၍ တကယ်ပဲ မိတ်ဆွေအပေါင်းအသင်းလို ခင်မင်နေတာလားလို့လည်း တွေတွေဝေဝေ တွေးမိသွားပါသည်။

“နေပါဦး ... ညီမလေးက ဘိုဘိုနဲ့ ဘယ်နားမှာ ဘယ်လိုတွေ့ပြီး ခင်မင်ရင်းနှီးသွားရတာလဲ”

“ဟိုလေ ... ဟို ... ဒီလိုပဲ ကလပ်ဘ်တို့ ရှိုးပွဲတို့မှာဆုံတာပေါ့”

နွေဟာ သူ့ရဲ့စင်ကာပူပြန် သူငယ်ချင်းတွေနှင့် ကလပ်ဘ်သွားတာ၊ ရှိုးပွဲသွားတာမျိုးတွေ ရှိတတ်ပါသည်။ အဲဒီသူငယ်ချင်းအများစုဟာလည်း စီးပွားရေးလောက ထိပ်သီးလုပ်ငန်းရှင်ကြီးတွေရဲ့ သားသမီးတွေဖြစ်တာ များပါသည်။ သူတို့ချင်းပုလင်းတူ ဘူးစို့တွေ တွဲဖက်ညီကြသည်။

“ဘယ်မှာပဲဆုံဆုံ ဆုံပါစေဦး ခင်ပါစေဦး၊ သူ့ကားပေါ်လိုက်စီးတဲ့အထိ သူ့ကားကို ယူမောင်းကြည့်ချင်တာဆိုတဲ့အထိ အရမ်းရင်းနှီးသွားတာကကော ဘယ်လိုလဲ၊ ညည်းရဲ့ တခြားသူငယ်ချင်းတွေလို သက်တူရွယ်တူလည်း မဟုတ်ဘူး၊ သူက ညည်းထက်လည်း ကြီးမှာလေ”



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပဲ ကြီးတာပါ"

"သူက ချယ်ရီတို့ နန်းနန်းတို့ သီဟတို့နဲ့ရော ခင်တာလား"

ဒီမေးခွန်းကိုတော့ ညာလို့မရ။ ဒီအုပ်စုနဲ့က မေမေလည်း သိကျွမ်းရင်းနှီးနေသည်။ သူတို့မိဘတွေနှင့်ပါ နှုတ်ဆက်ပြောဆိုမှု ရှိနေတာမို့ လှမ်းမေးကြည့်မှာ စိုးရသည်။

"အင်း ... သူတို့နဲ့တော့ ကိုဘိုဘိုနဲ့ သိပ်မခင်ဘူး"

"နေစမ်းပါဦး မိန္ဒွေ၊ သူတို့နဲ့တောင်မှ မခင်ဘူးဆိုရင် တစ်နေရာတည်းမှာပဲ ဆုံတွေ့နေကြတဲ့ဟာကို ညည်းတစ်ယောက်တည်းနဲ့မှ ရွေးချယ်ပြီး ဘာဖြစ်လို့ ရင်းနှီးခင်မင်နေရတာလဲ"

"ဟို ..."

"ဒီကလပ်ဘ်တွေ ဒီရှိုးပွဲတွေမှာပဲဆုံပြီး သူတို့နဲ့မခင်ဘဲ ညည်းနဲ့ပဲခင်တယ်၊ ကားလိုက်စီးတဲ့ထိ ရင်းနှီးတယ်ဆိုတဲ့ထိ ဖြစ်ရတဲ့အကြောင်းရင်းက ဘာလဲ၊ ညည်း ငါ့ကို ညာနေတာလား မိန္ဒွေ"

"မညာပါဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

"သူက ... ကိုဘိုဘိုက ... ဟို ... မမထီးနဲ့လည်း ရင်းနှီးလို့ပါ"





"ဘာ"

ဒေါ်ခင်မမထိပ်က ရင်ဘတ်တောင်ဖိမိကာ ဖေ့ကိုလည်း ဖျတ်ခနဲကြည့်သည်။ ဖေဦးခေါင်းကလည်း မွေ့စကားကြောင့် မော့လာပါသည်။

"ကိုဘိုဘိုနဲ့ မမထီးနဲ့ ခင်တယ်လေ၊ ရင်းနှီးတယ်လေ၊ မေမေ မသိဘူးလားလို့"

"နေပါဦး မိန္ဒွေ၊ သူတို့ ရင်းနှီးတယ်ဆိုတာရော ညည်းကို ဘယ်သူက ဘာပြောလို့ ညည်း သိရတာလဲ"

"မေမေကလည်း ဒုက္ခပါပဲ၊ ဘာဖြစ်လို့များ အသေးစိတ်စစ်လားဆေးလား လုပ်နေမှန်း မသိပါဘူး၊ သူတို့နှစ်ယောက်လုံး ပြောတာပေါ့"

"သူတို့နှစ်ယောက်လုံး !!"

"အင်းလေ"

"ညည်းနဲ့ ဘိုဘို ရင်းနှီးနေတာ ထီးဖြူခင်က သိတယ်ပေါ့ ဟုတ်လား"

"ဩော် ... သိတာတောင် မကဘူး၊ သမီးက မမထီး မိတ်ဆွေဆိုလို့လည်း သူ့ကို ပြန်လက်ခံခင်မင်လိုက်တာပါ၊ မမထီးကို မေးကြည့်ပြီးပြီလေ၊ သူ့မိတ်ဆွေသူငယ်ချင်း လူကောင်းသူကောင်းဆိုလို့ နွေက တရင်းတနှီး ခင်မင်ဆက်ဆံတာပေါ့၊ အဲဒါ ဘာများဖြစ်လို့လဲ မေမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဒေါ်မြတ်သခင်ကို မကြိုက်ဘူးဆိုတာတော့ သမီး သိပါတယ်၊ ဒါပေမဲ့ ကိုဘိုဘိုက သူ့အမေနဲ့ဘာဆိုင်လဲ။ မမထီးကလည်း ကိုဘိုဘိုက စိတ်လည်းကောင်းတယ်၊ လူလည်းကောင်းတယ်၊ ဘာမှပြောစရာ အပြစ်မရှိဘူးလို့ ပြောပါတယ်"

"………"

ဒေါ်ခင်မမထိပ်က ဇေ့ကို လှမ်းကြည့်လိုက်ပါသည်။ ဇေက သက်ပြင်းကစ်ချက် ကျိတ်ပြီးခိုးရှိုက်လိုက်ကာ ထိုင်ရာမှ ထရပ်လိုက်ရင်း …

"တဲ … မေမေနဲ့ နွေနဲ့ ဆက်ပြောဆို ဆုံးမတော့၊ သား လည်း ဟိုဘက်အိမ် ပြန်တော့မယ် မေမေ"

"ဇေ"

"သား နည်းနည်းပင်ပန်းလို့ နားချင်ပြီ မေမေ"

ဇေက ပြောပြောဆိုဆို သီးသန့်မိသားစုခန်းလေးထဲက ထွက်လာခဲ့ပါသည်။ ခြံထဲရောက်လျှင် ကားဂိုဒေါင်ကိုပိတ်နေသော အိမ်မှာညအိပ်သည့် ယာဉ်မောင်း ကိုအေးကျော်ကိုတွေ့လိုက်ရပါသည်။ ကိုအေးကျော်က ဂိုဒေါင်အပေါ်ထပ်မှာပဲနေသည်။

"ကိုအေးကျော် … ထီး ပြန်ရောက်ပြီလား"

"ဟုတ်ကဲ့ ကိုဇေ၊ ကျွန်တော် အခုပဲ မထီးဖြူခင်ကား သိမ်းလိုက်ပါပြီ"





"အင်း … အင်း"

ဇေက သူတို့တိုက်သစ်လေးဘက် လျှောက်လာသည်။ လူက ပူစပ်ပူလောင်နှင့် ဘယ်လိုဖြစ်နေမှန်းမသိ။ ရင်ထဲမှာလည်း အသက်ရှူမဝသလို ကျပ်တပ်တပ် ဖြစ်နေသည်။ ဘိုဘိုဟာ စိတ်လည်းကောင်းတယ်၊ လူလည်းကောင်းတယ် ဘာမှ ပြောစရာအပြစ်မရှိဘူးတဲ့လား။ ဤစကားမျိုးနှင့် နွေ့ ခင်မင်ရင်းနှီးရဲ့အောင် ထီး ဘာကြောင့် လမ်းဖွင့်ရပါလိမ့်။ နွေနှင့် ဘိုဘို ရိုးရိုး ပဲခင်ခင် ဆန်းဆန်းပဲချစ်ချစ် ဘယ်လိုမှ ရှေ့အလားအလာ မကောင်းဘူးဆိုတာ ထီးလိုထက်မြက်သူလေးက မသိဘဲ နေပါ့မလား။

တကယ်တော့ ဘိုဘိုနှင့် နွေ ရိုးရိုးခင်နေတယ်ဆိုတဲ့ နွေ့စကားကိုလည်း ဇေ မယုံကြည်ပါ။ မေမေကတော့ ယုံကောင်း ယုံလိမ့်မည်။ ဇေကတော့ သူတို့မျက်နှာရိပ်မျက်နှာကဲတွေကိုပါ လှမ်းမြင်တွေ့ခွင့်ရခဲ့တဲ့သူမို့ ဤအပြုံးအရယ်တွေဟာ ဘယ်လိုမှ သာမန်ရင်းနှီးခင်မင်တဲ့ မိတ်ဆွေအကြားက အပြုံးအရယ်မျိုးမက တာ သေသေချာချာ ရိပ်မိပါသည်။

အိမ်တံခါးဘဲလ်ကို သူ နှိပ်လိုက်သည်နှင့် ထီးက အပြေးကလေး တံခါးလာဖွင့်ပါသည်။ ထီးမျက်နှာလေးက တစ်မျိုးလေး။

"ကိုကို ဟိုဘက်အိမ်မှာ ကိစ္စအထူး ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မရှိပါဘူး၊ ကိုယ်ပြန်လာတော့ မေမေ့ကို အိမ်တံခါးဝနားမှာပဲ တွေ့တာနဲ့ စကားခဏပြောနေတာ ပါ၊ ဪ ... ထီး နေ့လယ်က ပြောစရာရှိတယ်ဆိုပြီး ဖုန်းဆက်တာ ဘာလဲ၊ ကိုယ် ခုမှသတိရတယ်"

ဇေက မေးလိုက်ရင်း စိတ်ထဲမှာတော့ အဲဒီအဖြေထက် ထီးကို နွေ့ကိစ္စတစ်စုံတစ်ရာ ဖွင့်မေးသင့် မမေးသင့်သာ ပိုပြီး အာရုံရောက်ကာ စဉ်းစားနေမိပါသည်။

"ကိုကို"

"အင်း"

"ထီးမှာ ကိုယ်ဝန်ရှိနေပြီ ကိုကို၊ Six weeks ရှိပြီ"

ဇေက ထီးမျက်နှာလေးကို စေ့စေ့ကြည့်လိုက်မိပါ သည်။ ထီးမျက်နှာလေးက ပန်းနုရိပ်သမ်းသမ်းနှင့် မချိုမချဉ်လေး။ စိတ်ထဲ မွန်းကျပ်နောက်ကျိ ရှုပ်ထွေးနေသော ဇေသည် သတင်း ထူးလို့ ခံစားရသော်လည်း ထူးခြားလှုပ်လှုပ်ရှားမိခဲ့။

"ဟုတ်လား"

ထို့ထက်ပို၍ ပြောစရာ ဖွယ်ဖွယ်ရာရာစကားများ နှုတ်ဖျားက ရုတ်တရက် ထွက်မလာခဲ့။





၁၃

"ဟယ်လို"

ထီးက တစ်နေရာကို ဖုန်းဆက်ဖို့ ဖုန်းနံပါတ်ရှာ နေရင်းက ဝင်လာတဲ့ Ring သံကြောင့် ဖုန်းကိုနှိပ်ပြီး နားထောင် လိုက်ပါသည်။

"ထီးလား"

"ဟုတ်ကဲ့ ... ဘယ်သူပါလဲရှင်"

"အဟင်း ဟင်း ဟင်း ... အသံ မမှတ်မိတော့ဘူးပေါ့ ... ဟင်း ဟင်း"

ယောကျ်ားသံကြောင့် အလုပ်ကိစ္စတစ်ခုခုထင်ရာက တရင်းတနှီး ပြောဆိုလိုက်တဲ့ လေသံကြောင့် ထီးက မျက်မှောင် လေးတွန့် အံ့အားသင့်ကာ တစ်ခဏ အသံတိတ်သွားရပါသည်။

"ဟယ်လို ... ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဘယ်သူပါလဲရှင်၊ အခုပြောနေတာ"

"ရှင်တွေ ဘာတွေ မလိုပါဘူး ထီးရယ်၊ ကိုယ်ပါ ... ဘိုဘိုပါ"

"........."

ထီးသည် ဒိတ်ခနဲ ရင်တုန်သွားရကာ ဘာသံမှ မထွက်နိုင်အောင် စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်သွားရပါသည်။ သူက ထီးကို ဘာကြောင့် ဖုန်းဆက်ရပါသနည်း။ သူနှင့် နွေကိစ္စအတွက် ကိုယ်မဆီမဆိုင် ဖနေရထိုင်ရခက် စိတ်ညစ်ရတဲ့ကြားထဲမှာ။

"ရှင် ဘာအတွက် ကျွန်မဆီ ဖုန်းဆက်ရတာလဲ"

"ရှင်တွေ ကျွန်မတွေ လုပ်မနေပါနဲ့၊ မင်းနဲ့ ကိုယ်နဲ့ ရန်သူတွေလည်း မဟုတ်ဘူး ထီး၊ တွေ့တယ် ဆုံတယ် ကြိုက်တယ် ကွဲတယ် ဖြစ်ရိုးဖြစ်စဉ် သဘာဝတရားအတိုင်း ရိုးရိုးသားသား ပြီးသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ၊ ဘယ်သူကမှလဲ ဘယ်သူ့အပေါ် မကောင်းကြံမှု ညစ်ပတ်ယုတ်မာမှု မရှိခဲ့ဘူး၊ နာကြည်းမုန်းတီးပြီး အငြိုးမပြေနိုင်လောက်အောင် ဒဏ်ရာဒဏ်ချက်တွေလည်း ဘယ်သူမှ ဘယ်သူ့ကိုမပေးခဲ့ဖူးဘူး၊ ရိုးရိုးလေး ပြီးဆုံးကြတယ်၊ ကြာလည်းကြာခဲ့ပြီ၊ ကိုယ်တို့ အသက်လည်းထပ်ပြီး ကြီးရင့်ခဲ့ကြပြီ၊ သိဟောင်းကျွမ်းဟောင်းလို မပတ်သက် မဆက်ဆံနိုင်စရာလည်း အကြောင်းမယ်မယ်ရရ မရှိဘူးထင်တယ် ... ထီး"





အင်း ... သူပြောတာလည်း မှန်တာပဲ။

ထီး သက်ပြင်းတစ်ချက်ကို စိတ်ရှုပ်ထွေးစွာ ချမိသည်။ ရန်သူတွေ မဟုတ်တာ အမှန်ပါ။ ဘိုဘို့အပေါ် အပြစ်တစ်ခု သတ်မှတ်ရမည် ဆိုရင်တောင် သူ့အမေစကား သူ့အမေသဘောထားကို မလွန်ဆန်နိုင်သူဆိုတဲ့ ပြစ်မှုထက်ပိုတာ သူ့အပေါ် တပ်မရနိုင်ပါ။ စတင်လမ်းခွဲခဲ့သူကလည်း ထီးသာပါ။

"ဟုတ်ပါတယ်၊ အခု နင် ဘာပြောချင်လို့လဲ ဘိုဘို"

"ထီးနဲ့ ခဏတွေ့ပြီး စကားပြောချင်တယ်"

"မဖြစ်ဘူး"

"ဘာဖြစ်လို့ မဖြစ်ရတာလဲ၊ ကိုယ်နဲ့ ထီးကြားက ရှိခဲ့ဖူးတဲ့ အကြောင်းအရာကိစ္စတွေ ဘာတစ်လုံးမှ ပြန်ပြောစရာ အကြောင်းမရှိပါဘူး၊ ကိုယ် နွေနဲ့ပတ်သက်တဲ့ကိစ္စ ပြောချင်တယ်၊ ကိုယ်နဲ့နွေ ပတ်သက်နေတာ မင်း အသိဆုံးပါ၊ အဲဒါနဲ့ ပတ်သက်ပြီး ပြောချင်တာ"

"အဲဒါ ထီးနဲ့ ဘာမှမဆိုင်ဘူး ထင်တယ် ဘိုဘို၊ ကိုယ့်ဟာကိုယ် ဖြေရှင်းပါ"

"ဟုတ်ပါတယ်၊ ထီးနဲ့တော့ မဆိုင်ဘူး၊ ဒါပေမဲ့ နွေကလွဲရင် ကိုယ် ဆက်သွယ်စကားပြောလို့ရတာ မင်းပဲရှိလို့ပါ"

"နွေ့ကိုပဲ ဆက်သွယ်ပြောပေါ့"

"ဆက်သွယ်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟင် ...။ အဲသလို ဖြစ်နေသလား။ ထီးက အံ့အားသင့်မိပါသည်။

“ထီးတို့ရုံးချုပ်ရဲ့ တစ်ခြံကျော်က ယိုးဒယားစားသောက်ဆိုင်ကို ခဏနေရင် ကိုယ်လာခဲ့မယ်၊ ခဏ ထွက်ခဲ့ပါ”

“ဟင့်အင်း ... မဖြစ်ဘူး၊ နင် အဲဒီကိုမလာပါနဲ့ ဘိုဘို”

“ကဲ ... ကိုယ်မလာရင် မင်းလာမလား”

“ငါလည်း မလာနိုင်ဘူး”

“အဲလိုတော့ မလုပ်နဲ့လေ၊ တစ်ခုခုရွေးပါ၊ ကိုယ်စဉ်းစားနေတာ၊ ကိုဇေနဲ့၊ သွားတွေ့ရင်ကောင်းလား၊ သူတို့အမေနဲ့ပဲ သွားတွေ့ရင် ကောင်းမလားဆိုတာ အရင်စဉ်းစားတာပါ၊ ကိုဇေ့ကို တန်းပြီးသွားတွေ့ရင် ပြောရမယ့်စကားတွေအရ မင်းနဲ့လည်း အရင်ကပတ်သက်မှုအရ ကိုယ် သူ့ကိုအားနာတယ်၊ မယဉ်ကျေးရာကျမှာ စိုးရိမ်တယ်၊ သူတို့အမေနဲ့ တွေ့ရင်တော့ ပြဿနာဟာ မဖြေရှင်းရခင်ကတည်းက သိပ်ကြီးကျယ်သွားလိမ့်မယ်လို့ သိနေတယ်၊ နောက်ဆုံးမှ မင်းနဲ့တွေ့ဖို့ စဉ်းစားတာပါ ...

ခုနေမှာ ကိုယ်နဲ့မင်းတွေ့ဖို့အတွက် မင်းဘက်ကရှိနိုင်တဲ့ အခက်အခဲကိုလည်း ကိုယ်နားလည်ပါတယ်၊ ကိုယ်လည်း အဲသလို အခက်အခဲ ရှိတော့ရှိတာပဲ၊ ဘာလို့လဲဆိုတော့ မင်းနဲ့ကိုယ် ပတ်သက်ဖူးတာကို နွေ သေချာ





မသိဘူး၊ သူငယ်ချင်းပေအာင်းလောက်ပဲသိထားတယ်၊ ဒီတော့ ကိုယ်လည်း စဉ်းစားရတာပါပဲ ...

ဒါပေမဲ့ ကိုယ်တို့ အခုတွေ့ဆုံ စကားပြောမယ့် ကိစ္စဟာ ရိုးသားတယ်၊ မမှန်ကန်တာ အပြစ်ရှိတာလုပ်ဖို့ တွေ့မှာလည်း မဟုတ်ဘူး၊ နောက်ဆုံး မင်းယောကျ်ားမသိဘဲ ကိုယ်နဲ့မတွေ့ချင်ပါဘူး ဆိုရင်တောင် ကိုဇေ့ဆီ ခွင့်တောင်းပြီးတော့ မင်း လာခဲ့ပါ”

ထီး စိတ်တွေရှုပ်ထွေး တင်းကျပ်မောဟိုက်ကာ ငိုတောင် ငိုချင်လာပါသည်။ ဘုန်းကြီးအမှု ရွာပတ်တယ်ဆိုတာမျိုး။ ကိုယ့်ဟာကိုယ် နေနေတာကို ပြဿနာက တိုက်တိုက်ဆိုင်ဆိုင် လာငြိနေသည်။ ဇေ့ကိုပြောပြီး ခွင့်တောင်းပြီး လာဖို့ဆိုတာလည်း မဖြစ်နိုင်ပါ။ ကိုကိုက သူ့ညီမနှင့် ဘိုဘို့ကိစ္စ သိဦးမှာတောင် မဟုတ်တာ ခွင့်တောင်းလိုက်ကာမှ ထီးက အတို့အထောင် လုပ်လိုက်သလို ဖြစ်ဦးမည်။ ဒီကိစ္စ ကိုယ်နဲ့မဆိုင်ဘူး ဆိုပေမယ့်လည်း အလိုလိုနေရင်း မျက်နှာပူ နေရထိုင်ရခက်နေရတဲ့ကြားထဲ။

ဒါပေမဲ့ တကယ်တော့ ထီးကိုယ်တိုင်လည်း ဘိုဘို့ထံက သိလိုတာတွေရှိသေးသည်။ နွေ့ကို တကယ်ပဲ မေတ္တာစစ်နဲ့ချစ်တာ ဟုတ်မဟုတ်။ သာမန်သဘောလောက်ဆိုရင် နောက်ဆုတ်ရှောင်ခွာလိုက်တာ ကောင်းလိမ့်မယ်လို့ ထီး ထင်တာကိုလည်း အကြံပြုချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့တာဟာလည်း မှန်တဲ့အပြုအမူလို့တော့ ထီး မထင်ပါ။ ဒါပေမဲ့ တကယ်တမ်းတွင် ထီး စိတ်ထဲရှိရာ အမှန်တိုင်းဆိုပါက ဘိုဘိုကို သွားတွေ့ပြီး သူ့ဘာပြောမှာလဲကို နားထောင်ချင်နေတာ အမှန်ပင်။ စပ်စုလိုတဲ့သဘောလည်း မဟုတ်။ စွက်ဖက်လိုတဲ့သဘောလည်း မဟုတ်။ ဒီကိစ္စ ပျက်သွားရင် ကိုယ် အနေအထိုင် ချောင်ချိစိတ်သက်သာရာရမှာမို့ တစ်ကိုယ်ကောင်းဆန်ပြီး ပျက်စေချင်တယ်လို့တော့ မဟုတ်ပေမယ့် သူတို့ ရှေ့မဆက်တာ အကောင်းဆုံးဆိုတာတော့ ပြောချင်တိုက်တွန်းချင်သည်။

"ကဲ ... မင်း ဘယ်လိုစဉ်းစားလဲ ထီး"

"ကောင်းပြီလေ၊ ရုံးနားတော့ မလာနဲ့၊ ငါ ဘယ်ကိုလာရမလဲ ဘိုဘို"

"........."

✧ ❦ ✧





ထီးက လက်ပတ်နာရီလေးကို တစ်ချက်ငုံ့ကြည့်ရင်း ...

"မိနစ်လေးဆယ်လောက် ဆိုရင်တော့ လုံလောက်မှာပါနော်၊ ငါ အလုပ်ကိစ္စလည်း တကယ်ရှိနေလို့ မြန်မြန်လေးတော့ ပြောစရာရှိတာပြောပါ"

"အခု နွေ့ဆီ ဖုန်းဆက်လို့လည်း မရဘူး၊ ရှိသမျှဖုန်းတွေ သိမ်းထားလိုက်ပုံပေါ်တယ်၊ နွေ အပြင်လည်း မထွက်ရတော့ဘူး၊ အဲဒါကို မင်း မသိဘူးလား"

"မသိဘူး၊ ငါတို့ တစ်ခြံထဲနေကြပေမယ့် ငါတို့က ဒီဘက်သတ်သတ်တစ်အိမ်မှာပါ၊ အိမ်ရဲ့ကားအဝင်အထွက် အားလုံးတောင် ငါမသိနိုင်ဘူး၊ တစ်နေကုန်လည်း ရုံးမှာ၊ ညနေ အိမ်ပြန်ရောက်ရင် ထမင်းစားဖို့ တစ်ချိန်ပဲ ဟိုဘက်အိမ်ပေါ်ကူးပြီး စားဖြစ်တာ အိမ်တွင်းရေးဆိုတော့ ဘယ်လိုမှ မသိနိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နွေ နေကောင်းလား၊ အခြေအနေကောင်းရဲ့လားတောင် နင် မသိဘူးပေါ့"

"မသိဘူး ဘိုဘို၊ နွေက ခါတိုင်းလည်း ညစာစားတိုင်း အမြဲတူတူပါတာ မဟုတ်ဘူး၊ သူ မစားချင်ရင် လာမစားဘူး၊ နင် အခုပြောမှ ပြန်စဉ်းစားတော့ နွေနဲ့ ထမင်းဝိုင်းမှာ မတွေ့တာ လေးငါးရက်ရှိပြီထင်တယ်၊ ထမင်းဝိုင်းမှာ မတွေ့ရင်လည်း နွေနဲ့ငါက တကူးတကတွေ့စရာ တခြားအကြောင်းလည်း မရှိဘူး၊ သူ့ဟာသူ အိမ်ပေါ်ထပ်မှာနေနေတာ"

ထီးက ပြောနေရင်း ခေါင်းထဲကို သတိပြုမိစရာလေးတစ်ခု ထပ်ဝင်လာသည်။ ခုတလော နွေ့ကိုမတွေ့ဖြစ်တာသာမက မေမေပင်လျှင် ရှောင်ဖယ်ဖယ်များလားလို့။ သေချာစကားမပြောဖြစ်သလိုတောင် ဖြစ်နေသည် မဟုတ်လား။

"ခုလို နွေ့ကို မချုပ်ချယ်စဖူး ချုပ်ချယ်လိုက်တာ ထူးဆန်းမနေဘူးလား၊ နွေက လွတ်လွတ်လပ်လပ်နေတဲ့ မိန်းကလေးတစ်ယောက်ဆိုတာလည်း မင်းသိမှာပါ ထီး၊ နွေ ဒီအရင်ကလည်း ကောင်လေးတွေနဲ့ တွဲဖူးနေတာပဲဆိုတာ မင်းသိမှာပါ၊ ကိုယ်လည်း သိပါတယ်၊ ဘယ်တုန်းကမှ သူ့ကို ဒီလို ခြေချုပ်မချုပ်ပါဘူး ...





အခုမှ ဒီလိုလုပ်တယ်ဆိုတာ သေချာတယ်၊ ကိုယ့်ကို သဘောမကျလို့ပဲလေ၊ အဲဒီအပြင် နောက်ထပ် သေချာတာက ကိုယ့်တစ်ကိုယ်ရည်အနေနဲ့ ကြည့်မယ်ဆိုရင် မေဘုယျအားဖြင့် ခါးခါးသီးသီးဖြစ်စရာ အကြောင်းမရှိဘူးလို့ ကိုယ်ထင်တာပဲ၊ ဒါ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာလည်း မဟုတ်ပါဘူး၊ ကိုယ်က ဆိုးသွမ်းဟောင်ရမ်းနေတဲ့ သူလည်း မဟုတ်ဘူး၊ ကိုယ့်နောက်ခံဘက်ဂရောင်းလည်း စုတ်ပြတ်မနေဘူး၊ ကိုယ့်အဖေနဲ့ မင်းယောက္ခမနဲ့ကလည်း စီးပွားဖက် ပါတနာပဲလေ ...

တစ်ခုပဲရှိတယ်၊ အဲဒါက မင်းနဲ့ ကိုယ်နဲ့ ပတ်သက်ဖူးခဲ့မှုပဲ၊ အဲဒါကို နွေတော့ မသိတာ သေချာတယ်၊ မင်းယောက္ခမတွေနဲ့ ကိုဇေနဲ့ သိသလား ထီး"

"သိတာပေါ့"

ထီးက ထေ့ပြုံးကလေး ပြုံးလိုက်မိရင်း ...

"နင့်အမေလေ ဘိုဘို၊ နင့်အမေကြောင့်ပေါ့၊ နင့်အမေက ငါနဲ့ကိုဇေ လက်မထပ်ရသေးခင် အချိန်လောက်က မင်္ဂလာပွဲတစ်ခုမှာ မမျှော်လင့်ဘဲ သွားဆုံကြတော့ ငါ့ယောက္ခမ ဒေါ်ခင်မမထိပ်ရဲ့ရှေ့ ကိုဇေရဲ့ရှေ့မှာ ထီးဖြူခင်ဆိုတာ သူ့သားဘိုဘိုနဲ့ တွဲခဲ့တဲ့ရည်းစားဆိုပြီး ဘလိုင်းကြီးပြောချလိုက်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အေး ... အဲဒါကြောင့် ယောက္ခမလည်းသိတယ်၊ ကိုဇေလည်းသိတယ်၊ အခု နှင့်ကို သူတို့ နွေနဲ့သဘောတူကြည်ဖြူဖို့ ခက်တယ်ဆိုတာ နှင် နားလည်ပြီလား၊ ငါ့ယောက္ခမ ဒေါ်ခင်မမထိပ်က နှင့်အမေ အဲဒီလိုပြောတော့ သူ့ကိုရော သူ့သားကိုရော အရှက်ခွဲတာဆိုပြီး မခံမရပ်နိုင်ဖြစ်ခဲ့တယ်"

"ကျွတ်"

"နှင့်အမေကို မကြည်တာအပြင် ငါ့ယောက္ခမနေရာက စဉ်းစားရင် ချွေးမနဲ့ပတ်သက်ခဲ့သူကို သူ့သမီးနဲ့ပေးစားချင်ပါ့မလား၊ ကိုဇေ့နေရာက စဉ်းစားရင် သူ့မိန်းမနဲ့ပတ်သက်ခဲ့တဲ့သူနဲ့ သူ့ညီမကို သဘောတူပါ့မလား၊ ခုလိုဖြစ်တာ ဘာမှမထူးဆန်းဘူး၊ ဒီလိုပဲ ဖြစ်လာရမှာပဲ၊ အဲဒီတော့ အကောင်းဆုံးက နှင် နောက်ဆုတ်လိုက်ပါ ဘိုဘို၊ နွေ့ကို ဖြတ်လိုက်ပေါ့"

"ဘာဆိုင်လို့လဲ"

"သူတို့ သဘောတူမှာမှ မဟုတ်တာ"

"သဘောတူတာ မတူတာ သူတို့အလုပ်လေ၊ လူကြီးသဘောမတူတာနဲ့ပဲ ဖြတ်ရမှာလား၊ မင်းဟာ ဟိုးတုန်းကအကျင့်ကို မပျောက်ဘူး၊ ဘာမှမပြောင်းလဲဘူး၊ မာမီက သဘောမတူတဲ့စကားပြောတော့ ဂူးဝါးနဲ့ ငါ့ကိုပြဿနာထရှာခဲ့တယ်၊





ငါက အချိန်ယူဖို့ စောင့်ဖို့ ပြောတာကို မင်းက သရဲဘောကြောင်တယ် ပြောတယ်၊ အမေကို မလွန်ဆန်ရဲဘူးပြောတယ် ...

ဒီမှာ ထီး၊ အဲဒီတုန်းက ငါတို့ ကျောင်းတက်တုန်း၊ ကျောင်းသားတွေ၊ ဖြုန်းခနဲ ကောက်ယူဖို့ အရွယ်သည်းမတိုင်သေးဘူး၊ လူကြီးဆိုတာကလည်း သူ့စိတ်သူ့သဘောဆိုတာ ရှိမှာပဲ၊ နေမြဲတိုင်းနေမယ်၊ ကျောင်းပြီးပြီ အလုပ်တွေဘာတွေလဲ အခြေကျမှ အရေးဆိုလို့ရကဲ့ကိစ္စကို မင်းက မင်းကိုသဘောမတူဘူးဆိုတဲ့ စကားကိုပဲ ဆတ်ဆတ်ခါနာပြီး ငါ့ကိုလည်း သစ္စာမရှိဘူး ဘာဘူး ပြဿနာရှာပြီး ပြတ်သွားတယ်"

"ဟဲ့ ... ဟုတ်တယ်လေ၊ မဖြတ်လို့ ဘာလုပ်ရမှာလဲ၊ သဘောမတူပါဘူး ဆိုတာကို အရှက်မရှိ ဆက်တွဲနေရမှာလား၊ နှင်လည်း ခုထိ အချိုးမပြောင်းပါလား၊ လူကြီးက သဘောမတူဘူးဆိုရင် ကိုယ့်သိက္ခာနဲ့ ကိုယ့်အသိစိတ်နဲ့ ရပ်တန်းက ရပ်ရမှာလေ၊ ရှေ့မတိုး နောက်မဆုတ်နဲ့ ဝေလေလေလုပ်ပြီး ဆက်တွဲနေတော့ သိက္ခာကျစရာရှိ မိန်းကလေးက ကျမှာလေ"

"လူနှစ်ယောက် အချစ်စစ်နဲ့ တွဲနေတာလေ၊ ဘာသိက္ခာမှကျစရာအကြောင်းမရှိပါဘူး"

"မိဘသဘောမတူဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"တူတူ မတူတူလေ၊ ပေါင်းမှာက မိဘနဲ့ပေါင်းမှာမှ မဟုတ်တာ၊ ပိုနေမြဲ ကျားနေမြဲ အချိန်တန်ရင် ယူရုံပဲ၊ အလျှင်စလို အလန့်တကြား ကောက်ဖြတ်စရာ ဘာအကြောင်းမှ မရှိဘူး"

"ဒီမှာ ဘိုဘို၊ ဟိုအရင်ကကိစ္စနဲ့လည်း ခုအခြေအနေက မတူဘူး၊ အရင်ကဟာကို ထားလိုက်တော့၊ အခုကိစ္စက ဘယ်လိုမှ သဘောတူလာစရာ အကြောင်းကိုမရှိဘူး၊ ငါလည်း ကြားထဲက နေရထိုင်ရခက်ပြီး စိတ်ကျဉ်းကျပ်တယ်၊ ကံကြမ္မာအရ ခုလို ကြုံဖန်ဖြစ်ပျက် ပတ်သက်လာတာကို ဘာမှအပြစ်ပြောလို့ မရပေမယ့် အားလုံးအတွက် မကောင်းဘူးဟာ၊ နောက်ဆုတ်တာ အကောင်းဆုံးပဲ"

"ဘာလို့ အားလုံးအတွက် မကောင်းရမှာလဲ ထီး၊ အနည်းဆုံး ငါနဲ့ နွေနဲ့ ချစ်သူနှစ်ယောက်အတွက်တော့ နောက်ဆုတ်တာ ဘာမှအဓိပ္ပာယ်မရှိဘူး"

"နွေကလည်း ဟိုအရင်ကအကြောင်းကို မသိလို့လေ ဘိုဘို၊ နင်နဲ့ ငါ့ကို ငယ်သူငယ်ချင်းလို့ပဲ သိထားထားတာလေ၊ နောက်ပြီး နင်နဲ့ နွေ့အကြောင်း ကိုဇေမသိသေးပေလို့ပဲ၊ ကိုဇေသိရင် ဘယ်နည်းနဲ့သဘောတူမှာလဲဟာ၊ သူသိသွားရင် ငါ့မှာ ဘာမှလဲ အမှားအယွင်း မလုပ်ရဘဲနဲ့ မျက်နှာပူရတာနဲ့တင် ရှူးမယ်"





"ဟင် ... နင့်ယောက်ျား ကိုဇေက ဘာဖြစ်လို့ မသိရမှာလဲ၊ သူ သိတယ်လေ"

"ဟင်"

"ဟိုတစ်နေ့က ငါတို့ကို သူကိုယ်တိုင် တွေ့တာလေ၊ နွေ့ကို ချက်ချင်းဖုန်းလှမ်းဆက်ပြီး ချက်ချင်းအိမ်ပြန်ခိုင်းတာပဲဟာ"

"ဟင် ... နင်တို့ကို ကိုကို တွေ့သွားတယ် ဟုတ်လား"

"ဟုတ်တယ်လေ"

ထီးသည် နှုတ်ခမ်းလေး တင်းတင်းစေ့ကာ အသက်ပြင်းပြင်း ရှူထုတ်လိုက်မိပါသည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဇေက ဖုန်းကိုပိတ်လိုက်ပြီး ...

"မေမေခေါ်နေလို့ ခဏသွားလိုက်ဦးမယ်"

ထီးက ကိုကို့ကို မျက်လွှာလေးပင့်ကာ ကြည့်လိုက်ပါသည်။ ကိုကိုဟာ သူ့စိတ်ထဲမှာရှိနေတဲ့ အကျိုးအကြောင်းတစ်ခုကို ထီးကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟမပြောပါလားဆိုတာ သိလိုက်ရကတည်းက ထီးရင်တွေ လေးပင်ခဲ့ပါသည်။

သူသိတာ အနည်းဆုံး လေးငါးရက်ရှိတဲ့တိုင် ထီးကိုဖွင့်မပြောဘူးဆိုတာဟာ ပြောကိုမပြောတော့မှာမို့သာပေါ့။ အဲလို အုံ့ပုန်းမှိုသိပ်ခံစားတတ်မှန်း သိလိုက်ရတဲ့အခါ ဒီကိစ္စအတွက် သူနဲ့ သူ့အမေ ထီးအပေါ် ဘယ်လိုသဘောထား ရှုမြင်ကြသလဲဆိုတာအပေါ် ရင်မောရသည်။





အဲဒီတစ်နေ့က သူတို့သားအမိတတွေ ဒီကိစ္စပြောဆိုကြလိမ့်မည်။ နေ့လယ်ဘက်က နွေနှင့် ဘိုဘို့ကို ကိုကိုကိုယ်တိုင် မြင်ပြီးတဲ့နောက် ညနေမှာ နွေ့ကို ကိုကိုရော မေမေပါ စစ်ဆေးမေးမြန်းကြမှာပေါ့။ နွေ ဘယ်လိုစကားမျိုးတွေများ အဖြေပေးပါလိမ့်။ အဲဒီအပြင် ဘိုဘိုဟာ ထီးနှင့် ပတ်သက်ခဲ့ဖူးကြောင်းကိုရော နွေများ သိသွားပြီလား။

"ကိုကို"

အိမ်တံခါးဝရောက်နေတဲ့ ဇေက လှည့်ကြည့်ပါသည်။

"တစ်ခါတည်း လိုက်ခဲ့ရမလား၊ ခဏနေရင် ထမင်းစားတော့မှာမို့လေ"

"ထီး ထမင်းစားခါနီးမှပဲ လိုက်ခဲ့လိုက်လေ"

ထီးက ခေါင်းလေး ဖြည်းဖြည်းညိတ်ကာ တံခါးဝ၌ ရပ်ကျန်ခဲ့သည်။ မလိုက်စေချင်တာ သိသာတာပဲ။ သေသေချာချာ စေ့စေ့ပြန်တွေးကြည့်လေ ပိုသတိပြုမိလာလေ။ ကိုကို အဲဒီနေ့ လောက်ကတည်းက မျက်နှာမကောင်းလှတာပဲ။

အဲဒီညနေပဲပေါ့။ အသိသာဆုံးက ဟိုဘက်အိမ်က ပြန်လာတဲ့ ကိုကို့ကို စိတ်လှုပ်ရှား ပျော်ရွှင်စရာ သတင်းစကားလေးတောင် ထီး ပြောခဲ့မိတယ်လေ။ ထီးမှာ ကိုယ်ဝန်ရှိနေပါပြီ၊ Six weeks လို့။ အဲဒါကို "ဟုတ်လား"လို့ တစ်ချက်တော့ အံ့သြသယောင် တုံ့ပြန်ပြီး ရာနှုန်းပြည့် အာရုံဝင်စားမှုတော့ မရှိနိုင်ခဲ့တာ။

www.burmeseclassic.com



ခဏကြာမှ ထီးပခုံးကိုဆုပ်ညှစ်၊ ထီးကို ရင်ချင်းအပ် တစ်ချက်ဆွဲယူပွေ့ဖက်ပြီး ကျောပြင်ကို တဖတ်ဖတ်နှင့် နှစ်ချက် သုံးချက်ပုတ်ကာ အသိအမှတ်ပြု နွေးထွေးမှုပြသည်။ အဲဒါအပြင် တော့ ဟက်ဟက်ပက်ပက် ဘာစကားမှမဆို။ ရုပ်ရှင်တွေထဲကလို "ဝေးဟေးဟေး"ဆိုတာမျိုးဝေးလို့ "ဝမ်းသာလိုက်တာမိန်းမရယ်" ဆိုတာမျိုးလည်း မလာပါ။

ဇနီးမယားတစ်ယောက်အဖို့ တော်တော်လေး အောင့် သက်ဝမ်းနည်းခဲ့မိကာ ယနေ့ထိထိုင် ဒီသတင်းကို ယောက္ခမ ယောက်မတို့ သိပြီးကြပုံ မပေါ်တာကိုလည်း ကိုကို့အပေါ် အံ့သြ ရပါသည်။ တစိမ့်စိမ့်တွေးရင်းက ထီးရင်ထဲ ပိုပြီးမတင်မကျဖြစ် လာသည်။

ကိုကိုတို့သားအမိတွေ ထီးအပေါ် ဘယ်လိုသဘော ထားအမြင်များ ရှိကြပါလိမ့်။ ဘာကြောင့် ကိုကိုဘာမှအသိ မပေးဘဲ ဖုံးကွယ်ဆိတ်ဆိတ်နေပါလိမ့်။ ကွယ်ရာမှာ အထင်အမြင် လွဲနေတာမျိုးကို ထီး မနှစ်သက်ပါ။ ထီးသဘောထားက မျက်နှာ ပူကာမှပူရရော။ ရှင်းရှင်းဖွင့်ပြော ဆွေးနွေးညှိနှိုင်းတာကို ကြိုက် ပါသည်။ အဲသလို မျှော်လင့်တာပါ။ လင်မယားအကြားမှာ အရေးကြီးကိစ္စတွေကို မဆိုထားနှင့် အသေးအကွေးကိစ္စတွေကိုပါ မြင်သာထင်သာ ပွင့်ပွင့်လင်းလင်း ရှိသင့်သည် မဟုတ်လား။





ဒီနေ့အဖို့လည်း အိပ်ရာဝင်ချိန် အေးအေးချမ်းချမ်း နားနားနေနေရှိချိန်ကျလျှင် ကိုကို့ကို ဘိုဘိုနှင့်တွေ့သည့်အကြောင်း အသိပေးရလိမ့်မည်လို့ ထီး ရည်ရွယ်ထားပြီးသား။ အခုတော့ ကိုကို့ကိုသာမက မေမေ့ကိုပါ အသိပေးဖို့များ လိုအပ်လေသလား။

ခုလို မေမေက ပြောစရာရှိသည်လို့ ကိုကို့ကိုခေါ် တိုင်း စိတ်အနှောင့်အယှက်နှင့် သူတို့ ဘာတွေများ ပြောဆိုနေမလဲ အထင်လွဲနေမလဲ အတွေးတွေ ရှုပ်နေရတာမျိုးကို ထီးမခံစားနိုင် ပေ။ ထီးကို ပြောဆိုတိုင်ပင်လျှင် ထီးသည် နွေ့ကိစ္စအတွက် လိုအပ်သလို သူတို့ဆန္ဒရှိသလို ကူညီညှိနှိုင်းဖို့ အသင့်ရှိသည်ပင်။

ထီးက ဆုံးဖြတ်ချက် ချလိုက်ပါသည်။

ဟိုဘက်အိမ် ထီး လိုက်သွားမည်။ ဘိုဘိုနှင့် ဒီနေ့ တွေ့ဖြစ်တာကိုလည်း တစ်ပါတည်းပြောရင်း ထီးအပေါ် သူတို့ ဘယ်လိုသဘောထားရှိလဲ၊ ထီး ဘယ်လိုနေသင့်သလဲ၊ ထီးဘယ် လိုဝင်ပါသင့်သလဲ သို့မဟုတ် ကင်းကင်းရှင်းရှင်း နေသင့်သလဲ ဆိုတာကိုပါ ပွင့်ပွင့်လင်းလင်း သိခွင့်ရဖို့လိုသည်။

တအုံ့နွေးနွေး မပွင့်လင်းမှုတို့ ကာလကြာရှည်လာ လျှင် အလွှာလွှာအထပ်ထပ် ရစ်ပတ်၍ ဖြေရှင်းရခက်ခဲပါမည်။ ထီးက အတွေးနှင့် ဟိုဘက်အိမ်ကို တစ်ယောက်တည်း လိုက်လာခဲ့ ပါသည်။ ဧည့်ခန်းကျယ်ကြီး နှစ်ခုစလုံးမှာ ဘယ်သူမှမရှိပါ။ ထီးက ဟိုကြည့်ဒီကြည့်နှင့် အိမ်ထဲဝင်လာရင်း ဖေဖေ အလုပ်လုပ် တဲ့ ပရိုက်ဗိတ်ရုံးခန်းနား ရောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ အဲဒါ ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ဒီကောင်နဲ့ သူ သွားချိန်းတွေ့ရတာလဲ"

ဒေါ်ခင်မမထိပ်ရဲ့ ဒေါသတွေ လှိုင်းထနေပုံက စေ့ရုံစေ့ထားသည့် တံခါးအပြင်သို့ အံကျလာပါသည်။

"အဲဒါ သား ဘယ်လိုလုပ် သိနိုင်မှာလဲ မေမေ"

"ဒါကိုမေးဖို့ မင်းတာဝန်ပဲလေ"

"သားလည်း သိချင်တာပဲ မေမေ၊ ဒါပေမဲ့ အခုဟာက မေမေတွေ့လာတာလေ၊ တကယ်ဆိုရင် အဲဒီအချိန်ပေါ်မှာပဲ မေမေ သူ့ကို အတိအလင်း ရင်ဆိုင်ပြီး တည့်တည့်ဖြောင့် မေးလိုက်သင့်တယ်"

"အဲသလိုမေးချင်စိတ် မပေါက်ဘူးလို့များ မင်း ထင်နေသလားဧ၊ မျက်နှာချင်း ဟောသလိုသွားဆိုင်ပြီး ဖြောင်ဖွင့် မေးချလိုက်ချင်တာ၊ မင်းမျက်နှာကိုငဲ့တာ ထောက်တာ၊ ပြီးတော့ လူရှေ့သူရှေ့ အဲဒီအကောင်ရှေ့ ယောက္ခမနဲ့ ချွေးမ ပြဿနာတက်ကြတယ်ဆိုတဲ့ အဖြစ်အပျက်ကြီး မဖြစ်အောင် ဆင်ခြင်လိုက်တာ ...

ဒီရှက်ဖို့ကောင်းတဲ့ကိစ္စတွေ လူသိရှင်ကြား ကျော်ကြားမသွားတောင် အတတ်နိုင်ဆုံး စိတ်ကိုထိန်းလိုက်တာ၊ ငါ့ဘေးမှာလည်း '.........' လူမှုရေးအဖွဲ့အစည်းအဝေးက အပြန်မို့လို့ ဒေါ်ချိုချိုရော မြင့်မြင့်သွယ်ရော ပါနေလို့





အားလုံးအရှက်တွေ ဖြန်းဖြန်းမကွဲအောင် အောင့်အည်းလိုက်ရတာ မင်း နားလည်ရဲ့လား"

မြင့်မြင့်သွယ် ဆိုတာဟာ ဒေါ်ခင်မမထိပ်ရဲ့ကိုယ်ရေးအရာရှိသဘော တာဝန်ထမ်းဆောင်သည့် ဝန်ထမ်း။ ဒေါ်ချိုချို ဆိုတာကတော့ ဒေါ်ခင်မမထိပ်ကဲ့သို့ပင် ကတော်တစ်ပါး ဖြစ်ပေလိမ့်မည်ဟု ထီး နားလည်ရသည်။

ထီးရဲ့လက်ဖျားတွေက အေးစက်ကျင်လာကာ မျက်နှာတစ်ပြင်လုံးကတော့ ငရုတ်ရည်ထိသလို ပူထူစပ်ဖျဉ်းလာပါသည်။

ရင်ထဲက နှလုံးခုန်သံက တဒုတ်ဒုတ် မြည်ဟည်းရုံမက ရင်ဘတ်၌ ဆောင့်ခုန်နေသည်ကို အရေပြားဖောက်၍ပင် မြင်နိုင်လုအောင် ပြင်းထန်လှပါသည်။

"မေမေ အခု သားကိုခေါ်ပြောတာထက် ထီးကိုခေါ်ပြောတာကတောင် ပိုကောင်းလိမ့်ဦးမယ်"

"သူ့ကိုခေါ်ပြောရမှာတောင် သွေးတွေတိုးလွန်းလို့ ငါအခု သွေးဘယ်လောက် ထိုးတက်သွားလဲ မင်းသိရဲ့လား ဧ၊ သူနဲ့ရင်ဆိုင်ကို ပြောနိုင်စွမ်းမရှိဘူး၊ သူ ပြန်ဖြေရှင်းမှာတွေကိုလည်း ကြားနိုင်စွမ်း မရှိဘူး၊ ကြားရရင် ဒေါသဖြစ်မယ်၊ သွေးထပ်တိုးမယ်၊ ဆေးရုံတောင် ရောက်နိုင်တယ်၊ ဒါကြောင့် မင်းကို ခေါ်ပြောတာ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းက သူ့ယောက်ျားလုပ်နေပြီး နင် ရည်းစားဟောင်းနဲ့ ဘာကြောင့် ချိန်းတွေ့ရတာလဲလို့တောင် မေးဝံ့တဲ့သတ္တိ မရှိတော့ဘူးလား"

"မေမေ ဘာတွေပြောနေတာလဲ၊ မမေးဝံ့ဘူး မမေးရဲဘူး ရှိပါ့မလား၊ မေးလိုက်လို့ ရလာမယ့်အကျိုးဆက်ကောင်းမကောင်းဆိုတာ ထည့်စဉ်းစားရဦးမှာပေါ့ဗျ"

"ဒီတော့ မင်းက ဒီလိုပဲ မိန်းမလုပ်သမျှ မသိချင်ယောင်ဆောင်ပြီးပဲ နေတော့မယ်ပေါ့ ... ဒီလိုလား"

"အဲလိုလည်း ဘယ်ဟုတ်ပါ့မလဲ မေမေရ၊ စဉ်းစားရဦးမယ်လို့ သားပြောနေတာလေ၊ ဒေါသရှေ့ထားပြီး စိတ်ထဲပေါ်ရာလုပ်လို့ ဖြစ်မလား၊ မေမေက ဒီကိစ္စမှာ ပူလောင်ပေါက်ကွဲလွန်းနေတယ်၊ ကျွန်တော် တော်တော် စိတ်ပျက်လာပြီ"

"ဘာ"

"........."

"မင်းက အမေကို စိတ်ပျက်သတဲ့လား ... ဟုတ်လား"

"........."

"ဟင်း ဟင်း ... ငါ ရွဲ့ရွဲ့မြဲမြဲကို မှတ်ထားလိုက်ဦးမယ်ဧ၊ မင်းတစ်သက်နဲ့တစ်ကိုယ် မင်းမိန်းမကိစ္စနဲ့ ပတ်သက်ပြီးမှ မအေကို ဒီလေသံ ဒီမျက်နှာထားမျိုးနဲ့ ခံပြောမိတယ်ဆိုတာ မင်းလည်း တစ်သက်လုံးမမေ့နဲ့"





"မေမေ ခေါင်းအေးအေးထားပြီး စကားပြောပါ၊ ဒီကိစ္စမှာ သားလည်း ဘာမှသိရတာမဟုတ်ဘူး၊ သား စီစဉ်လုပ်ကိုင်နေတာလည်း မဟုတ်ဘူး၊ သားလည်း အထိုက်အလျောက်တော့ စိတ်ပျက်စိတ်ရှုပ်တာပဲ၊ ထိုး ဘာဖြစ်လို့ ဒီကောင်နဲ့ သွားတွေ့သလဲ စဉ်းစားလို့ကို မရဘူး၊ ဒါကိုသိပြီးမှ ရှေ့ဆက် စဉ်းစားလို့ရမှာ"

"အေး ... မင်းက မအေကို ယုံမှမယုံတာကိုး"

"မေမေ့ကို ဘာမယုံလို့လဲ၊ မေမေ မတွေ့လာဘဲနဲ့ တွေ့တယ် ပြောပါ့မလား၊ မေမေပြောတာ သား ယုံပါတယ်"

"ဒါကို ပြောနေတာ မဟုတ်ဘူး၊ ရှေ့ရက်တွေကတည်းက တောက်လျှောက် ငါပြောလာတာကို မင်း မယုံဘူးလေ၊ မင်းမိန်းမစိတ်ထဲမှာ ငါ့ကို နာကြည်းချက်ရှိတယ်၊ သူနဲ့ ဒီကောင် တွဲခဲ့ ကြိုက်ခဲ့တာ ငါ့ရှေ့ အရှက်တကွဲ လူသိခံခဲ့ရတာ၊ ဒါကို ငါ မနှစ်မြို့တာလည်း သူအလည်ပဲ သိတာပေါ့ ..."

ဒီတော့ အခု နွေနဲ့ ဒီအကြောင်းကိစ္စမှာ သူ မတားဘူး၊ အားပေးအားမြှောက်ပြုတယ်၊ ဒီကောင်နဲ့ နွေနဲ့ကြိုက်နေတာ ငါတို့ ဘွားခန် သိလိုက်ကြရင် အရှိက်ထိပြီး အထိနာသွားမှာ သူ ကောင်းကောင်းသိတယ်၊ ကဲ ... မြင်



www.burmeseclassic.com

www.burmeseclassic.com



ပြီမဟုတ်လား၊ ရှင့်သမီးငယ်နဲ့လည်း ဒီကောင်ကြိုက်တယ်လေ ဆိုတဲ့ အချိုး၊ သူ ငါ့ကိုချိုးဖဲ့ဖို့ စိတ်အကြံအစည်နဲ့ ဒီကိစ္စထဲ ပါနေတာ ...

အဲ့သလို မင်းကိုပြောတာ၊ မင်းက လက်မခံချင်ဘူးမဟုတ်လား၊ မိန်းမကို အင်မတန်ကို ညှာတာပြီး အထင်မလွဲရက်ဘူး မဟုတ်လား၊ မအေလုပ်တဲ့ သူကိုတောင် ရက်ရက်စက်စက် မြင်တယ်လို့ တွေးဦးမှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ထီးသာ တကယ်ပဲ အဲ့သလို စိတ်သဘောထားရှိရင် ကျွန်တော် လုံးဝလက်မခံဘူး၊ ခွင့်မလွှတ်ဘူး၊ ထိုက်သင့်တဲ့ အပြစ်ဒဏ်ခတ်ရမှာပဲ၊ ဒါပေမဲ့ အဲလိုသဘောထားရှိတယ် မရှိဘူးဆိုတာ အတပ်စွပ်စွဲလို့ရတဲ့ကိစ္စမှမဟုတ်တာ၊ အထင်လွဲနေတာဆိုရင် ထီး နစ်နာတာလည်း ထည့်တွက်ပါဦး မေမေ"

"သူ ဒါလေးနစ်နာတာ ဘာဖြစ်ရမှာလဲ၊ ငါ့သမီး မင်းညီမ နစ်နာတာကျတော့ရော၊ သူ ဒီနေ့ ဟိုကောင်နဲ့တောင် ချိန်းတွေ့နေမှတော့ အထင်လွဲတာ ဖြစ်ဦးမလား၊ သူတို့ နှစ်ယောက် တိုင်ပင်ပြီး နွေ့ကို အသုံးချပြီးတော့ ..."

"မေမေ"





တဆတ်ဆတ် တုန်လာသော်ဒူးနှင့် ထီး ဆက်၍ မကြားနိုင်တော့ကာ တံခါးကို တွန်းဖွင့်လိုက်တာနှင့် တစ်ပြိုင်နက် ကတုန်ကယင်အသံနှင့် ဒေါ်ခင်မမထိပ်ကို ခေါ်လိုက်၍ ဒေါ်ခင်မမထိပ် စကားသံက တီခနဲ ရပ်သွားသည်။

ထီး မျက်ဝန်းမှ နာကြည်းဒေါသမျက်ရည်များ တပေါက်ပေါက် စီးကျလာပါသည်။

"ရက်စက်လိုက်တာ မေမေ၊ ထီးသာ မေမေ့သမီးရင်းဆိုရင် မေမေ အဲ့သလောက် အထင်တသေး မြင်ရက်ပါ့မလား၊ ထီးရဲ့သိက္ခာတရားကို အဲသလောက် စော်ကားစွပ်စွဲရက်ပါ့မလား"

"ညည်းကို ဘာများစော်ကားမိပါလိမ့် ထီးဖြူခင်"

"ရည်စားဟောင်းရှိတာကို ဖုံးထားတာ မဟုတ်တဲ့အတွက် ရည်းစားဟောင်းအမေက သူ့သားနဲ့ကြိုက်ဖူးပါတယ်ပြောတာကို အရှက်ကွဲတယ်လို့ မခံစားပါဘူး မေမေ၊ ဒီအမျိုးသမီး အောက်တန်းကျတယ်လို့ပဲ ခံယူပါတယ် ဒီကိစ္စကြောင့် မေမေ မနှစ်မြို့တာ အင်တင်တင်ဖြစ်တာ သိပေမယ့် ဖြစ်တတ်တဲ့သဘောသဘာဝလို့ပဲ ခံယူတဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်မိပေမယ့် မေမေ့ကို ဖွေလည်းမယူခဲ့ အငြိုးလည်း မထားခဲ့ပါဘူး မေမေ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့များ ထိုး မေမေ့ကို အငြိုးထားမုန်းတီးခဲ့လို့ တစ်ခုခု နာကျင်အောင် ပြန်လုပ်ရမှဆိုရင် နွေ့ကို မလုပ်ပါဘူး မေမေ၊ မေမေ့ကိုပဲ လုပ်မှာစိတ်ချပါ၊ နွေကောင်လေးတွေနဲ့ တွဲတတ်တာ သိပေမယ့် ဘယ်သူနဲ့တွဲနေလည်း တစ်ကြိမ်မှ စိတ်မဝင်စားခဲ့လို့ မေးလည်းမမေး၊ သိလည်းမသိပါဘူး၊ ဘိုဘိုနဲ့ သူ ကြိုက်နေမှန်းလည်း သိစရာ အကြောင်းမရှိခဲ့သလို အားပေးအားမြှောက်လည်း မနေခဲ့ပါဘူး”

“ဘာလို့ အားပေးအားမြှောက် မပြုရမှာလဲ၊ ညည်းမိတ်ဆွေလို့ သိလို့ နွေက ပြန်လက်ခံရင်းနှီးတာလေ၊ ညည်းကို နွေကမေးတော့ ညည်းသူငယ်ချင်း၊ လူကောင်းသူကောင်းလေးပါလို့ ညည်းက ဘာဖြစ်လို့ ထောက်ခံအားပေးခဲ့ရတာလဲ၊ ညည်းရဲ့ရည်းစားဟောင်းဆိုရင် နွေကကော သိက္ခာကျခံပြီး လက်ခံတွဲမလား”

ထိုးက နာကျင်ကျင်နှင့် ခနိုးခနဲ့တော့ ပြုံးမိသည်။

“နွေ အဲသလို တကယ်ပြောရင် နွေ လိမ်တာ၊ ဘိုဘိုဟာ လူကောင်း သူကောင်းလေးပါလို့ နွေ့ကို တစ်ကြိမ်မှမပြောခဲ့ဖူးပါဘူး၊ နွေကသာ ဘိုဘို့မှာ အပြစ်မရှိပါဘူး၊ လူကောင်းစိတ်ကောင်းလေးပါလို့ သူ့ဘာသာ ပြောတာပါ၊ သူတို့နှစ်ယောက် ရည်းစားဖြစ်ပြီး တွဲနေကြမှ ထိုး မတော်တဆ





သူတို့ကို တွေ့တာပါ၊ တွေ့တာနဲ့ တစ်နေ့သောအခါ ဒီပြဿနာကြီးကျယ်လာမယ်ဆိုတာ သိပြီးသားပါ၊ အဲဒါကြောင့်လည်း ဦးသော်ကိုခေါ်ပြီး နွေ့ကို အလိုမလိုက်ဖို့နဲ့ နွေလုပ်သမျှ မေမေ့ကို အသိပေးဖို့ ပြောခဲ့တယ် ...

အဲသလောက်ပဲ ပြောနိုင်ပါတယ်၊ ထိုးကိုယ်တိုင်တော့ မေမေ့ကို ကိုကို့ကို နွေဟာ ကျွန်မရည်းစားဟောင်းနဲ့ကြိုက်နေပါတယ်လို့ ပြောမထွက်ခဲ့တာ အမှန်ပဲ၊ တကယ်လို့များ ပြောထွက်လို့ ပြောဖြစ်ခဲ့ရင်တောင် ဒီစကားအပေါ်အလွဲတွေးပြီး မေမေ အထင်လွဲဦးမယ်၊ ဒေါသပုန်ထဦးမယ်ဆိုတာ သေချာပါတယ်၊ မေမေ့မှာ ထိုးအပေါ် အမြင်ကောင်းမှမရှိဘဲ”

“အပိုတွေ ထည့်မပြောပါနဲ့ ထိုးဖြူခင်၊ ညည်းက လူကောင်းပါလို့ ထောက်ခံအားပေးလို့ သူ ပြန်ခင်မင်လိုက်တာလို့ နွေ ပြောပြီးသား၊ ကိုယ့်ဘက်ကို ဖုံးကွယ်ချင်တာနဲ့ ငါ့သမီးနွေကို လိမ်တယ်လို့ မပြောပါနဲ့ ထိုးဖြူခင်”

“ဒါကတော့ မေမေ့ဆုံးဖြတ်ချက်ပါပဲ၊ နွေက မေမေ့သမီး၊ ထိုးက ချွေးမ၊ မေမေ ယုံကြည်ချင်စိတ်ပေါက်တဲ့သူကို ယုံကြည်ပါ၊ ဒါပေမဲ့ ထိုး မလုပ်တာ မဟုတ်တာတွေကို တော့ မစွတ်စွဲပါနဲ့ မေမေ၊ ထိုးလည်း သိက္ခာရှိတဲ့ မိကောင်းဖခင်သားသမီးပါ၊ အဲသလောက် အောက်တန်း



www.burmeseclassic.com

www.burmeseclassic.com



ကျတဲ့စိတ်ဓာတ်မျိုး လုံးဝမရှိပါဘူး၊ ထီးမိဘတွေဟာ ကမ္ဘာမှာ တွေ့ဖူးသမျှ ရှယ်တူတန်းတူ မိဘတွေထဲမှာ စိတ်သဘောထား အပြည့်ဝဆုံးပါ၊ သူတို့ဆိုဆုံးမမှုနဲ့ ကြီးပြင်းလာတာပါ၊ အဲသလောက် စိတ်ထားယုတ်ညံ့ အောက်တန်းကျစရာ အကြောင်းကိုမရှိပါဘူး"

"ထီး ... တော်တော့ ... တော်တော့၊ ထီး မဟုတ်ဘူးဆိုရင် ပြီးတာပဲ"

ကိုကိုက ထီးအနား လျှောက်လာကာ တားပါသည်။

"ဘာ ... ညည်းမိဘတွေက ကမ္ဘာမှာ စိတ်သဘောအပြည့်ဝဆုံးဆိုတဲ့ စကားက ငါတို့စိတ်သဘောထားတွေ မပြည့်ဝဘူး သေးသိမ်တယ်လို့ စောင်းထေ့ပြောတာပေါ့၊ ဟုတ်လား ထီးဖြူခင်"

"ထီး ကိုယ့်မိဘအကြောင်းပဲ ပြောတာပါ မေမေ"

"ထီး ... တော်တော့နော်၊ နားလည်မှုလွဲတာ ဖြေရှင်းလို့ ရပါတယ်၊ ကိုယ်တို့က မိသားစုတွေပဲဟာ"

ထီးက ကိုကို့ကို မျက်ရည်ပြည့်လျှမ်းသော မျက်လုံးများနှင့် မော့ကြည့်လိုက်ပါသည်။ စွပ်စွဲချက်ပြင်းထန်ရက်စက်လွန်းသော ကိုကို့မေမေကိုလည်း တားမြစ်ပေးပါလား ကိုကိုရယ်ဟု မျက်ဝန်းများနှင့်သာ တိတ်တဆိတ် ပြောမိသည်။





"ဟုတ်တယ် ... ဒီမိသားစုထဲမှာ နေချင်ရင် မိသားစုဝင်ပီပီသသနေပါ၊ ဒီမိသားစုဝင်ဆိုရင် ဒီမိသားစုထဲမှာ ဖယောင်းမရှုပ်နဲ့၊ ခလောက်မဆန်ပါနဲ့"

"မေမေ"

ထီး ရင်ထဲ နာသထက် နာကျင်သည်။

"မေမေ့စကားတွေက ထီးကို အရမ်းထိခိုက် နစ်နာစေပါတယ် မေမေ"

"ညည်းရဲ့လုပ်ရပ်တွေကလည်း တို့မိသားစုကို ထိခိုက်နစ်နာစေနေတယ်လေ ထီးဖြူခင်"

"ထီး ဘာတွေလုပ်မိလို့လဲ မေမေ"

"နွေနဲ့ ဟိုကောင် ဘိုဘို ခုလို ပတ်သက်သွားရတာ ထိခိုက်နစ်နာမှု အကြီးဆုံးပဲ၊ အဲဒါ ညည်းပယောဂမကင်းဘူးလေ"

"ထီး ပယောဂနှမ်းတစ်စေ့စာတောင် မပါပါဘူး၊ ထီးပြောပြီးပါပြီ၊ နွေနဲ့ဘိုဘို ပတ်သက်မှုမှာ ထီးသဘောထား၊ ထီးတိုက်တွန်းမှု၊ ထီးပယောဂ လုံးဝမပါပါဘူး၊ သူတို့နှစ်ဦးတည်း သဘောတူ ပတ်သက်မှုပါ"

"ညည်းရဲ့မိတ်ဆွေထင်ပြီး နွေက စ,ပတ်သက်မိတာလေ"

"ထီးမိတ်ဆွေပါ၊ ရင်းနှီးလို့ရပါတယ် ဆိုတာမျိုး ထီးတစ်ခွန်းမှ ထောက်ခံချက်မပေးခဲ့ဘူး၊ သိတောင်မသိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး မေမေ၊ အဲဒါ အမှန်တရားပဲ၊ သူတို့ပတ်သက်ကြပြီး တဲ့နောက်မှ သိခွင့်ရတာ၊ သိခွင့်ရပြီးနောက်လည်း ဘယ် တုန်းကမှ ဒီကိစ္စကို အားပေးထောက်ခံမှုမပြုဖူးဘူး မေမေ"

ထီးအသံလေးက တုန်ယင်မာဆတ်လာသည်။

"ဒါဖြင့် ဒီနေ့ ဟိုကောင်နဲ့ဘာကိစ္စအတွက် သွားတွေ့ တာလဲ"

"သူက စကားပြောဖို့ခေါ်လို့ပါ၊ ဒါကိုလည်း ထီး ကိုကို့ကို ပြန်အသိပေးမှာပါ၊ မပြောရသေးတာပဲ ရှိပါတယ်"

"ဒါ ဒီအချိန် ဒီလိုပဲ ပြောတော့မှာပေါ့၊ ပြောလို့ရတာပဲလေ"

"ထီး တွေ့သင့်တယ်ထင်လို့ ရိုးရိုးသားသား သွားတွေ့ တာပါ၊ ဘိုဘို့အနေနဲ့ ကိုကို့ကို မေမေ့ကို တိုက်ရိုက်ဝင် တွေ့တာဟာ ရလဒ်ကောင်း မရနိုင်ဘူးလို့ထင်လို့ ထီးရှေ့ ကတစ်ဆင့်ခံ တွေ့တာပါ၊ သွားတွေ့ကတည်းက သူ့ကို တားမြစ်ဖို့ ကန့်ကွက်ဖို့ပဲ ရည်ရွယ်ခဲ့တယ်၊ သူ့ကိုတားလည်း တားခဲ့တယ်"

"ဟုတ်ရဲ့လား ထီးဖြူခင်ရယ်"

"ယုံတာ မယုံတာ မေမေ့သဘောပါ။ ဒါပေမဲ့ မေမေနည်း နည်း ကိုယ်ချင်းစာပြီး စဉ်းစားကြည့်ပါ၊ ထီးကကော ဘိုဘို ဒီမိသားစုထဲ ဝင်ရောက်လာမယ့် အဖြစ်အပျက်ကို စိတ်အေးလက်အေး ကျေနပ်ပျော်ရွှင်နိုင်မလားဆိုတာ ရှေ့





လျှောက် မမျှော်မှန်းနိုင်တဲ့ ပြဿနာအမျိုးမျိုး ကြုံလာဖြစ် လာနိုင်တဲ့ အခြေအနေတွေကို မမြင်ဘဲ နေပါ့မလား၊ မေမေသာ ထီးနေရာမှာဆိုရင် စိတ်ရင်းရိုးရိုးနဲ့ကြည့်ရင် ဒီကိစ္စကို ဖြစ်စေချင်ပါ့မလား"

"ကိုယ်ချင်းမစာနိုင်ဘူး ထီးဖြူခင်၊ ငါက သူတို့အဖေ ဦးမင်းဒင် တစ်ယောက်တည်းနဲ့ မေတ္တာမျှပြီး ဒီတစ်ယောက် နဲ့ပဲ လက်ထပ်ခဲ့တာ"

ထီးက မနေနိုင်တော့လွန်းစွာ မခံချိမခံသာ ပြုံးမိပါ သည်။

"အရင်လူတစ်ယောက် တွဲခဲ့ဖူးတဲ့အပေါ် မေမေ ဒီလောက် ထိ ခါးသီးအပြစ်မြင်နေမယ်လို့ မထင်မိခဲ့လို့ပါ ကြိုမသိ ခဲ့လို့ပါ"

"ထင်ခဲ့ရင် ကြိုသိရင် ဖေ့ကို လက်မထပ်ပါဘူးဆိုတဲ့ သဘောလား"

"ဟုတ်ပါတယ်၊ မှန်ပါတယ် မေမေ၊ ဒီလောက်ထိအောင် တောင် အပြစ်ကြီးမားလာမယ်လို့သိရင် ကိုကို့ကို ဘယ် လောက်ချစ်နေပါစေ လက်ထပ်ဖို့ စိတ်ပျက်မှာပါ၊ ခုထိ ကိုယ့်ကိုယ်ကိုယ် ဘာအမှားမှ မလုပ်ခဲ့ဘူးလို့ ယုံကြည်ပါ တယ်၊ ဒီလောက် ပြစ်တင်ရှုပ်ချခံရစရာအကြောင်း ဘာမှ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ထီး ...၊ ကဲ ... တော်ကြပါတော့၊ တော်ကြပါတော့ဗျာ၊ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ အထင်မှားမှုတွေကိုဖျောက်ပါ၊ နားလည်မှုလွဲတာတွေပါ၊ ကျွန်တော်အရမ်းစိတ်ညစ်လာပြီ"

ဖေ့အသံက စိတ်ပျက်လက်ပျက် နိုင်လှသလို မျက်နှာကလည်း အကြီးအကျယ် ပျက်လာပါသည်။

"ဘာမှဖြစ်မလာရင် ဘာမှနားလည်မှုလွဲဖို့ မရှိဘူး၊ အခုဒီကိစ္စက နောက်ကွယ်က ဘာပယောဂမှ မပါဘူးလို့ ယုံကြည်ဖို့ ခက်ခက်ပဲ"

ထီးက ပါးပြင်ပေါ် ပိုးပိုးပေါက်ပေါက် ပြုတ်ကျလာသော မျက်ရည်တို့ကို လက်ချောင်းများနှင့် ပွတ်သုတ်လိုက်ရင်း ...

"ထီးလည်း ဒီထက်ပိုပြီး နောက်ထပ် ဘာမှရှင်းပြစရာ မရှိတော့ပါဘူး၊ ဘာမှလဲ ထပ်ပြောတော့မှာ မဟုတ်ပါဘူး"

ထီးက အခန်းဝမှ လှည့်ထွက်လာခဲ့ပါသည်။ ရင်တဲမှာ တော်တော်နာကာ ဘယ်လိုမှ မဖြေသိမ့်နိုင်အောင် ဆိုးဆိုးဝါးဝါး အခံရခက်လှပါသည်။

✧ ❦ ✧





## ၁၅

"မမျှော်လင့်ဘဲ ခရီးက ရက်တော်တော်ရှည်သွားတယ်၊ ပင်ပန်းတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ရလဒ်ကောင်းတွေ အကျိုးအမြတ်ကောင်းတွေ ရမှာမို့လို့ ပင်ပန်းရကျိုးနပ်လို့ တော်သေးတာပေါ့လေ၊ ဒီနေ့အဖို့ရော မနက်ဖြန်ရော လုံးလုံးလျားလျား အနားယူမယ်၊ ဧည့်သည်လည်း မတွေ့ဘူး၊ အလုပ်ကိစ္စလည်း မပြောဘူးကွာ၊ ကြားလား ဇေ"

"ဟုတ်ကဲ့ ဖေဖေ"

ဒေါ်ခင်မမထိပ်က ဦးမင်းဒင်တပည့်လေး သယ်ယူလာသော သေတ္တာများ အိတ်များကို နေရာချဖို့ ညွှန်ပြရင်း ...

"အိတ်တွေ များလှချည်လား ကိုမင်း၊ ပေါင်ပိုတွေနည်းမှာ မဟုတ်ဘူး"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်း ခရီးတစ်ခုခုက ပြန်လာရင် ဘာမှမဝယ်တတ်ဘဲ ပေါ့ပေါ့ပါးပါး သွားလာတဲ့သူက ဘာတွေ ဒီလောက်ဝယ် ဖြစ်လို့လဲဟင်"

"ဘာတွေလဲ ဖွင့်သာကြည့်တော့ မိန်းမရေ"

"ရွှေရီ ... ရွှေကြည် ... လာစမ်း၊ အိတ်တွေဖွင့်ကြစမ်း"

ဇေက အေးအေးစိမ့်စိမ့်ကြိုက်တဲ့ ဖေဖေ့အတွက် နားနေခန်းထဲက အဲကွန်းကို ပိုအေးအောင်လျှော့ပြီး မလှမ်းမကမ်း ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ဖေဖေက ဖုန်းထုတ်ကာ သူနှင့်အတူ ခရီးသွားခဲ့သော သူ့ရဲ့ကိုယ်ရေးအတွင်းရေးမှူးကို ဒီနေ့ အနားယူဖို့ မနက်ဖြန်တော့ နေ့လယ်ပိုင်းလောက် ဇေနှင့်တွေ့ဖို့ လှမ်းပြောနေပါသည်။

"ဘာတွေလဲ ရွှေကြည်"

"မသိဘူး အန်တီ၊ ဘူးလေးတွေ"

"ပြစမ်း"

ဒေါ်ခင်မမထိပ်က ပက်ကင်ဘူးတွေကို တစ်ခုပြီး တစ်ခု လှမ်းယူကြည့်ရင်း ...

"ဟင် ... ကလေးပစ္စည်းတွေပဲ၊ ဟိုဘက်က တိပ်ပ်တွေနဲ့ ပတ်ထားတဲ့ပုံးကြီးက ဘာလဲ"

"အဲဒါ တွန်းလှည်း"

"ဟင် ... ဒါတွေက ဘာအတွက်လဲ"





"ဟား ဟား ... ဘာအတွက်ရမှာလဲ၊ ဇေ့မျိုးဆက်အတွက် ပေါ့ကွ၊ ငါ့သားကမွေးမယ့် ငါ့မြေးဦးလောင်းလျာအတွက် ပေါ့ ခင်မရဲ့"

"ဟင် ... လောလောဆယ် ဘယ်နေမှန်းမသိတဲ့ မြေးဦး လောင်းလျာအတွက် ဒါတွေကြိုဝယ်ထားတော့ ဟောင်းမြင်း ကုန်မှာပေါ့"

"ပက်ကင်ဘူးတွေနဲ့ ထားမှာပဲ၊ ရှစ်လလောက်အတွင်းတော့ မဟောင်းပါဘူး"

"ဟင်"

ဒေါ်ခင်မမထိပ်က အဆက်မပြတ် ထွက်ပေါ်နေတဲ့ တဟင်ဟင်သံကြောင့် ဦးမင်းဒင်က ဇေ့ကို မျက်ခုံးပင့်ကြည့်သည်။ ဒေါ်ခင်မမထိပ်ကလည်း ဇေ့ကို အံ့အားတသင့် ပါးစပ်အဟောင်း သားပွင့်၍ ဖျတ်ခနဲ ကြည့်လိုက်ပါသည်။

"ဇေ"

"........."

ဇေက ခေါင်းငုံ့ကာ မတုန်မလှုပ် ထိုင်နေပါသည်။

"နေပါဦး ငါ့သားက မျက်နှာမကောင်းပါလား၊ နေရော ကောင်းရဲ့လား၊ ပြီးတော့ ဘာမှန်းမသိတဲ့ အငွေ့အသက် တစ်ခုကို ခံစားမိသလိုပဲ၊ Something strange ဘာတွေ ဖြစ်နေလဲ၊ တစ်ခုခု ဖြစ်နေကြလား"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မ ... ဖေ ... ပြောလေ၊ တစ်ခုခု ဖြစ်ထားသလား"

ဒေါ်ခင်မမထိပ်က ဦးမင်းဒင် အမေးကိုမဖြေဘဲ ...

"ဖေ ... ထီးဖြူခင်မှာ ကိုယ်ဝန်ရှိနေပြီမို့လို့လား"

"........."

"ဖေ ... အဲဒါကို မင်းအမေ ဘာကြောင့် မသိရတာလဲ"

ဦးမင်းဒင်က တအံ့တသြ မေးလိုက်လျှင် ဒေါ်ခင်မမထိပ်က ကုတင်ကယင်နှင့် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပါသည်။

"ဖေ ... မင်း ... မင်း ... မေမေ့ကိုတောင် ချန်ထားတယ် !"

"မေမေ ... မေမေ ထီးကို စိတ်မကြည်လင်နေသေးတဲ့ အခိုက်မှာ ဒီသတင်းအပေါ်လည်း ဝမ်းသာအားရ မဖြစ်နိုင်သေးဘူး ထင်လို့ပါ၊ သားတောင် ထီးပြောတဲ့အချိန်မှာ စိတ်ရှုပ်ထွေးနေလို့ ဟက်ဟက်ပက်ပက် မဖြစ်လိုက်မိဘူး၊ မေမေသိပြီး မေမေ ဝမ်းမသာနိုင်ရင် အဲဒါကို ထီးသိမှာ မဖြစ်စေချင်လို့ မေမေ့ကို အသိမပေးသေးဘဲ ထားလိုက်တော့တာပါ၊ ဖေဖေနဲ့ကတော့ အဲဒီနောက်ရက်တွေထဲက အီးမေးလ်အသွားအလာရော ဖုန်းကွန်တက်ရောရတော့ ဖေဖေက အားလုံးနေကောင်းကြလားမေးတုန်း ပြောဖြစ်သွားတာပါ၊ ဖေဖေ့တစ်ယောက်တည်းကိုပဲ ပြောဖြစ်သေးတာပါ"

ဦးမင်းဒင်က မျက်ခုံးများကိုရှုံ့ရင်း ...





"ဘာတွေလဲကွာ၊ ဘာတွေဖြစ်နေကြတာတုန်း၊ မိသားစုထဲမှာ ခရီးရောက်မဆိုက်ကွာ"

"ဖေဖေ ... သား အေးအေးဆေးဆေးမှ ပြောပြပါ့မယ်၊ ဖေဖေ အခု လူရော စိတ်ရော ပင်ပန်းနေတယ် မဟုတ်လား၊ ခဏနားပါဦး"

"ပြောလိုက်စမ်းပါ ဖေ၊ မင်းမိန်းမ ထီးဖြူခင် အိမ်ပေါ်က ဆင်းသွားတယ်လို့ ပြောလိုက်စမ်းပါ၊ ဟောဒီမိန်းမကြီး အပြစ်လို့ပါ ပြောလိုက်လေ"

"ဘာ ... ထီးက ဘာကိစ္စ အိမ်ပေါ်က ဆင်းတာလဲ၊ ခု ဘယ်မှာလဲ"

"သူ့အဖေအမေအိမ်မှာ ဖေဖေ"

"ကျွတ် ... ဒါမျိုးတွေ ဖေဖေမကြိုက်ပါဘူးကွာ၊ မိသားစုတွင်းမှာ မိသားစုဝင်အချင်းချင်းဟာ ဘာပြဿနာရှိရှိ ညှိနှိုင်းဖြေရှင်းနိုင်ရမယ်၊ တစ်ယောက်ကိုတစ်ယောက် အလျှော့ပေး လိုက်လျောမှုရှိရမှာပေါ့၊ မင်းသွားမခေါ်ဘူးလား ဖေ"

"ခေါ်ပါတယ် ဖေဖေ၊ သားတို့ လင်မယားကွဲတဲ့သဘော မဟုတ်ပါဘူး၊ ထီးက တောင်းပန်ပါတယ်၊ သူ့အပြုအမူ အဆင့်အတန်း နိမ့်ရာကျခဲ့ရင်၊ ကလေးဆန်ရာကျခဲ့ရင် ခွင့်လွှတ်ပါတဲ့၊ သူ သိပ်စိတ်ကျဉ်းကျပ်လာလို့ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်ချင်တာလဲ၊ ဘာလိုချင်တာလဲ"

"သူတို့အိမ် လာနေရင်နေ၊ ဒါမှမဟုတ် သီးသန့်နေချင်တဲ့ သဘောပါ"

"အင်း ... ဖေဖေတို့က မင်းတို့လင်မယားကို တစ်ခြံဝင်းထဲ အနားမှာ ခေါ်ထားတယ်ဆိုတာ ချစ်ခင်လို့ တစ်သွေးသားတည်း ဖြစ်ချင်လို့ အမြဲနီးစပ်ပြီး သွေးစည်းမှုရှိချင်လို့ အဲဒီသဘောပါ"

ဦးမင်းဒင်က မျက်ရည်လည်နေသော ဒေါ်ခင်မမထိပ်ကို လှမ်းကြည့်ရင်း ...

"ကဲ ... ကဲ ...၊ အမေကြီးကလည်းပဲ စိတ်မကောင်း ဖြစ်မနေပါနဲ့၊ တိုင်ပင်ဖြေရှင်းကြတာပေါ့၊ သမီးလေးရော ဘယ်မလဲ၊ အဖေပြန်ရောက်တာတောင် ထွက်မကြိုပါလား၊ အိမ်မှာမရှိဘူးလား"

"အခန်းထဲမှာ အိပ်နေတယ်"

"ဒါ အိပ်ရမယ့်အချိန်မှ မဟုတ်ဘဲ၊ သွားခေါ်စမ်း ရွှေနီ"

"ရှင့်သမီးက ဘယ်သူ့မှ ထွက်မတွေ့ ဘယ်သူ့မှစကားမပြောဘူး"

"ဟင် ... ဘာတွေများ ဖြစ်နေကြတာတုံးကွာ၊ တယ်ခက်ကြပါလား"

✧ ❦ ✧





"သမီး ... အခုအချိန်က မိသားစုထဲမှာ ပွင့်ပွင့်လင်းလင်း အားလုံးပြောပြရမယ့်အချိန်၊ ဖုံးကွယ်မှုတွေ လိမ်ညာမှုတွေ ကိုယ့်အပြစ်လျော့ပေါ့အောင် အကြောင်းပြချက်တွေပေးနေရမယ့်အချိန် မဟုတ်ဘူး ...

အခုကိစ္စ ... သမီးနဲ့ ဦးဝင်းခန့်သား ဘိုဘိုနဲ့ မေတ္တာမျှကြတယ်ဆိုတဲ့ အဖြစ်အပျက်ဟာ တကယ့်နှလုံးသားထဲက နှစ်နှစ်ကာကာ ပေါ်ပေါက်တဲ့ကိစ္စလား၊ သူတစ်ပါးမြှောက်ထိုးပင့်ကော် လုပ်ပေးလို့ အပျော်အပျက် ပေါ့တီးပေါ့ဆ သဘောထားကြတဲ့ ကိစ္စလားဆိုတဲ့အပေါ်မူတည်ပြီး ရှေ့ကို ဘယ်လိုစဉ်းစားပေးသင့်တယ်ဆိုတာကို ဖေဖေ ဆုံးဖြတ်ရမှာဖြစ်တယ်"

"ကိုမင်း ... ဘာမှ ရှေ့ကို ..."

"မင်း ... ဘာမှမပြောပါနဲ့ ခင်မ၊ ကိုယ် ပြောပါရစေ၊ မင်းမှာက ဒီကိစ္စအပေါ် မနှစ်မြို့တဲ့ အခြေခံ ခံစားချက်ကရှိနှင့်နေတယ်၊ ဒီကိစ္စအပေါ် မင်း သုံးသပ်တဲ့အမြင်က မမျှတပဲ တစ်ဖက်ကို ယိမ်းနေတယ်လို့ ကိုယ်ယူဆတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးနဲ့ အတည်မဖြစ်စေလိုတဲ့သဘော၊ ထိုးအပေါ်
မကြည်လင်တဲ့သံသယ အခံပါနေမှတော့ အမှန်အတိုင်း
မမြင်နိုင်အောင် တိမ်သလ္လာဖုံးသလို ဖြစ်နေတယ် ခင်မ"

နွေက မျက်လွှာချ၍ ငြိမ်သက်နေပါသည်။

အဆက်ပြတ် ကွဲကွာနေချိန်မှာ ဘိုဘို့ကို သူမ တကယ်ချစ်ခင် စွဲလမ်းတာဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် ရိပ်မိ နားလည်ရပါသည်။ ဘယ်လိုမှ ဆက်သွယ်လို့မရတော့ ဘိုဘိုက နွေ့သူငယ်ချင်း "........"ကတစ်ဆင့် နွေ့ထံ စကားရောက် အောင် ပို့လိုက်ပါသည်။

စင်ကာပူအထိ နိုးပြေးမည်၊ ဟိုမှာ သူ့အတွက် အလုပ်အကိုင် အချိန်မရွေး အဆင်ပြေသည် ဆိုတာပင်။ နွေ ဘာ ကိုဘယ်လိုဆုံးဖြတ်ရမလဲ မသိ။ ဘိုဘိုနှင့် မခွဲချင်ပါ။ နွေနှင့်ဘိုဘို ကိစ္စမှာ မမထိုးက ကြားထဲက အောင်သွယ်လုပ်ကာ အားပေး အားမြှောက်ပြုတဲ့သဘောမျိုး မေမေ ယူဆစွပ်စွဲမှုကြောင့် မမထိုး ရင်ခွင် အိမ်ကတောင် ထွက်သွားတဲ့အထိ ပြဿနာကြီးထွားရတာ ဆိုတာလည်း ရွှေနီ ရွှေရီတို့ထံမှတစ်ဆင့် နွေ သတင်းကြားသိရ ပြီးပြီ။

"သမီး အမှန်အတိုင်းပြောပါ၊ ပွင့်ပွင့်လင်းလင်းပြောပါ။
ပြောသင့်တာတွေ မပြောရင် ပြဿနာတွေက မကြီးကျယ်
သင့်ဘဲ ကြီးကျယ်ကုန်မယ်၊ သမီးတို့ကိစ္စမှာ ထိုးက
ဘယ်အခန်းကဏ္ဍကပါသလဲ"





နွေက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မမထိုး ... ဘာမှမပါပါဘူး မေမေ"

"ကဲ ... ဒါဖြင့် သမီးက ထိုးကြောင့် ဘိုဘိုနဲ့ရင်းနှီးခင် မင်သွားပါတယ်ဆိုတာက ဘာအဓိပ္ပာယ်လဲ"

"မေမေက ကိုဘိုဘို့ကို အရှမ်းခါးသီးနေတော့ မမထိုးရဲ့ မိတ်ဆွေ၊ မမထိုးနဲ့လည်း ခင်မင်ရင်းနှီးတယ်၊ မမထိုးက လည်း လူကောင်းတစ်ယောက်လို့ ပြောတယ်ဆိုရင် နည်း နည်း သက်သာရာ သက်သာကြောင်း ဖြစ်မလားလို့ နွေ ပြောမိတာပါ"

"ဒါဖြင့် အဖြစ်မှန်က ဘာလဲ"

"အဖြစ်မှန်က နွေ ကိုဘိုဘိုနဲ့ ကိုယ့်ဘာသာ အပြင်မှာတွေ့ ပြီး ရင်းနှီးသွားပြီး နွေတို့ ချစ်မိကြပါတယ်၊ ကိုဘိုဘို့ကို နွေ အပျော်အပြက်သဘောလောက် သဘောထားတာ မဟုတ်ပါဘူး မေမေ၊ နွေ သူ့ကို ချစ် ... ချစ်တာပါ၊ တကယ်ချစ်တာပါ၊ သူကလည်း နွေ့ကိုချစ်ပါတယ်၊ ချစ် တယ်လို့ နွေ ယုံပါတယ်၊ နွေ့ကိုပဲ လက်ထပ်မယ်လို့ သူ ပြောပါတယ်"

ဒေါ်ခင်မမထိပ်က ရှေ့ကို ကိုယ်ကိုင်းကာ နားစိုက် ထောင်နေရာမှ ဆိုဖာပေါ် ခြေပစ်လက်ပစ် မှီလျောလိုက်ပါသည်။

"မရဘူး ... သဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘိုဘို့မှာ ဘာအပြစ်ရှိလို့လဲ မေမေ"

"ဘာအပြစ်လဲ ... ဟုတ်လား !"

"ခင်မ ... ခေါင်းအေးအေးထားပြီး စဉ်းစားပါ၊ မင်း ထင်သလို မြင်သလို ရမ်းပြီးစွပ်စွဲတာ အခု ထီး စိတ်ထဲလည်း ဘယ်လောက် အခံရခက်မလဲ တွေးကြည့်စမ်း၊ မင်း,သားကိုလည်း မင်းအားနာဦး၊ အခု ထီးမလုပ်တဲ့ကိစ္စတစ်ခုကို မင်းသံသယနဲ့ အနိုင်အမာ စွပ်စွဲထားမိပြီ"

"ဒါတော့ နွေက ညာတာကိုး၊ ယုံမိတာပေါ့၊ ဘာပဲဖြစ်ဖြစ် ေလ မပြေးသော် ကန်ရာရှိဆိုသလို ဖြစ်ခဲ့တာကိုး၊ ဒီလိုပဲ တွေးမိတာပေါ့"

"မေမေရယ် ... နွေကလည်း ဘာမှအရေးမကြီးဘူးထင်တဲ့ ကိစ္စလေးမို့ အလွယ်တကူ ညာမိတာပါ၊ တကယ်လို့ မမထီးက နွေတို့ကို တကယ်ပဲ မိတ်ဆက်ပေးဦး တကယ်ပဲ အောင်သွယ်ပါစေဦး မမထီး ခုလို အိမ်ကထွက်သွားတဲ့အထိ ပြဿနာကြီးမားစရာ ရှိလို့လား၊ နွေ နားကိုမလည်နိုင်ဘူး၊ တကယ်တော့ မမထီးက နွေတို့အကြောင်း သိသွားတဲ့ အချိန်မှာ မေမေ့ကို ဖွင့်ပြောပြဖို့ တိုင်ပင်ဖို့ မေမေတို့ သဘောတူမှ ရှေ့ဆက်ဖို့တောင် ပြောပါသေးတယ်၊ မမထီးမှာ အပြစ်မရှိပါဘူး မေမေ၊ ကိုဘိုဘိုမှာလည်း အပြစ်မရှိပါဘူး"





ဇေကာတော့ မိသားစုဆွေးနွေးပွဲမှာ ငိုင်ငေးတိတ်ဆိတ်နေပါသည်။ အဖြစ်အပျက်တွေအပေါ် စိတ်ပျက်ကာ ဘာမှလဲ ဝင်မပြောချင်။ ထီးမှာလည်း အပြစ်မရှိ၊ နွေ့မှာလည်း အပြစ်မရှိ၊ ကံကြမ္မာက စေစားဖန်တီးတာသာဖြစ်သည်။

"ဘိုဘို့မှာ ဘာလို့ အပြစ်မရှိရမှာလဲ၊ ညည်းကို ထီးဖြူခြင်းနဲ့ ယောက်မတော်တာသိသိနဲ့ သူ လာပတ်သက်တယ်"

"တကယ်တော့ နွေတို့သိခါစက ကလပ်ဘ်မှာ အမှတ်တမဲ့ သိတဲ့ လူတစ်ယောက်ပဲဆိုတဲ့အနေနဲ့ နွေတို့သူငယ်ချင်းအားလုံး နာမည်ဝှက် နာမည်ပြောင်တွေနဲ့ ကိုယ့်ရဲ့ Identity အမှန်တွေကို ဖုံးကွယ်ပြီး စသိကြတာပါ၊ သူက ဖေဖေ့ပါတနာ ဦးဝင်းခန့်ရဲ့သားမှန်း မသိသလို သမီးက ဖေဖေ့သမီးမှန်းလည်း သူ မသိခဲ့ပါဘူး ..."

နည်းနည်းရင်းနှီးလာမှ နာမည်မှန်တွေဖွင့်ပြောပြီး တော်တော်ခင်မင် သံယောဇဉ်တွယ်လာတဲ့အထိ နွေ့ကို ဖေဖေ့သမီးမှန်းတောင် သူ မသိပါဘူး၊ တကယ်လို့ ဖေဖေ့သမီးမှန်း မမထီးယောက်မမှန်း သိပါစေဦး သိပြီးပတ်သက်တော့ရော ဘာဖြစ်လို့လဲ မေမေ၊ သိသိနဲ့လာပတ်သက်ရင်ရော ဘာပြဿနာရှိလို့လဲ"

ဒေါ်ခင်မမထိပ်က နှုတ်ဆိတ်ပြီး ဦးမင်းဒင်ကို လှမ်းကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကလည်း ခုချိန်လောက်မှာ မင်း နွေ့ကို အသိပေးပြီး ဖြစ်နေရမှာ ခင်မ၊ ပွင့်ပွင့်လင်းလင်း မဆွေးနွေးကြဘူး မင်းတို့က၊ ပြဿနာက သမီးအမေက ဘိုဘိုဟာ သမီးကို မရိုးမသား ချဉ်းကပ်လာတယ်လို့ ယူဆနေတာ"

"ဘယ်လို မရိုးမသားလဲ ဖေဖေ"

"ဘိုဘိုနဲ့ သမီး မမထိုးက ကျောင်းတက်ကြတဲ့ အရွယ်တုန်းက မေတ္တာမျှဖူးတယ်၊ တွဲဖူးတယ်"

"………"

နွေ့မျက်နှာက အံ့အားတသင့် ပျက်သွားရှာပါသည်။

"ဘိုဘိုကလည်း သမီးကို မပြောဖူးဘူးလား"

မပြောဖူးပါ။ မပြောဖူးပေမယ့် ကိုဘိုဘိုဟာ တစ်စုံတစ်ခုကိုတော့ တစ်ချိန်လုံး စိုးရွံ့တဲ့စိတ်အနှောင့်အယှက် တစ်ခုခု ရှိနေခဲ့သလို နွေ ခံစားသိသည်။ သူ ရည်းစားနှစ်ယောက်ထားခဲ့ဖူးကြောင်း အဲဒီနှစ်ယောက်ကို စတွဲခဲ့စဉ်ကတော့ အပျော်သဘောမဲ့ဟုတ်ဘဲ သူ့ဘက်က အလေးအနက်သဘောနှင့်သာ ချစ်ခဲ့တာဖြစ်ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဝေးကွာခဲ့တဲ့အကြောင်း၊ အဲဒီအကြောင်းအမျိုးမျိုးဆိုတာကလည်း အရင်းစစ်ရင်တော့ သူ့အမေ သဘောမကျနိုင်ခြင်းနဲ့ သွားငြိငြိနေတဲ့ အကြောင်းတွေတော့ ပြောဖူးသည်။

သူက နှစ်ယောက်သော မိန်းကလေးနှင့် တွဲဖူးကြောင်းပြောတဲ့ အချိန်မှာ နွေက သူ့ထက် အတော်အရေအတွက်





ပိုသော အတွဲတွေရှိခဲ့ဖူးတာကြောင့် သူ့ရဲ့နှစ်ယောက်ကို နွေ ဘယ်လိုမှ သဘောမထားနိုင်။ ကိုယ့်အရေအတွက်ကိုတောင်မှ ခပ်လျှော့လျှော့ ပြောခဲ့ရသေးတာမျိုး။

"ပြီးခဲ့တာတွေကတော့ လုံးဝပြီးဆုံးပြီး ပြည်ဖုံးကားချသွားပြီဆိုပေမယ့် တစ်နေ့သောအခါ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး နွေ့စိတ်ထဲမှာ ကိုယ့်ကို မကျေနပ်တာ မကြည်လင်တာ ခွင့်မလွှတ်တာ အဖုအထစ် အနှောင့်အယှက်တစ်ခုခု ဖြစ်ခဲ့မယ်ဆိုရင် နွေလေးရင်ထဲမှာ သေချာယုံကြည်ထားရမှာ တစ်ခုက ကိုယ် နွေ့ကို သိပ်ချစ်တယ်၊ နွေလေးကိုပဲ လက်ထပ်မယ်၊ နွေလေးနဲ့ မခွဲနိုင်ဘူး၊ ဘယ်တော့မှအဆုံးရှုံးမခံဘူး၊ နွေလေးကို အချစ်ဆုံးဆိုတာပဲ"

နွေ့ရင်ထဲမှာ ဒီစကားကြောင့် ဆီးယိုအိစိမ့်သွားတဲ့ ဝါဂွမ်းစလေးလို ဖြစ်ရသည်။ ရင်မှန်ရသည်။ ကျေနပ်ရသည်။ ယုံလည်း ယုံကြည်ခဲ့ပါသည်။

"နွေလည်း ကိုဘို့ကို အရမ်းချစ်တယ်၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကိုဘို့ကို နွေလေး ဘယ်တော့မှမမုန်းတော့ဘူး"

နွေက မျက်နှာလေးကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားလိုက်မိပါသည်။ ထိုလက်ဖဝါးများအောက်က မျက်ဝန်းအိမ်ထဲကတော့ မျက်ရည်ပူနွေးနွေးများ စိမ့်ကာ လိမ့်ကာ စိုစွတ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်အောင် အငိုက်မိရတာပင်။ သို့သော် ဒါဟာ ကံကြမ္မာရဲ့ကျီစယ်စေစားရာသက်သက်ဆိုတာ နွေ အသိဆုံး။ မမထီး ပဟောဂမပါခဲ့သလို ဘိုဘို့ကိုလည်း နွေ ယုံကြည်ပါသည်။ ဘိုဘို့ချစ်သူဟောင်းဟာ တခြားမိန်းကလေးတွေ ဖြစ်ခဲ့ရင် ဒါဟာ ဘာပြဿနာမှ မဟုတ်။ တိုက်ဆိုင်စွာ မမထီး လာဖြစ်နေလို့သာ ခုလိုအကြောင်းတရားတွေ ပေါ်ပေါက်လာရတာ။

"သမီး ခေါင်းအေးအေးထား၊ ဘိုဘိုဟာ ထီးနဲ့ပတ်သက်ခဲ့ဖူးတာကလွဲရင် ဖေဖေ့အနေနဲ့တော့ ဘိုဘို့ကိုကန့်ကွက်ဖို့ မရှိဘူး၊ ဘိုဘိုဟာ လူတော်လေးတစ်ယောက်ဆိုတာ ဖေဖေ သိတယ်၊ သူ့အမေကလည်း ထီးကို မကြည်မဖြူ အဆင့်အတန်း ခွဲခြားခဲ့သလိုမျိုး သမီးကိုဆို လုပ်မယ့်သူ မဟုတ်ဘူး၊ သမီးမေမေက သူ့အမေ ဒေါ်မြတ်သဇင်ကို မကြိုက်ဘူးဆိုပေမယ့်လည်း ခပ်တန်းတန်း ခပ်လှမ်းလှမ်းဆက်ဆံလို့ ဖြစ်တယ်၊ အဓိက,က သမီးစိတ် ...

ဒီကိစ္စဟာ အရေးမကြီးဘူးလို့ ပြောလို့လည်းမရဘူး၊ ဒါကို အဓိကထားပြီး မေတ္တာစစ်နဲ့ ချစ်ကြတဲ့ အချစ်တစ်ခုကို ဖြိုဖျက်ပစ်ဖို့လည်း ခက်တယ်၊ ပစ်ရမှာ အဆီဝင်းဝင်းစားရမှာ သဲရှပ်ရှပ် ဆိုတာ ဒီလိုအခြေအနေမျိုးပဲဖြစ်မယ်၊ ဒီတော့ ဘာလုပ်ပါလို့ ဖေဖေတို့ မစီမံတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"





"ကိုမင်း ... ဒီစကားတွေကို ဘာဖြစ်လို့ ရှင်တစ်ဦးတည်းသဘောနဲ့ ပြောနေတာလဲ"

ဦးမင်းဒင်က သက်ပြင်းတစ်ချက်ချရင်း ...

"ကဲ ... သား၊ မင်းသဘောထားကို ပြောကြည့်ပါဦး ဇေ"

"သားပြောချင်တာ အခု ဖေဖေပြောတဲ့စကားနဲ့ တစ်ထပ်တည်းပဲ ဖေဖေ"

"ကဲ ... ဒါဖြင့် ခင်မပြော၊ ဘိုဘို့ကို လုံးဝလက်မခံနိုင်တာလား"

"အဲဒီ ဘိုဘိုဆိုတာ ကောင်းသလား ဆိုးသလား တော်သလား ညံ့သလား ခင်မ လုံးဝမသိဘူး၊ ဒေါ်မြတ်သဇင်ကို မကြိုက်ပေမယ့် ကိုမင်း ပြောသလိုပဲ ရှောင်လွှဲမရတဲ့အခါ သင့်တင့်သလို ဆက်ဆံလို့ ရပါသေးတယ်၊ သူနဲ့ ထီး ပတ်သက်ဖူးတဲ့ကိစ္စက ရှင်ပြောသလောက် လွယ်လွယ်မျက်ကွယ်ပြုလို့ရမယ် ထင်သလား ကိုမင်း ...

မလွယ်ပါဘူး၊ တစ်မိသားစုထဲမှာနော်၊ တွေ့မြင်နေကြရမယ့်သူတွေ၊ ရေရှည်ဖြစ်နိုင်ပါ့မလား၊ နောင်ကို ပြဿနာတွေမျိုးစုံ ရှိနိုင်တယ်၊ ပြဿနာဆိုတာ သူတို့မှာ အပြစ်ရှိမှ အမှားအယွင်းရှိမှ ဖြစ်မှာမဟုတ်ဘူး၊ ဘယ်သူမှ ဘာအမှားအပြစ်မှ မရှိပစေနဲ့ဦး၊ နွေဟာ အတိမ်းအစောင်းမခံတဲ့ ခံစားချက်လေးနဲ့ တစ်သက်လုံး နေသွားရမှာ၊ ဒါလွယ်တဲ့ ကိစ္စလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမထိပ် အသံက တုန်ယင်ကာ ငိုသံပါနေသည်။

"လွယ်တော့ မလွယ်တာမှန်တယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ နေ့ဆုံးဖြတ်ရွေးချယ်မှုကိုပဲ ဦးစားပေးသင့်တဲ့ကိစ္စပါ ခင်မ၊ မင်းက ယတိပြတ်ဖြတ်ပါဆိုရင် မင်း့သမီးက ဖြတ်နိုင်တယ် မဖြတ်နိုင်ဘူးဆိုတာကို သေချာမေးကြည့်ပါ၊ နောက်ဆုံးတစ်နေ့ မဖြတ်နိုင်ပါဘူးဆိုပြီး လူကြီးမသိအောင် ခိုးရာလိုက်သွားမယ့် အနေအထားမျိုးဆိုရင်တော့ သမီးကိုပေးလိုက်ရမှာချင်းတူတူ ရှပ်ပျက်ဆင်းပျက် မဟုတ်ဘဲ ဂုဏ်ရှိရှိရရဖြစ်တာဟာ ပိုကောင်းလိမ့်မယ်၊ တလက်စတည်းပြောမယ်၊ ဘာပဲဖြစ်ဖြစ် မင်း့ရွေးမအပေါ် မင်း့သံသယဝင်စောတာ၊ အပြစ်တင်စောတာ မင်းလွန်ခဲ့တယ်လို့ သဘောပေါက်ရမယ်၊ ထီးလည်းပဲ အလိုလိုနေရင်းကမှ ဒီကိစ္စကိုရင်လေးပြီး စိတ်ကျဉ်းကျပ် ရှုပ်ထွေးနေရမယ့်ကြားထဲ မင်းအထင်လွဲမှု စွပ်စွဲမှုကြောင့် တော်တော် စိတ်မကောင်းဖြစ်မှာ သေချာတယ်"

"ဘာဘကြီး ... အန်တီ"

သူတို့ရဲ့မိသားစုစခန်းကို တံခါးခေါက်သံနှင့်အတူ ဝုန်းခနဲ ဝင်လာသူက ရွှေရီပါ။





"ရွှေရီ ဘာဖြစ်တာလဲ အလန့်တကြား"

"ဘွားဘွားကြီး ... ဘွားဘွားကြီး ဘာဖြစ်လဲ မသိဘူး အန်တီ"

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ဆေးရုံထဲဝင်လာကာ အပေါ်ထပ်ကိုတက်ဖို့ ဓာတ်လှေကားရှေ့ ရပ်စောင့်နေသော ထီးသည် ဓာတ်လှေကားတံခါးပွင့်ကာ ထွက်လာသောလူစုထဲ ပါလာသော နွေ့ကိုမြင်လျှင် နွေ့မျက်နှာကို နူးညံ့စွာ အကဲခတ်မိသည်။ ကိုယ့်အပေါ် နွေ ဘယ်သို့ သဘောထားမည်ကို မသိနိုင်ဘူး မဟုတ်လား။

နွေက ဖျတ်ခနဲ ထီးကိုတွေ့ကာ မျက်နှာလေးက တစ်မျိုးတစ်မည်လေး ဖြစ်သွားပါသည်။ ထီးက နွေ့ကိုပြုံး၍နှုတ်ဆက်လိုက်သည်။ နွေ့ဘက်က တုံ့ပြန်ချက်သည် နွေ့သဘောပါ။ ထီးအတွက်ကတော့ နွေသည် ထီးအပေါ် ဘယ်တုန်းကမှ မကောင်းသောစိတ်ရင်းနှင့် မဆက်ဆံခဲ့ဖူး၍ မခေါ်မပြောနိုင်စရာလည်း အကြောင်းမရှိပါပေ။





သူ့အမေကို နွေ ညာပြောခဲ့တာသည်လည်း ထီးအပေါ် တစ်စုံတစ်ရာ အပြစ်ရောက်စေလိုသော သဘောမပါဝင်ဘဲ နောက်ကြောင်းရင်းခံတွေမသိ၍ သူ့ကိုယ်သူ အပြစ်လျော့စေတော့ ဟုသာ ရည်ရွယ်ခဲ့တာဆိုတာ ထီး နားလည်ပါသည်။

"မမထီး"

နွေ့ထံမှ အသံလေး ထွက်လာပါသည်။

"နွေ"

"ဘွားဘွားကြီးဆီ လာတာလား"

"ဟုတ်တယ် နွေ"

"အခန်းနံပါတ်(...)နော် (...)ထပ်မှာ"

"မမသိတယ် နွေ"

"နွေ ပြန်လိုက်ဦးမယ်၊ ကိုကို ရှိတယ်"

"အင်း ... အင်း"

ထီးက ဓာတ်လှေကားထဲ ကမန်းကတန်းဝင်ရင်း နွေ့ကို လက်ကလေးမြှောက်ပြ၍ နှုတ်ဆက်လိုက်သည်။ ရင်ထဲမှာလည်း အေးချမ်းကာ အရွယ်ပင်ငယ်သော်လည်း ခွဲခြားသိမြင်နားလည်နိုင်စွမ်းရှိသော နွေ့ကို ချီးမွမ်းချစ်ခင်မိပါသည်။

ဘွားဘွားကြီးထားရာ အခန်းဆီ ရောက်လာသော တံခါးခေါက် ဝင်သွားချိန်မှာတော့ အထူးခန်းထဲမှာ လူစုံရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် ကိုကိုက ဒီဘက်ခန်းမှာ၊ တတွဲတည်း မှန်တံခါးကန့်ထားသော အခန်းမှာတော့ ဆရာဝန်တွေ နာ့စ်တွေနှင့်အတူ ဒေါ်ခင်မမထိပ် ရှိနေပါသည်။

အခန်းထဲမှာ ပန်းခြင်းတွေ၊ လက်ဆောင်ပစ္စည်းခြင်းတွေကလည်း တပုံတခေါင်းနှင့် ဧည့်သည်အချို့လည်း ရှိနေသည်။ နှစ်ခန်းတွဲ စပါယ်ရှယ်အခန်းကျယ်မို့ ဒီဘက်ခန်းကလည်း ကျယ်ကျယ်လွင့်လွင့်မို့ တော်တော့သည်။ အခန်းပြင်ကတည်းက လူမှာလာမေးသော ဒိတ်ဒိတ်ကြဲလုပ်ငန်းရှင်များ လူကြီးများရဲ့ ဆိုင်ရာဆိုင်ရာ တပည့်တပန်းများ ရပ်စောင့်နေကြတာ ထီးတွေ့ခဲ့ပါသည်။

"ထီး"

ကိုကိုက ဒီဘက်ခန်းရဲ့ခုတင်စွန်းမှာထိုင်ကာ ဧည့်သည်တစ်ဦးစ နှစ်ဦးစနှင့် စကားပြောနေရာမှ ထ,ရပ်လိုက်သည်။ ဆိုဖာဆက်တီတွေမှာက ဧည့်သည်တချို့ ရှိနေကာ မတ်တတ်ရပ်နေရသူတွေလည်းမရှား။ ထီးက လူများနေ၍ ပြန်ထွက်နေရင်ကောင်းမလားဟု‌တောင် တွေးမိပါသည်။ မှန်ချပ်နားကပ်၍ လက်ပိုက်ရပ်ကာ မှန်ချပ်အတွင်း ဟိုတစ်ဘက်ကိုကြည့်နေသော ဖေဖေက လှည့်ကြည့်ကာ ...

"ဩော် ... သမီး လာ"

လှမ်းပြောလိုက်၍ ထီးက ရှေ့တိုးလာခဲ့ပါသည်။





"အဲဒါက သမီးချွေးမလေ"

အနီးက တစ်ယောက်. နှစ်ယောက်ကို ဖေဖေက မိတ်ဆက်စကား လှည့်ပြောပြပါသည်။ ထီးအနား ရောက်လာသော ကိုကိုက ...

"နွေက ခုပဲပြန်သွားတယ်"

"ဓာတ်လှေကားမှာ တွေ့ခဲ့ပါတယ် ကိုကို"

"ဘာပြောသေးလဲ"

တကယ်ကတော့ ထီးကို ခေါ်ပြောမှုပြုရဲ့လား ကိုကို သိချင်တာ ဖြစ်ပေမည်။

"အပေါ်မှာ ကိုကို ရှိတယ်တဲ့"

ထီးကလည်း နွေ ထီးကို စကားပြောပါကြောင်း သိရုံပဲ ပြောပြလိုက်ပါသည်။ ဘွားဘွားကြီးရဲ့အခန်းနံပါတ်တော့ ကိုကို ဖုန်းဆက်ကတည်းက ထီး သိပြီးသားပါ။

"ထီး နေကောင်းရဲ့လား၊ အဖျားကျလား"

"ဟုတ်"

"နေ့လယ်က ဖေဖေနဲ့မေမေ လာကြည့်သွားတယ်"

"ဟုတ်ကဲ့"

မနက်က ကိုကို လှမ်းပြောချိန်မှာ အဖျားသွေးနှင့် ထီး ခေါင်းတွေကိုက်ခဲနေဆဲ၊ ဒိန်းခနဲတောင် ထူပူသွားပါသည်။ တစ်ပတ်နေမှ တစ်ကြိမ်လောက် အတွေ့အမြင်နည်းလှသော



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားကြီးကို ထီးချစ်ခင်မေတ္တာရှိပါသည်။ ကိုယ့်မှာလည်း အဖေအမေ နှစ်ဖက်စလုံးက အဘွားတွေမရှိတော့၍ ကိုယ့်အဘွားရင်းလိုပင် သဘောထားပါသည်။ ခုလို ခုတင်ပေါ်မှာ ပိုက်အသွယ်သွယ်တပ်ကာ စက်တွေနှင့် ချိတ်ဆက်ထားရတဲ့ပုံစံ မြင်တဲ့အခါ ရင်ထဲဆို့နစ်ရပါသည်။

"ကိုကို ညည့်သည်နဲ့ စကားပြောပါ"

ထီးက ဖေဖေ့အနား ကပ်သွားကာ ...

"ဖေဖေ နေကောင်းတယ်နော်"

"အင်း ... ဖေဖေ ကောင်းပါတယ်၊ သမီးအမေပဲ ပရက်ရှာရော သွေးချိုရော တက်နေတယ်"

ဒေါ်ခင်မမထိပ်သည် ဘွားဘွားကြီး ခုတင်ခြေရင်းမှာ ခုံချထိုင်လျက် အလွန်ပျက်ယွင်း ညှိုးငယ်သောမျက်နှာနှင့် ယောက္ခမဖြစ်သူကိုပဲ မမိတ်မသုန် ကြည့်နေသည်။ သူ့မျက်နှာမှာ ဟန်ဆောင်ပိုကဲမှု မပါပါ။ ပကတိအရင်းခံ ပူပန်မှုသာဖြစ်တာ သေချာပါသည်။

"သူ လဲသွားမှာတောင် စိုးရတယ်"

ထီး ယောက္ခမဖြစ်သူကို ငေးစိုက်ကြည့်နေတာကို ဦးမင်းဒင်က လှည့်ကြည့်ရင်း ...

"ခင်မက ဖေဖေနဲ့ လက်ထပ်ကာစက ဘွားဘွားကြီးနဲ့ အဆင်မပြေပါဘူး၊ တော်တော့်ကို မပြေလည်ကြတာ"





ထီးက ဦးမင်းဒင်ကို တအံ့တဩ လှည့်ကြည့်ပါသည်။ စကားအသွားအလာ အပေါ်တွင် ဆိုလိုရင်းကို အဖြေရှာမိသည်။

"ခင်မမှာက မဟုတ်မခံလိုတဲ့ မာန်ကလေးရှိတယ်၊ တကယ်တော့ ခင်မက သမီးနဲ့ တော်တော်တူတယ်၊ အခြေခံစိတ်နေသဘောပေါ့"

"........."

"မေမေကလည်း တစ်ဦးတည်းသောသားကို အင်မတန်ချစ်တဲ့အတွက်နဲ့ဆိုတော့ ချွေးမဖြစ်တဲ့ ခင်မကို မြင်မြင်ချင်း အပြည့်အဝ မနွေးထွေးခဲ့ပါဘူး၊ ဘယ်သူမှ မှားကြတယ်လို့ မဟုတ်ပေမယ့် မကျေမချမ်းမှုတွေ ပြည့်နှက်နေခဲ့တာပါ၊ အဲဒီအခါမှာ ကြားက စိတ်ကျဉ်းကျပ်ရတာက ဖေဖေလေ"

"........."

ဆိုလိုနေတာကို ထီး သိပါပြီ။ ထီးက မျက်လွှာကလေးသာ ချထားလိုက်မိပါသည်။ ဒီလောက်ကတော့ ထီးရော ဒေါ်ခင်မမထိပ်ပါ တွေးတတ်နိုင်ပြီးသားပါပင်။ ကြားညပ်ရတဲ့ အလယ်လူကို ငဲ့ကွက်ဖို့ ထီးလည်းတွေးမိပြီးသားပါ။

"သေချာတွေးကြည့်ရင် မပစ်နိုင်အောင် ချစ်ခြင်းမေတ္တာတွေ ပုံအပ်ထားတာက ဘွားဘွားကြီးနေရာကကြည့်ရင် ဖေဖေ့တစ်ယောက်အပေါ်ကိုပဲလေ၊ ခင်မ နေရာကကြည့်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့တစ်ယောက်အပေါ်ကိုပဲလေ၊ ဖေဖေ့နေရာကကြည့် ရင်တော့ ဘွားဘွားကြီးအပေါ်ကိုရော သမီးမေမေအပေါ် ကိုရော နှစ်ယောက်ဆီကို ...

ဘွားဘွားကြီးက ဖေဖေကလွဲလို့ ခင်မကို မငဲ့ဘဲနေလို့ ရတယ်၊ ခင်မကလည်း ဖေဖေကလွဲလို့ ဘွားဘွားကြီးကို မငဲ့ဘဲနေလို့ရတယ်၊ ဖေဖေ့အဖို့က နှစ်ယောက်လုံးကို မငဲ့လို့မရတဲ့နေရာမှာ ဖြစ်တဲ့အခါ ပင်ပန်းဆင်းရဲရတာ ဖေဖေ မဟုတ်ဘူးလား သမီး"

"ဟုတ်ကဲ့ ဖေဖေ"

"လေး,ငါးနှစ်အထိ ပြဿနာလေးတွေက ဟိုကတစ်ပွက်၊ ဒီကတစ်ပွက် ရှိနေခဲ့တယ်၊ ဒါပေမဲ့ နှစ်ယောက်လုံးကလည်း ထက်မြက်တဲ့အမျိုးသမီးချည်းပဲဆိုတော့ သူ စိတ်ပုပ်လို့ စိတ်ယုတ်လို့ မဟုတ်ဘူးဆိုတာကိုလည်း တစ်ယောက် အပေါ်တစ်ယောက် နားလည်နိုင်စွမ်းရှိနေတယ်၊ ဒါကြောင့် သာ တစ်ကြိမ်ပြီးတိုင်း ခွင့်လွှတ်နိုင်စိတ်နဲ့ ပြေဖျောက်နိုင် ကြတာပေါ့"

"………"

"ကြာလာတော့လည်း သံယောဇဉ်ဆိုတာ ခိုင်မာရတာပဲလေ၊ ကိုယ့်သွေးသားမှ မဟုတ်ပါဘူး၊ သံယောဇဉ်ဆိုတာ ကိုယ့် လက်အောက်ငယ်သား အလုပ်သမား ကိုယ့်အိမ်မွေးတိရစ္ဆာန် ကအစ သက်ရှိသက်မဲ့ ဘယ်သူဘယ်အရာပေါ်ကိုမဆို





အချိန်နဲ့အမျှတိုးပြီး ချည်နှောင်တာပါပဲ သမီး၊ ငါ့သွေး ငါ့သားဆိုတဲ့ အတ္တကတော့ လူတိုင်းမှာ မကင်းပါဘူးကွယ်၊ ခင်မမှာလည်း သူ့ခင်ပွန်း သူ့သား သူ့သမီးကို အင်မတန် ချစ်ခင်မြှော်လင့် အမွှန်းတင်တဲ့အတ္တ အပြည့်ရှိတယ် ...

အဲဒီ သူ့ခင်ပွန်း ဖေဖေ့ကို အင်မတန်ချစ်ခင်တဲ့ အတ္တကြောင့်ပဲ ဖေဖေ့အမေကို သူ ခွင့်လွှတ်နိုင်တာမဟုတ် လား၊ ဘွားဘွားကြီးလည်း သူ အင်မတန်ချစ်တဲ့ တစ်ဦး တည်းသောသား ဖေဖေက မြတ်နိုးချစ်ခင်တဲ့မိန်းမဆိုတဲ့ အချက်နဲ့ပဲ သမီးမေမေအပေါ် ခွင့်လွှတ်ရတာ မဟုတ်လား"

"ဟုတ်ကဲ့ ... ထိ; နားလည်ပါတယ် ဖေဖေ"

"နောက်ပိုင်းကျတော့ ဘွားဘွားကြီးအပေါ် စောင့်ရှောက် ဂရုစိုက်နိုင်မှုက ဖေဖေ့ထက်တောင် ခင်မက ပိုသွားပါတယ်၊ သူ့သားနဲ့သမီး ကြီးပြင်းလာလေလေ ခင်မရဲ့ယောက္ခမ အပေါ် သည်းခံစောင့်ရှောက်နိုင်မှုက တိုးမြင့်လာလေလေပဲ၊ အခုဆိုရင်လည်း ဒီအတိုင်းပါပဲ"

"………"

"ဆရာဝန်ကြီးတွေအားလုံးက ဘွားဘွားကြီးကို လက်လျှော့ လိုက်ပြီ၊ နောက်ဆုံးအချိန်ပိုင်းပဲလို့ ပြောပြီးပြီ၊ သွေးကြော မကြီးတစ်ခု ပေါက်သွားပြီ၊ သတိပြန်မလည်နိုင်တော့ဘူး လေ၊ ဖေဖေလည်း ကိုယ့်မိခင်ကို ဘယ်အဆုံးရှုံးခံချင်ပါ့ မလဲ၊ ဒါပေမဲ့ ခင်မရဲ့ မဆုံးရှုံးချင်တဲ့ဆန္ဒက ပိုနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားကြီးကို ဖေဖေက ချစ်တာထက်တော့ သူက ဘယ်ပိုချစ်နိုင်မလဲ သမီး၊ ဒါပေမဲ့ ဖေဖေ့အတွက် ဆုံးရှုံးမှု မရှိစေချင်တာ၊ ဖေဖေ့စိတ်ကို ထိခိုက်မှုမရှိစေချင်တာ၊ ဖေဖေ့ဝမ်းနည်းကြေကွဲမှုကို သူ မလိုလားတာ မဖြစ်စေချင်တာလေ”

ထီးက ဒေါ်ခင်မမထိပ်ကို စိုက်ငေးကြည့်နေမိရင်း ခေါင်းလေး အသာအယာ ညိတ်လိုက်မိပါသည်။

“သမီးတို့ပြဿနာမှာ ကိုယ်မဟုတ်ဘဲ အထင်လွဲခံရတာအတွက် သမီး နာကျင်ခံခက် ဖြစ်မှာကို နားလည်တယ်၊ အဲဒါ ခင်မရဲ့ သူ့သားနဲ့သမီးအပေါ်ထားတဲ့ ကြီးမားတဲ့ အတ္တစိတ်ကြောင့်ပဲ၊ ခွင့်လွှတ်လိုက်ပါလို့ ဖေဖေ မပြောဘူး ထီး၊ ဒါပေမဲ့ အချိန်တစ်ခုမှာတော့ သမီး ကျေအေးလိုက်ပါ”

“ထီး သဘောပေါက်ပါတယ် ဖေဖေ”

“သမီးအမြင်မှာ ခင်မဟာ သမီးအပေါ် ကောင်းသောယောက္ခမတစ်ယောက် ဟုတ်ချင်မှဟုတ်ပါလိမ့်မယ်၊ မကျေလည်ချက်သေးသေး သေးသေးလေးတွေ စုစုပြီး အုံဖွဲ့ကောင်း ဖွဲ့နေမယ်၊ အသေးစိတ်အားလုံး တစ်ခုချင်းမသိနိုင်တဲ့အတွက် တချို့ကိုတော့ ရှင်းမပြနိုင်ပေမယ့်လည်း တချို့ကတော့ သမီးထင်သလို ခင်မ တမင်တကာလုပ်တာ မဟုတ်တာတွေ ရှိတယ်”

“ဖေဖေ ... ထီးက ...”





“သမီးတို့ မင်္ဂလာဆောင်မတိုင်ခင်လေးမှာ ခင်မနဲ့ ဇေ တစ်ကြိမ် ပြဿနာဖြစ်ကြတယ်”

“.........”

ထီး အံ့အားသင့်သွားပါသည်။ ထီးမသိပါ။

“သားအမိ တစ်ကြိမ်မှ ပြဿနာမတက်စဖူးတက်တယ်၊ အမိက ဇေ့ရဲ့ပြစ်တင်မှုက မင်္ဂလာပွဲမှာ ထီးဆန္ဒတစ်ခုမှ အမေက မလိုက်လျောဘဲ သူလုပ်ချင်တာချည်း လုပ်သွားတယ်ဆိုတဲ့ စေဖန်ချက်ပဲ၊ ဖေဖေ သိလိုက်သလောက် သမီးဆန္ဒမဖြစ်လိုက်ရတဲ့ မကျေနပ်ချက်တွေက ခင်မ တမင်တကာ သမီးကိုမလိုက်လျောတာ မဟုတ်ခဲ့ပါဘူး၊ မင်္ဂလာပွဲရဲ့ အစစအရာရာ အဓော်များများက ဖေဖေတို့ မိတ်ဆွေတွေ ကြိုတင်လက်ဖွဲ့လိုက်ကြတာ တကယ် ဟုတ်ပါတယ်၊ ယုတ်စွအဆုံး သမီးမကြိုက်ဘူးပြောတဲ့ ရွှေရောင်ဝတ်စုံဆိုတာကို ရွေးလိုက်တာက ခင်မပြောသလို ဗေဒင်ကိန်းခန်းအရ အမှန်ပါပဲ ...

ခင်မက ဗေဒင်တို့ ဘာတို့တော့ စွဲစွဲမြဲမြဲကိုယုံတတ်တာ၊ အခုလောလောဆယ်ကိုပဲ ဗေဒင်တကာလှည့်တွက်နေတယ်၊ သမီးနဲ့ဇေ ကွဲမသွားအောင် ယတြာတွေချေတယ်၊ သမီးက ပြောချင်ပြောမယ်၊ သမီးကို ပြန်လိုလားလွန်းလို့ မဟုတ်ဘဲ သူ့သား တစ်ခုလပ်မဖြစ်စေအောင်လို့၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လေ အဲဒါအမှန်ပဲ၊ အခု ယတြာတွေ ယုံယုံကြည်ကြည်ကို ချေနေတာပဲ၊ မင်္ဂလာပွဲတုန်းက ရွှေရောင်ဆိုတာ သူတကယ် ဗေဒင်ကြောင့် ယတြာချေခဲ့တာ သမီး၊ ဘာကြောင့်လဲဆိုတော့ သမီးအဓမေက သူကိုယ်တိုင်လည်း ဘယ်တုန်းကမှ ရွှေရောင်ကို လုံးလုံးမကြိုက်ခဲ့လို့ပဲ သမီး၊ သူ့သား ဇေအတွက် ရွှေရောင်ကို တတ်နိုင်သမျှ သူဝတ်ဆင်ပေးရမယ်ဆိုလို့ နောက်ပိုင်းလည်း သူ ဆက်ဝတ်ဖြစ်နေပါတယ်၊ ဒါပေမဲ့ သူ မနှစ်သက်တာ ဖေဖေ အသိဆုံးပါ"

ထီး အံ့အားသင့်ရသည်။ အဲသလိုတော့ မတွေးခဲ့မိတာ အမှန်ပါ။

"သမီးကို သမီးမျှော်လင့်သလောက် ဟက်ဟက်ပက်ပက် ဆီးကြိုမနွေးထွေးဘူး ဆိုတာမျိုးလည်း ဖြစ်နိုင်ပါတယ်၊ ခင်မက သားကိုရော သမီးကိုရော အတ္တကြီးကြီးနဲ့ ချစ်လွန်းအားကြီးတယ်၊ မပြောချင်ပေမယ့် ရှင်းရှင်းထည့်ပြောရရင် ဦးဝင်းခန့်သားနဲ့ သမီး မေတ္တာမျှဖူးတဲ့ကိစ္စကို ဖေဖေ ဘယ်လိုမှမနေ၊ ဇေ ဘယ်လိုမှမနေပေမယ့် သူ မခံချိမခံသာ ရှိခဲ့ပါတယ်၊ ဟုတ်တယ်၊ ဒေါ်မြတ်သဇင်ကို သူကသဘောမကျရတဲ့ကြားထဲ သူ့သားဇေကို သူက ဇွေတစ်ယောက်ကလွဲရင် ဘယ်သူ့မှ မချစ်ဖူးတဲ့ မိန်းကလေးမျိုးနဲ့ ရစေချင်တာ ..."





ဒါ ဖေဖေ ဘာမှကွယ်ဝှက်မထားဘဲ ရှင်းရှင်းပြောပြတာပါ၊ အဲဒီစိတ်က မှန်သလား တရားသလားဆိုတော့ သိပ်မမှန် သိပ်မတရားပါဘူး၊ ဇေကိုယ်တိုင်လည်း တွဲခဲ့ဖူးတာတွေ ရှိတဲ့အပြင် သူ့သမီး မိန်းကလေးဖြစ်တဲ့ နွေကိုယ်တိုင်တောင်မှ ရည်းစားတွေ ထားနေ တွဲနေတာမဟုတ်လား၊ ဒါကို ခွင့်လွှတ်လိုက်ပါလို့ ဖေဖေမပြောပေမယ့် ဒါတွေက ရှိတတ် ဖြစ်တတ်တဲ့သဘာဝတွေလို့ သမီးသဘောထားလိုက်နိုင်ရင် သမီးစိတ်လည်း တစ်စိတ်တစ်ပိုင်းသက်သာပေ့ါပါးမှာ"

"........."

"အဲဒီတုန်းက သမီး မကျေနပ်မှုတွေ ဇေ ပြောတုန်းကပါတဲ့၊ သီးခြားနေရမယ်ပြောပြီးမှ တစ်ခြံဝင်းထဲ တူတူလာနေရတာ၊ အဲဒါ သမီးမေမေဆန္ဒထက် ဖေဖေ့ဆန္ဒပါ၊ သူစီစဉ်တာ မဟုတ်ပါဘူး၊ ဒီအိမ်မှာ လုံးဝမနေချင်ဘူး မဖြစ်မနေခွဲနေရမှဆိုရင် ခွဲနေပါလို့ ဖေဖေ ပြောပေမယ့် သမီးတို့နေဖို့ဆိုပြီး ဖေဖေကိုယ်တိုင် ဝင်ကြီးကြပ်ပြင်ဆင်နေတာ ဇေက သိနေတော့ ဖေဖေ့ကို အားနာပုံရပါတယ်၊ ဒီမှာပဲနေတော့မယ်တဲ့"

"ထီး စိတ်မကောင်းပါဘူး ဖေဖေ၊ ကိုကို့ကို အဲသလိုအိမ်မှာပြန်ပြီး ပြဿနာဖြစ်တာမျိုးတော့ ထီး မလုပ်စေချင်ပါဘူး၊ ထီး မသိခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေ့ကို ဖေဖေ ပြောလိုက်တယ်၊ မင်းအမေနဲ့ ထီးကြားမှာ ပြဿနာနည်းနိုင်မှု နည်းစေချင်ရင် ' အခုလို ထီးက မကျေနပ်ဘူး၊ ထီးက ဘာပြောတယ်ဆိုတဲ့ စကားမျိုးတွေ မင်းအမေကို ပြန်ပြောခြင်းကို နောင်ဆို ရှောင်ပါလို့၊ အဲဒီတုန်းက ခင်မ စိတ်မကောင်းဘူး၊ သူ အကောင်းဆုံးတွေနဲ့ ဖန်တီးကျင်းပထားတဲ့ မင်္ဂလာပွဲကို ချွေးမလောင်းက မကျေနပ်ဘူး မကြိုက်ဘူးဆိုတော့ သူ စိတ်ထိခိုက်ခဲ့တယ်၊ သမီးနဲ့ ခင်မကြားမှာ တစ်ယောက်ကိုတစ်ယောက် အရိပ်အကဲခတ်ပြီး သူ့စိတ်သဘောရင်းက ဘယ်လိုရှိလေမလဲလို့ မတင်မကျတဲ့ ခေတ်အခံက အဲဒီကတည်းက မျိုးခဲ့မှာပဲ သမီး ...

သမီးစိတ်ထဲမှာ ခင်မအပေါ် အမြင်မကြည်လင်တဲ့ အလွဲယူမှုတွေ ရှိနေတာနဲ့ တစ်ပြိုင်နက်မှာ သူ့စိတ်ထဲမှာလည်း သမီးအပေါ် အလွဲယူမှုတွေ ရှိနေပြီ၊ သမီးအိမ်က ထွက်မသွားခင် ဖေ့ကို ပြောသွားတယ်ဆိုတဲ့ စကားတွေထဲမှာ ခင်မက သမီးဆီက မွေးလာမယ့်မြေးကိုတောင်မလိုလားလို့ ဖေကိုယ်တိုင်တောင် အမေကို မပြောရဲဘူးမဟုတ်လားဆိုတာ ပါတယ်"

ထီး ခေါင်းငုံ့လိုက်မိပါသည်။

"ဖေ မပြောဖြစ်သေးတာက လောလောဆယ်ရှိနေတဲ့ နွေ့ပြဿနာနဲ့ အခြေအနေက ' အေးစက်တင်းမာနေတုန်း





ပျော်စရာသတင်းကို သူ မပြောချင်သေးလို့ပါ၊ သမီးအထင်လွဲသလို ပွဲတစ်ပွဲမှာ ခင်မက မြေးမလိုချင်ပါဘူး ကလေးမချစ်တတ်ဘူးဆိုတဲ့စကားက သူ့စိတ်ရင်း မဟုတ်ပါဘူး ...

သမီးကို မတိုးတက်သေးဘူးလားမေးတဲ့ အမျိုးသမီးက ခင်မနဲ့က တစ်ချိန်လုံး အပြိုင်အဆိုင်တွေလေ၊ ဘာလေးမဆို ပြိုင်နေတော့ အဲဒီအရင်ကတည်းက သူ့ချွေးမကိုယ်ဝန်ရှိနေပြီ ယူ့ချွေးမနဲ့သားနဲ့ရော ဘယ်လိုလဲ၊ ယူ့ချွေးမက အလုပျက်မခံနိုင်သေးလို့လား၊ ယူတို့သားအမိက ကလေးယူဖို့တောင် မပြောနိုင်ကြဘူးလားနဲ့ မဟုတ်ကဟုတ်က ပြိုင်ပြောနေတဲ့အခံက ရှိနှင့်ပြီးသား သမီးရဲ့ ...

လိုချင်ရက်နဲ့ မရတာလို့ အဖြစ်မခံဘဲ မလိုချင်ပါဘူးလို့ ခင်မက အနိုင်ပိုင်း ပြောခဲ့တာပါ၊ သူ ရှင်းပြပါတယ်၊ ခုဆို သူ သိခွင့်မရဘူး၊ သူ့သားက သူ့ကိုပြောတောင် မပြောဘဲ ထားရက်တယ်လို့ သူ တော်တော်ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်တယ်"

"........."

"ယောက္ခမနဲ့ ချွေးမဆိုတဲ့ အမျိုးသမီးနှစ်မျိုးနှစ်စားဟာ ကမ္ဘာဦးကတည်းက နားလည်မှုလွဲလိုက်ကြတာ၊ ကမ္ဘာပျက်တဲ့အထိ လွဲနေကြဦးမှာပဲ သမီး၊ ဘာဖြစ်လို့လဲဆိုတော့ အလယ်မှာ 'ဘုံ'အဖြစ်ရှိနေတဲ့ ယောကျ်ားတစ်ယောက်ကို ကမ္ဘာပေါ်မှာ အချစ်ဆုံးမိန်းမနှစ်ယောက်မို့ပဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အို ... အဲဒီစကားလေးကတော့ ထီးရဲ့အသည်းထဲနှလုံးထဲကို နစ်နစ်ကလေးကို မြုပ်ဝင်သွားရပါတော့သည်။ ဟုတ်ပါရဲ့၊ အလယ်က ယောက်ျားတစ်ယောက်ကို ကမ္ဘာမှာ အချစ်ဆုံးမိန်းမနှစ်ယောက်ပဲ။ တစ်မျိုးစီ သိပ်ချစ်ကြတဲ့မိန်းမနှစ်ယောက်ပဲ မဟုတ်လား။

ပွဲခွေးငြိမ်သက်နေသော ဒေါ်ခင်မမထိပ်က တစ်ချက်လှုပ်ရှားကာ ဒီဘက်ခန်းကိုအကြည့် မှန်ချပ်ကိုကျော်၍ ထီးကို တွေ့သွားပါသည်။ အလယ်က ယောက်ျားတစ်ယောက်ကို ကမ္ဘာမှာ အချစ်နိုင်ဆုံးသော မိန်းမနှစ်ယောက်တို့ အကြည့်ချင်း တစ်ခဏဆုံကြပါသည်။ ထီးကစတင်၍ တိုးလျှိုးစွာ ပြုံးပြလိုက်ပါသည်။

အသက်အရွယ် အစဉ်အတိုင်းသာဆိုရင်ဖြင့် ထီးသည်လည်း တစ်နေ့သောအခါ သူ့လိုနေရာ၌ ရှိရပေဦးမည်။

ဒေါ်ခင်မမထိပ်က ထီးကိုဖြည်းညင်းစွာ ပြန်လည်ပြုံးပြရင်း ထိုင်ရာမှထ၍ အခန်းပြင်သို့ ထွက်လာပါသည်။ တစ်မျိုးသော Tension တော့ အမှုအရာ၌ ရှိနေသေးသော်လည်း ထီးအနားလာကာ ...

"ဖေ ဖုန်းဆက်လိုက်လား"

"ဟုတ်ကဲ့ မေမေ"

"မနက်ကတောင် ထီးအဖေနဲ့အမေ လာသေးတယ်လေ"

"ဟုတ် ... မနက်က ထီး တော်တော်ဖျားနေသေးတော့ ချက်ချင်းထမလာနိုင်သေးတာနဲ့ မေမေတို့က အရင်သွားလိုက်တာပါ"





ဒေါ်ခင်မမထိပ်က အခန်းထဲ တစ်ချက်လှမ်းကြည့်လိုက်ကာ ဝမ်းနည်းကြေကွဲနေသော အသံနှင့် ...

"ဘွားဘွားကြီးက မရတော့ပါဘူးလေ"

"မနေ့ကမှ ရုတ်တရက် သတိလစ်သွားပြီး မြန်လိုက်တာ မေမေရယ်"

"သမီးအဖေအတွက် စိတ်ပူနေတာပါ။ အိမ်မှာအခရာလူဆိုတော့ စိတ်ထိခိုက် စိတ်ဆင်းရဲမှာစိုးတာလေ၊ ဒါပေမဲ့ မရနိုင်တော့ပါဘူး၊ အားလုံး လူအားရော ငွေအားပါသုံးပြီး မရမက ပြန်ပါအောင် ကြိုးစားပေမယ့်လည်း ကံကုန်တဲ့အချိန်လို့ပဲ ပြောရမှာပေါ့"

"ဟုတ်ပါတယ် မေမေ၊ မေမေလည်း ဖြေပါ၊ ပရက်ရှာရော သွေးချိုရော တက်နေတယ်ဆို၊ မေမေ အိမ်ခဏပြန်နားလိုက်ပါလား၊ ထီး ဒီမှာ ညအထိရှိနေဦးမှာပါ"

"ပြန်မနားတော့ပါဘူး"

ထီးက ဒေါ်ခင်မမထိပ် လက်တစ်ဖက်ကိုတွဲ၍ ဆိုဖာတစ်ခုမှာ ထိုင်စေလိုက်ပါသည်။ အဲဒီနောက်တော့ စိမ့်အေးနေသော ဆေးရုံခန်းက ချောက်ချားစရာ ကြေကွဲစရာကောင်းလောက်အောင် တိတ်ဆိတ် အသက်မဲ့နေပါတော့သည်။

✧ ❦ ✧



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၇ )

"ကိုကိုနဲ့ မမကို ပြောစရာရှိလို့ပါ"

ဟု နွေက ဆိုတာမို့ သုံးယောက်သား ထမင်းစားခန်းမှ ထွက်လာကာ ဧည့်ခန်းကျဉ်းကလေးမှာ ထိုင်ကြပါသည်။ ထမင်းစားပြီးတဲ့နောက် ဖေဖေနှင့် မေမေက အပေါ်ထပ်ကိုတက်သွားနှင့်ပါပြီ။

နွေက လေသံမှန်မှန်လေးနှင့် သူ့ရင်ထဲကစကားတွေကို ဖြည်းညင်းစွာ ပြောပြနေပါသည်။ နွေ့စကားတွေကို နားထောင်ရင်း ထီး အံ့အားသင့်ရသည်။ ထီးသည် တစ်ခါမှ နွေ့ကို အခုလို မထင်ပါ။ ပျော်ပျော်ပေါ့ပေါ့နေတတ်သော မိန်းမငယ်လေးတစ်ယောက် အရေးအကြောင်းတစ်ခုအတွက် အသေအချာ စဉ်းစားရပြီဆိုတဲ့အခါ ဤသို့ တည်တည်ငြိမ်ငြိမ် လေးလေးနက်နက် သွေးအေးအေးအဖြေမျိုး ထွက်လာလိမ့်မည်လို့လည်း မထင်ပါ။





"ဖေဖေကတော့ ပြောတယ်၊ နွေ့ဘဝအတွက် အရေးပါတဲ့ကိစ္စလို့ ယူဆလို့ ကိုယ်တိုင်ဆုံးဖြတ်ချင်ပါတယ်ဆိုရင် ဆုံးဖြတ်ခွင့်ပြုတယ်တဲ့၊ ကိုယ်တိုင်မဆုံးဖြတ်ချင်လို့ဖြစ်စေ သိပ်အရေးမပါလှဘူးလို့ ယူဆလို့ဖြစ်စေ ဖေဖေတို့ပဲဆုံးဖြတ်လိုက်ပါ ညွှန်ကြားပါ ဆိုရင်လည်း ဖေဖေ ဆုံးဖြတ်ပေးမယ်တဲ့ ...

အခုကိစ္စကို နွေ့အဖို့က ကိုယ်တိုင်ဆုံးဖြတ်မယ်၊ မဆုံးဖြတ်ဘူး ဆိုတာကိုတောင် အရင်ဆုံးဖြတ်ရသေးတဲ့ အခြေအနေပါ"

"........."

"ပတ်ဝန်းကျင်ကို ဂရုစိုက်တယ်၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဆိုတာ နှစ်ခုထဲမှာ ဘယ်ဟာက မှန်တယ်လို့ ပြောလို့မရဘူး ထင်တယ်၊ တချို့ကိစ္စတွေမှာ ပတ်ဝန်းကျင်ကို ဂရုစိုက်ပြီး ဘေးလူပြောမှာကို ထည့်စဉ်းစားမှ မှန်မယ်ထင်တယ် ...

တချို့ကိစ္စတွေမှာကျတော့ ဘေးလူပြောမှာ စိုးရိမ်နေတာ၊ ပတ်ဝန်းကျင်ကို ဂရုစိုက်တယ် ဆိုတာက လိုရင်းနဲ့ ပန်းတိုင်နဲ့ ဝေးစေတယ်လို့ထင်တယ် ကိုကို"

"ညီမလေးပြောတာ ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ရဲ့ဘဝမှာ နောင်ဘယ်တော့မှ နောင်တမရတော့မယ့် စိတ်ချမ်းသာမှုတစ်ခုကို ရနိုင်ဖို့က ကိုယ့်အတွက် ဘယ်အရာက အရေးအကြီးဆုံး၊ ကိုယ် ဘာကိုလိုချင်တယ် ကိုယ်ဘာကိုအဖြစ်ချင်ဆုံး ဆိုတာကို မှန်မှန်ကန်ကန်သိဖို့ သဘောပေါက်ဖို့လိုတယ် မဟုတ်လား ကိုကို"

"........."

"ကိုယ်စိတ်ချမ်းသာတဲ့ဘဝ ကိုယ်လိုချင်လို့ ရွေးချယ်တဲ့ ဘဝတိုင်းကလည်း အမှန်ကန်ဆုံးလို့တော့ ဆိုလို့မရနိုင်ပါဘူး၊ ဒါပေမဲ့ လူ့ဘဝသက်တမ်းဆိုတာက တိုတိုလေးရယ်၊ သူများကို ဒုက္ခမပေးဘူး၊ စည်းတွေ ဘောင်တွေကိုလည်း မချိုးဖောက်ဘူး၊ ကိုယ်ကျင့်သိက္ခာလည်း မပျက်ပြားဘူး၊ မတရား မမျှတမှုကလည်း လွတ်ကင်းတယ်ဆိုရင် ကိုယ်သိပ်ပြီး ဆန္ဒပြင်းပြတာကို ရယူဖို့ အခွင့်အရေးမျိုး ခံစားခွင့် ရသင့်တယ် ထင်ပါတယ်"

"........."

"ကိုဘိုက စင်ကာပူမှာပဲ အလုပ်လုပ်မယ်၊ နွေတို့ လက်ထပ်ကြဖို့ ဆုံးဖြတ်ပြီးပြီ၊ နွေ လိုက်သွားမယ်၊ လောလောဆယ်တော့ နွေ ကျောင်းပြန်တက်ဦးမယ်လေ၊ နောက်တော့ နွေလည်း အလုပ်တစ်ခုခု ဝင်လုပ်မယ် သို့မဟုတ် ဖေဖေ့ လုပ်ငန်းတွေအတွက် အထောက်အပံ့ အဆက်အစပ်ဖြစ်မယ့်





လုပ်ငန်းတစ်ခုခုပဲဖြစ်ဖြစ် အခြေအနေကိုကြည့်ပြီး လုပ်ဆောင်မယ်လေ၊ နွေ တွေးထားတာ မကောင်းဘူးလား ကိုကို"

ဖေနှင့် နွေဟာ နှစ်ယောက်ထိုင်ဆိုဖာမှာ ယှဉ်တွဲထိုင်နေတာမို့ ဖေက နွေ့ပခုံးလေးကို သိုင်းဖက်လိုက်ပါသည်။ ထို့နောက်တော့ ဆုပ်ညှစ်လှုပ်ယမ်းနေလေသည်။

ထီးက နှစ်နှစ်ကာကာပြုံးရင်း ...

"နွေလေး စိတ်ချမ်းသာမှာပါ၊ နွေက မတွေဝေဘူး၊ သတ္တိရှိရှိ ဆုံးဖြတ်နိုင်စွမ်းလည်း ရှိတယ်"

နွေက သူ့အစ်ကိုရဲ့လက်မောင်းအတွင်း ကလေးလိုပြုံးရယ်နေပါသည်။

"ခဏနော် ... မမ ရွှေရီတို့ကို မေမေ့ဆီပို့ဖို့ သွားပြောလိုက်ဦးမယ်"

ထီးက နေရာမှထ,ထွက်လာပါသည်။ ထမင်းစားခန်းဘက်ဝင်လာခဲ့ကာ ...

"ရွှေရီ"

"ဟုတ်ကဲ့ မမထီး"

"မေမေတို့ဆီ နွားနို့ပို့တော့၊ နှစ်ဖန်ခွက်လုံး ဘာမှမထည့်နဲ့နော်၊ ဖေဖေ့ဖို့ သကြားထုပ်လေးတွေနဲ့ ဇွန်းနဲ့ ထည့်ယူသွား၊ နွားနို့ပို့ပြီးရင် ဘုရားဆီမီးပူဇော်ထားတော့ မေမေ ခဏနေ ဘုရားရှိခိုးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

......................

......................

......................

......................

✧ ❦ ✧

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com